www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၉၄၀၄၀၈
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၄၀၀၅၀၈

■

စီစဉ်သူ ။ ကိုတင့်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၈ ဇူလိုင်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင့်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၂၀၀၀ကျပ်


# နာနာဘာဝဖိုင် ၁

## မာတိကာ


| စဉ် | စာစဉ်အမည် | စာမျက်နှာ |
|---|---|---|
| ၁ | သုံးဆယ့်တစ်ဘုံသားတို့၌လည်းအချစ်သည် ရှိကြလေကုန်၏ | ၁ |
| ၂ | ကြက်ခွပ်ပွဲ | ၄၆ |
| ၃ | မျက်မမြင်ဆရာဒူးသူတော်စင်ကြီး | ၇၈ |
| ၄ | စံပယ်ရနံ့သင်းနေသည့် ဘဲလ်တီးသံများ | ၁၀၀ |
| ၅ | ကြောင်တစ်ရာအော်သံ | ၁၂၂ |
| ၆ | ကောင်းမွေစံအိပ်မက် | ၁၄၇ |
| ၇ | အဝိဇ္ဇာပိတ်ကာဆို့မိစ္ဆာမြို့ ပြင်ပြင် | ၁၆၄ |
| ၈ | ရှုပန်းထည်အနီစနှင့်လုံပျိုတစ်ချောင်း | ၁၈၂ |
| ၉ | ခရီးသွားဖော် မခင်မြို့ချစ် | ၂၀၅ |
| ၁၀ | မေတ္တာစွမ်းအားရှင်ဆရာဒူးသူတော်စင်အဘိုး | ၂၂၃ |
| ၁၁ | ခေါင်းယာဉ်ပျံဘုံနံဘေးမှာ စာရေးလို့ထားခဲ့မယ် | ၂၄၃ |
| ၁၂ | သေရွာပြန်နီမိတ်ဟောဆရာ | ၂၆၄ |
| ၁၃ | ဘတိုက်ပုံဦးရာကျော် မကောင်းသူပယ်ကောင်းသူကယ် | ၂၈၇ |
| ၁၄ | အရက်ကြောင်ကြောင်တာပဲဖြစ်ပါစေတော့ | ၃၂၈ |
| ၁၅ | လူတစ်ယောက်နှင့်အာဒါလွှတ်များအကြောင်း | ၃၄၇ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သုံးဆယ့်တစ်ဘုံသားတို့၌လည်း အချစ်သည် ရှိကြလေကုန်၏

(၁)

ဤဇာတ်လမ်းကို ဦးစွာ ပြောပြသူမှာ သန်လျင် ဖန်ချက်စ ရုံမှ မိတ်ဆွေစာသမားတစ်ဦး ဖြစ်သည်။ သူ့အမည်က ကိုခင်မောင်လွ ဟု ခေါ်၏။ တစ်နေ့ သူနှင့် ကျွန်တော် သန်လျင်ဆံတော်ရှင် ကျိုက်ခေါ ဘုရား အရှေ့ဘက်ဇရပ်မှာ ဆုံကြစဉ် သူကိုယ်တိုင် ပြောပြခဲ့သ ဇာတ်ကြောင်းဖြစ်သည်။

ကိုခင်မောင်လွင်က သူ၏ သူငယ်ချင်း ဇေယျာချစ်ခင်ဆိုသူ ဆန်းကြယ်သော ဖြစ်ရပ်တစ်ခုသည် ရေးနိုင်လျှင် ကျွန်တော့်အ အလွန်စိတ်ဝင်စားဖို့ ကောင်းလှသည့် ဇာတ်လမ်းဖြစ်ကြောင်း တ ဇေယျာချစ်ခင်နှင့်လည်း တွေ့ဆုံပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့သ





တစ်နေ့ ကျွန်တော်တို့နှစ်ဦး ကျိုက်အင်းကျေးရွာရှိ ဘုန်းတော် ျောင်းတစ်ကျောင်းသို့ ရောက်သွားသောအခါ အသက် (၄၀)ကျော် သာ တရားကျင့်နေသည့် လူယောဂီဝတ်တစ်ဦးကို တွေ့ဆုံရင်းနှီး ည်။ ထိုသူကား ကိုဇေယျာချစ်ခင် ဖြစ်လေသည်။

ထိုအချိန်မှစ၍ အလွန်ထူးဆန်းကျော့ချမ်းဖွယ် ကောင်းလှသည့် ည်း စိတ္တဇ ဆန်လွန်းလှသည့် အချစ်အကြောင်းကို ကျွန်တော် တ်ရသောအခါ. . .

သုံးဆယ့်တစ်ဘုံသား ကိလေသာ တဏှာ ယောက်ျား တို့သည် မည်သည့်ဘဝသို့ ရောက်နေရောက်နေ အဝိဇ္ဇာ ှင့် မကင်းကြ၊ ကိလေသာ သံယောဇဉ်များနှင့် မကင်းနိုင်ကြ ုဆန်းတိုက်ဆိုင် အံ့ဖွယ်ကြားသိခဲ့ရသည်။

(၂)

ကိုခင်မောင်လွင်နှင့် ကိုဇေယျာချစ်ခင်တို့သည် အလွန်ချစ်ခင် ည့် ငယ်ပေါင်းသူငယ်ချင်းနှစ်ဦး ဖြစ်၏။ တက္ကသိုလ်မှ ဘွဲ့ကိုယ်စီ နောက် ကိုခင်မောင်လွင်က ဖန်ချက်စက်ရုံမှာ ဝင်အလုပ်လုပ်သည်။ ျာချစ်ခင်ကတော့ မိဘများ ချမ်းသာ၍ အလုပ်ကို မယ်မယ်ရရ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်သေးဘဲ ဆိုင်ကယ်တစ်စီးနှင့်သာ အပျော်လွှန့်၍ကောင်းဆဲ ဖြ
သည်။

ယခင်က သန်လျင်မှာ ခြံချင်းကပ်ဖြစ်ကြသော်လည်း (၁၉၇
ခုနှစ်လောက်က ဖေယျာချစ်ခင်တို့ မိသားစုအားလုံး ရန်ကုန်–စမ်းချော
သို့ ပြောင်းရွှေ့သွားကြပြီး၊ ဗိုလ်ချုပ်အောင်ဆန်းဈေးမှာ ရတနာဆို
ဖွင့်လျက် စီးပွားရေးလုပ်ငန်းကို အခြေချနေကြသည်။

စနေ၊ တနင်္ဂနွေနေ့တိုင်း ဖေယျာချစ်ခင်က သူ့ပိုင် ဟွန်ဒါ
“မြစ်ကူးသီတာသဘော်နှင့် သယ်ယူလာပြီး သန်လျင်သို့ ရောက်
၏။

ရောက်သည်နှင့် ကိုခင်မောင်လွင်ကို ခေါ်၍ သန်လျင် ကျော
နှံ့ လျှောက်လည်လေ့ရှိကြသည်။ ပျော်ပွဲစား ထွက်ကြသည်။

ထိုသို့ သွားသွားလာလာ အစဉ်ရှိနေစဉ် တစ်နေ့သောအ
ထူးဆန်းသော အကြောင်းအရာ အဖြစ်အပျက်တစ်ခုသည် သူတို့နှစ်
၏ ဘဝများဆီသို့ မဖိတ်ခေါ်ဘဲ ရောက်ရှိလာခဲ့သည်။

ထိုနေ့ကား. . .

မြန်မာလို တပို့တွဲလဆန်း (၁၄)ရက်၊ တစ်နည်း သန်လျင်
တော်ရှင် ကျိုက်ခေါက်ဘုရားပွဲ၏ အဖိတ်နေ့ည ဖြစ်သည်။ ကိုခင်မော
လွင်တစ်ယောက် ဖန်ချက်စက်ရုံမှာ တာဝန်မှူး၊ ညဂျူတီကျနေသဖြ
ဖေယျာချစ်ခင် တစ်ဦးတည်း ဘုရားပွဲဈေးသို့ လျှောက်ကြည့်နေသည်
ဒီနောက် လူပါးလှသော ပဒေသရာဇာ အရိုးအိုးအုတ်ဂူအ
သို့ ရောက်သောအခါ မျှော်လင့်မထားပါဘဲ အမျိုးသမီးတစ်ဦးသည်
ဖေယျာချစ်ခင်ကို ဝင်တိုက်ရင်း မူးမေ့လဲကျသွားခဲ့၏။

ဖေယျာချစ်ခင်ကလည်း သိလိုက်သည်နှင့် လျှင်မြန်စွာ ထိုး





ထိုက်ပြီး ပဒေသရာဇာဂူဘေးသို့ သယ်ယူကာ တတ်သမျှ မှတ်သမျှ
အရေးပေါ်ပြုစုပေးလိုက်သောအခါ အမျိုးသမီးငယ် သတိရ၍လာခဲ့သည်။

ထိုအချိန်၌ မိန်းမပျိုသည် သူ့ရင်ခွင်သို့ အားကိုးကြီးစွာ မှီခို
၍ မျှော်လင့်ကြီးစွာသော မျက်ဝန်းညိုကြီးနှစ်ဖက်နှင့် စိုက်ကြည့်နေ
သည်။ သွေးပူနေချိန်က သတိမထားမိလိုက်သော်လည်း အခု သတိထား
၍ ကြည့်လိုက်သောအခါ အလွန်ကို ချောမောလှပသည့် မိန်းမပျိုမှန်း
သူ သိလိုက်ရသည်။

သူမရဲ့ ကိုယ်မှ ပန်းပေါင်းစုံ ရနံ့တစ်မျိုးသည် သင်းထုံမွှေးပျံ့
နေ၏။ အမျိုးသမီး အသက်(၂၀)ခန့်၊ အသားဖြူဖြူ၊ နှာတံစင်းစင်း
နှုတ်ခမ်းစိုတွဲ၊ ရွှဲရွှဲနှင့် ခါးကလေး သေး၍ ရင်က ချီနေပြီး အဓိတ္ထာန်ကား
လျားသည့် တင်ပါးများကလည်း ဖိုသတ္တဝါများကို အသက်ရှူမှားစေနိုင်
လောက်၏။

“ညီမက အဖော်တွေ မပါဘူးလား၊ သွားလို့ ဖြစ်ပါ့မလား”

“အဖော်တွေ ဘယ်ရောက်သွားမှန်း မသိဘူး အစ်ကို၊ ကျွန်မ
ကို ကျွဲခိုးဘုရားအရှေ့က ညောင်ပင်အောက် ပို့ပေးပါလား ဟင်”

သူမက လမ်းသွားလမ်းလာများကို စိုးရိမ်ဟန်နှင့် လှမ်းကြည့်
ပြီး ပြောလိုက်သည်။ ဖေယျာချစ်ခင် ခေါင်းအလိုလို ညိတ်လိုက်မိသည်။
ဒီတော့ သူမက သူ့ပခုံးကို အားပြု၍ ရပ်လိုက်သည်။ ဖေယျာချစ်ခင်က
ရဲရဲတင်းတင်းဖြင့် သူမရဲ့ ဆင်စွယ်လက်မောင်း ဖြူဖွေးအိအိလေးကို
ထိန်းလိုက်ရင်း လူရှင်းသည့် အောက်လမ်းမှသည် ကျွဲခိုးဘုရားရှိရာ
တောင်အောက်မုခ်သို့ လှမ်းလာခဲ့လိုက်သည်။

“ဟို ရှေ့နားမှာ နားကြမယ် အစ်ကို”

သူမ ညွှန်ပြနေရာက ကျွဲခိုးဘုရားရှေ့မှ ညောင်ပင်အမြစ်ဆုံ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အချိန်က ပွဲထွက်ချိန်မို့ ပွဲဈေးတန်းများမှာ လူပါးရှင်းစပြုနေ၏။ သူတို့နှစ်ဦး လေဝင်ကောင်းလှသည့် ညောင်ပင်အောက်မှာ ထိုင်လိုက်ကြသည်။

"ညီမက ဘယ်မှာနေလို့လဲ"

"ဟို အဝေးက ရွာမှာပါ အစ်ကို"

"နာမည်ရော ပြောပါဦး ညီမရဲ့"

"ညီမနာမည်က ပန်းခရေမြိုင် တဲ့"

"ပန်းခရေမြိုင်. . . အငြိမ့်မင်းသမီးလား ဟင်"

"ဟင်း ဟင်း ဟင်း ဟင်း အစ်ကိုကလည်း အငြိမ့်မင်းသမီး မဟုတ်ပါဘူး အစ်ကိုရဲ့. . . သာမန် အရပ်သူ ရွာသူပါ၊ အင်း ခုမှပဲ အမှုးမေ့သွားတော့တယ်၊ အစ်ကို့ကို ညီမ သိပ်ကျေးဇူးတင်တာပဲ၊ ဒါနဲ့ ဒီက ကျေးဇူးရှင် အစ်ကို့ရဲ့ နာမည်ကရော"

"ဖေယျာချစ်ခင် တဲ့"

"အလဲ့. . . မာတ်ရှင်မင်းသားလား၊ အဆိုတော်လားပဲနော်"

"ဟား ဟား ဟား ဟား မဟုတ်ပါဘူးဗျာ၊ အမိလိုပါပဲ သာမန်လူပါပဲ ခင်ဗျာ၊ ကဲ အစ်ကို့ ညီမကို ဘယ်ရောက်အောင် လိုက်ပို့ပေးရမလဲ. . . ပြော အိမ်ကိုလား၊ ဇာတ်ရုံထဲကိုလား"

ဒီလိုမေးလိုက်တော့ သူမက ရဲဝံ့စားဟန်ပြုရင်းမှ. . .

"ဟင့်အင်း. . . ပြန်လို့မဖြစ်ဘူး၊ အဖော်တွေနဲ့ ဆော့မှ ပြန်လို့ဖြစ်မယ် အစ်ကိုရဲ့၊ ကိစ္စမရှိပါဘူးလေ၊ အဖော်ကွဲရင် ဒီနေရာမှာ ပြန်ဆုံကြဖို့ ပြောထားပြီးသားပါ အစ်ကို"

"ဒါဆို. . . အချိန်ရရင် တစ်ခုခု လိုက်စားပါလား"

"အင်း. . . ဗိုက်ထဲမှာ ဆာနေတာနဲ့ အတော်ပဲ၊ ညီမ ဒကာ





ခံယ်နော် အစ်ကို"

"အို. . . မဟုတ်တာရယ်၊ ညီမက မိန်းကလေး ဥစ္စာ"

"မိန်းကလေးလည်း ဒီနိုင်ငံမှာ ကျွေးခွင့်ရှိပါတယ် အစ်ကိုရယ်"

"နောင်တစ်ချိန်ကျမှ အမိက ကျွေးပါဗျာ၊ အခု ကျုပ်ကပဲ ကျွေးပါရစေ၊ ကဲ. . . လာ"

ဒီလိုနှင့် ရုပ်သေးစင်သွားရာလမ်း မှောင်ရိပ်မကျတကျ အကြော်ဆိုင်မှာ နာရီဝက်ခန့် စားရင်း သောက်ရင်း စကားပြောဖြစ်ကြသည်။ ခုမှ တွေ့သိကြသည် ဖြစ်သော်လည်း ရှေးကုသိုလ်ရေစက်ကြောင့်များလား မသိ။ ရင်းရင်းနှီးနှီး ရှိသွားကြသည်။

သူမရဲ့အသံက ရယ်သိုက် စကားပြောလိုက်လျှင် အဆိုကောင်းသည့် အငြိမ့်မင်းသမီးတစ်ဦးရဲ့ အသံနှင့် အလွန်တူ၏။ ညို့မျက်ဝန်းအစုံကလည်း တစ်ချက်တစ်ချက် ဝင့်လိုက်ပင်လျှင် ဖေယျာချစ်ခင်ရဲ့ အသည်းနှလုံးများ တုန်ခါ၍ သွားခဲ့ရသည်။

(ဖေယျာချစ်ခင်ရဲ့ အဆိုအရ အဲဒီတုန်းက ပါးနှစ်ဖက်ကို နမ်းချင်စိတ် အရမ်းဖြစ်ပေါ်ခဲ့ရသည်ဟု ဆို၏။)

အကြော်နှင့် ရေနွေးကြမ်း သောက်၍ အတန်ကြာသောအခါ

"ဟော အစ်ကိုရေ ဟိုမှာ အဖော်လာနေပြီ၊ ညီမ သွားတော့မယ်နော်"

"ဘယ်မှာလဲ ညီမရဲ့အဖော်က"

ဖေယျာချစ်ခင်က မြင်ကွင်းရှင်းလှသည့် လမ်းမသို့ လှမ်းကြည့်လိုက်သည်။ လူအချို့ သူတို့အကြောင်းနှင့် သူတို့ စကားပြော၍ သွားနေကြ၏။ အမျိုးသမီးအုပ်စုကို မမြင်ရ။ သူ အထင်အရှား မြင်လိုက်ရသည်ကား၊ မီးသွေးကဲ့သို့ အသားအလွန်မည်းမှောင်နေသည့် အသက်(၅၀)ခန့်

www.burmeseclassic.com

www.burmeseclassic.com



ချောင်တစောင်းနှင့် ဗလကောင်းကောင်း လူကြီးတစ်ဦးက သူတို့နှစ်ဦးကို ခပ်လှမ်းလှမ်းမှ စိုက်ကြည့်နေ၏။ ဒီလိုပဲ တွေ့ရသည်။

"အစ်ကို မမြင်ပါဘူး။ သူတို့ ကျော်သွားကြပြီ သွားမယ်နော်"

လှစ်ခနဲ သူမက အထ၊ သူကလည်း လက်မောင်းတစ်ဖက်ကို လှမ်းဆွဲလိုက်ရင်းမှ. . .

"ညီမ နက်ဖြန်လပြည့်နေ့ညသ ထွက်ခဲ့ပါဦးလားဟင်"

"နက်ဖြန်"

"အေးလေ ည(၉)နာရီလောက်ပေါ့။ အစ်ကို ဟိုညောင်ပင်အောက်က စောင့်နေမယ်၊ လာခဲ့မယ်မို့လား"

သူမ တစ်ချက်ခန့် စဉ်းစားပြီး ခပ်သွက်သွက် ဦးခေါင်းကို ညိတ်လိုက်သည်။ ပြီးနောက် လှစ်ခနဲ ပြေးထွက်သွားခဲ့သည်။ ဇေယျာချစ်ခင်ကတော့ ဒီည ရင်ထဲမှာ ပျော်ရွှင်ချမ်းမြေ့၍ မဆုံး။

❀ ❀ ❀ ❀

(၃)

ထိုအချိန် ထိုအဖြစ်အပျက်မှ စ၍ ဇေယျာချစ်ခင် တစ်ယောက် ...လျှင်ကို စနေ့ တနင်္ဂနွေသာမက ကြားရက်များပါ ရောက်ချ်ပေါက်ချ ...ခဲ့သည်။

လပြည့်နေ့ညက ဘုရားရင်ပြင်ပေါ်မှာ ဘုရားဖူးများ ကြိတ်ကြိတ် ... စည်ကားနေသည်။ သူနှင့် ပန်းခရေမြိုင်ကတော့ ကျွဲခိုးဘုရား ...ရှိ ညောင်ပင်အောက်သို့ ကွယ်လာခဲ့လိုက်သည်။ ဒီနေရာက လူရှင်း ...ည်။

ကျွဲခိုးဘုရားသည် ကျိုက်ခေါက်ဘုရား အနောက်တောင်ထောင့် ...မှိ၏။ ကျွဲခိုးဘုရား မြောက်ဘက်၌ သချိုင်းတစ်ခု ရှိ၏။ သချိုင်းနှင့် ...ဝေး၌ ရုပ်သေးစင်ရှိသည်။

(ကျွဲခိုးဘုရားကို ရှေးပါဒခေတ်က ရာဇာစောနောင်မင်းကြီး ...ည်ခဲ့သည်ဟု သိရ၏။ နောက်ပိုင်း နာဂသီဟမင်းက ဆက်လက်တည် ... 'ကျိုက်မောရာဘုရား' ဟု အမည်ပေးခဲ့ကြောင်း ဖတ်ရှုသည်။ ...ထ်လပ်ရေးရပြီးနောက်ပိုင်း မသမာသူအချို့က ဓားနှင့် တောင်... ...များရှိသည့် နေရာဖြစ်သည်မို့ ကျွဲခိုးသတ်၊ နွားခိုးပေါ်ရာမှ နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွဲခိုးဘုရားဟု အများက အလွယ်တကူ ခေါ်ကြတော့သည်။)
ကျွဲခိုးဘုရားကား အလွန်ငြိမ်းချမ်းသည်။ ဓာတ်သိမျာ
အဓိဋ္ဌာန်စခန်းကျင့်သူများသာ ဓာတ်စခန်းကိစ္စအတွက် အောင်မြေသ
လာကြသည် များ၏။ ဒီနေရာဝန်းကျင်က လူလည်း ရှင်းသည်။ ပါးသ
ပြောရလျှင် ရှေးရေစက်ကြောင့် ဆိုရမည်ထင့်။ ထိုနေ့ ထိုအချိန်အ
စ၍ သူတို့နှစ်ဦးသည် ချစ်သူရည်းစားဘဝသို့ ယုံကြည်မြတ်နိုးစွာ ရော
ရှိသွားကြသည်။
ညဘက်ရောက်သောအခါ ဇေယျာချစ်ခင်က မြို့တော်သ
အောင်ဓာတ်ကို ကြည့်ဖို့ ပြောသည်။ ပန်းခရေမြိုင်က လူများ
သူမ ကြောက်သည်။ လူငွေ့ဒဏ်ကိုလည်း ကြာကြာမခံနိုင်။ ရုပ်သေ
ကြည့်ချင်သည်ဟု ဆိုသည်။ ရုပ်သေးက ကြည့်ရခဲသည်တဲ့။
ပြီးတော့ ရုပ်သေးမင်းသမီးရဲ့ အပြောအဆို အငိုစကားလုံး
က လူ က,သည့်ဓာတ်ထက် ပိုကောင်း၊ ပိုအဆင့်မြင့်သည်ဟု ဆိုသ
ပြီးတော့ ရုပ်သေးက ဒီည နောက်ဆုံးည။
သို့နှင့် ချစ်သူ၏အလိုကို လိုက်ရန် အဲဒီညက ချစ်သူအကြ
ခပ်ချောင်ကျကျ သစ်ပင်အောက်မှာ သတင်းစာစက္ကူများ ခင်းထိုင်
တစ်ဦးကိုတစ်ဦး ဖက်၍ ယုယကြင်နာမှုပြုပြီး အချမ်းဒဏ်ကို တွန်း
ကာ နောက်ပိုင်း ပြီးခါနီးတိုင်း ရုပ်သေးကို ကြည့်ခဲ့ကြသည်။
မိုးလင်းခါနီးကျတော့ သူမက ပြန်တော့မယ်ဆို၍ ဇေယျာချစ်
က အိမ်အထိ လိုက်ပို့ပါရစေ ဆိုသည့်တိုင် အမေတို့ အဘိုးတို့သိ
ဆူပါလိမ့်မည် ဆိုသောကြောင့် ကျွဲခိုးဘုရားအလွန် တောင်နှစ်လုံးကြ
အရောက် လိုက်ပို့ခွင့်ရခဲ့သည်။
မြိုင်က သူ့ကို နောက်ပြန်လှည့်ကြည့်ရင်း လက်ကလေး မြှော





ဖြင့် တောင်နှစ်လုံးလမ်းကြားအတိုင်း အရှေ့စူးစူးသို့ သွားနေသည်
မကြာခင်(ကျိုက်ဒေးဝ)ဘုရားစေတီ အောက်ဘက်လမ်းသို့ ဝင်သွားသည်
ကို ခပ်ဖျဖျ မြင်လိုက်ရတော့မှ သန်လျင်သွားမည့်ဂိတ်ရှိရာသို့ မလင်
တလင်း အမှောင်ကို အားပြုရင်း လာခဲ့လိုက်သည်။

♛ ♛ ♛

(၄)

တစ်နေ့သောအခါ သန်လျင်မြို့ရှိ ခင်မောင်လွင် နေအိမ်သ
ဇေယျာချစ်ခင်၏အမေနှင့် အစ်မလုပ်သူတို့ ရောက်ရှိလာခဲ့ကြသည်
"အလည်သက်သက်ပဲလား အဒေါ်" မေးရင်း "ဇေယျာကြီး မပါဘူ
လား"ဟု မေးလိုက်သောအခါ သူတို့သားအမိက တစ်ယောက်မျက်နှ
တစ် ယောက်ကြည့်ပြီး
"မင်းဆီကို လာတယ်ဆို"
"ဟာ ဘယ်က လာရမှာလဲ၊ ဒီကောင် ကျွန်တော့်ဆီ မလာ
နှစ်ပတ် သုံးပတ်လောက် ရှိပြီ၊ ကျိုက်ခေါက်ဘုရားပွဲ ပြီးကတည်းက
မတွေ့ရတာရယ်"
ဒီလို ထပ်ပြောလိုက်တော့ သားအမိနှစ်ယောက်လုံး မျက်လ

www.burmeseclassic.com



ချင်း ပြန်ဆိုသွားကြပြန်သည်။

"အဲဒီကိစ္စပဲ မင်းကို မေးကြည့်ချင်လို့ လာခဲ့တာ မောင်ခင်မောင်လွင်ရေ"

"ခင်ဗျာ. . . ဘာဖြစ်နေလို့လဲ ဒေါ်ဒေါ်"

"ဒီလိုကွယ့်. . . မောင်ခင်မောင်လွင်ရဲ့ မင်း သူငယ်ချင်း မင်းဆီ မလာတာ ကြာပြီဆိုကတည်းက တို့ မသင်္ကာတဲ့ကိစ္စ ကျိန်းသေသွားမှန်း ဒေါ်ဒေါ်တို့ သဘောပေါက်ပြီဟေ့၊ ဒီမှာ ငါ့တူ မင်း 'မြိုင်'ဆိုတဲ့ မိန်းကလေးတစ်ယောက်ကိုများ သိသလားကွယ်"

"မြိုင် ဘယ်က မြိုင်လဲ ဒေါ်ဒေါ်"

ကိုခင်မောင်လွင် အံ့ဩသွားစဉ်မှာပင် ဖေယျာချစ်ခင်အမေက လက်ညှိုးဆန့်လျက်မှ

"ဟောဒီ တို့များ ရွှေသန်လျှင်ကပေါ့ကွယ်၊ တစ်နေ့ မင်းသူငယ်ချင်းရဲ့ ဒိုင်ယာရီကို အခြေအနေအရ ဖတ်မိလိုက်တယ်ကွယ်၊ အဲဒီမှာ မြိုင်ဆိုတဲ့ အမျိုးသမီးလေးနဲ့ သား ဖေယျာတို့ စတင်တွေ့ရှိပုံအကြောင်း၊ ကျိုက်ခေါက်ဘုရားပွဲမှာ ရုပ်သေးပွဲ အတူကြည့်ကြတဲ့အကြောင်း၊ နောက်ပိုင်း အဲဒီမြိုင်နဲ့ အချစ်ကြီးချစ်ကြပြီး မကြာခဏ တွေ့ဆုံကြသည့်အကြောင်း၊ သူ့ရင်ထဲမှာ ချစ်သူမြိုင်က လွဲရင် ဘာမှ မရှိတဲ့အကြောင်း ရေးထားတာကို ဖတ်သိခဲ့ရတယ်၊ ငါ့တူရေ သားရဲ့ချစ်သူ မြိုင်ဆိုတာ မိန်းမကောင်းလေးလား၊ ဟိုမကောင်းတဲ့ မိန်းမမျိုးလား။ ဘယ်မှာနေလို့ များ လုပ်ကိုင်စားသောက်ကြတယ်ဆိုတာ ဒေါ်ဒေါ်တို့က သိချင်လို့ ဒီ လာခဲ့ရတာပဲ"

ဒေါ်ဒေါ် ချောမေကြည်ရဲ့ စကားဆုံးတော့ ခင်မောင်လွင် ပါးစပ်ဟသွားခဲ့ရသည်။

---

စိတ်ကူးသစ်စာပေ



"အင်း. . . ဒီကောင် သန်လျင်မှာ ရည်းစားရှိနေမှန်း ဒေါ်ဒေါ်တို့ ပြောပြမှပဲ ကျွန်တော်လည်း သိရတော့တယ် ဒေါ်ဒေါ်၊ တော်တော်ဆိုးတက်တဲ့ ဖေယျာပါလားနော်"

"ဟင်း ဟင်း ကိုခင်မောင်လွင်တို့ကတော့ သူငယ်ချင်းကို အားပေးနေပြီပေါ့လေ ဟုတ်လား"

"မဟုတ်ပါဘူး ညီမရယ်၊ ဘုရားစူးရစေရဲ့"

"အေးကွယ် ဒေါ်ဒေါ်တို့ကတော့ မင်းဆီကိုပဲ လာနေတယ်လို့ ယုံကြည်နေတာကိုး။ ခုတော့ သူ့ဒိုင်ယာရီအရ သူ့မှာ ချစ်သူရည်းစားရှိနေမှန်း သိရတော့လည်း မျိုးကောင်းခွေကောင်း၊ အကျင့်စာရိတ္တကောင်းရင် လက်ခံရမှာပါပဲ၊ မကောင်းခဲ့ရင်တော့ ဝိုင်းတားရမှာပေါ့ ငါ့တူရယ်၊ အဲဒါ မင်းသိသလောက်လည်း တို့များကို အသိပေးပါဦးကွယ်နော် မောင်ခင်မောင်လွင်"

သူငယ်ချင်း အမေရဲ့ စကားကြောင့် သူ ပို၍ အနေရအထိုင်ရ ကျပ်သွားခဲ့ရပြန်သည်။ ဒီနောက် ခင်မောင်လွင်က လှူမျိုလှူရိုးကြီးပိမိ တိုန်တွယ်လျက်မှ ဒီ'မြိုင်'ဆိုသည့် မိန်းကလေးကို မြင်လည်း မမြင်ဖူး၊ သိလည်း မသိကြောင်း၊ ဖေယျာချစ်ခင် ဒီကို မလာသည်မှာ ကြာပြီဖြစ်၍ သူ့ရဲ့လက်ရှိ အခြေအနေအကြောင်း သူ ဘာမှ မသိရပါကြောင်း၊ သို့သော် ဖေယျာချစ်ခင်၏ ပြောင်းလဲနေသည့် အခြေအနေကို ယခုသိခဲ့ရပြီမို့ သူငယ်ချင်းရဲ့ အနာဂတ် အကျိုးအတွက် ကျွန်တော် စုံစမ်းပေးပါမည်ဟု ကတိပြုလိုက်တော့မှ သားအမိနှစ်ဦးစလုံး ကြည်နူးဝမ်းသာဖြစ်ကာ ရန်ကုန်သို့ ပြန်သွားကြတော့သည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၅)

စနေနေ့ အလုပ်ပိတ်ရက်ဖြစ်သဖြင့် နေ့ခင်း (၁၂)နာရီခန့် အိမ်မှာ စာဖတ်နေစဉ် ဆိုင်ကယ်ဟွန်းသံနှင့်အတူ ရှိုးအပြည့် ဝတ်စား ထားသော ဖေယျာချစ်ခင်သည် ပြုံးရွှင်သောမျက်နှာထားနှင့် အိမ်ပေါ်သို့ တက်လာသည်။

"အလှဲ့ တစ်ကိုယ်လုံးလည်း မွှေးကြိုင်လို့ ရေမွှေးကန်ထဲများ ကျလာခဲ့ရော့လား ဖေယျာရာ ဟင်"

"အဟဲ ဟဲ ဟဲ ခါတိုင်းလိုပါပဲကွာ"

"မင်း ခါတိုင်းနဲ့ မတူတော့ပါဘူး ဖေယျာရာ၊ ငါ မသိဘူး မှတ်လို့လား"

သို့နှင့် ခင်မောင်လွင်က သုံးပတ်ခန့်အတွင်း တစ်ခေါက်မှ ပေါ်မလာရသည့် အကြောင်းရင်းကို မေးမြန်းလိုက်သောအခါ ငယ်ချစ်သူ ငယ်ချင်းများပီပီ 'ဘူး'ကွယ်မနေကြဘဲ သူ့မှာ အသက်တမျှ ချစ်ရသည့် ချစ်သူတစ်ယောက်ရှိနေကြောင်း၊ မိန်းကလေးအမည်က 'ပန်းခရေမြိုင်'ဟု





ရက်ရက်စက်စက် လှသည့်အကြောင်း သူငယ်ချင်းကို မိတ်ဆက် ပေးသော်လည်း တစ်ကြိမ်တစ်ခါ မြင်လိုက်ရသည်နှင့် မြိုင့်ကို စွဲလမ်းသွားနိုင်သည့်အတွက် လောလောဆယ် မိတ်ဆက်မပေး သေးသည်ကို ခွင့်လွှတ်ပါရန် စသည်ဖြင့် သူ့ချစ်သူရဲ့ အလှရှိကာကို ဖွင့်ဆိုတော့သည်။

ခင်မောင်လွင်ကလည်း ဖေယျာမိဘများကို ကတိပေးထားသည့် မြိုင်ဆိုသည့် မိန်းကလေးရဲ့ မိဘမျိုးရိုး၊ နေရပ်လိပ်စာ၊ အလုပ် စသည်တို့ကို ချော့မော့လှည့်ပတ် မေးမြန်းလိုက်ရာ နောက်ဆုံး ပြောလိုက်သည်ကား။

'အဲဒါတွေအားလုံး ငါ မသိသေးဘူး လွင်ရ"

"ဟေ မင်းမြိုင်ရဲ့ အိမ်ကို မရောက်ဖူးဘူးလား"

"ဟင့်အင်း"

"မိဘအမည်ရော သိရဲ့လား"

"မသိဘူး"

"သူ့ ဆွေမျိုးသားချင်းတွေရော"

"ဒါလည်း ငါက မေးဖူးတယ်၊ မြိုင်က အရေးကြီးလို့လားတဲ့"

"ဟာ မင်း ရည်းစားထားပုံကြီးကလည်း ဖေယျာရာ၊ အပျော် လား၊ မင်း မြိုင့်ကို အတည်ယူမှာလား ပြောပါဦး"

"အံမာ ခွေးကောင် ငါ့များ စော်စော်ကားကား၊ အတည်ယူမှာ မြိုင်က နူနူရွရွ ဆင်းရဲချမ်းသာ ငါ မြတ်နိုးစွာ ချစ်နေမှာပဲ"

"အေးလေ အတည်ယူမယ်၊ တစ်နေ့ လက်ထပ်မယ်ဆိုရင် ဒီအဓိက ကိစ္စတွေက စုံစမ်းသိရှိထားရမှာပဲကွ၊ ငါနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ မိတ်ဆက်ပေးပါဦးကွာ၊ ကိုယ့်သူငယ်ချင်းရဲ့ ချစ်သူကို မပြစ်မှားပါဘူးကွ၊ စိတ်ချပါ''

''ငါက နောက်တာပါ လွှင်ရာ၊ အဆင်ပြေတဲ့နေ့ကျရင် ငါ...မင်းကို မြိုင်နဲ့ မိတ်ဆက်ပေးပါ့မယ် စိတ်ချပါ၊ ကိုင်း ငါ မြိုင်နဲ့ချိန်းထား...လို့ လစ်မယ်ဟေ့''

ဇေယျာချစ်ခင်က သူ့ရင်ထဲရှိသည့် ခံစားချက် ယုံကြည်ချက်များကို အားရပါးရ ပြောပြပြီးနောက် ဆိုင်ကယ်ကို စက်နှိုးကာ လက်...ပြ၍ ထွက်သွားတော့သည်။ သူထွက်သွားပြီး ငါးမိနစ်ခန့် ကြာသည်နှင့် ခင်မောင်လွှင်လည်း အဝတ်အစားလဲကာ သူ့နောက်ခြေရာခံဖို့ ခေါင်းရင်း...အိမ်က ဆိုင်ကယ် ခဏငှားပြီး ဇေယျာချစ်ခင် နောက်မှ ခွာ၍ လိုက်သွား...ခဲ့တော့သည်။

♛ ♛ ♛

(၆)

အရှေ့ဘက်စောင်းတန်း လှေကားထစ်များမှ ခပ်သုတ်သုတ်တက်သွားနေသည့် ဇေယျာချစ်ခင်ကို ခင်မောင်လွှင် နောက်ဘက်မှ အရှင်းသား တွေ့နေရသည်။ နောက်ဘက်ကို ယောင်လို့တောင်မှ လှည့်မကြည့်။ ခင်မောင်လွှင်ကလည်း ဘုရားဖူးလူအုပ်များကို အကာအကွယ်လုပ်၍ အသာ မှေးလိုက်လာခဲ့လိုက်သည်။ မကြာခင် ဇေယျာက စေတီတော်လက်ယာဘက်မှသည် အနောက်ဘက် စောင်းတန်းအောက်သို့ စိုက်စိုက်မတ်မတ် ဆင်းသွားသည်။

စောင်းတန်းအဝင်ဝ ခြသေ့်ကြီးနှစ်ကောင်အနက် လူရှင်းသည့် တောင်ဘက်ခြမ်းက ခြသေ့်ကြီး ခြေထောက်အုတ်ခုံကို မှီလို့ ထိုင်နေသည်။ ခင်မောင်လွှင်လည်း တန်ဆောင်းတိုင်လုံးကြီးများကို ကွယ်၍ အသာ ချောင်းကြည့်နေလိုက်သည်။

(၁၀)မိနစ်ခန့် ကြာသောအခါ ဇေယျာချစ်ခင်သည် တစ်စုံတစ်ဦးကို တွေ့လိုက်ရသည့်အလား မတ်တတ်ရပ်၍ ကြိုနေ၏။ ၎င်းနောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ဦးကို သူ့အနီးမှာ ထိုင်ဟန်ပြုပြီး တစ်ယောက်တည်း စကားများကို အမျှင်မပြတ် ပြောနေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရသည်။

သူသည် ဦးခေါင်းကို မကြာခဏ ညိတ်လိုက်၊ ပြုံးလိုက်၊ သဘောကျလိုက်နှင့် အလွန်ပီတိ ဖြစ်နေသည်ကို ကြည့်၍ ခင်မောင်လွင် အမြင်မှာ အံ့ဩစရာများ ဖြစ်နေ၏။

အမှန်က ဖေယျာအနီးမှာ ဘယ်သူမှ မရှိ။ သို့သော် ဖေယျာက လူရှိနေသည့်အလား စကားတွေ ပြောနေသည်။ မဟုတ်မှလွဲရော ကေန္ဒီကောင် စိတ်ဖောက်ပြန်သွားခဲ့လေရော့လား။

မိမိက လှမ်း၍ အော်ခေါ်လိုက်လျှင် ကောင်းပါမည်လား၊ ဒါမှ ဟုတ် သူ သတိအမှန်ရသွားအောင် အနားသွား၍ လှုပ်ကိုင်သတိပေးလိုက်လျှင် ကောင်းမည်လား၊ စဉ်းစားနေမိသည်။

သို့သော် ဒီကောင့် အခြေအနေ ဘယ်အထိ ရောက်နေသည်ကို အရှင်းသိလိုသဖြင့် ဘာမှဝင်ရောက် သတိပေးလှုပ်ရှားမှု မပြုဘဲ၊ တိတ်တဆိတ် အကဲခတ်နေလိုက်သည်။

ပြောရလျှင် ယခုမြင်ကွင်းကား လူသူကင်းရှင်းနေသည့် ခြံသော့ကြီး ဝမ်းဗိုက်အောက်မှာ စိတ်မနှံ့သည့် ခေတ်မီသားနား လူရည်မွန်တစ်ဦး၏ ယဉ်ယဉ်လေးရူးပြီး ရောက်ရာပေါက်ရာ ထင်ရာမြင်ရာ ပြောဆိုလှုပ်ရှားနေသည့် အနေအထားလည်း ဖြစ်သည်။

(၁၀)မိနစ်ခန့် ကြာသောအခါ ဖေယျာသည် သီဟိုတောလက်ဖက်ရည်ဆိုင် ရှိရာဘက်သို့ လက်ညှိုးပြပြီး ရယ်ကာမောကာ ထွက်သွားသည်ကို မြင်လိုက်ရတော့သည်။ ခင်မောင်လွင်လည်း အသာ နောက်ယောင်ခံ၍ လိုက်သွားလိုက်ပြန်သည်။ သူ မမြင်အောင် ကြီးမားသော သီဟိုပင်ကြီးကို အကွယ်ယူ၍ ချောင်းနေလိုက်၏။





ဖေယျာချစ်ခင်က အတန်ငယ် အလှမ်းဝေးသည့် မြောက်ဘက်အစွန်းဆုံး လက်ဖက်ရည်ဝိုင်းခုံပုမှာ ဝင်ထိုင်နေရာယူလိုက်ပြီး စားပွဲထိုးချာတိတ်တစ်ယောက်ကို လက်ညှိုးနှစ်ချောင်း ထောင်ပြလိုက်သည်။

စားပွဲထိုးချာတိတ်ကလေးက ဖေယျာ့မျက်နှာကို စိုက်ကြည့်၍ ပြုံးလိုက်ပြီး အတန်ကြာတော့ လက်ဖက်ရည်နှစ်ခွက်နှင့် မုန့်များကို လာချပေးသွားသည်။ သည်မှာလည်း သူက တစ်စုံတစ်ဦးနှင့် စကားပြောနေသကဲ့သို့ရှိပြီး လက်ဖက်ရည် တစ်ငုံ သောက်လိုက်၊ စကားပြောလိုက်၊ ရယ်လိုက် လုပ်နေသည်ကို ထူးဆန်းအံ့ဖွယ် မြင်နေရပြန်တော့သည်။

ခင်မောင်လွင်သည် မိမိသူငယ်ချင်းလုပ်သူ၏ နောက်ထပ် ထူးခြားချက်ကို ထပ်မံ မြင်တွေ့လိုက်ရသောအခါ စောစောကထက်ပို၍ အံ့ဩသွားခဲ့ရပြန်သည်။ (၁၅)မိနစ်ခန့် ကြာတော့ စားပွဲထိုးကောင်ကလေး ကို ခေါ်၍ လက်ဖက်ရည်ဖိုးများ ရှင်းပေးလိုက်ပြီး စကားတပြောပြောနှင့် ဘုန်းဘုရားရှိရာဘက်သို့ ထွက်သွားသည်ကို နောက်ဆုံး တွေ့လိုက်ရတော့သည်။ ထိုနေရာကား ကွင်းလွင်ပြင်နှင့် ဆက်စပ်နေ၍ ဆက်လက်နောက်ယောင်ခံလိုက်လို့ မဖြစ်နိုင်တော့။

ဒီနောက် စောစောက လက်ဖက်ရည်ဆိုင်သို့ ပြန်လာလိုက်ပြီး၊ သူ ထိုင်သွားသည့် စားပွဲခုံဝိုင်းမှာ ဝင်ထိုင်လိုက်ကာ စားပွဲထိုး ကောင်လေးကို လက်ဖက်ရည် တစ်ခွက် မှာလိုက်သည်။ မကြာခင် စားပွဲထိုးကောင်ကလေးက လက်ဖက်ရည်နှင့် စီးကရက် လာချပေးသည်။ မိမိက စီးကရက်တစ်လိပ်ကို မီးညှိဖွာလိုက်ပြီး

"ညီလေး ခဏလေးကွာ၊ ငါ့ညီကို အစ်ကို မေးစရာရှိလို့ပါ"

"ဘာကိစ္စလဲ အစ်ကို. . .မေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"စောစောက ဒီနေရာမှာ လက်ဖက်ရည် သောက်သွား လူကို ညီလေး သိသလား"

"သိတယ် အစ်ကို၊ သူ ဒီဆိုင် ဒီနေရာမှာ မကြာခဏ လာ လာသောက်တယ်"

"သူလာရင် အဖော်ဘယ်သူ ပါသေးသလဲကွယ်၊ ရော့ ဒါ ညီလေးဖို့ မုန့်ဖိုး"

ကိုခင်မောင်လွင်က တစ်ရာတန်တစ်ရွက်ကို မုန့်ဖိုးပေးလိုက် သောအခါ ချာတိတ်ကလေးက ကောင်တာကို တစ်ချက် လှမ်းကြည့်လိုက် ပြီး ပိုက်ဆံကို ဆတ်ခနဲ ယူ၍ ဘောင်းဘီအိတ်ထဲသို့ ဖွက်သိမ်းလိုက် သည်။

"ပြောပါဦး ညီလေးရ"

"သူလာရင် ဇ.င်ယောက်တည်းပဲ အစ်ကို၊ ဒါ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ၊ ဆက်ပြောပါကွ"

"ဒီလူကြီးက အတော် ထူးဆန်းတယ် အစ်ကိုရဲ့ လာတော လည်း တစ်ယောက်တည်းရယ်၊ ဒါပေမယ့်လည်း လက်ဖက်ရည်မှာရင် နှစ်ခွက်ချည်းပဲ ခင်ဗျ"

"ဟေ"

"အဖော်မပါဘူး ဟုတ်လား"

"ဟုတ်ကဲ့ မပါဘူး၊ နှစ်ခွက်ကတော့ လာတိုင်းမှာတယ်"

"မြတ်စွာဘုရား"

"နောက်ပြီး သူက တစ်ယောက်တည်း ရယ်လိုက်၊ စကားပြော လိုက်၊ ပြုံးလိုက်ပဲ ခင်ဗျ၊ ကျွန်တော်တို့ဆိုင်ရှင်ကတောင် ဒီလူကြီးကို ယဉ်ယဉ်လေး ရူးနေ၊ စိတ်နောက်နေတဲ့ စိတ်ရောဂါသမားလို့ သတ်မှတ်





ထားတယ်၊ ပိုက်ဆံရှင်းရင်တော့ နှစ်ခွက်ဖိုး အမြဲတမ်းရှင်းတယ်"

"ကျွန်တော့် လက်ဖက်ရည် တစ်ခွက်ကရော လက်ဖက်ရည် သောက်သွားရဲ့လား"

"ကျွန်တော် သိမ်းသမျှ တစ်စက်တောင် မကျန်ပါဘူး အစ်ကို"

"ဗုဒ္ဓေါ"

♛ ♛ ♛

(၇)

"သူငယ်ချင်း ဖေယျာ၊ မင်းတို့အခြေအနေ ဘယ်လိုလဲဟေ့"

တစ်နေ့ ဖေယျာချစ်ခင်နှင့် မိမိ လမ်းထိပ် လက်ဖက်ရည်ဆိုင် မှာ ထိုင်ရင်း စကားပြောဖြစ်ကြသည်။

"အခြေအနေ မဆိုးပါဘူးကွာ၊ ငါက

ပြောတယ်၊ မြို့င်က သူ လက်မထပ်ချင်သေးဘူး

အမေတို့ အဘိုးတို့ဆီမှာ ခွင့်တောင်းတာ

"ဘာလို့ ခွင့်မပြုရတာတုန်းကွ



www.burmeseclassic.com

www.burmeseclassic.com



"သူ့အမေနဲ့ အစ်မတွေ အမျိုးတွေက ပြောတယ်တဲ့၊ ငါ
ဒီမြို့ဒီရွာမှာ မြိုင်နဲ့အတူ နေနိုင်ပါတယ်လို့ ကတိပေးရင် စဉ်းစားမယ် ညီ။
ပြောတာပဲ"

"ဒီတော့ မင်းသဘောက"

"ငါကတော့ ရန်ကုန်ကို လိုက်နေပါ၊ ဟိုမှာ ငါ စီးပွားရေးလု
ငန်းကြီးတစ်ခု လုပ်နေလို့ပါပေါ့ကွာ၊ အဲဒီလိုပြောတာကို သူတို့အသိုင်း
အဝိုင်းက လုံးဝ လက်မခံဘူးတဲ့လေ"

ခင်မောင်လွှင် သူ့မျက်နှာကို စေ့စေ့ စူးစူး စိုက်၍ကြည့်လိုက်
သည်။ အကြည့်ဒဏ်မှာ အမိပ္ပါယ်များစွာ ပါသွားခဲ့သည်မို့ ဖေယျာချစ်
ခင် လန့်သွားခဲ့သည်။

"လွှင်. . . မင်း ဘာလို့ ငါ့ကို ခုလို စိုက်ကြည့်နေတာလဲ ဟင်"

"ဖေယျာ. . . မင်းမှာ တကယ်ရော ရည်းစားရှိရဲ့လားကွာ၊
မင်း ငါ့ကို လာမဖြီးနဲ့နော် ဖေယျာ"

"ယော. . . တယ်ခက်ပါလား သူငယ်ချင်း၊ မင်းကို ငါက ညာ
ဖြီးရ နောက်ပြောင်ရမှာလားကွ၊ ငါ့မိဘတွေကိုတောင် ဒီအကြောင်း
နည်းနည်းလေးမှ ဖွင့်မပြောခဲ့ဘူး။ မင်းကို အချစ်ဆုံး၊ အယုံကြည်ဆုံးမို့
တစ်လုံးမကျန် ဖွင့်ပြောပြခဲ့တာ ဥစ္စာ၊ ငါချစ်သူနာမည်က 'မြိုင်' နာမည်
အပြည့်အစုံက 'ပန်းခရေမြိုင်' အသက် (၂၁)နှစ်၊ ချောတယ်၊ လှတယ်၊
နတ်သမီးတမျှလှတယ်၊ တစ်နေ့ ငါ မင်းကို မိတ်ဆက်ပေးမယ်ကွာ၊
[illegible] မြင်ရ မဟုတ်လား"

"နောက်ပြီး . . . သက်ပြင်းရှည်ကြီးကို ချလိုက်သည်။ ဒီကောင့်
လိုက်၊ ပြုံးလိုက်ပဲ ခင်ဗျာ သည်။ လေယူလေသိမ်းကလည်း ပကာစီ
ယဉ်ယဉ်လေး ရှူးနေ၊ စိတ်[illegible]။ ငနဲက ဒူးများတောင် နှံ့ရှဲနေလိုက်သေး





"မင်း စိတ်မှန်းပါတယ်နော် ဖေယျာ"

"ဘာ. . . ဘာပြောတယ်၊ မင်း မင်းက ငါ့ ငါ့ကို အရူးလို့
ခင်နေတယ်ပေါ့ ဟုတ်လား၊ တော့က် သူငယ်ချင်း အရင်းခေါက်ခေါက်
ဆိုပေါ့ကွာ ဟင်း"

ဖေယျာချစ်ခင်က ပြောရင်း မျက်နှာကြီး နီမြန်းလာကာ ဒေါသ
ထွက်လာသည်။ သို့နှင့် မိမိက အသာပြုံးချော့ လျှော့ချလိုက်သည်။

"အေးလေ. . . မင်းဘက်က အားလုံး မှန်ကန်တိကျတယ်ဆို.
တော့ ငါ့ကို သက်သေပြပါ သူငယ်ချင်း။ လိုအပ်ရင် ငါလည်း မင်း
ကူညီချင်လို့ပါ"

"ကောင်းပြီ. . . ဒါဆို လာမယ့် တနင်္ဂနွေနေ့ နေ့လယ် (၁၂)နာရီ
ရင် ငါ မင်းကို မြိုင်နဲ့ မိတ်ဆက်ပေးမယ်၊ နတ်သျှင်နောင် အုတ်ဂူရှိတဲ့
ကက်ဘက်စောင်းတန်း ခြသေ့ကြီးအနားမှာ ငါတို့ စောင့်ကြမယ်၊ ငါက
ကို အဲဒီနေရာလာဖို့ တိတ်တိတ်ချိန်းလိုက်မယ်၊ ဘယ့်နှယ့်လဲ သူငယ်
င်း"

"ဒါဆို အိုကေ၊ လက်တွေ့ ဆုံရရင် ယုံမယ်ကွာ"

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၈)

တနင်္ဂနွေနေ့သို့ ရောက်သောအခါ နတ်သျှင်နောင် အရိုးအိုးအုတ်ဂူရှိရာ မြောက်ဘက်စောင်းတန်းရှိ လက်ယာဘက်ခြသေ့ကြီး အနီးရှိ အုတ်လှေကားထစ်မှာ ဇေယျာချစ်ခင်နှင့် ခင်မောင်လွင်တို့ ထိုင်စောင့်နေလိုက်ကြသည်။ ဒီနေရာက လူရှင်းသည်။ ဟိုး အပေါ်ဘက် အုတ်လှေကားထစ်ပေါ်မှာသာ ချစ်သူရည်းစား စုံတွဲတစ်တွဲ ရှိသည်။

အရှေ့ဘက် သီဟိုတောက ခုံပိုင်းကလေးများမှာ ချစ်သူစုံတွဲ နှစ်တွဲရှိသည်။ ခင်မောင်လွင်က လက်မှာနာရီကို မြှောက်၍ ကြည့်လိုက်သည်။

"ဇေယျာ (၁၂)နာရီ ထိုးပါပကောလားကွ"

"လာမှာပါ လွင်ရာ၊ ငါ မနေ့ကပဲ ဒီနေရာကို လာခဲ့ဖို့ အသေအချာ ချိန်းထားတာပါ။ မင်းနဲ့ မိတ်ဆက်ပေးမယ်လို့တော့ ကြို မပြောထားဘူး။ ရှက်နေမှာစိုးလို့၊ ဟော. . .ဟော ဟိုမှာ. . .ဟိုမှာ လာနေပြီကွ"

ဇေယျာချစ်ခင်က ပြောရင်းတန်းလန်းမှ ဓမ္မပါလကျောင်း





အနောက်ဖက်ဝန်ကြီးပဒေသရာဇာ အုတ်ဂူရှိရာဘက်သို့ လက်ညှိုးထိုးပြလိုက်သည်။ မိမိကလည်း လှမ်းကြည့်လိုက်သည်။ ဘာမှ မတွေ့ရ။

"မတွေ့ပါလားကွ"

"မင်းကလည်း ကန်းပဲ့ကွာ၊ ဟိုမှာ အင်္ကျီက အပြာနုရောင်၊ ထဘီက အပြာရင့် အပွင့်ကြီးနဲ့၊ ငါတို့ဆီကို လာနေတာရယ်၊ ငါ အသံပြုလိုက်ဦးမယ်၊ ဟေ့. . .မြိုင်. . .မြိုင် မောင်တို့ဒီမှာ ဟေ့"

သူက မတ်တတ်ရပ်ရင်း လက်လှမ်းပြ၍ အသံပြုလိုက်ရာမှ ပြေးကြိုရန် ဆင်းသွားလိုက်သည်။

"မြိုင် ဘယ်လဲ၊ ဒီကိုလာလေ မြိုင်၊ မြိုင်ရေ မြိုင်. . .မြိုင်"

သူသည် ပါးစပ်မှ အော်ရင်း ပြောရင်း ဓမ္မပါလဘုန်းကြီးကျောင်းခေါင်းရင်းလမ်းဘက်သို့ ပြေး၍လိုက်သွားတော့သည်။ မိမိလိုက်ကြည့်တော့ သူငယ်ချင်းရဲ့ ပုံစံက တစ်စုံတစ်ဦးရဲ့ နောက်သို့ အမောတကော လိုက်နေသည့်ပုံမျိုး။ ဒါပေမယ့် ကိုယ့်မျက်စိထဲမှာ အမှန်တကယ် မြင်တွေ့နေရသည်က သူတစ်ယောက်တည်း နာမတစ်ခုကို အော်ဟစ်ရင်း သူသာမြင်ရသည့် ပုံရိပ်မဲ့ ပုံသဏ္ဌာန်မဲ့ ဝိညာဉ်နောက်သို့ စိတ်ပင်ပန်းကြီးစွာ အသနားခံလိုက်နေသည့် အဖြစ်မျိုးရယ်။

မကြာခင် နွေခင်းကြောင်တောင် ဆွဲဆွဲငင်ငင် ချောက်ချောက်ချားချား အူလိုက်ကြသည့် ခွေးတစ်အုပ်ရဲ့ ကြောက်စရာအသံများကို ကြားလိုက်ရပြီး ဇေယျာချစ်ခင်သည် ခွေးသံရှဲ့ရှဲ့ ဦးခေါင်းငိုက်စိုက် မျက်နှာမကောင်းစွာဖြင့် မိမိရှိရာသို့ ပြန်တက်လာခဲ့သည်။

"ခေါ်လို့ မရဘူးကွာ၊ မင်းကို မြင်လိုက်လို့နဲ့ တူပါရဲ့၊ ငှတ်ကို ထွက်ပြေးတော့တာပဲ၊ ရှက်လို့ နေမှာပေါ့ သူငယ်ချင်းရာ"

ခင်မောင်လွင် သူငယ်ချင်းရဲ့ အဖြစ်ကိုကြည့်၍ ရင်ထဲမှာ စိုး



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မပြုလာခဲ့သည်။ စိတ်လည်းမကောင်း။သူငယ်ချင်းရဲ့ အခြေအနေသည် ဦးနှောက်ပျက်သွားတာတော့ မဖြစ်နိုင်သေး။ သို့သော် စိတ်ရောဂါလား ပယောဂ အနှောင့်အယှက်များ ဝင်နေရော့သလား။

"ကဲပါကွာ၊ မင်းရဲ့ ချစ်သူ မြိုင်က ငါနဲ့ မတွေ့ချင်၊ စကား မပြောချင်လည်း ပြန်ကြပါစို့ကွာ ထ"

"ငါ မပြန်ချင်သေးဘူး ခင်မောင်လွင်"

"ဘာလဲ မင်းက သူ့နောက်ကို လိုက်သွားမလို့လား၊ လိုက်ရ အောင် သူမရဲ့အိမ် နေရပ်လိပ်စာရော သိလို့လား"

ဒီမေးခွန်းများကို ဇေယျာ ပြန်မဖြေနိုင်။ ငူငူကြီး ငိုင်၍နေ တော့သည်။ နောက်ဆုံး အတန်တန် ချော့မော့ ဖျောင်းဖျ ခေါ်တော့မှ လေးကန်သော ခြေလှမ်းများနှင့်မလိုက်ချင်လိုက်ချင်လိုက်ပါခဲ့တော့သည်။

♛ ♛ ♛

❑

"ကာယကံရှင်ရဲ့ နာမည်က ဘယ်သူတုန်းကွ"

"သူ့နာမည်က ဇေယျာချစ်ခင်ပါ ဆရာကြီး"

"နေ့ကရော"

"အင်္ဂါသားပါရှင်"

ဇေယျာချစ်ခင်ရဲ့ အမေက နာမည်ကျော် မနောဗေဒင်ဆရာ ကြီး ဦးသီလနန္ဒ၏ အိမ်ဗေဒင်ခန်းမှာ ဇေယျာချစ်ခင်ရဲ့ ဘဝအကျိုး အကြောင်း တိတ်တဆိတ် လာရောက်မေးမြန်းခြင်း ဖြစ်သည်။ ဒေါ်ချော မေကြည်က သူ့အား ဇေယျာချစ်ခင်ရဲ့ မွေးနှစ်၊ ခု၊ လ၊ အချိန်နာရီတို့ကို ပြောပြသည်။ ဆရာကြီးကလည်း ကျောက်သင်ပုန်းပေါ်မှာ ရေးခြစ်လိုက်၊ ပြီးတော့ မနောအာရုံယူ၍ မေးမြန်းလိုက်။

"ဒီနှစ်ထဲမှာ အင်္ဂါသား စက်ပစ္စည်းနှင့် စပ်လျဉ်း၍ ထိခိုက်ဒဏ် ရာ ဖြစ်လိမ့်မယ် သမီး"

"ရှင်"

"အခန့်မသင့်ရင် အသက်ပါ ဆုံးရှုံးနိုင်ဖွယ်ရှိတယ်၊ ဘာလို့လဲ ဆိုတော့ အင်္ဂါသည် မရဏာကိန်းအပျက်မှာ ကျနေလို့ပဲ၊ သုံးညကြွင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်ရောက်ပြန်တော့ အပူသောကနဲ့လည်း ကြုံရဦးမယ်၊ ဒါ့အပြင် သက်ရောက်ဂဏန်း တနင်္ဂနွေ သက်ရောက်ဖြစ်နေတော့၊ ဣဋ္ဌာကင်းကွာ အသူရာ၊ အောက်မှာ ဇောက်ထိုးကျ ကိန်းနဲ့ ကြုံနေပြန်တော့၊ မိန်းမကြောင့် သို့မဟုတ် မမြင်အစ်သော လောကသားများရဲ့ သွေးဆောင်ဖမ်းစား ဖျားယောင်းမှုကြောင့် ဘဝပျက်ကိန်း ရှိတယ်လို့ ကျုပ် မြင်နေရတယ်၊ ဖြစ်နိုင်ရင် ဒီနှစ်ထဲမှာ အိမ်ထောင် လုံးဝ မပြုပါစေနဲ့''

''ဆရာကြီးရယ်၊ ဒီအန္တရာယ်များက ကင်းဝေးအောင် ကျွန်မတို့ ဘာ. . . ဘာများ လုပ်ပေးရမလဲရှင်၊ ဆရာကြီး အမိန့်ရှိပါဦး''

''သူသည် ဒီနှစ်မွေးလ မကျော်ခင်အထိ လူဝတ်နှင့် မနေသင့်ဘူး၊ သူ့ကို ဒီရက်ပိုင်းအတွင်းမှာ သင်္ကန်းစီးပေးလိုက်ပါ၊ တရားကျင့်ပါစေ၊ ပြီးတော့ သူ့ရဲ့မွေးနေ့တိုင်း တန်ခိုးကြီးဘုရား အဂ္ဂိဗြိုလ်ထောင့်မှာ ခရေပန်း သက်စေ့လှူပါ၊ ဒါ နှံ့ညှပ်သားပဲ၊ အဲဒီလိုလုပ်ပေးမှ သူ အသက်ဘေးအန္တရာယ်မှ ကင်းဝေးနိုင်ဖွယ် ရှိလိမ့်မယ် သမီး''

သူတို့ ဆရာကြီး ဦးသီလနန္ဒ၏ မနောဗေဒင်ခန်းမှ ပြန်ထွက်လာကြသောအခါ မိခင်လုပ်သူ ဒေါ်ချောမေကြည်သည် ရင်ကိုဖိ၍ မျက်ရည်များ သွင်သွင်ကျလာခဲ့တော့သည်။

ဘယ်လိုလုပ်ကြမလဲဆိုသည့် စကားကိုသာ စိုးရိမ်ပူပန်ကြီးစွာဖြင့် ထပ်ခါတလဲလဲ ပြောနေသည်။

''ဒေါ်ဒေါ်ရယ်. . . ကျွန်တော်တို့အားလုံး ဝိုင်းဝန်းဖျောင်းဖျရင် ဒီကောင်ကြီး လက်ခံနိုင်မှာပါ၊ အားလုံး ဆရာကြီး မိန့်မှာသလို ယတြာလည်း လုပ်၊ သင်္ကန်းဝတ် လုပ်ပြီး ကြိုးစားကြည့်ကြတာပေါ့''

♛ ♛ ♛



(၁၀)

တစ်နေ့ ရန်ကုန်အိမ်မှာ အားလုံး တွေ့ဆုံကြပြီး ဇေယျာချစ်ခင်ကို ပွင့်ပွင့်လင်းလင်း ဖျောင်းဖျပေးဖို့ စကား စ,ကြည့်သည်။ ဇေယျာက ၎င်းကိစ္စကို တူးတူးခါးခါး ငြင်းဆန်ခဲ့သည်။ ဘာလို့ ငြင်းဆန်တာလဲဟု မေးမြန်းသောအခါ သူ ပြန်မဖြေနိုင်ခဲ့။

အတန်ကြာ ဝိုင်းဝန်းမေးမြန်းကြတော့မှ ''စိတ်မပါသေးလို့ပါ'' ဟု တုံးတိကြီး ဖြေခဲ့သည်။ အခြေအနေ မဟန်မှန်းသိ၍ မိခင်လုပ်သူကို မိမိက မျက်စိမှိတ်ပြလိုက်ပြီး ဇေယျာချစ်ခင်ကို အပြင်သို့ ခေါ်ထုတ်ခဲ့လိုက်သည်။

''ဇေယျာ မင်း ဘာလို့ သင်္ကန်းမဝတ်ချင်ရတာလဲကွာ၊ မိဘတွေလည်း ကုသိုလ်ရမယ့် ဥစ္စာ''

''ဘာလို့လဲဆိုတော့ ငါ မြိုင့်ကို မကြာခင် ခိုးတော့မလို့ကွ''

''ဘာ မြိုင့်ကို ခိုးတော့မယ်''

''ဟုတ်တယ်. . . သူ့ရဲ့မိဘတွေက ငါ့ကို သူတို့ဝန်းကျင်မှာ အမြဲတိုင် နေမယ်လို့ ကတိပြုရင် ချက်ချင်း ခေါ်လာခဲ့တဲ့၊ ငါက ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ရွာစွန်နယ်ဖျားမှာ မနေနိုင်ဘူး။ မြို့ပေါ်မှာ နေနေကျညစ္စာ၊ မြို့ကိုပဲ သံယောဇဉ် ရှိတယ်၊ ဒီတော့ လာမယ့် တနင်္လာနေ့ကျရင် မြိုင် မလိုက်လည်း လိုမ့်ပတ်ပြီး ဆိုင်ကယ်နဲ့ တင်ပြေးမယ်လို့ ငါ ဆုံးဖြတ်ချက်ချလိုက်ပြီ"

"မ. . . မလုပ်ပါနဲ့ဦး သူငယ်ချင်းရာ"

"ဘာလို့မလုပ်ရမှာလဲကွ၊ ငါ သူ့ကိုရမှ စိတ်ချမ်းသာမယ်၊ ကုန်ကုန်ပြောမယ်ကွာ၊ ဘယ်လိုနည်းနဲ့မှ ကြံလို့မရရင် အဲဒီဇနပုဒ်မှာ နောက်ဆုံး နေသင့်ရင်လည်း နေရတော့မှာပဲ"

"ဗေယျာ"

ခင်မောင်လွင် သူငယ်ချင်းရဲ့ မျက်နှာကို ကြည့်ရင်း လည်ချောင်းထဲမှ အသံများ တုန့်ခါလာသည်။ သူ သူ့အချစ်ဆုံး သူငယ်ချင်းကို ဘယ်လိုပြောရပါ့။ မင်း မိန်းမယူရင် အသက်ဆုံးရကိန်း ရှိတယ်။ ဒီလိုပြောရင် လက်ခံပါ့မလား။

ပြီးတော့ သူ့ချစ်သူမြိုင်ဆိုသည်ကရော လူ့လောကမှာ တကယ်သက်ရှိထင်ရှား ရှိရဲ့လား။ သူငယ်ချင်းရဲ့ အိပ်မက်စိတ်ကူးထဲက ရုပ်ပုံလွှာလား။ နောက်ဆုံး သူငယ်ချင်းရဲ့ အကျိုးအတွက် မုန်းချင်မုန်း၊ ယုံချင်ယုံ မယုံချင်နေ ပြောသင့်သမျှ ပြောရတော့သည်။

"ဗေယျာ သူငယ်ချင်း၊ ဒီနှစ်ထဲမှာ မင်းအိမ်ထောင်ပြုရင် အသက်ဆုံးရှုံးနိုင်လိမ့်မယ်"

"ဟေ. . . ဒီကိစ္စ မင်းကို ဘယ်သူပြောတာတဲ့တုန်း"

"ဟို. . . ဟို နာမည်ကျော် မနောဗေဒင်ပညာရှင် တစ်ဦးက ပြောတာ"

"ဟား ဟား ဟား ဟား၊ အံ့ပါ့ လွင်ရာ၊ ဒီလောက် တိုးတက်





နေတဲ့ သိပ္ပံခေတ်ကြီးမှာ ဗေဒင်စကား၊ နတ်စကား၊ ယုံရတယ်လို့ကွာ၊ အေး. . . ငါ မြိုင့်ကို တနင်္လာနေ့ ခိုးယူဖို့ ဆုံးဖြတ်ပြီးပြီ၊ မပြင်တော့ဘူး၊ အဲဒီမှာ မင်း ကူညီရမှာက ငါ့ဘက်က အသိသက်သေအနေနဲ့ ရုံးမှာ လက်မှတ်ထိုးပေးဖို့ပဲ၊ ကိုင်း. . . ငါ သွားပြီဟေ့. . . ဘွတ်ဘိုင်"

ဗေယျာချစ်ခင်က မိမိမျက်နှာကို ကြည့်၍ ရယ်မောရင်း ဆိုင်ကယ်လီဗာကို မြှင့်လိုက်ကာ တစ်ရှိန်ထိုး မောင်းထွက်သွားတော့သည်။ ဗေယျာချစ်ခင်ရဲ့ တဇွတ်ထိုး ဆုံးဖြတ်ချက်များကို သူ့မိတ်ဆွေများအား အကုန်လုံး ဖွင့်ပြောလိုက်လျှင်လည်း အားလုံး ထိတ်ထိတ်လန့်လန့် ဝရုန်းသုန်းကား ချက်ချင်း ဖြစ်သွားနိုင်သည်။

ဗေယျာတစ်ယောက် အမှန်တကယ် ဦးနှောက် ချောင်သွားခဲ့ပြီလား။ မြိုင်တဲ့။ အဲဒီမြိုင်ကို သူ အရူးအမူးကို စွဲလမ်းမှုရာသို့ ရောက်သည် တကယ်ရော လူ့ဘဝမှာ ရှိမှရှိရဲ့လား။ ုံးများ အုံ့ဆိုင်း၍

စနေနေ့ အလုပ်ပိတ်ရက်တွင် သူ ဖြစ်ချင်

သူငယ်ချင်းရဲ့ ချစ်သူ မြိုင်ဆိုသည့် မိန်းကလေးအမြဲပြင်၌ အသက်ကျွဲခိုးဘုရား ဝန်းကျင်သို့ ရောက်ရှိလာခဲ့သည့်။ သည်။ သျှောင်ထုံး

ဘုရားဝန်းကျင်၌ နတ်ကတော်ကြီးတစ်ဦးကို ပြာအချို့က ခဲ့ရသည်။ ခင်မောင်လွင်က ငွေအနည်းငယ် လှူ၍ သိလိုသည်ကို ဆွဲလိုက်၊ စုံစမ်းမေးမြန်းကြည့်လိုက်သည်။

"အမေ ဒီဝန်းကျင်မှာ မြိုင်ဆိုတဲ့ မိန်းကလေးများ ရှိပါသလား ခင်ဗျာ"

"မြိုင်"

"ဟုတ်ကဲ့. . . ပန်းခရေမြိုင်လို့ ခေါ်ပါတယ် ခင်ဗျာ"

"သြော်. . . ပန်းခရေမြိုင်ကို ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခင်ဗျား အဲဒါ ဟို"

နတ်ကတော်အမေကြီး သိနေသည်မို့ သူ ဝမ်းသာအားတက် သွားခဲ့သည်။ ဒါပေမယ့် နတ်ကတော်အမေကြီးက အလန့်တကြား သူ့ မျက်နှာကို စူးစိုက်ကြည့်ရာမှ

"မင်း ဘာလို့ ဒီမိန်းကလေးကို သိချင်နေရတာလဲ သား"

"အကြောင်းရှိလို့ပါ အမေ"

"ဖွင့်မပြောပြနိုင်ဘူးလားကွယ်"

"မဖြစ်သေးလို့ပါ အမေရယ်၊ ကူညီပါ ခင်ဗျာ"

"ဪ. . . အေး. . . အေး၊ ဒါဆိုလည်း မြိုင်တို့အိမ်ရှိရာကို လမ်းညွှန်လိုက်မယ် သားရယ်၊ ဒီကနေ ဟိုတောင်နှစ်လုံးကြားကို ကျော်

ချောင်ကုန်းပေါ်မှာ ကျိုက်ဒေးဝဆိုတဲ့ ဘုရားစေတီတစ်ဆူ

စေတီရဲ့ တောင်ဘက်ဇရပ်က ခြံကြီးထဲမှာ အိမ်အိုကြီးတ

အဲဒီမှာ အဂ္ဂိရတ်ဖိုထိုးနေတဲ့ ဦးကွန်ကဇလဇာဆိုတဲ့

ဘိုးဘိုးကြီး ကို မှဲ့တွေ့လိမ့်မယ်၊ ငါ့သား သိချင်တဲ့ မြိုင့်ရဲ့ အကြောင်းအဲဒီ အဘိုးအိုက အကုန်အစဉ် ပြောပြနိုင်ပါလိမ့်မယ် သွားတွေ့လိုက်ပါ"

ခင်မောင်လွင် နတ်ကတော်အမေကြီးကို ဝမ်းသာအားရ ဦး ကန်းချပြီး အိမ်ကလေးထဲမှ အပြေးထွက်လာလိုက်သည်။ သူ့ရဲ့ ကမူးရှူးထို ဖြစ်အင်ကို နတ်ကတော်ကြီးက စိုးရိမ်ချောက်ချားသော မျက်လုံးအစုံနှင့် ကြည့်ကာ တစ်စုံတစ်ခုကို နှုတ်မှရွတ်ဆိုလိုက်ပြီး နတ်ရုပ်တုများရှိရာသို့ လက်အုပ်ချီ ဆုတောင်းလျက် ကျန်ရစ်ခဲ့သည်။

♛ ♛ ♛



(၁၂)

နတ်ကတော်အမေကြီး လမ်းညွှန်သည့်အတိုင်း ခရီးပြင်းနှင်ခဲ့ လိုက်ရာ မကြာခင် ကျိုက်ဒေးဝ စေတီတော်ဘက် ခြံကြီးရှိရာသို့ ရောက် ခဲ့တော့သည်။ တစ်ခုသော ခြံကြီးကား သစ်ကြီးဝါးကြီးများ အုံ့ဆိုင်း၍ လတိုက်လျှင် အသံစုံပြိုင် မြည်ဟည်းနေသည်။

ယိုင်နဲ့နေသည့် အိမ်အိုကြီးတစ်လုံးအဝင်း မြေပြင်၌ အသက် (၉၀)ခန့်ရှိ အဘိုးအိုတစ်ဦး အဂ္ဂိရတ်ဖားဖိုကို ဆွဲ၍နေသည်။ သျှောင်ထုံး၊ မျက်ခုံးမွေးနှင့် နှုတ်ခမ်းမွေးများပါ ဖွေးဖွေးဖြူနေသည်။ ပြာအချို့က သူ့ခေါင်းပေါ်မှာ လေနှင့်ဝဲလွင့် နေ၏။ သူသည်ဖားဖိုကြီးကို ဆွဲလိုက်၊ မီးများ ကြည့်လိုက်လုပ်ရင်း မိမိ ဝင်လာသည်ကို တစ်ချက် လှည့်ကြည့် လိုက်သည်။

"ဘာအကြောင်းရှိလို့လဲ လူကလေး"

"ဘိုးဘိုးက ဘိုးဘိုးကြီး ဦးကွန်ကလေဇာပါလား ခင်ဗျာ"

"ဟုတ်ပ ခင်ဗျား၊ ဘာအကြောင်းများ ရှိလို့ပါလိမ့်"

"ကျွန်တော် ဘိုးဘိုးဆီက အကူအညီတစ်ခု တောင်းချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုး၊ ဒါက သား ဘိုးဘိုးအတွက် ကန်တော့တဲ့ ပစ္စည်းများပါ လက်ခံပါနော် ဘိုးဘိုး"

မိမိက ပါလာသည့် မုန့်ပဲသားရေစာများကို ဘိုးဘိုးဦးကျွ ကလေးအလက်သို့ ပေးအပ်လိုက်သည်။

"လူကလေးက ဘာများ သိချင်လို့လဲကွ၊ မေးလေ"

"သား သိချင်တာက မြိုင်ခေါ် ပန်းခရေမြိုင် ဆိုတဲ့ မိန်းကလေး အကြောင်းပါ ဘိုးဘိုး"

"မြိုင်. . . မြိုင် ဟုတ်လား"

"ဟုတ်ကဲ့ ခင်ဗျား"

အဘိုးအိုက မိမိကို အတန်ကြာ မျက်တောင်မခတ်ဘဲ စူးစိုက် ၍ ကြည့်နေသည်။ သူ့မျက်လုံးအစုံမှာ အစိုဓါတ်ပေါင်းများစွာ လွှမ်းမြို နေသည်။

"မြိုင့်ကို လူကလေးက ဘာလို့ သိချင်နေရတာလဲ"

သို့နှင့် မိမိက မြိုင်နှင့် မိမိရဲ့ အချစ်ဆုံးသူငယ်ချင်းတို့အကြောင် သိသင့်သမျှကို ပြောပြလိုက်သည်။ အဘိုးအိုသည် အံ့ဩသော မျက်ဝ အစုံနှင့် အိမ်ထောင့်တစ်နေရာကို ငေးကြည့်နေ၏။ မိမိစကားဆုံးသော အခါ သက်ပြင်းရှည်ကြီးကို ချလိုက်သည်။

"မြိုင်. . . မြိုင်၊ လူကလေးရယ် အင်း မင်းတို့ မြိုင့်ကို မေ ချင် မတွေ့ချင်ကြပါနဲ့"

"ဘာ. . . ဘာဖြစ်လို့လဲ ဘိုးဘိုးရယ်၊ ကျွန်တော်တို့မှာ အခေ ကြီးနေလို့ပါ"

အဘိုးအိုသည် အတန်ကြာ နှုတ်ဆိတ်စဉ်းစားနေရာမှ လေးတွဲ သော အသံနှင့်. . .





"မြိုင်ဆိုတဲ့ မိန်းကလေး လူ့လောကမှာ မရှိတာ နှစ်နှစ်နီးပါး ပြီ လူကလေး"

"ခင်ဗျာ. . . သူ. . . သူ ဘယ်. . . ဘယ်လို"

"မြိုင်ဆိုတာ ရုပ်ခန္ဓာမရှိတော့ဘဲ ဝိညာဉ်ပရလောကထဲ ရောက် နေပါ၊ တစ်ချိန်တစ်ခါက ပန်းခရေမြိုင်ဟာ နာမည်ကျော်စပြုနေတဲ့ မြို့မင်းသမီးလေးပေါ့၊ သူ့ချစ်သူက သူမကို ကျော့ရှုံးကြဲပြီး လှည့် ထွက်သွားရာကနေ စိတ်နာကျည်းလွန်းလို့ အငြိမ့်မကတော့ဘဲ ဒီနေ ဒီအရပ်မှာ ဇာတ်မြှုပ်နေရာကနေ တစ်နေ့ပြီးတစ်နေ့ သူ. . . သူ ဘာနီး လာခေါ်နိုးနဲ့ စောင့်ရင်း နောက်ဆုံး ဟောဟို ရွှေစိန်ပန်းပင် မှာ သူ့ကိုယ်သူ ကြိုးဆွဲချ အဆုံးစီရင်သွားခဲ့တယ် လူကလေးရယ်၊ အလောင်းကို သချိုင်းအနောက်မှာ မီးသင်္ဂြိုဟ်ပြီး ဂူသွင်းထားတယ်၊ ချင် သွားကြည့်နိုင်ပါတယ် လူကလေး"

"အဲဒီမြိုင်က အဘိုးရဲ့မြေးပါ၊ သူ့မှာ မိဘများလည်း မရှိရှာပါ ကုသိုလ်ကံ ဆိုးချင်ရှာတော့ မြိုင်ဟာ မကျွတ်နိုင်ရှာဘူး၊ အမှန် သူတော်ကောင်းမလေးပါကွယ်၊ သေခါနီး အစွဲအလမ်းစိတ်ကြောင့် ဥ်တစ္ဆေဘဝနဲ့ မကြာမကြာ အမျိုးသားခပ်ချောချောလေးများကို ည်စားဖမ်းစားပြီး အချစ်ကို တည်ဆောက်ကစားခဲ့တယ်၊ တစ်နည်း ပေးခဲ့တယ်ပေါ့။

မင်းရဲ့သူငယ်ချင်းကို ပြောပြပါ လူကလေး၊ မြိုင့်ကို မေ့လိုက်ပါ နို့မို့ဆို သူ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ရူးသွပ်သွားနိုင်တယ်၊ မြိုင့် ကြောင့် လူငယ်နှစ်ဦး စိတ်နောက်သွားခဲ့ရတယ်၊ ကဲ ဒါ လူလေး သိချင်တဲ့ ဘိုးရဲ့မြေး မြိုင့်ရဲ့ အတ္ထုပ္ပတ္တိ အကျဉ်းပါပဲ၊ လူကလေး ပြန်တော့နော်"

အဘိုးအိုရဲ့ စကားဆုံးတော့ ခင်မောင်လွင် မဲတ်ထိုင်ကိုက် ခြေကွဲ



www.burmeseclassic.com

www.burmeseclassic.com



စွာဖြင့် ပြန်လာခဲ့လိုက်သည်။ ပြန်အထွက်မှာ မြိုင် ကြိုးဆွဲချသေခဲ့
ဆိုသည့် ရောမ စိန်ပန်းပင်ကြီးကို လှမ်းကြည့်မိလိုက်သည်။ အ
အခက်ကြီးများက လက်ဝါးပက်လက် ဖြန့်ထားသကဲ့သို့ ရှိ၏။ ထိုသ
အောက်ရောက်တော့ ကြက်သီးများ ဖျန်းခနဲ ထသွားခဲ့သည်။

ဒီမှာ စူးနစ်မွှေးကြိုင်လှသည့် ပန်းရနံ့တစ်ခုသည် သူ့နှာ
အတွင်းသို့ ထူးခြားစွာ တိုးဝင်လာခဲ့သည်။ ခေါင်းနပမ်းကြီး ကြက်သီ
ထသွားရင်းတန်းလန်းမှ ဖြုန်းခနဲ လှည့်ကြည့်လိုက်သောအခါ အမျိုး
အင်္ဂလိပ်မျိုး စိန်ပန်းပင်စည်တစ်ဖက်သို့ လှစ်ခနဲ ပြေးကပ်သွား
လုံ မြင်လိုက်ရသည်။ တစ်စုံတစ်ဦးများ ကိုယ့်နောက်က လိုက်ချော
ရော့သလား။

သို့နှင့် ရဲစိတ်သွင်းပြီး လိုက်ရှာကြည့်လိုက်သောအခါ ဘ
ဘာမှ မတွေ့ရ။ ဒီမှာ ခွေးနက်ကြီးတစ်ကောင်က မိမိရှိရာ စိန်ပ
ကြီးကို ကြည့်၍ ဆွဲဆွဲငင်ငင် အူလိုက်ရာ ကြာရှည်မနေရဲတော
ဘုရားစာများ ရွတ်၍ တစ်ချိုးတည်း လစ်ချလာခဲ့ရတော့သည်။

အမြန် ပြန်ထွက်လာရင်းမှ မိမိအသိစိတ်မှာ စွဲဆောင်နေ
ကာ။ ဒီကနေ့ စုံစမ်းကြားသိရသည့် စကားဖြစ်ရပ်များကို ဖေယျာချ
အား အမြန်ဆုံး ရှင်းပြနိုင်ရေးပင် ဖြစ်သည်။

အမှန်ကား ဖေယျာချစ်ခင်သည် အချစ်ကံမွဲခဲ့သူ ပရဝိ
မိန်းကလေး၏ အယောင်ဆောင် ညှို့ယူဖမ်းစား သွေးဆောင်ခြ
ကြုံရကာ အရူးအမူး စွဲလမ်းမှု ဖြစ်နေခြင်းသာဖြစ်၏။

ဒါကို အချိန်မီ ရှင်းပြ၍ တားမြစ်သတိပေးရမည်မှာ မိ
ဝန် ဖြစ်သည်။

သို့နှင့် သန်လျင်မြို့တွင်းသို့ ပြန်မည့်ကားကို စီးခဲ့ပြီး ရန်က





ကြောင်းကြားရန် သီတာသဘော်ဆိပ်သို့ ဆင်းလာခဲ့လိုက်သည်။
တ်ချက်။ ။ ထိုစဉ်က ရန်ကုန်–သန်လျင်သည့် ရေကြောင်း ခရီးစဉ်ပ
သည်)

♛ ♛ ♛

(၁၃)

သို့သော် ကံများ ခေလွန်းလှသည်။ ရန်ကုန်အိမ်ရောက်တော့ ဖေယျာချစ်ခင် တစ်ယောက် အဝတ်အစားအိတ်ကြီးဆွဲ၍ ဆိုင်ကယ်နှင့် ထွက်သွားသည်မှာ အချိန်ကြာသွားပြီဟု သိလိုက်ရသည်။

သို့နှင့် သန်လျင်သို့ ပြန်လာခဲ့ပြီး ဖေယျာချစ်ခင် သွားလာနိုင်သည့် နေရာများသို့ လိုက်လံစုံစမ်းကြည့်သည်။ ဘယ်မှာမှ စုံစမ်း၍မရ။

ဒီလိုနှင့် သူ မိန်းမခိုးမည်ဆိုသည့် တနင်္လာနေ့သို့ ရောက်ရှိလာခဲ့သည်။ ကြိုးစား၍ မည်သို့ပင် စုံစမ်းခဲ့ပါသော်လည်း အကုသိုလ်ကံကြမ္မာက အကွက်ဆင်၍ အနိုင်ရသွားခဲ့ပြီ။

နေ့လယ် တစ်နာရီခန့်ရှိသောအခါ အိမ်ရှေ့မှ မိမိအမည်ခေါ်သံ ကြားလိုက်ရသည်။

''ဖန်ချက်စက်ရုံက ဦးခင်မောင်လွင်ပါလား ခင်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပါတယ် ဘာကိစ္စများ ရှိလို့ပါလဲ''

''ဆေးရုံမှာ ဦးခင်မောင်လွင်ရဲ့ သူငယ်ချင်း ဖေယျာချစ်ခင် တာ အရေးပေါ်လူနာအဖြစ် ရောက်လာပါတယ်၊ အဲဒါ ဆရာ အ အမြန်လိုက်ခဲ့ပါ''

မိမိပါးစပ်မှ 'ဟင်'ဟု တစ်ခွန်းပဲ ပြောနိုင်ခဲ့ပြီး အဝတ်အ မှု မလဲနိုင်ဘဲ ဆေးရုံကြီးသို့ အမြန်လိုက်ချလာလိုက်သည်။

ဦးစွာ မြင်လိုက်ရသည့် မြင်ကွင်းကား ဦးခေါင်း၊ မျက် ခြေလက်များမှာ ပတ်တီးများ ပတ်ခံထားရပြီး သွေးများ စို့ရွှဲနီရဲနေသ မြင်ကွင်းနှင့် ခုတင်ပေါ်မှာ မေ့မျောနေသော ဖေယျာချစ်ခင်ကို ရင်ထိ ဖွယ်ရာ မြင်လိုက်ရခြင်း ဖြစ်သည်။

သွေးပုလင်းနှင့် အားဆေးရည်ပုလင်းများကလည်း ပိုက်တ လန်းနှင့် အဆက်မပြတ် သွင်းပေးနေလျက်။

မိမိက လက်ရှိ အခြေအနေကို ရန်ကုန်အိမ်သို့ ဖုန်းဆက် အကြောင်းကြားလိုက်ရာ ဖေယျာချစ်ခင်ရဲ့ မိသားစုများ ငိုကြီးချက်မ မကြာခင် အပြေးအလွှား ရောက်ချလာကြသည်။

ည (၁၂)နာရီခန့်ရောက်မှ ဖေယျာချစ်ခင် ပြန်လည်သတိရ သည်။ ဆရာဝန်ကြီးနှင့် တာဝန်ကျဆရာဝန်များက လူနာအခြေအနေ ထပ်မံစစ်ဆေးကြည့်ရှုပြီး ဝမ်းသာသွားခဲ့ကြသည်။ စိုးရိမ်စရာ အခြေအ ဆိုးမှ လွတ်မြောက်သွားပါပြီတဲ့။

သို့နှင့် အားလုံး အခိုးထဲမှ ကောင်းကွက်ကို တွေးကာ စိ ချမ်းသာစ ပြုလာကြသည်။ နောက်နေ့မနက် ရောက်တော့ ဖေ စကား စ,ပြောလာနိုင်သည်။ ပါးစပ်ကလည်း သူချစ်သူ မြိုင့်ကိုပဲ တတ တွတ် ခေါ်နေသည်။





သည်လိုနှင့် နာရီ အတော်ကြာပြီးသောအခါ ထူးဆန်းအံ့ဩ ်ကောင်းသည့် ဖြစ်စဉ်များကို အားလုံးကြားသိကြပြီး ပို၍ တုန်လှုပ် ျက်ချားသွားခဲ့ရတော့သည်။

♛ ♛ ♛

(၁၄)

မြိုင်နှင့်သူ ယခင်နေရာဟောင်းကလေးမှာ ချိန်းတွေ့ကြပြီး ဩသမား မိမိက ရန်ကုန်သို့ ဘုရားဖူးသွားရအောင် လိုက်ခဲ့ပါဟု ကို ခေါ်သည်။ ဘုရားဖူးဆိုသည့် စကားကို ကြားလိုက်ရသောအခါ မျက်စိမျက်နှာ ပျက်သွားခဲ့၏။

'မလိုက်ချင်ဘူး၊ အမေတို့ အဖေတို့ သိရင် သတ်လိမ့်မယ်'ဟု ဆိုသည်။

ဒါကြောင့် 'ကျိုက်ခေါက်ဝန်းကျင်မှာပဲ ဆိုင်ကယ်နှင့် လျှောက် ကြတာပေါ့ မြိုင်' ဟု ဆိုကာ၊ ဆိုင်ကယ်နောက်မှာ သူမကို တင်၍ ်လာခဲ့လိုက်သည်။

ထိုနေ့က မြိုင်က မြစိမ်းရောင် အပေါ်အောက်ဆင်တူနှင့် ချော



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်စက်ကို လုနေ၏။ ခန္ဓာကိုယ်ကလည်း စူးစူးနက်နက် မွှေး...
များနှင့် ကြိုင်အီနေ၏။ သူမ နောက်ဘက်မှသည် သူ့ရဲ့ခါးကို တင်းတ...
လေး ဖက်ထားသည်။

ဖေယျာ ကျိုက်ခေါက်ဘုရားဝန်းကျင်ကို နှစ်ပတ်ခန့် ပတ်...
သောအခါ အရှိန်ရလာသည်နှင့် ကျိုက်ခေါက်ဘုရားလမ်းမကြီးအတိုင်...
သီတာသဘော်ဆိပ်ရှိရာ မြောက်အရပ်သို့ ဆိုင်ကယ်ကို ဦးတည်လို...
သည်။

"မောင်. . . ဘယ်. . . ဘယ်ကို သွားမလို့လဲဟင်. . . ဟင်..."

"လိုက်မှာသာ လိုက်ခဲ့စမ်းပါ မြိုင်ရာ၊ မောင့်ကိုတောင် မ...
တော့ဘူးလား"

"ဟင့်အင်း. . . မြိုင် မလိုက်ဘူး၊ မြိုင်. . . မြိုင် ဒီ. . . ဒီ...
လောက်ပဲ ထွက်ခွင့်ရ. . . ရတယ်၊ မသွားပါနဲ့ ပြန်. . . ပြန်လှည့်...
မောင်ရယ်နော်. . . နော်. . . မောင်"

"မြိုင်ကလည်းကွာ၊ မောင့်ကို တကယ်ချစ်ရင် မောင်ခေါ်ရာ...
မြိုင်လိုက်ခဲ့. . . ဒါပဲ"

"မောင်. . . မြိုင်. . . မြိုင် ခုန်ချလိုက်ရမလား"

"ခုန်ချရဲရင် ခုန်ချလိုက်ပေါ့ မြိုင်ရာ၊ ဟား ဟား ဟ...
ဟား"

သို့ကလုံပြောရင်း ဆိုင်ကယ်ကို အရှိန်တိုးမြှင့်လိုက်သည်...
ဆိုင်ကယ်သည် နက်ပြောင်နေသည့် ကတ္တရာလမ်းမ ကျောပြင်ပေါ်...
မြားတစ်ချောင်းရဲ့ ပြေးသောအလျှင်ဖြင့် ပြေးနေသည်။

မြိုင်က ငိုသံပါကြီးနှင့် အော်ရင်း ဟစ်ရင်း သူ့ကျောကုန်း...
တအားထုသည်။ နာမည်ကြီး သရက်ပင်မောင်နှမ နတ်ကွန်းရှေ့...





...ာ်သောအခါ အရှိန်နှင့် ပြေးနေသည့် ဆိုင်ကယ်ရှေ့မှ မီးသွေးတုံး...
...ည့် နက်မှောင်မည်းပြီး အရပ်လည်း အလွန်မြင့်လှသည့် အလွန်
...ဆိုးကြောက်စဖွယ် ကောင်းလှသော မျက်ခွက်နှင့် လူရှည်ကြီးတစ်ဦး
...ည် ပြုံးခနဲ လက်ဖြန့်တား၍ ပိတ်ရပ်လိုက်သည်။

ဒီလောက် ကြောက်စရာကောင်းလှသည့် မျက်နှာမျိုး ဖေယျာ
...ခင်ရဲ့ သက်တမ်းမှာ မမြင်ဘူး။ သူ လန့်ဖျပ်ပြီး ဆိုင်ကယ်ကို
...ာ်ဝဲဘက်သို့ တအားကွေ့ချလိုက်သည်။

"ဝုန်း"

"အား. . . အမယ်လေး"

ဆိုင်ကယ်က အရှိန်မထိန်းနိုင်တော့ဘဲ သရက်ပင်မောင်နှမ
...ာ်ကွန်းနံဘေးရှိ ရေမြောင်းထဲသို့ ထိုးကျသွားသည်။ သူက ဦးခေါင်း
...ာင်းကာ မပါသည့် သူ့ချစ်သူမြိုင့်ကို စိုးရိမ်ကြီးစွာ သတိရလိုက်သည်။
...ိုင်ကယ်ပေါ်မှာ သူတို့ ကျွမ်းပြန်ပြီး လေထဲမှာ မြောက်ဝဲ၍ ဂဝံမြေပြင်
...ာ်သို့ လူးလိမ့်ကျသွားသည်။

သူ သွေးသံရဲရဲနှင့် လူးလဲထလိုက်ပြီး မြိုင့်ကို အလျှင်စလို
...ာ်ရှာလိုက်သည်။ မြိုင် မြိုင် မရှိတော့ပါလား။ ဟိုလူကြီးလည်း မရှိ
...ာ့။

မြိုင့်နာမည်ကို တကြော်ကြော် အော်ခေါ်ရင်း မကြာခင် မူး
...က်လာကာ အရပ်ကြိုးပြတ် လဲကျသွားတော့သည်။

ထိုစဉ် သူ့အနီးသို့ ခရီးသွားများ လမ်းသွားလမ်းလာများ
...ာ်ဟစ်၍ ဝိုင်းအုံပြေးလာသည်ကို နောက်ဆုံး ဝိုးတဝါး ကြားမြင်လိုက်
... လုံးဝ သတိလစ်သွားခဲ့လေသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ခင်မောင်လွင်က သူ့ချစ်သူဟု ယူဆနေသော မိန်းကလေး၏ အကြောင်းကို ပြန်ပြောပြလိုက်သောအခါ ဖေယျာ အံ့ဩသွားခဲ့ရသလို သိပ်လက်ခံချင်စိတ်လည်း မရှိခဲ့။

သို့နှင့် လုံးဝ ကျန်းမာလာသောအခါ ကွဲမိုးဘုရားဝန်းကျင်မှ နတ်ကတော်ကြီး ဒေါ်အိမ်ဖာနှင့် အိမ်အိုကြီးမှာ ဖိုထိုးနေသော ကရင်အဘိုးကြီး ဦးကွန်ကလေဇာတို့နှင့်ပါ တွေ့ဆုံပေးလိုက်သည်။

အဘိုး ဦးကွန်ကလေဇာက ဒီတင် တယုတယ အမှတ်တရ သိမ်းဆည်းထားသည့် သူ့ရဲ့မြေး အငြိမ့်မင်းသမီးလေး ပန်းခရေမြိုင်ရဲ့ အမြှုအမည်း ဓာတ်ပုံလေးကို ထုတ်ပြလိုက်သောအခါ သူမမှ သူမအစစ်ပါ အဘာရယ်ဟု ဖေယျာချစ်ခင်က ပြောရင်း ချက်ချင်း မျက်နှာညှိုးငယ်နွမ်းလျ၍ သွားခဲ့သည်။

"လူကလေးတို့ အဲဒါမှ မယုံသေးရင် သချိုင်းအနောက်ဘက်မှာ မြိုင့်ရဲ့ မြေပုံရှိတယ်၊ ကျောက်ကမ္ပည်း မှတ်တိုင် အဘိုး စိုက်ထားတယ်"ဟု ပြောသဖြင့် မိမိတို့နှစ်ဦး သချိုင်းသို့ ထွက်လာခဲ့လိုက်ကြသည်။

အနောက်ဘက် အစွန်၌ နှစ်တောင်ခန့်ရှိသော နာမည်ကမ္ပည်းတိုင်လေးတစ်ခုနှင့် မြေပုံကို တွေ့ရသည်။

ပန်းခရေမြိုင်
အသက် (၂၁) နှစ်
၁၄. ၁. ၁၉၇၇
ဟူသည့် စာတမ်းကို ဖတ်လိုက်ရတော့သည်။

❦ ❦ ❦

(၁၅)

သူက ဒီဓာတ်ကြောင်းကို ဖြည်းဖြည်းချင်း အားတင်း၍ ပြော
ရင်းမှ မြိုင့်ကို မကြာခဏ မေးနေ၏။ မြိုင်သေသွားပြီလားဆိုသည့်
စကားကို ထပ်ခါတလဲလဲ မေးနေသည်။ မြိုင် ဘာမှမဖြစ်ရင်ကော
ဘာကြောင့် သတင်းလာမမေးတာလဲဟု ပြန်မေးနေသည်။

ထိုဖြစ်စဉ် ဇာတ်လမ်းအား ဆရာဝန်ကြီးကို ပြောပြရှင်းပြလိုက်
သောအခါ ဦးနှောက်နှင့် အာရုံကြော အနည်းငယ် ထိခိုက်နိုင်သည်ဟု
ယူဆ၍ ဒေါ်ရာ သက်သာလာစပြုတော့ ရန်ကုန် ဦးနှောက်နှင့် အာရုံ
ကြော ဆေးရုံသို့ တက်ရောက်ကုသစေခဲ့သည်။ ရက်အတန်ကြာ ကုသ
ပြီးတော့မှ သူ ဦးနှောက်အသိများ ပုံမှန်တည်ငြိမ်မှု အခြေအနေသို့
ရောက်ရှိလာခဲ့သည်။

ဆေးရုံမှ ပြန်ဆင်းလာပြီး သူ့ဒိုင်ယာရီများကို သူ ပြန်ဖတ်
ကြည့်သောအခါ သူ ပန်းခရေမြိုင်ဆိုသော မိန်းမချောလေးကို ပြန်
အမှတ်ရလာခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

ဤဇာတ်ကြောင်းကို ပြန်ပြောင်း၍ ပြောပြနေသူကား ကိုခင်မောင်လွင် သူငယ်ချင်း မြိုင့်ရဲ့ချစ်သူ ကိုဇေယျာချစ်ခင် ကိုယ်တိုင်ဖြစ်သည်။ သူတို့နှစ်ဦးသည် အလှည့်ကျ ဇာတ်လမ်းကို အကွက်စေ့အောင် ပြန်ပြောပြနေကြသည်။

ကိုဇေယျာချစ်ခင်သည် မြိုင့်ရဲ့သေဖြစ်စဉ် အမှန်ကို သိပြီးသည့်အချိန်မှစ၍ ဆရာသမားများ၏ အကြံပြုချက်အရ ယောဂီဝတ်နှင့် တရားကျင့်ကြံခဲ့သည်မှာ သုံးနှစ်သုံးမိုးမက ရှိခဲ့ပြီဟု သိရသည်။

အဲဒီအချိန်တုန်းက စာရေးသူ ကျွန်တော်က နောက်ပိုင်း မြိုင့်ကို တွေ့ပါသေးသလားဟု မေးလိုက်သောအခါ. . .။

ဤသချိုင်းမှာ သူ့ဆရာနှင့် သုသာန်ကမ္မဋ္ဌာန်း လာထိုင်စဉ်က သူ့ရဲ့အာရုံထဲမှာ မြိုင့်ကို တွေ့မြင်ရကြောင်း၊ သူမသည် မျက်ရည်လည်ရွဲနှင့် ငိုပြီး သူ့ကို ငေးကြည့်နေပါကြောင်း၊ မိမိက အမျှအတန်း ပေးဝေခဲ့ကြောင်း။





တစ်နေ့သောအခါ မိမိမှာရှိသည့် ငွေကြေးနှင့် မြိုင့်အတွက် ရည်မှန်း၍ ရဟန်းသံဃာများကို ဆွမ်းသင်္ကန်း ပရိက္ခရာများ ဆက်ကပ်လှူဒါန်းပြီး မြိုင့်ဝိညာဉ်ကို ခေါ်လို့ ရေစက်ချ အမျှပေးဝေခဲ့ကြောင်း။

တစ်ည အိပ်မက်ထဲမှာ ဝတ်ကောင်းစားလှများ ဝတ်ဆင်၍ ကြည်နူးပျော်ရွှင်နေသော အပြုံးနှင့် မြိုင်နှင့် တွေ့လိုက်ရပြီး၊ သူမ ဘဝဆိုးမှ လွတ်မြောက်သွားပါပြီ မောင်ဟု ပြောရင်း အိပ်မက်ထဲမှ ပျောက်ကွယ်သွားခဲ့ကြောင်းနှင့် အဲဒီနောက်ပိုင်း လုံးဝ အိပ်မက်လည်း မပေး၊ အနံ့လည်း မပေး၊ ကိုယ်ထင်လည်း မပြတော့ကြောင်း ပြောပြခဲ့သေးသည်။

◆ **မောင်ညိုမှိုင်း(သန်လျင်)**

**သည်းထိတ်ရင်ဖို၊ ၂၀၀၅ခုနှစ်၊ နိုဝင်ဘာလ**

www.burmeseclassic.com

www.burmeseclassic.com




# ကြက်ခွပ်ပွဲ

(၁)

တစ်နေ့နံနက်ပိုင်းဖြစ်သည်။ ကျွန်တော့်အိမ်သို့ အသက်(၇၀) အရွယ်ခန့်ရှိ အမေအိုကြီးတစ်ဦး ရောက်ရှိလာသည်။ နာမည်က ဒေါ်ရှင်ငြိမ်းမယ်တဲ့။ အသားညိုညိုခန့်ခန့် ကျန်းကျန်းမာမာ။ အမေကြီး အပြောအရ သူမသည် ကျိုက်အင်းကျေးရွာမှာ နေသည်ဟု ဆိုသည်။ ဆိုရလျှင်. . . အမေကြီးသည် ကျွန်တော် ဘူရှုမဂ္ဂဇင်းမှာ လစဉ် ရေးသားနေသည့် ဂမ္ဘီရဝတ္ထုများ၏ စာဖတ်ပရိသတ်တစ်ဦး ဖြစ်သည်။

စာဖတ်ပြီး လူကို တွေ့ချင်သဖြင့် သန်လျင်သား စာရေးဆရာ ဆင်းကြည့်လိုင်ထံ စုံစမ်းပြီး ရောက်လာခဲ့ကြောင်း ပြောပြသည်။ ကျွန်တော်က အမေကြီးအား လေးစားစွာဖြင့် လိုအပ်သော ညှော်ဝတ်များပြောကာ သာရင်းကိစ္စအကြောင်းကို မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အမေ့ကို ဘာများအကူအညီ ပေးရမလဲ အမေ

"အခြားမဟုတ်ပါဘူး သားရယ်၊ အမေက သားရဲ့ စာဖတ်
သတ်ပါ၊ သားရေးနေတဲ့ ဂမ္ဘီရလောကမဂ္ဂဇင်း၊သည်းထိတ်ရင်ဖိုမဂ္ဂဇ
ရောင်ပြန်မဂ္ဂဇင်း၊ သူရဇ္ဇမဂ္ဂဇင်း များက ပရိယာယ်လောကသားမျာ
မမျှော်လင့်ဘဲ ဖြစ်ကြတဲ့ ရေးသား ချက်တွေကို ဖတ်မိပြီး သား
သိပ်တွေ့ချင်နေတာပါ။ တွေ့ချင်ရတဲ့ အဓိကအကြောင်းကတော့ သာ
စာရေးဆရာကြီး စိတ်ဝင်စားမယ်လို့ထင် တဲ့ အမေတို့ငယ်စဉ်က ရွာမှ
အံ့သြဖို့ကောင်းအောင် ကြုံရတဲ့ ပရိယာယ် လောက ဖြစ်စဉ်တစ်ခု
ပြောပြချင်လို့ပါ၊ သားစာရေးဆရာကြီး စိတ်ဝင် စားနိုင်ပါ့မလား"

ကျွန်တော် စိတ်ဝင်စားပါသည်။ ကျွန်တော်တို့ ဂမ္ဘီရစာ
ဆရာများသည် အများအားဖြင့် ကိုယ့်အတွေ့အကြုံ၊ ကိုယ်တွေ့အဖြ
အပျက်များကို ရေးသားလေ့ရှိပါသည်။

သို့သော် ရေးစရာ ခေါင်းပါးလာလျှင် အခြားသူများရဲ့ အတွေ
အကြုံ အဖြစ်အပျက်များကို နားထောင်၍ လိုအပ်သလို ဇာတ်လမ်
ဇာတ်ကွက် ပြန်ဆင်၍ ရေးသားရပါသည်။

ယခုလည်း ကျွန်တော် ဝတ္ထုဇာတ်လမ်း လိုနေသည့်အချိ
ဆိုက်ဆိုက်မြိုက်မြိုက် ကြားနာရမည်ဆိုသောအခါ ကျွန်တော့်အပြင် ဝမ်
သာနိုင်မည့်သူ ဘယ်သူများ ရှိနိုင်ပါအံ့နည်း။

သို့နှင့် ကျွန်တော်က လိုလိုလားလား လက်ခံလိုက်သောအခ
အမေကြီး ဒေါ်ရှင်ငြိမ်းမယ်က အောက်ဖော်ပြပါ ထူးဆန်းသော ဇာ
ကြောင်းကို နောက်ကြောင်းပြန်၍ ပြောပြခဲ့လေသည်။

♛ ♛ ♛

(၂)

"အမေတို့ရွာနာမည်က 'မချစ်စု'တဲ့ သားရဲ့။ အိမ်ခြေ(၅၀)ကျော်
ရှိတယ်။ အနီးအနားမှာ ကျိုက်အင်းကျေးရွာ၊ ပျဉ်ထောင်ကျောင်း ကျေး
ရွာ၊ လက်ယက်စမ်းကျေးရွာ၊ ဘုရားကုန်းကျေးရွာနဲ့ ရွှေညောင်ပင်ကျေး
ရွာတို့ ရှိတယ်။

ဖြစ်တာက လွတ်လပ်ရေးရပြီး နောက်တစ်နှစ်က စ,ဖြစ်တာ
ရယ်။

အမေတို့ မချစ်စုကျေးရွာမှာ မိဂျမ်းဆိုတဲ့ မိန်းကလေးတစ်ဦး
ရှိတယ်။ အသားညိုညို၊ တုတ်တုတ်ခိုင်ခိုင်၊ ကြမ်းကြမ်းတမ်းတမ်းပဲ။
ရုပ်ကတော့ ညိုချောပေါ့။ တောတက်၊ မှုစ်ချိုး၊ ဝါးခုတ်၊ ကောက်စိုက်၊
ပျိုးနုတ်၊ အလုပ်မျိုးစုံ လုပ်သမို့ ကျန်းမာသန်စွမ်းတယ်။

မိဂျမ်းရဲ့ အထူးခြားဆုံး စွမ်းဆောင်ရည်က ရွာမှာ မိန်းကလေး
ချင်း ကြက်ဖခွပ်တမ်း ကစားရင် သူ့ကို ဘယ်သူမှ နိုင်အောင် မကစား
နိုင်တဲ့ အရည်အချင်းပဲ။ ကြက်ဖခွပ်သိပ်တော်တယ်။ အမောသည်း
လုံပါ့တော်။ ရွာမှာက ညဘက် အပျို၊ လူပျို၊ ကလေးငယ်စုံရှင်



www.burmeseclassic.com

www.burmeseclassic.com



ကြက်ဖခွပ်တမ်း၊ ထုပ်စည်းတိုးတမ်း၊ ရွှေစွန်ညိုလုပ်တမ်းတို့၊ ရွှေတံခါးကြီးဖွင့်ပါဦးတို့ ညစဉ် ကစားနည်းမျိုးစုံ ကိုယ့်အစုနဲ့ကိုယ် ကစားကြတယ်ကွယ့်။

ညကိုးနာရီ ဆယ်နာရီ အိမ်ကလူကြီးတွေ အသံပေးမှ လူစုခွဲကြတာရယ်၊ သူငယ်ချင်းချင်းလည်း အရမ်းချစ်ကြတယ်။ ကောက်ညှင်းပေါင်း တစ်ထုပ်ပါလာရင် အားလုံး ဝေစားကြတာ။ အလှူမင်္ဂလာဆောင်ရှိရင်လည်း အားလုံး ဝိုင်းလုပ် ဝိုင်းစား၊ ကွမ်းတောင်ပန်းတောင်ကိုင် အပျိုရံ၊ လူပျိုရံ လုပ်ကြတာရယ်ကိုးကွယ့်။

မိဂျမ်းနဲ့ ပြိုင်ကြက်ဖခွပ်တဲ့ ဖွဲကောင်းလှပါတယ်ဆိုတဲ့ မိန်းကလေးမှန်သမျှ ရေရှည်ကျရင် လျှာထွက်အမောဆို့ ခြေကုန်လက်ပန်းကျပြီးတွဲယူရတဲ့ဘဝကို ရောက်တာချည်းပဲ။ ဘယ်လိုပါရမီလည်း မသိဘူး။ မိဂျမ်းကို ရှာနီးချုပ်စပ်က ကြက်ဖခွပ်ကောင်းတယ်ဆိုတဲ့ မိန်းမတွေတောင်ဖြုံရတယ်။

တစ်နှစ်ပေါ့။ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အိုးစည်ဒိုးပတ်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ထုပ်စည်းတိုးပြိုင်ပွဲ၊ ကြက်ဖခွပ်ပြိုင်ပွဲမြို့ပေါ်မှာ သွားယှဉ်ပြိုင်ရမည့်အကြောင်း သူကြီးက တစ်ရွာလုံးကို ဆင့်တယ်။

မကြာခင် အမေတို့ မချစ်စုရွာမှာ လူရွေးပွဲလုပ်တယ်၊ ထုံးစံအတိုင်းပဲပေါ့။ ကြက်ဖခွပ်ပြိုင်ပွဲမှာ မိဂျမ်းပဲ ဗိုလ်စွဲခဲ့တယ်။

ကုန်ကုန်ပြောရရင် သန်လျင်မြို့ပေါ်မှာ ပထမဦးဆုံး လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရွာပေါင်းစုံ၊ ရပ်ကွက်ပေါင်းစုံ အမျိုးသမီးကြက်ဖခွပ်ပြိုင်ပွဲမှာ မချစ်စုကျေးရွာက မိဂျမ်း ဗိုလ်စွဲပြီး ဆုတော်ငွေတစ်ဆယ်ကျပ်နဲ့ ပင်နီတစ်အုပ် ရခဲ့တယ်။ အိုးစည်ပြိုင်ပွဲမှာ ဆေးလုံး





ကျေးရွာက ကိုကျော်ခင်တို့၊ ကိုသာဟန်တို့ ညီအစ်ကိုအဖွဲ့က ပထမ ရတယ်။

အဲဒီခေတ်က ငွေတစ်ဆယ်ကျပ်ဆိုတာ နည်းတာမဟုတ်ဘူးချော ကော်ဖက်ရည်အချိုပန်းကန်ပြားလောက် ဘိန်းမုန့်တစ်ချပ်မှ ဆယ်ပြား ရတယ်။ လက်ဖက်ရည်အချိုတစ်ခွက် တစ်မတ်။ ငါးသေတ္တာဘူးဗူးကို တစ်ကျပ်ဆယ့်ငါးပြား။ ဆီတစ်ဆယ်သားကို ပြားလေးဆယ်။ သားဆိုင်မှာ သွားဝယ်ရင် ပဲကြီးလှော် လက်တစ်ဆုပ် အလကား သေးသကွယ့်။

အဲ. . . အဲဒီအချိန်ကစပြီး ရွာထဲလည်း ငါးရောင်းတဲ့ မိဂျမ်း၊ ကျော်၊ ရပ်ကျော်၊ ရွာကျော် ဖြစ်သွားပြီး နောင်နှစ်တွေလည်း သူ့ချည်း ကြက်ဖခွပ်ပြိုင်ပွဲမှာ ဆုရတာချည်းပဲဟေ့။ ရွာကလည်း ဝမ်းသာ၊ မျိုးတွေကလည်း ဝမ်းသာ။ ဆုယူတဲ့နေ့ကများ မောင့်ကျက်သရေခေါင်း ပေါင်းနဲ့ ပုဂ္ဂိုလ်ကြီးက မိဂျမ်းလက်ကိုဆွဲပြီး နှုတ်ဆက်နေပုံများကွယ် ကယ့်ကို ဂုဏ်ယူစရာပါပဲကွယ်။

မိဂျမ်း နာမည်ကျော်လာတော့ ကာလသားလောကမှာ ရေပန်းစားလာခဲ့တယ်။ ကြိုက်သူ ပိုးသူတွေကလည်း အများကြီးပဲ။ မောင်သွေးဆိုတဲ့ လူရွယ်တစ်ဦးက မိဂျမ်းကို မရရင် သူ့ကိုယ်သူ သတ်သေမယ် ဘာညာနဲ့ ကြိမ်းဝါး ကြုံးဝါး လုပ်သေးသကွယ့်။

ဒါပေမယ့် မိဂျမ်းက အချစ်ရေးကို အာရုံမစိုက်ဘူး။ ဘယ်လိုပြောရမလဲ။ ပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ် နေချင်သူဆိုတော့ ယ်သူမှ ချဉ်းကပ်လို့ မရခဲ့ကြဘူး''

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၃)

ဒီလိုနဲ့ နှစ်နှစ်ဆက်တိုက် ဆုယူပြီးချိန်။

တစ်ညမှာ ထူးဆန်းတဲ့ အိပ်မက်တစ်ခုကို မိဂျမ်း မက်ခဲ့တယ်။ အိပ်မက်ထဲမှာ မိဂျမ်းနဲ့ရွယ်တူ လုံးတူ မိန်းမရွယ်တစ်ဦး မိဂျမ်းထံ လာနေတယ်။ အဲဒီအချိန်မှာ မိဂျမ်းက ဆန်ဆေးနေချိန်တဲ့။ ဝင်လာ မိန်းမက အသားဖြူဖြူ။ ဆံပင်ရှည်ကို ခါးအထိ ဖြန့်ချလို့။ ဘယ်ဘ ပါးပေါ်မှာ စံပင်တင်မှဲ့နဲ့။ လည်ပင်းပေါ်မှာလည်း အလွန်လှတဲ့ ပုလဲလည် ဆွဲတစ်ကုံးလည်း တွေ့ရတယ်။ ခေါင်းပေါ်မှာလည်း ဆောင်တော်ကူးပ တွေကလည်း ဝေနေအောင် ပန်ထားရဲ့။ အိပ်မက်ထဲမှာ ဘာပြောတ မှတ်လို့တုန်း။

"မဂျမ်းလားဟင်"

"ဟုတ်ပါတယ်. . . ဘာကိစ္စရှိလို့လဲ၊ ညည်းက ဘယ်သူလဲ"

"တို့နာမည်က မတိုးတဲ့၊ နေတော့ ရွှေညောင်ပင်ကျေးရွာမှာ"

"အခု မတိုးက ဘာကိစ္စရှိလို့ ကျွန်မဆီ လာတာလဲ"





"မဂျမ်းက ကြက်ဖခွပ်ပြိုင်ပွဲ ကစားပွဲမှာ နာမည်ကြီးလွန်းလို့ ခါလောက်များ အပျော်ကစားကြည့်ချင်လို့ပါ"

ညှို့သည့် မတိုးက မဂျမ်းဆန်ဆေးနေတဲ့ နံဘေးမှာ ချစ်စရာ ပြုံးလေးနဲ့ ပြုံးပြီးပြောနေတယ်။

"ဒါဆို. . . လွှတ်လပ်ရေးပြိုင်ပွဲတုန်းက ဘာလို့ ဝင်မပြိုင်ရတာ မတိုးရဲ့"

"အဲဒီတုန်းက အညာပြန်သွားနေလို့ပါ၊ အခုမှ ပြန်ရောက် ယ်၊ တို့များကလည်း ကြက်ဖခွပ် ဝါသနာကြီးတယ် မဂျမ်းရဲ့၊ မဂျမ်း ကလည်း ပညာလေးဘာလေး လိုချင်လို့ပါ၊ ပြိုင်ချင်လို့ မဟုတ်ပါဘူး ယ်နှယ့်လဲဟင်"

"အခုတော့ ကျွန်မ အလုပ်များနေတယ် မတိုးရယ်။ ညဘက် ရင် ကျွန်မတို့ရွာကို လာခဲ့ပါလား"

"အဲဒီလိုလည်း တို့က သွားလို့ရတဲ့ အခြေအနေမှာ မရှိဘူး း၊ ဒီလိုလုပ်ပါလား၊ မဂျမ်း အားတဲ့အချိန်များ နေ့ခင်းဘက် ခဲ့ပါလားဟင်၊ လာခဲ့ရင် ရွှေညောင်ပင်ဆိုတဲ့ရွာရဲ့ ရွာထိပ်က ညောင် အောက်က တို့စောင့်နေမယ်လေ ဘယ့်နှယ့်လဲ"

မဂျမ်းက အတန်ကြာ စဉ်းစားသည်။ သူမ ရွှေညောင်ပင်ရွာ သို့ မရောက်ဖူးသေး။

"အင်းလေ. . . အကြောင်းဘစ်ခုခုနဲ့ ရောက်ခဲ့လို့ရှိရင် ဆုံကြ ကြတာပေါ့နော်"

"အေး ကောင်းတယ်၊ ဒါဆို တို့ သွားမယ်နော်၊ မဂျမ်းကို င်လို့ စိန်ခေါ်တာ မဟုတ်ဘူးနော် မဂျမ်း၊ ခင်လို့၊ လေးစားလို့ ချင်လို့၊ ပညာလိုချင်လို့ပါ၊ ကဲ သွားမယ်၊ စောင့်နေမယ်နော်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း''

သို့ကလိုပြောပြီး ခြံထဲကနေ ထွက်သွားတယ်။ မဂျမ်း ဆန်ဆေးရင်းနဲ့ ကြော့ကြော့လေး ထွက်သွားတဲ့ မတိုးဆိုတဲ့ အမျိုးသ လှပတိုင်းစက်တဲ့ နောက်ပိုင်းကို စိုက်ကြည့်နေစဉ်မှာပဲ မျက်စိအောက် လက်ပြပြီး မြုန်းခနဲ ပျောက်သွားတယ်။ ဒါနဲ့ အိပ်မက်ကနေ လ လာပြီး စဉ်းစားခန်း ဝင်ခဲ့တယ်။ အံ့သြစရာပဲ။

တိုတိုပြောရရင် အဲဒီလို အိပ်မက်မျိုးက တစ်ရက်ခြား တစ် နှစ်ရက်ခြား တစ်ခါ မက်လိုက်တာ သုံးကြိမ်တိတိ ရှိသွားခဲ့တယ်။ အကြောင်း ဘယ်သူ့ကိုမှလည်း ဖွင့်မပြောပြခဲ့ပါဘူး။

နောက်ဆုံးအကြိမ်မက်တဲ့ အိပ်မက်မှာ ညောင်ပင်အော ကနေ သူမ နေ့စဉ်နေ့တိုင်း မျှော်နေတာ မဂျမ်း ပေါ်မလာဘူး သူမကို မခင်လို့လားတဲ့။ သူမကို ခင်ရင် သံယောဇဉ်ရှိရင် လာဖြစ်အော လာခဲ့ပါ မဂျမ်းရယ်လို့ သနားစဖွယ် ပြောရှာတယ်။ မဂျမ်း လာခဲ့ လည်း အကျိုးမယုတ်စေရပါဘူးလို့ ထပ်ခါတလဲလဲ ပြောပြီး ပျောက်သ တာပဲ။

သုံးကြိမ်သုံးခါ ထူးဆန်းစွာမက်တဲ့ အိပ်မက်ဆိုတော့ မ စဉ်းစားလာရတယ်။ မတိုးကို အပြင်မှာလည်း မမြင်ဖူးဘူး။ အဲဒီ အိပ်မက်ထဲမှာ ခင်မင်နေမိတယ်။ ဒါနဲ့ စိတ်ထဲမှာ ပိုင်းဖြတ်လိုက်တ အလျဉ်းသင့်တဲ့နေ့ကျရင် အိပ်မက်ထဲက မတိုးနေတဲ့ ရွှေညောင်ပ ကို အရောက်သွားပြီး မတိုးနဲ့ ကစားဖြစ်အောင် ကစားမယ်လို့..

♛ ♛ ♛

(၄)

''ဟယ် အစ်ကို ဒီနေ့ ငါးတွေ အများကြီးရတယ် ဟုတ်လား''

''ဟုတ်တယ် ညီမလေး။ အဲဒါ ခနမမြင့်ခင် နင် လိုက်ရောင်း တော့၊ ရောင်းလို့ကုန်ရင် ညီမလေး လိုချင်နေတဲ့ သရည်ထည်ပွင့် လေး ဝယ်ပေရော့၊ ကျန်တာ အမေ့ကိုပေး''

''တကယ်နော် အစ်ကို''

''အေးပါဟာ''

မိဂျမ်း အရမ်းဝမ်းသာသွားသည်။ ဒီနေ့ ကြည့်စမ်း မိဂျမ်း ကို ကိုဇော်ဖေ လယ်ထဲ ငါးပက်သွားတာ ငါးမျိုးစုံ ပလိုင်းနှစ်လုံး ပြည့်အမောက် ရတာယ်၊ ငါးခူ၊ ငါးရံ့၊ ငါးပြေမ၊ ငါးပနော်၊ ငါးကျီး

ခါတိုင်းကား ရလှ နှစ်ပိသာခန့်ရယ်။ ရင်ထဲမှာ ဝမ်းသာလွန်း ရင်တွေခုန်နေပြီး မြို့ကနေ ရွာမှာ အကြေးလာရောင်းနေသည့် ထည်သည် မခင်အေးမူဆီမှ သရက်ထည် ပွင့်ရိုက်ထဘီလေး လိုချင်



www.burmeseclassic.com

www.burmeseclassic.com



နေတာ ရတော့မည်။ ဟန်ကျပြီ။

ဒါနဲ့ အလျှင်အမြန်ပဲ ဒန်ဇလုံအကြီးကြီးထဲ ငါးတွေ သွန်ထည့်
အလေးနဲ့ ချိန်ခွင် ထည့်ပြီး ခေါင်းပေါ်ရွက်လို့ ကိုယ့်ရွာထဲမှာ အရင်လို
ရောင်းလိုက်တယ်။ ရွာမှာလည်း ငွေကြပ်နေလို့ သိပ်မဝယ်နိုင်ကြဘူ
ဒါနဲ့ ကျိုက်အင်းကျေးရွာဘက် သွားရောင်းလိုက်တယ်။ နှစ်
ပဲ ဝယ်တယ်။ သည့်နောက် လက်ယက်စမ်းကျေးရွာဘက် သွားရော
တယ်။ မဆိုးဘူး ရောင်းရတယ်။ ဒါပေမယ့် ငါးက မကုန်နိုင်သေးဘူ
ရောက်ရာ ရွာအရပ်မှာ ''ဒီက ငါးမျိုးစုံတော့ ယူကြဦးမလား''ဆို
မိကျွမ်းရဲ့ အော်သံက စူးရှနေတယ်။

နေ မော့ကြည့်လိုက်တော့ ဆွမ်းခံပြန်ချိန် နီးနေပြီ။ ငါး
ကုန်ကို မကုန်နိုင်သေး။ ကုန်အောင် ဘယ်သွားရောင်းရင် ကောင်းမ

သိပြီ။ ဘုရားကုန်းကျေးရွာကို သွားရောင်းမည်။ အဲဒီမှာ မက
ရင် ရွှေညောင်ပင်ကျေးရွာကို သွားရောင်းမယ်။ အချိန်ရရင် ရွှေညော
ပင်က မတိုးအကြောင်းစုံစမ်းရင်း တွေ့ရင် စကားပြောကြမည်။ အ
အိပ်မက်ထဲမှာ တွေ့ရသည့် မတိုး ဆိုသူကရော အပြင်မှာ တကယ်ရှိ
မလားဟု စဉ်းစားရင်း ပြုံးမိသေးသည်။

တကယ်လို့ တွေ့ခဲ့ရင်တော့ အချိန်ရခိုက် မိတ်ဖြစ်အောင်
တစ်ပွဲလောက် ကစားလိုက်ချင်သည်။ သို့နှင့် ဘုရားကုန်းကျေးရွာ
ဝင်ရောင်းပြီးနောက် အနည်းငယ်ကျန်သေးသည့် ငါးများကို ရွက်
ရွှေညောင်ပင်ကျေးရွာရှိရာသို့ ဦးတည်လိုက်သည်။

ရွှေညောင်ပင်ရွာကို သူမ တစ်ခါမှ မရောက်ဖူးသေး။ ကြ
လိုက်တော့ အိမ်ခြေက နည်းလွန်းလှသည်။ တွက်သားမှ ကိုက်ပါ့မလ
အေးလေ မထူးပါဘူး။ ရောက်မှတော့ ရောင်းရင်းနဲ့ အိပ်မက်ထဲ





တ်ဆွေ မတိုးကို စုံစမ်းမည်ဆိုကာ ရွာထဲသို့ လှမ်းဝင်လိုက်သောအခါ။

ရှေ့လမ်းလယ်ခေါင်မှာ ညောင်ပင်ကြီးတစ်ပင်ကို လှမ်းတွေ့
ကိုက်ရသည်။ အခက်အလက် အရွက်အုပ်အုပ်ဆိုင်းဆိုင်းနှင့် လေတိုက်
သောအခါ အရွက်များကြားမှ ဟီးဟီး ဟဲဟဲ အသံများက ကြက်သီး
စရာကောင်းအောင် မြည်နေ၏။ ကျီးကန်းတစ်အုပ်က သူမ ဝင်လာ
သည်ကို မြင်သောအခါ ဝဲပျံအော်ဟစ်ကြသည်။

''အဲဒီဘက်အပိုင်းက ငါးဝယ်ကြဦးမလားတော့''

မိကျွမ်းက လိုရမယ်ရ တစ်ချက်ဟစ်လိုက်သည်။

''ငါးဖျို့ ငါး၊ ငါးစုံပါတယ်၊ ငါးရှူ၊ ငါးရံ့၊ ငါးပနော်၊ ငါးကျီး၊
ပြမ ယူကြဦးမလားတော့''

''လာပါဦးရှင့်''

အံမယ် တော်ပါသေးရဲ့။ ခေါ်ဝယ်မဲ့သူ ရှိသေးလို့။ နို့မို့ ငါးတွေ
ပြင့်နေရင့်လို့ ပုပ်ကုန်နိုင်သည်။ သို့နှင့် ခေါ်သံကြားရာ ညောင်ပင်
အောက်သို့ လှမ်းကြည့်လိုက်သောအခါ မမျှော်လင့်ဘဲ သူမကို ပြုံးခနဲ
ားတွေ့လိုက်ရသည်။

သူမကား အိပ်မက်ထဲက မတိုး။

''ဟယ်...ညည်း...ညည်း...ဟို...ဟို...မ..မ..မ''

''မတိုးလေ မကျွမ်းရဲ့၊ မှတ်မိတယ်မို့လား''

''အို...မတိုး...မ...တိုး ဝမ်းသာလိုက်တာ မတိုးရယ်''

မကျွမ်း အံ့ဩတုန်လှုပ်ဆန်းလွန်း၍ ပါးစပ်အဟောင်းသားပင် ဖြစ်
ခဲ့ရသည်။ ကြည့်စမ်း။ အိပ်မက်ထဲမှာ သုံးကြိမ်သုံးခါ အလည်လာ
တ်ခေါ်သည့် မိန်းကလေး။ တွေ့ချင်တော့ တကယ့်ကို လူသားအဖြ
နေရာတွေ၊ ဒူးတွေ တွေ့နေရပြီ။ အံ့ဩစရာကောင်းလိုက်တာ။ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



မှုဟုတ်ရဲ့လားလို့ မျက်စိကိုပွတ်၍ ပြန်ကြည့်သည်။

အိပ်မက်ထဲက မတိုးမှ မတိုးအစစ်။ အသားက ဖြူဖြူ ဆံပင်က ဖားလျား၊ ဘယ်ဘက်ပါးပေါ်မှာ စံပယ်တင်မှဲ့နှင့် လည်ပင်းပေါ် မှာလည်း ဖြူဖွေးဝင်းလက်သည့် ပုတီးကုံးနှင့် ခေါင်းပေါ်မှာလည်း ဆောင်တော်ကူးပန်းများ ပန်ထားသည်ကလည်း ဖွေးလို့၊ ဖွေးလို့။

"မကျမ်းရယ်. . . သူငယ်ချင်း လာမှ လာပါ့မလားလို့"

မကျမ်း ဝမ်းသာအံ့သြလွန်း၍ ဈေးရောင်းဖို့ကို မေ့သွား ငါးဖလုံကို ညောင်ပျဉ်းအခုံ တစ်ခုပေါ်သို့ တင်ပြီး ခေါင်းခုနှင့် နဖူး ချွေးများကို သုတ်လိုက်သည်။

ပြီးနောက် ညောင်ပင်အောက် ရေချမ်းစင်မှ သောက်ရေကို အုန်းမှုတ်ပိုင်းခွက်နှင့် ခပ်သောက်ပြီး ကျေနပ်စွာ ပြုံးလိုက်သည်။

"တို့ နေ့တိုင်းမျှော်နေတာ မကျမ်းရဲ့"

"တို့လည်း သိပ်အံ့သြနေတယ် မတိုး"

"ဘာ. . . ဘာဖြစ်လို့လဲဟင်"

"အိပ်မက်ထဲကအတိုင်း ညည်းကို အပြင်မှာ တကယ်မြင်လိုက် ရလို့ပဲ"

"အဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း ဒါမျိုးက ဖြစ်တတ် ပါတယ်ဟာ၊ တို့ရဲ့အိပ်မက်ထဲမှာလည်း မကျမ်းကို မြင်မြင်နေရပါတယ်။ ဘယ်လိုခေါ်မလဲဟာ. . .။ ဘဝအဆက်တွေ ရှိကြလို့ နေမှာပေါ့ ဟား ဟား. . . ဟား. . . ဟား"

နှစ်ဦးသား သဘောကျစွာရယ်ရင်း တစ်ယောက်လက် တစ် ယောက် ကိုင်ဆုပ်၍ ငယ်သူငယ်ချင်းများအလား ချက်ချင်း ခင်မင်သွား ခဲ့ကြသည်။





"မတိုးတို့အိမ်က ဘယ်မှာလဲ"

"ဒီနားလေးတင်ပါ တို့ အရင်ကစားကြမယ်ဟာ၊ တို့ မကျမ်းနဲ့ မ်းကို ကစားချင်နေတာဟ၊ ကစားလို့ ဝ,မှ အိမ်ကို သွားကြမယ် တ်လား"

"ဟယ်. . . မကုန်သေးတဲ့ငါးတွေ ဘယ်လိုလုပ်ရမှာတုန်း"

"ကုန်အောင် တို့လုပ်ပေးပါ့မယ် ဘယ့်နှယ့်"

"အို ဒါဆို စိမ်လိုက်၊ ငါကလည်း ညည်းနဲ့ ကစားရမှာကို ာ်ဝင်စားတယ် မတိုးရဲ့၊ နင် ကြက်ခွပ်ကောင်းရင် လာမယ့်နှစ် ပြိုင် င်ပါနော်၊ ကဲ ခဏနေ ကစားကြမယ်"

ဒီမှာ မတိုးက ထူးဆန်းသော စကားတစ်ခွန်းကို စတင်၍ လာတော့သည်။

"တို့ ဒီလိုလေးများ လုပ်ကစားကြရင် ပိုမကောင်းဘူးလား မ်းရဲ့"

"ဘယ်လိုလဲ မတိုး"

"တို့နှစ်ဦး အလောင်းအစား လုပ်ကြရအောင်ဟယ်"

"ဟင်. . . အလောင်းအစား ဟုတ်လား၊ အပျော်မဟုတ်ဘူး "

"အပျော်တော့ အပျော်ပေါ့ဟာ၊ တို့ပြောမယ်လေ ဒါ မကျမ်း ပြိုင်တာ မဟုတ်ဘူးနော်၊ မကျမ်းဆီက ပညာလိုချင်လို့၊ မကျမ်းလည်း ရကျိုးနပ်အောင်၊ တို့လည်း ဖွဲ့ခတ်နိုင်အောင်၊ ကြက်ခွပ်ကစားလို့ ရှုံးရင် တို့ကို ဘာပေးမလဲ ပြော"

"တို့မှာ ကိုယ်ပိုင်ပစ္စည်း ဘာမှမရှိဘူး မတိုးရယ်၊ ပိုက်ဆံ ပါတယ်၊ အမေ့ကို အပ်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မဂျမ်း ရှုံးခဲ့ရင် မဂျမ်းငါးဇန်းထဲက ငါး ငါးကောင် တို့ကို ပေးရမယ်၊ အဲဒါကို ချက်ပြုတ်အတူတူ စားကြမယ်၊ တို့ရှုံးရင် မဂျမ်းက ဘာများအလိုရှိလဲ ပြော"

မတိုးရဲ့ ခပ်ပြုံးပြုံး အပြောကြောင့် မဂျမ်း အတန်ကြာ စဉ်း စားလိုက်သည်။ သူရှုံးရင် ငါး ငါးကောင် ပေးရမတဲ့။ သူနိုင်ရင် မတိုးဆီ က ဘာတောင်းရရင် ကောင်းမလဲ။

"ပြောပါ မဂျမ်းရဲ့ ဒါက လောင်းကြေးသဘောမျိုး မဟုတ်ဘူး အမှတ်တရ လက်ဆောင်သဘောမျိုးပါ"

မတိုးရဲ့စကားကြောင့် လောဘကြီးချင်တယ် ဆိုချင်ဆို၊ မဂျမ်း မတိုးရဲ့လည်ပင်းပေါ်မှ အလွန်လှပသည့် ပုလဲရောင် လည်ဆွဲလေးဆီသို့ မျက်လုံးက အလိုလိုရောက်သွားခဲ့တော့သည်။ ဒါကို မတိုးက ချက်ချင်း သဘောပေါက်သွားသည်။

"မဂျမ်း ဒီပုလဲ လည်ဆွဲလေး မလိုချင်ဘူးလား"

"အို. . . တန်ဖိုးက ကြီးပါဘိသနဲ့ မလိုချင်ပေါင်တော်"

သူမက မူလိုက်သည်။ အမှန်က လိုချင်နေသည်။

"ဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း သူငယ်ချင်းရယ်၊ နောက် တာပါကွယ်၊ တို့ ရှုံးရှုံး နိုင်နိုင် အပြန်ကျရင် မဂျမ်းကို ဟောဒီလည်ဆွဲ လေး အမှတ်တရ လက်ဆောင်ပေးလိုက်မယ်၊ ဒါပေမယ့် တစ်ဝကြီး ကစားမှနော် ဘယ့်နှယ့်"

"တကယ်. . ."

"နှစ်ကာယ်ပါတဲ့ရှင်"

"ဟား. . . ဟား. . . ဟား. . . ဟား စိမ်လိုက် သူငယ်ချင်းရေ ပဝါမကူ ရေမကူကြေးနော်"





"ဒါပေါ့ မဂျမ်းရဲ့"

"ကိုင်း စ,ကြစို့"

မဂျမ်းက ထဘီတိုတို ပြင်ဝတ်ပြီး သူ့ထုံးစံအတိုင်း အသက်ကို ာစ်ပြင်းပြင်း သုံးလေးကြိမ် ရှူလိုက်သည်။ မတိုးကလည်း ဖားလျားကျ နေသည့် ဆံပင်များကို နောက်တွဲထုံး၍ စုချည်လိုက်ပြီး ထဘီတိုတို ပြင်ဝတ်လိုက်သည်။

ညောင်ပင်ပေါ်က ကျီးတစ်အုပ်က ပွဲကြည့်ပရိသတ်ဖြစ်သည်။ ငှက်ကန်းများက ဇလုံထဲက ငါးများကို ထိုးသုတ်လို၍ အော်ကြသည်လား ည်း၊ ကျွက်စီညံနေသည်။ ပတ်ဝန်းကျင်ကလည်း ရှင်းသည်။ ညောင် င်အောက်မှ လူဆို၍ သူမတို့နှစ်ဦးပဲ ရှိသည်။ ရှက်စရာလည်း မလို။ ဂျမ်းတို့ကလည်း ကြက်ဖခွပ်တမ်း ကစားရမည်ဆိုလျှင် ထမင်းမေ့ ာင်းမေ့ ဆွေမေ့ မျိုးမေ့။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၅)

မကြာခင် နှစ်ဦးသား တစ်နှစ်သုံး ပြိုင်တူဆိုကာ ကြက်ဖခွပ်ကစားကြတော့သည်။ ပထမတော့ ဖြည်းဖြည်းညင်သာစွာ တစ်ဦးကိုတစ်ဦး ပြုံးကြည့်ကြည့်၍ ခွပ်ကြ ရယ်ကြသည်။ နှစ်ဦးစလုံး လုံးတူခေါက်တူ။ ခြေသလုံးသား ကျစ်ကျစ်။ တင်ပဆုံကားကား။ ပေါင်လုံးတုတ်တုတ်ထွားထွားမို့ ပွဲကြည့်ပရိသတ်သာ ရှိကြလျှင် အလွန်ပျော်ဖို့ ကောင်းလိမ့်မည်ဟု မိဂျမ်း တွေးလိုက်၏။

နာရီဝက်ခန့်ကြာသောအခါ အခွပ်က သွက်လာကြသည်။ မိဂျမ်းက ရင်ကိုကော့၍ သူမရဲ့သက်လုံအစွမ်းကို ပြလိုက်သည်။ မတိုးကလည်း မခေ။ ရင်ကိုကော့ ခေါင်းကိုမော့၍ ခုန်ပြီးတောင် ခွပ်လိုက်သေးသည်။ သည်တော့ မိဂျမ်းကလည်း အားကျမခံ။ မြေပြင်မှ ခြေကြွ၍ လေထဲမှ လွှတ်၍ လွှတ်၍ ခွပ်ပြလိုက်သည်။

ဒါ့အပြင် တံတောင်နှစ်ဖက်ကို ကြက်များ တောင်ပံရိုက်သလိုဟန်နှင့် ခွပ်ပြလိုက်သည်။ တစ်နာရီခန့်ကြာလာပြီ။ နှစ်ဦးစလုံး မမောကြသေး။ အရှုံးအနိုင် မပေါ်သေး။





ဒီမှာ မဂျမ်း ချွေးထွက်စပြုလာသည်။ မတိုးကား အပြုံးမပျက်။ အခြားပြိုင်ဘက် ကစားသမားများကို တစ်နာရီအတွင်း အပြတ်ချိုးလာခဲ့သည့် မဂျမ်းသည် ဒီ. . . မတိုးဆိုသော အမျိုးသမီးနှင့်ကျမှ အတော်ခံ့ခတ်၍ ခွပ်နေရ၏။

ဒီနောက် မတိုး သွေးဆူလာပြီး အမောဟိုက်လာစေရန် မဂျမ်းဘာ တရကြမ်းလိုက်၍ ဒူးချင်းတိုက်မတတ် လိုက်ခွပ်လိုက်သည်။ မတိုးကအသာနောက်ဆုတ်၍ ရှောင်ရင်း အရှိန်ယူကာ တိုက်ကြက်များ တစ်ဟုန်ထိုး ပြေးခွပ်သည့်ဟန်နှင့် ဝင်လိုက်သည်။ နှစ်ဦးသား မောလို့မောမှန်းမသိကြ။ ကြာတော့ မဂျမ်း ချွေးဒီးဒီး ကျလာသည်။

မတိုးကိုကြည့်လိုက်တော့ ခေါင်းပေါ်မှာ ပန်ထားသည့် ဆောင်တော်ကူးပန်းပွင့် တစ်ပွင့်ကြွေမကျ။ ချွေးတစ်စက် မစို့။ လည်ပင်းပေါ်မှဖလဲ လည်ဆွဲသည် ခုန်လိုက်တိုင်း မတိုး လည်ပင်းပေါ်မှာ ဝဲခနဲ လွင့်နေသည်။

''အရှုံးပေးမလား မဂျမ်း''

''အိုအေ ဘယ်တော့မှ မရှုံး. . . ကိုင်း. . .''

မဂျမ်းက ခပ်ကြမ်းကြမ်း ခွပ်၍ လိုက်သည်။ မတိုးကလည်း အပြိုင်လိုက်သည်။ မဂျမ်းက မောလွန်းလှ၍ ဒူးလှုပ်ရုံခွပ်လျှင် မတိုးကဒီမှာကြည့်ဆိုပြီး မခံချင်အောင် လေထဲဝဲ၍ ခွပ်ပြသည်။ မတိုးကားသူမ ထင်သလို သာမန်လက်ရည် မဟုတ်ပါလား။ ဒါမျိုး လွတ်လပ်ရေးပြိုင်ပွဲမှာသာ ဆုံရကြုံရလျှင် လက်ခုပ်သံ လျှံနေမည်။

မကြာခင် တစ်နာရီကျော်သွားသည်။

ထဘီအောက်နားများ စုတ်ပြဲကုန်ကြသည်။ တစ်ခါတစ်ရံ ဒူးမှကျော်၍ ပေါင်ရင်းအထိ လျှောကပ်လာကြသည်။ ခြေဖဝါးများလည်း



www.burmeseclassic.com

www.burmeseclassic.com



ရဲတွတ်၍ ပေါက်ပြဲကာ အသားနီလန်လာသည်။

မတိုးကို အကြမ်းကိုင်မှ မဂျမ်း နိုင်ပေလိမ့်မည်။ သို့နှင့် တကယ့် ပြိုင်ပွဲစည်းမျဉ်းများမှာ အသုံးမပြုရဘဲ အလွတ်ခွပ်ရာမှာ အသုံးပြုလေ့ရှိ သည့် ဒူးတိုက်ခွပ်နည်းကို မိဂျမ်းမလုပ်ချင်ပေမဲ့ လုပ်ရတော့သည်။ မကြာခင် ဒူးချင်းတိုက်သံများ တခွပ်ခွပ်မြည်လာသည်။ နှစ်ဦးစလုံး ဖင် ထိုင်မကျကြေး။ ဖင်ထိုင်ကျလျှင် လက်ထောက်လျှင်အရှုံး။ မဂျမ်းခြေဖဝါး မှ သွေးများစို့ထွက်၍ စပ်ဖျင်းဖျင်းဖြစ်လာခဲ့ပြီ။

မတိုးကား အပြုံးမပျက်သေး။ ကြာတော့ မိဂျမ်း အမောဖောက် လာပြီး နဖူးပေါ်မှ ချွေးသီးများသည် အောက်သို့စီးကျကာ ရွှဲရွှဲစိုကုန်သည်။ တစ်ကိုယ်လုံးလည်း စုတ်ပြတ်ညစ်ပတ်၍ ချွေးများနှင့် နစ်နေ၏။ မျက်လုံး များပြာလာသည်။ တစ်ခါတစ်ခါ မျက်လုံးထဲမှာ မတိုးကို နှစ်ကိုယ်ခွဲ သုံးကိုယ်ခွဲ မြင်နေရသည်။

သို့သော် ဖွဲမလျှော့။ ရာဇဝင်မှာ မိဂျမ်း ရှုံးပွဲမရှိ။ မာန်ကိုတင်း၍ မျက်စိကိုစုံမှိတ်ကာ လေးတွဲ့သည့်ဒူးများကို ကြိုးစားအားတင်းပြီး ခွပ်နေ လိုက်သည်။

အချိန် မည်မျှကြာသွားသည်မသိ။

အဝေးဆီမှ ခေါ်သံအော်သံများ နားထဲမှ ကြားနေရသည်။

''မဂျမ်းရေ. . . မဂျမ်း''

''ညီမလေးရေ. . . ညီမလေး. . .''

''သမီးရေ. . . မဂျမ်း. . . သမီးလေး. . .''

ခေါ်သံများက နီးလာကြသည်။ ဒီအသံများကို သူမ ကြားဖူးနေ သည်။ အဲဒီအသံတွေထဲမှာ အစ်ကိုဇော်ဖေရဲ့အသံလည်း ပါသည်။ သူ အားတက်သွားခဲ့သည်။ မျက်စိကို လုံးဝမဖွင့်ဘဲ ဖွဲခတ်၍ အသက်ကို





မျှင်းမျှင်းရှူကာ ခွပ်နေမိသည်။

မကြာခင် သူမအနားသို့ လူများပြေးလာကြပြီး တုန်လှုပ်ချောက် ချားသောအသံများနှင့် ဝိုင်းအော်ခေါ်နေကြ၏။ မိဂျမ်း လုံးဝမထူး။ မျက်လုံးကိုမဖွင့်။ ဘာမှ မကြားလိုက်။ တစ်စုံတစ်ဦးက သူ့ပခုံးကို တွန်း လိုက်သဖြင့် မိဂျမ်း မြေပြင်ပေါ်သို့ တုံးလုံးလဲကျကာ မာန်ကိုလျှော့လိုက် သည်။ မာန်ကို လျှော့ချလိုက်သည်နှင့် သူမ လုံးဝသတိမရတော့။

♛ ♛ ♛

□

မိဂျမ်းသတိရ၍ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ ခပ်ယိုင်ယိုင် အိမ်ရှေ့က ဝါးကွပ်ပျစ်ပေါ်မှာ ရောက်နေသည်။ သူ့မိသားစုနှင့် သူ့ အပေါင်းအသင်းချင်းများက စိုးရိမ်သောကကြီးစွာ ဝိုင်းကြည့်၍ နာမည်ခေါ်နေကြ သည်။

''ဟော. . . ဟော. . . သတိရလာပြီဟေ့''

''ညီမလေး. . . ညီမလေး''



www.burmeseclassic.com

www.burmeseclassic.com



"မိဂျမ်း သမီး. . . သမီး. . . သတိရပြီနော်"

"အ. . . မေ"

"အမေရှိပါတယ် သမီးရယ်၊ အမေရော အစ်ကိုရော သမီး သူငယ်ချင်းတွေရော အနားမှာရှိပါတယ်"

မိဂျမ်း အားယူ၍ထထိုင်လိုက်သည်။ လူတစ်ကိုယ်လုံး ကိုင်ရိုက် ထုထောင်းထားသလို နာကျင်နေသည်။ ခြေဖဝါးမှာ ဆေးများလိမ်းထား သည်ကို တွေ့ရပြီး ခြေမကွဲကာ သွေးစို့နေသည်ကိုလည်း မြင်လိုက်ရသည်

"အား. . . ကျွတ်. . . ကျွတ်. . ဒါ. . . ဒါ. . . ဘယ်သူ့အိမ် အမေ"

"ကျွန်တော့်အိမ်. . . အိမ်ပါခင်ဗျာ"

ကြားဖြတ်ဖြေလိုက်သည့် အသံကြောင့် လှည့်ကြည့်လိုက်တော့ အသက်(၃၀)ခန့် လူရွယ်တစ်ဦး။ သူကလည်း စိုးရိမ်ကြီးသောမျက်နှာ ဝမ်းသာနေသောမျက်လုံးများ ရောထွေးသည့်အကြည့်နှင့် မိဂျမ်းကို စိုက် ကြည့်နေသည်။

"သမီး. . . သမီး ဘာလို့ ညောင်ပင်အောက်မှာ တစ်ယော တည်း ကြက်ဖခွပ်တမ်း ကစားနေတာလဲဟင်"

"ရှင်"

"အိမ်မပြန်ဘဲ ဘာလို့ တစ်ယောက်တည်း ကစားနေရတာလဲ မေးတာ"

"အို ကျွန်မ တစ်ယောက်တည်း မဟုတ်ဘူးအမေ၊ ကျွန်မ ငယ်ချင်းနဲ့ နှစ်ယောက်ကစားနေတာ"

"ဟဲ့ ငါတို့အားလုံးမြင်နေတာ နင်တစ်ယောက်တည်းပါ အရူးမ

"ဟုတ်တယ် မိဂျမ်းရဲ့၊ ငါတို့ကိုင်လိုက်မှ နင်လဲကျသွားခဲ့တ





ချင်းရဲ့"

"မဟုတ်ဘူး အမေ၊ ကျွန်မတို့နှစ်ယောက် ကြက်ခွပ်နေတာ ရဲ့"

"ဒါဖြင့် အဲဒီတစ်ယောက်ဆိုတာက ဘယ်သူလဲ"

"သူ့နာမည်က မ. . . တိုး. . . တဲ့"

"ဗျာ. . . မ. . . တိုး၊ မတိုး. . . ဟုတ်လား"

သူမနှုတ်မှ မတိုးဟုပြောလိုက်သည်နှင့် တအံ့တသြ အလန့်တ ငင်ပြောလိုက်သူကား အိမ်ရှင်အမျိုးသားဖြစ်သည်။

"အစ်ကိုကြီး မတိုးကို သိလို့လား"

"ဟို. . . ဟို အဲ. . . အဲ. . . သိ. . . သိ. . . ပါတယ်"

"အသားဖြူဖြူ ဆံပင်ရှည်ရှည် ဘယ်ဘက်ပါးမှာ စပယ်တင်မှဲ့နဲ့ ငီးနဲ့လေ"

"ဟုတ်. . . ဟုတ်ကဲ့. . . သိ. . . သိပါတယ် အဲဒါ. . . အဲ. . . ဒါ"

သူမဘက်က ထောက်ခံသူရှိလာ၍ မိဂျမ်း ဝမ်းသာသွားသည်။ ၏ အမေနှင့်အစ်ကိုတို့အုပ်စုက တစ်ယောက်တည်းဟု ဖွတ်ငြင်းကြ နောက်ဆုံး ဝိုင်းဝန်းမေးမြန်းကြလွန်း၍ မိဂျမ်းက သူ့အိပ်မက်ထဲမှာ ခဲ့ရသည့် မတိုးဆိုသည့် သူငယ်ချင်းမအကြောင်းကို ဇာတ်ဆုံခင်း၍ လိုက်ကာ ဒီရွာမှာ ငါးလာရောင်းရင်း မတိုးနှင့် တကယ်တွေ့ပြီး စားရသည့်အကြောင်းကို ပြောပြလိုက်သည်။ ကြားရသူအားလုံး ကြသည်။ သို့သော် သူမရဲ့ ကစားဖော်မတိုးကို ဘယ်သူမှ

"ဒါနဲ့ အိမ်ရှင်အစ်ကိုကြီးက မတိုးကို သိတယ်ဆို၊ မတိုးဘယ်မှာ လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



သည်တွင် အိမ်ရှင်အမျိုးသားက ညှိုးငယ်သောမျက်နှာ[illegible] ဖြေလိုက်သည်ကား. . .

"မတိုးဆုံးသွားတာ (၆)လလောက်ရှိပါပြီခင်ဗျာ"

"ရှင်"

"အမလေး မြတ်စွာဘုရား ကယ်တော်မူပါ"

"အမလေး ဗုဒ္ဓေါ. . .ဖွဟဲ့. . .ဖွ. . .ဖွ"

အိမ်ရှင်ယောကျ်ားရဲ့စကားကြောင့် အားလုံး လန့်ဖျပ်၍ အ[illegible] ကုန်ကြသည်။ အချို့လည်း ကြောက်လန့်၍ ခြေမှုန်များ နဖူးနား[illegible] တို့ကုန်ကြကာ ဖွဖွဲ့လုပ်ကြသည်။ မိဂျမ်းလည်း ခုမှ တုန်လှုပ်ချောက်[illegible] သွားခဲ့တော့သည်။

"ဒါ. . .ဒါ. . .ဆိုရင် ကျွန်. . .ကျွန်မတို့ကို ဖြစ်ကြောင်း[illegible] စင် ပြောပြပါလားရှင် ဟင်လို့. . ."

"ပြောပြပါ့မယ်ဗျာ. . .အဲဒီမတိုးဆိုတာ အခြားမဟုတ်ပါ[illegible] ကျွန်တော့်ရဲ့ ညီမလေးပါဗျာ"

"အို. . .ဖြစ်မှဖြစ်ရပလေကွယ်. . .ကျွတ်. . .ကျွတ် . . . ကျွ[illegible] ကျွတ်. . ."

♛ ♛ ♛

(၇)

"ကျွန်တော့်နာမည်က ကိုကြွက်သိုးတဲ့၊ ကျွန်တော်တို့မှာ မောင် [illegible] နှစ်ယောက်ပဲ ရှိတယ်။ မိဘများကတော့ ကွယ်လွန်ကုန်ကြပါပြီ။ [illegible]န်တော်က ကြွက်တိုက်ဝါသနာပါလွန်းလို့ အိမ်မှာ တိုက်ကြွက်တွေ [illegible] သားဖောက်ရောင်း။ ကြွက်လည်း ရှာစဥ် လှည့်တိုက်တဲ့အလုပ်ကို [illegible]ုပ်ပါတယ်။

ညီမလေးကတော့ ငယ်စဥ်ကတည်းက ကြွက်ခွပ်ဝာမ်းကစား [illegible]ကို အရမ်းဝါသနာပါ၊ အစွဲအလမ်းကြီးခဲ့တယ် ခင်ဗျ။ ကြွက်ခွပ်လည်း [illegible]ကောင်းတယ်။ လွတ်လပ်ရေးပြိုင်ပွဲမှာ ဝင်ပြိုင်ဖို့ အားခဲနေသူလေးပါ။ [illegible]နက ကျွန်တော် မကောင်းလို့ ညီမလေး တားစာခံ ဖြစ်ရတာပါ [illegible]ဒေါ်တို့ရယ်. . .။

ကျွန်တော်က ကြွက်တိုက်သွားတိုင်း ညီမလေးကို စိတ်မချလို့ [illegible]ခေါ်သွားလေ့ရှိတယ် ခင်ဗျ။ ကြွက်ဆွဲ၊ ကြွက်ရေပေးတဲ့ အလုပ်လည်း [illegible]ယ်မအားတဲ့အခါ ညီမလေးကို လုပ်ခိုင်းလေ့ရှိတယ်။ အဲဒါလည်း [illegible]ပေးထားလို့ ညီမလေးမိတိုးက အကုန်တတ်နေတယ်။

ကြာတော့ ညီမလေးဟာ မိန်းကလေးတန်မဲ့ ကြွက်ပွဲတွေ့ရင် [illegible]ည့်ရ မနေနိုင်၊ မလောင်းရ မနေနိုင်၊ မလိုက်ရ မနေနိုင်ဖြစ်တဲ့[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်သွားတာပေါ့ဗျာ။

အဲဒါ ကျွန်တော့်အမှားတွေပါ။ ကျွန်တော့်ညီမလေးကလေ ထမင်းစားရင် ငါးဟင်းကို သိပ်ကြိုက်တာပဲ။ ငါးပါမှ ထမင်းစားလေ့ရှိတယ်။

ကြက်ပွဲနိုင်တိုင်း ညီမလေး လိုချင်တာကို ဝယ်ပေးခဲ့လို့ ကြာတော့ ညီမလေးက ကျွန်တော် ကြက်တိုက်တိုင်း အနိုင်ရဖို့ လိုက်လိုက်အားပေးလေ့ရှိတယ်။

တစ်နေ့ ကျွန်တော့်တိုက်ကြက်နဲ့ ဘကျော်တို့ တိုက်ကြက်နဲ့ ကြေးကြီးလောင်းကြေး တိုက်ကြတယ်။ ဒီညောင်ပင်အောက်မှာပေါ့ဗျာ။ အဲဒီပွဲမှာ ကျွန်တော်တို့ကြက်က နိုင်လိုက်တယ်။ ဘကျော်ကြက် မျက်လုံးကန်းပြီး စည်းဝိုင်းအပြင်ကို ထွက်ပြေးသွားခဲ့တယ်။

သို့သော် ဘကျော်ရဲ့ကြက် ထွက်ပြေးပြီးမှ ကျွန်တော့်ကြက်က စည်းအပြင်မှာ အမောဆို့ပြီး မထနိုင်ဘူး ဖြစ်ပါလေရောဗျာ။ အဲဒီမှာ သူ့ကြက်နိုင်တယ်၊ ငါ့ကြက်နိုင်တယ် စကားများပြီး ရန်ဖြစ်လိုက်ကြတာ။ သူ့ဘက် ကိုယ့်ဘက် တုတ်တွေ၊ ဓားတွေ၊ အုတ်ခဲတွေနဲ့ ရိုက်ကြနှက်ကြ ပစ်ကြ ဖြစ်ကုန်ပါလေရော။

အကုန်လုံးနီးပါး ဒဏ်ရာကိုယ်စီ သွေးကိုယ်စီနဲ့ပေါ့ဗျာ။ အဲဒီလို ရုန်းရင်းဆန်ခတ်ဖြစ်နေချိန်မှာ ညီမလေးမိတိုးက သူ့ကြက်ကို ပြေးအကောက် ဟိုဘက်အုပ်စုက တုတ်နဲ့ပြေးရိုက်တာ ညီ. . . မလေး အဲ. . . ဒီနေရာတင်. . . ပွဲ. . . ချင်းပြီး. . . သေ. . . သေ. . . ပါလေရော. . . ဗျာ"

"အို. . . ကျွတ်. . . ကျွတ်. . . ကျွတ်. . . ဖြစ်ရလေကိုကြွက်သိုးရယ်"

"အဲဒီအချိန်ကစပြီး ညီမလေး မတိုးဟာ အယုတ်မိန်းလို့ အစိမ်း





အရဲတခွဲ ပရဝိညာဉ်ဘဝနဲ့ မကျွတ်မလွတ်တဲ့ဘဝကို ရောက်သွားခဲ့ရတယ်။ ဒီညောင်ပင်အောက်မှာ ကြက်လာတိုက်ရင် အမျိုးမျိုးခြောက်လှန့်ကြတယ်။ ခါတိုင်း ဒီညောင်ပင်အောက်မှာ ကြက်တိုက်ရင် ခွပ်ကြတာပဲ၊ မိတိုး ခြောက်တဲ့ ဖမ်းစားတဲ့အချိန်ကစပြီး ဒီနေရာမှာ ကြက်တိုက်ရင် ကြက်တွေ မခွပ်ကြတော့ဘူး။ မှိုင်ရင် မှိုင်၊ မမှိုင်ရင် လန့်ပြေးကုန်ကြရော။

ဒီတော့ ကြက်ပွဲလုပ်ချင်ရင် ညီမလေးဆီမှာ အခွင့်တောင်းကြရတယ်။ မိတိုး လိုရင် ပွဲဖြစ်တယ်။ မလိုရင် ရန်ဖြစ်ကြရရော။

တစ်ခါတလေ နေဝင်ရီတရော မိတိုးက ကြက်ဖခွပ်တမ်းကစားပြီး လမ်းသွားလမ်းလာအချို့ကို ကိုယ်ထင်ပြလို့ အခု နေဝင်ရီတရော ဒီနားက ဖြတ်မသွားရဲကြတော့ဘူး။ မကြာခဏ အသံနဲ့၊ အနံ့နဲ့ လှည့်စားလို့ ကလေးတွေလည်း ဒီညောင်ပင်အောက်မှာ လာမကစားရဲကြတော့ဘူး။

ကျွန်တော်လည်း ရဟန်းသံဃာတော်တွေပင့်လို့ ဆွမ်းကျွေးအမှုပြု ရည်မှန်းအမျှဝေခဲ့ပေမယ့် အစွဲအလမ်းကကြီးရှာတော့ သာဓု မခေါ်နိုင်ဘူးနဲ့ တူပါရဲ့ဗျာ။ မကျွတ်နိုင်ပါဘူး။ မသေခင်က ညီမလေးမှာ ဆန္ဒတစ်ခု ရှိခဲ့တယ်ဗျ။ အဲဒါက မချစ်စုရွာက ကြက်ခွပ်ကောင်းတဲ့ မကျမ်းဆိုတဲ့အစ်မနဲ့ ရင်းနှီးချင်တယ် အစ်ကိုတဲ့။ ညီမလေး အဲဒီ မကျမ်းနဲ့ စကားကြည့်ချင်တယ်လို့ မကြာခဏ ပြောလေ့ရှိတယ်ဗျာ။

ကျွန်တော်တို့လည်း မကျမ်းတို့ နေတဲ့ရွာကို လိုက်ပို့ခိုင်းနေတာကြာလှပေါ့။ အခုတော့ ကျွန်တော့်ညီမလေး သူ သိပ်လေးစားတဲ့ သူ့သိုင်းတွေ့ချင်နေတဲ့သူနဲ့ တွေ့ပြီး ဟီး. . . ဟီး. . . ဟီး. . . ဟီး. . . ညီမလေးရေ ပျော်ရဲ့လား. . . ညီမလေးရဲ့. . . ဟီး. . . အစ်ကို့ကို ပြောပါဦး



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးရဲ့ ဟီး. . . ဟီး. . . ဟီး. . . ဟီး''

အိမ်ရှင် ကိုကြွက်သိုးက ပြောရင်းမှ ဝမ်းနည်းလာကာ မျက်

ကို လက်ဝါးနှင့်အုပ်၍ ချုံးပွဲချငိုတော့သည်။ မိဂျမ်းတို့အားလုံးလည်

စိတ်မကောင်းကြ။ ကိုကြွက်သိုးအဖြစ်ကို ကြည့်၍ စိတ်မကောင်းဖြစ်

မျက်ရည်ကျကြရသည်။ အချို့က အသံထွက်၍ငိုသည်။

''ခွင့်လွှတ်ကြပါဗျာ၊ ကျွန်တော့်ညီမလေးဟာ သူသိပ်လေး

သိပ်ချစ်ခင်အားကျ တွေ့ချင်လွန်းလှတဲ့ ဟောဒီက ညီမ မိဂျမ်းနဲ့

ပြီး စိတ်ကျေနပ်စွာ ကစားသွားရတဲ့အတွက် ကျွန်တော့်ညီမလေး

နေရှာမှာပါ။ ဒါကို ခွင့်လွှတ်ကြပါလို့ နားလည်ပေးကြပါလို့ ကျွန်တေ

တောင်းပန်ပါတယ် "အဒေါ်တို့ရယ် နော်''

အားလုံးက နားလည်မှုရှိစွာဖြင့် ခွင့်လွှတ်ကြသည်။ ပရိသ

လောကရဲ့ ဆန်းကြယ်လှသော ဘဝကိုလည်း ဗုဒ္ဓဘာသာဝင်များ

နားလည်လာကြသည်။

ရွှေညောင်ပင်မှ ပြန်တော့ ကိုကြွက်သိုးက ရွာထိပ်ညောင်

အောက်ရောက်အောင် လိုက်ပို့ခဲ့သည်။ ညောင်ပင်အောက်ရောက်တေ

ကျီးကန်းအုပ်ကြီးက ခေါင်းပေါ်မှာ အုပ်ဖွဲ့လူးလာပျံသန်း၍ ထူးဆန်း

နှုတ်ဆက်ကြသဖြင့် အားလုံး လန့်ဖျပ်သွားကြသည်။ ကြွက်သိုးထ

ကြသည်။


မိဂျမ်းက ပွယောင်းစပြုနေသည့် ငါးများအားလုံးကို ဒါနပြုသ

အနေနှင့် ညောင်ပါးပျဉ်းခွက်ထဲမှာ စွန့်တင်ခဲ့ကာ နှုတ်မှလည်း ''သူ

ပြီ သူငယ်ချင်း မတိုးရေ. . . မတိုး ကောင်းရာသုဂတိဘုံသို့ မြန်းနိုင်ပါစေ

ဟု ဆုတောင်းနှုတ်ဆက်ခဲ့လိုက်လေသည်။

♛ ♛ ♛



(၈)

ထိုသို့ဖြစ်ပျက်ခဲ့ပြီးနောက် တစ်ပတ်ခန့်ကြာသောအခါ မိဂျမ်း

ပျော်နေရာမှ လန့်အော်၍ နိုးလာတော့သည်။ နှုတ်မှလည်း ကယောင်

ထမ်း စကားများကို ပြောနေသည်။

''မိဂျမ်း. . . မိဂျမ်း. . . ဘာ. . . ဘာဖြစ်လို့လဲ. . . သမီး''

''အ. . . မေ. . . အိပ်. . . အိပ်မက်ထဲမှာ. . . မိ. . . မိတိုး. . .

ကို လာ. . . လာ. . . ခေါ်နေတယ်''

''ဟင်. . . မိတိုး. . . လာ. . . ခေါ်. . . တယ်''

''ဟုတ်တယ် အမေ၊ မိတိုးက သူနဲ့အတူ လာနေပါတဲ့၊ သူတစ်

ာက်တည်း အဖော်မရှိလို့တဲ့၊ သ. . . သမီး. . . ကြောက်. . . ကြောက်

ကိတာ အမေရယ်''

မိခင်လုပ်သူက ဘုရားစင်ပေါ်မှ ဆရာတော်ဘုရားကြီးများ၏

စင်ရေမန်းများကို ယူ၍ မျက်နှာ၊ ဦးခေါင်း စသည်တို့ကို သုတ်လိမ်း

ပြီး ပါးစပ်ထဲသို့ အနည်းငယ်တိုက်လိုက်တော့မှ မိဂျမ်း အကြောက်



www.burmeseclassic.com

www.burmeseclassic.com



ပြေသွားခဲ့လေသည်။

သည်လို အိပ်မက်ထဲမှတစ်ဆင့် လာလာခေါ်သည့် အ
မကြာခဏ ဖြစ်ဖန်များလာသောအခါ အိမ်သားများ စိုးရိမ်စ ပြု
သည်။

သို့နှင့် ရွာဦးကျောင်းဆရာတော်ထံ ခေါ်သွား၍ ပြသ
စစ်ဆေးကြရသည်။ ဆရာတော်က လက်ဖွဲ့(ပရိတ်ကြိုး)တစ်ကုံး စိ
မိကျွမ်းလည်ပင်းမှာ ဆွဲပေးခဲ့ကာ မိတိုးကိုလည်း ဘဝချင်းခြားနာ
ဖြစ်သောကြောင့် သံယောဇဉ်စိတ်ကို ဖြတ်ရန်နှင့် မနှောင့်ယှက်ရန်
ပြန်ခဲ့သည်။

ထိုလက်ဖွဲ့ကို လည်ပင်းမှာ ဆွဲထားသည့်အချိန်မှစ၍
အိပ်မက်မှတစ်ဆင့် လာရောက်ဖြားယောင်း သွေးဆောင်ခြင်း အ
မရှိတော့။ နောက်ဆုံးအကြိမ်မက်သည့်အိပ်မက်မှာ မတိုး မျက်ရည်
စီးကျလျက်မှ–

"ငါ့ကို ခွင့်လွှတ်ပါ မကျွမ်းရယ်၊ နင့်ကို ငါ ခင်လွန်း
အခု သူငယ်ချင်းဆီကို နောက်ဆုံးအကြိမ်အနေနဲ့ လာနှုတ်ဆက်
တို့ကို သတိရနေပါနော် မကျွမ်း. . . တို့. . . သွားတော့မယ်" ဟု
ပြီး ပျောက်ကွယ်သွားခဲ့သည်မှာ. . .။

❦ ❦ ❦

(၉)

ဖတ်ကြောင်းဆုံးသွားသောအခါ အမေကြီး ဒေါ်ရှင်ငြိမ်းမယ်သည် မောသွားဟန်နှင့် ရေနွေးကြမ်းတစ်ခွက်ကို ကောက်မော့လိုက်သည်။ ပြီးနောက် ကျားပုံမကောက် ဆေးပေါ့လိပ်ကြီးကို မီးညှိ၍ ဖွာလိုက်သည်။

"အဲဒီနောက်ပိုင်း မတိုး နေတဲ့ ရွှေညောင်ပင်ရွာဝန်းကျင် အခြေအနေကရော ဘာများ ထူးခြားဖြစ်စဉ်များ ဖြစ်ပါသေးသလဲ အမေ"

"အေး ပြောစရာ ကျန်သေးတယ် သားရဲ့၊ ရွှေညောင်ပင် အခြေအနေထူးတာ ရှိသေးသကွယ့်၊ ဒီလိုဟေ့ မကြာဘူး၊ အစိုးရက ရွာမြေတွေကို ရပ်ကွက်တည်ပေးပါလေရော။ ကွက်သစ် ရွာသစ် စနစ်တကျ တည်ပေးတာပေါ့ကွယ်။

အဲဒီအချိန်မှာ မတိုး နေတဲ့ ညောင်ပိန္နဲပင်ကြီးက ရွာလမ်းတည့်တည့်မှာ ရှိနေလို့ မြေတူးစက်၊ မြေကော်စက်များနဲ့ ညောင်ပင်ကို လှန်ဖြုတ်ခဲ့ရသကွယ့်"

"ရရဲ့လား အမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရမှာလဲ တူးလိုက်၊ ကော်လိုက်၊ တွန်းလိုက်တိုင်း စက်က
ရပ်ရပ်သွားခဲ့တယ်၊ စက်မောင်းသမားကိုလည်း အိပ်မက်ဆိုးတွေ မတိုးက
ပေးခဲ့တယ်၊ စက်မောင်းသမားလည်း မမောင်းရဲတော့ဘူး၊ နောက်ဆုံး
ရွာထဲက သက်ကြီးရွယ်အိုများက ဝိုင်းပြောအကြံပြုကြလို့ မြို့ပိုင်က
အမိန့်ပြန်တမ်း ထုတ်ရတယ်။ ဒီညောင်ပင်မှာ မှီတင်းနေထိုင်ကြသည့်
မရဝိညာဉ်သားအားလုံး ရွာကောင်းကျိုး၊ ရပ်ကောင်းကျိုးအတွက်
ဒီသစ်ပင်ကြီးကို လှဲပြောင်းရွှေ့ရပါ့မယ်။ ဒါကြောင့် အခုချိန်ကစပြီး
အခြားလွတ်ရာ ကင်းရာ နေရာဒေသများသို့ သွားရောက်နေထိုင်ကြ
တော့ဆိုပြီး အုပ်ချုပ်သူမင်းမိန့်နဲ့ ပြန်တမ်းထုတ်လိုက်တော့မှ ညောင်ပင်
ကြီး လဲကျသွားတော့တယ်ကွယ်။

စက်မောင်းသမားလည်း ဘာမှမဖြစ်ဘူး။ သည့်နောက်ပိုင်း
ခြောက်တာ လှန့်တာလည်း လုံးဝ မရှိတော့ဘူး။ အခု အဲဒီနေရာမှာ
ကတ္တရာလမ်းမ ဖြစ်သွားခဲ့တာ ယနေ့တိုင်ပဲကွယ့် သားရဲ့။ မတိုးတို့
ကတော့ ဘယ်ဆီများ ရောက်သွားလဲ မသိပါဘူး သားရယ်. . ."

"ဒါနဲ့ မေးပါရစေ အမေ၊ အမေက ဒီအကြောင်းတွေကို
လုံးစေ့ပတ်စေ့ ပြန်ပြောနိုင်ပုံထောက်ရင် အမေနဲ့ မဂျမ်း အဲ. . .
ဒေါ်ဂျမ်းနဲ့က အတော်ရင်းနှီးတယ်နဲ့ တူတယ်နော်"

"သိပ်ရင်းနှီးသပေါ့ သားရဲ့"

"ဘယ်လိုရင်းနှီးတာလဲ အမေ"

"ဘယ်လိုရင်းနှီးတာလဲဆိုတော့ မိဂျမ်းဆိုတာ အခြားသူ
မဟုတ်ဘဲ သားရဲ့ အမေပဲ ဥစ္စာကိုး"

"ခင်ဗျာ. . ."

အံ့သြသွားသည်။ ကျွန်တော့်မျက်နှာကို ဒေါ်ရှင်ငြိမ်းမယ် ဒေါ်





ဂျမ်း အမေဂျမ်း)က ပြုံးပြုံးကြီး စိုက်ကြည့်ပြီး ခေါင်းတညိတ်ညိတ်
လုပ်နေ၏။ ကျွန်တော် လန့်သွားသည်။ ဒေါ်ရှင်ငြိမ်းမယ်ဆိုသည့် ကျွန်တော့်
မှာ တူရှုမှ အမေကြီးသည်ကော လူသားစင်စစ်မှ ဟုတ်ပါရဲ့လားလို့။

မျက်ချက်။ ။ ဒေါ်ရှင်ငြိမ်းမယ်သည် အမှန်တကယ် လူသားစင်
စစ် ဖြစ်ပါသည် ခင်ဗျား]

• မောင်ညိုမှိုင်း(သန့်လျှင်)

ရင်သိမ့်ဖို၊ ၂၀၀၅ခုနှစ်၊ မတ်လ

www.burmeseclassic.com

www.burmeseclassic.com



## မျက်မမြင်ဆာဒူးသူတော်စင်ကြီး

လွတ်လပ်ရေးရပြီးကာစ အချိန်ဖြစ်သည်။

ပြည်တွင်းသောင်းကျန်းသူများ တောခို စုဖွဲ့သည့် ကာလဖြစ်၏။ လွတ်လပ်ရေး၏ အရသာကို မခံစားရသေး။ သောင်းကျန်းသူနိုးဓါးပြ၊ တောကြောင်များ၏ ဒဏ်ကို အလျှင်ဦးစွာ ခံစားလိုက်၏။

ဘိုအချိန်က ( ----- ) မြို့မှာ အလွန်အံ့သြဖွယ်ကောင်း ဆာဒူးမနောရှင် အဘိုးအိုတစ်ဦး ရှိခဲ့ဖူး၏။ ထိုဆာဒူး သူတော်အကြောင်းကို အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်နှင့် လွတ်လပ်ရေး မီလိုက်သူများ၊ ယနေ့ အသက် (၈၀) (၉၀) ရှိပြီး အသက်ရှင်သေးသူများ ကောင်းကောင်း မှတ်မိသိရှိကြ၏။

ဆာဒူးကြီးသည် မည်းမှောင်သော အသားအရည်ရှိပြီး တင်

စိတ်ကူးယဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလုံး ဆံပင်များ လိန်ကောက်တွန့်ပြီး ဖားလျားကျနေ၏။ ခေ အထပ်ထပ်နှင့် နှစ်ပေါင်းများစွာ ဖီးသင်ဆေးကြောခြင်း မရှိဘဲ ရှိသော ကြောင့် သူ့ဆံပင်များ၏ အသွင်ကို ခပ်လှမ်းလှမ်းမှ မြင်လိုက်ရလျှင် မြွေအကောင်ပေါင်းများစွာ ဦးခေါင်းပေါ်မှ လွန့်လူးလှုပ်ရှားနေသည်ဟု ထင်မြင်ရဖွယ်ရှိ၏။

ပါးသိုင်းမွေးဖြူဖြူနှင့် မုတ်ဆိတ်၊ နှုတ်ခမ်းမွေး ဖြူဖြူများ ကလည်း ထိဆက်ရှည်လျား ကုပ်ဝင်လျက်ရှိရကား သူ့ပါးစပ်ကို တော ရှုလူ မမြင်ရ။ မျက်ခုံးမွေးများရှည်ကျပြီး မျက်စေ့ကို ဖုံးလုဖြစ် သည့်အတွက်လည်း ဆာဒူးအဘိုးအိုရဲ့ မူလရုပ်ကို မည်သူမှ ပုံဖမ်းလို့မရ

တစ်ထည်တည်းသော ယောဂီရောင် အင်္ကျီကို ဆယ်ကျွ ရံဖန်ခါ လျှော်ဖွပ်ဝတ်၏။ အသက်က (၈၀) ခန့်ရှိပြီးဟု လူကြီးသူမများ ပြောကြ၏။

အချို့က (၇၀)ကျော်ခန့် ရှိပြီဟုလည်း ပြောကြ၏။

အင်္ဂလိပ်အစိုးရ အောက်မြန်မာနိုင်ငံကို သိမ်းပြီး လယ်ယာ မြေလုပ်ငန်းများအတွက် အိန္ဒိယမှ ကုလားမျိုးစုံကို ခေါ်လာစဉ်ကတည် က သူလည်း ရောက်နေသည်ဟု ဆိုသူက ဆိုကြ၏။

သူ့အမည်ကိုလည်း မည်သူမှမသိ။ မေးလည်းမပြော။ ခေါ်ချ သလိုခေါ်ကြဟုသာ ပြော၏။

သို့နှင့် ဆာဒူးကြီး ဦးဆာမိဟု အလွယ် အမည်ပေးလိုက်ကြ သူသည် တာဝ မြေအောက်ဥမင်လိုဏ်ဂူတောမှာ တရားကျင့်သူ ဖြစ် သူနှင့်အတူ အခြားဆာဒူးများ ရှိကြသေး၏။

ဤမြေအောက် ဥမင်လိုဏ်ဂူများသည် တာဝတောင် မြေ အောက်မှာရှိ၏။ မြေသားဂူ (၄၀)ခန့် ရှိပြီး အချို့အပြောအရ ကို





ကို ဆံတော်ရှင်အထိ ဥမင်လမ်းပေါက်သည်ဟု ဆိုကြ၏။

သတ္တိကောင်းသူအချို့ ဝင်ကြည့်ကြဖူးသော်လည်း လမ်းဆုံးကို သွားရဲကြ။ ဂူပေါက်များက ပဆစ်အိမ်ဖွဲ့နေ၍ ဘယ်အပေါက်ဝင်ပြီး ဘယ်အပေါက်က ထွက်ရမှန်းမသိ ကြိုးကိုင်၍ မီးတုတ်နှင့်ဝင်သွား ကြရ၏။

ကြာကြာလည်း မနေရဲ။

အထဲမှာ ရေနှင့်စွတ်စိုနေ၏။ ရေတွင်းလို တွင်းတစ်တွင်းလည်း ၎င်းရေတွင်းမှပဲလား၊ ဘယ်ကရေဝင်လို့ လည်းမသိ။ တစ်နှစ်လျှင် ကြိမ် အထဲမှာ ရေတက်လေ့ရှိ၏။ ရေတက်လျှင် ဂူအပြင် အပေါ် ပြင်သို့တိုင် လျှံ၏။ ပြီးလျှင် ရေပြန်ကျသွားလေ့ရှိ၏။

(၎င်းဥမင်ဂူပေါက်များထဲသို့ စာရေးသူ ရောက်ခဲ့ဖူးပါသည်။ က်စေ့လည်ချင်သလိုဖြစ်ပြီး စိမ့်အေးလာ၍ အမြန်ပြန်ထွက်ခဲ့ရ၏)

ထိုဂူများထဲမှာ ဟိန္ဒူအဘိုးအိုများ အခြားကုလားအဘိုးအို များ တရားကျင့်လျက်ရှိ၏။

ဒီမှာ ထူးခြားသည်ကား–

ဆာဒူးကြီးဦးဆာမိပဲ ဖြစ်၏။ ဆာဒူးကြီးသည် မျက်စေ့မမြင်၊ ပြင်သမှ လုံးဝကို စုံလုံးကန်း၏။ သူသည် တရားထိုင်ပြီးလျှင် ရွာထဲ ထဲ မြို့ထဲသို့ ပါးကောက်တုတ် တောင်ဝှေးထောက် စမ်းစမ်း စမ်းစမ်း အလှူခံထွက်လေ့ရှိ၏။

အလှူခံထွက်လျှင် ပါးစပ်မှ အောက်ပါ ဘုရားရှိခိုးကို ရွတ်လေ့

"ဗုတ်ဆံ ဆရဏံ ဂစ်ဆာမိ"

"ဒမ်မံ ဆရဏံ ဂစ်ဆာမိ"

"ဆံဃံ ဆရဏံ ဂစ်ဆာမိ"



www.burmeseclassic.com

www.burmeseclassic.com



မြန်မာလို ရွတ်သည်လား၊ ကုလားသံနှင့် ရွတ်သည်လား မသိ။ ဂေါ်တမဗုဒ္ဓ၏ သရဏဂုံကို ဥုံခံမန်းမှုတ်သကဲ့သို့ အကြိမ်များစွာ ရွတ်လေ့ရှိ၏။

သူ့ကို ဘယ်ခွေးမှ မကိုက်ရဲကြ။ ဆိုးလှပါသည်ဆိုသည့် ခွေးများသည် သူ့ကိုမြင်လျှင် အဝေးမှပဲ ဟောင်ရဲ၏။ အနားသို့မကပ်ရဲ။

တစ်ခုပဲရှိသည်။ ကိုးကန်းအချို့ကသာ သူ့ကိုမြင်လျှင် သူ့ဦးခေါင်းမှ ဆံပင်များကို နှုတ်သီးနှင့်ထိုး ခြေသည်းနှင့် ကုပ်လေ့ရှိ၏။

အိမ်ပေါက်စေ့ အလှူခံလေ့မရှိ။ လမ်းပေါ်နံဘေးမှ မကြာခဏ ပြီး မန္တန်များကို ရွတ်၍ လက်ဝါးဖြန့် အလှူခံခြင်းသာ ရှိ၏။

အချို့က ငါးပြားဆယ်ပြား တစ်မတ် ထည့်သွားပေးကြ၏။ အချို့က သစ်သီးဝလံ စားစရာများကို ပေးကြ၏။ သစ်သီးဝလံများကို ယောဂီရောင်လွယ်အိတ်ထဲသို့ ထည့်၏။ သူ စိတ်လိုလက်ရရှိလာလျှင် တစ်ဆုံတစ်ဦး၏ အိမ်ဝမှာ ရပ်လေ့ရှိ၏။ အချို့က သူ့ကို မကောင်းဆိုးဝါး လို သဘောထား၍ နှင်လွှတ်ကြ၏။

အချို့က ရိုရိုသေသေ လေးလေးစားစား ဆက်ဆံ၍ သောက် ရေ၊ နွားနို့ သစ်သီး (သို့မဟုတ်) ပိုက်ဆံများ ပေးလှူကြ၏။

သူ့ကို အော်အော် ငေါက်ငေါက် ဆဲဆဲ တွန်းတွန်း ဘာမှ ပြန်မပြော။ သာဓု သာဓု သာဓု ဟု ပြန်ပြော၏။ အဓိပ္ပါယ်ကား သာဓု သာဓု (ကောင်းလေစွ) ဟူသတည်း။

♛ ♛ ♛

(၂)

ဆာဒူးအဘိုးကြီး၏ ထူးခြားချက်ကား မျက်စေ့လုံးဝ မမြင် ...ော်လည်း မနောအမြင်ခါတ်ပေါက်နေရကား လူတို့၏ ပစ္စုပ္ပန်နှင့် ...နာဂါတ် ဖြစ်လာမည့် အရေးများကို ပြောနိုင်ခြင်းပဲ ဖြစ်သည်။

ပစ္စည်းပျောက် သွားမေးလျှင် ဘယ်နေရာမှာ သွားရှာဟု ...ောလျှင် သူပြောသည့်နေရာအား သွားရှာ ဒက်ထိကိုတွေ့ရ၏။

သို့နှင့် နွားပျောက်၊ ကျွဲပျောက်၊ နွားခိုး၊ ကျွဲခိုး ပစ္စည်းပျောက် ...မှုများ မပေါ်မရှိ ပေါ်၏။

ရွာလူကြီးနှင့် ပုလိပ်များပင် လိုအပ်လျှင် သူ့ကို အားကိုး ...ားသားပြုရ၏။ တစ်ခါမှာ သူကြီးနှင့် ရဲတို့ အမှုလိုက်၍ မရသည့် ...မှုကို ဆာဒူးကြီးက ဖော်ခဲ့၏။ သူက အာရုံခံ၍ ကြည့်ပြီး—

ခါးပြမျာ၏ ပုံပန်းသဏ္ဌာန်ကို ပြောပြရာ ၎င်းခါးပြများနောက် ...ရဲ(ပုလိပ်)က လိုက်ရင်း နောက်ဆုံး တရားခံများက တိုက်ရာပါ ...ည်းများဖော်၍ အဖမ်းခံရပြီး ပြစ်ဒဏ်ခံသွားရ၏။

စိတ်ကူးသစ်တာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်မှာ ဆာဒူးကြီးသည် အလှူခံထွက်ရင်း ကုန်သ
ပွဲစားကြီး ဦးကြာညွန့် ဆင်ဝင်အိမ်ကြီး အိမ်ပေါက်ဝသို့ ရောက်ရှိ အလှ
ပေါ်။

"ဗုတ်ဆံ ဆရဏံ ဂစ်ဆာမိ"

"ဒမ်မန် ဆရဏံ ဂစ်ဆာမိ"

"ဆံဂန် ဆရဏံ ဂစ်ဆာမိ"

ထိုနေ့က ပွဲစားကြီး ဦးကြာညွန့်သည် သူ့အချစ်တော် အင်း
ကြီးကို ကြိုးနှင့်ချီဆွဲ၍ အိမ်ကြီးမှအထွက် စုတ်ပေညစ်ပတ် ဆံပ
လျားနှင့် မျက်မမြင် ဆာဒူးအဘိုးကြီးကို မြင်သော် ကျက်သရေမ
ဆိုပြီး အော်ငေါက်၍ လွှတ်၏။

"သွား သွား ကျောင်း ကျောင်း"

"ကျောင်းလေ ကျောင်း. . ."

"သူဌေးကြီး"

"ကျောင်းဆိုတာ မရဘူးလား။ ကျက်သရေမရှိဘူး သွား သွ

"ဝုတ် ဝုတ် ဝုတ် ဂွီး"

သူဌေးဦးကြာညွန့်လက်မှ အင်းခွေးကြီးကလည်း ရုန်းက
ပေါ်။

"ကျွန်ုပ် သင့်ကို ပြောပါရစေ"

"မလိုဘူး ကျောင်း။ မသွားဘူးလား။ ဟဲ့ ကျားမောင်
ရှူး. . . ရှူး ရှူး"

သူဌေးဦးကြာညွန့်သည် ပြော၍မရသည့်အဆုံး အလွန်
တမ်းလှသော အင်းခွေးနက်ကြီးကို ကြိုးလွှတ်၍ ပေးလိုက်ရာ
အမိန့်ကို အစဉ်နာခံလေ့ရှိသော ခွေးအနက်ကြီးက တစ်ဟုန်ထိုး





ပိန်းပြီး ဆာဒူးရဲ့ လည်ပင်းကို လှမ်းကိုက်လိုက်၏။

ဒီမှာ ဆာဒူးကြီးက လက်ဝါးကာပြီး ဖြန့်လိုက်ရာ ဒေါသတကြီး
လှမ်းကိုက်သည့် အင်းခွေးနက်ကြီးသည် ဆာဒူးအဘိုးကြီး လက်ဝါး
ပေါ်မှာ ရှေ့လက်နှစ်ချောင်းတင်လျက်မှ ထူးဆန်းစွာပဲ ဆာဒူးကြီးရဲ့
လက်ဝါးကို လျှာနှင့်လျက်လို့ အမြီးပင် နှံ့နေသည်ကို မြင်လိုက်ရသော
အခါ–

သူဌေး ဦးကြာညွန့်သာမက သူ့အိမ်သားများ၊ ကျေးကျွန်
လုပ်သမားများပါ လွန်စွာ အံ့ဩ၍ သွားခဲ့ကြလေသည်။

"ကျား မောင် ပြန်လာ"

ဦးကြာညွန့်က ကျားဟိန်းသလို ဟိန်း၍ သူ့ခွေးကို ခေါ်လိုက်
သည်။ သို့သော် အင်းခွေးကြီး ကျားမောင်သည် ဆာဒူးကြီးရဲ့ လက်ကို
သာရှိစွာ လျက်လျက် ဆာဒူးကြီးမျက်နှာကို တအီအီ လုပ်ပြီး မြူးနေ
ပါ၏။

အံ့ဖွယ်ပါပေ. . .။

'ကျား မောင်'

နှစ်ကြိမ်ခေါ်လို့မရတော့ တန်းလန်းကျ လည်ပင်းကြိုးကို တအား
ငင်၍ ဆွဲလိုက်သောအခါ–

'ဝေါင်း'

'အမလေး'

'အစ်ကို'

'အဖေ'

'သူဌေးကြီး'

အော်ဟစ်သံများ အိမ်ဝိုင်းထဲမှာ ညံသွား၏။ အကြောင်းကား



www.burmeseclassic.com

www.burmeseclassic.com



ကြိုးဆောင့်ဆွဲခံလိုက်ရသောအခါ ခွေးနက်ကြီးသည် ဝုဝ်ခနဲ ဒေါသ
ကြီးနှင့် သူ့သခင်အရင်း သူဌေးဦးကြာညွန့်ရဲ့ ပခုံးပေါ်သို့ ကြီးမားသော
ရှေ့လက်ကြီးနှစ်ချောင်းကို ဒေါသတကြီး လှမ်းတင်ကာ သူဌေးရဲ့မျက်နှာ
အစွယ်ဖွေးဖွေးပါးစပ်ကြီးနှင့် ကိုက်သလို လုပ်လိုက်သောကြောင့်တည်

သူဌေးဦးကြာညွန့် လန့်၍ ကြိုးကိုလွှတ်ပြီး နောက်ဆုတ်လို
သည်။ တပည့်သားမြေးများ လက်နက်များဖြင့် ပြေးလာကြသည်။ မိသာ
များ အနားသို့ စိုးရိမ်ကြီးစွာ ရောက်ရှိလာကြသည်။

ဒီမှာ ဆာဒူးကြီးက ဒေါသကြီးစိတ်ဆိုးနေသော အင်း
နက်ကြီးကို ကုလားစကားနှင့် အမိန့်ပေးလိုက်သောအခါ အင်း
နက်ကြီးသည် အမြီးကုပ်ပြီး ဆင်ဝင်အိမ်ကြီးရှိရာသို့ ကြိုးတန်း
နှင့် ထွက်သွားတော့လေသည်။

"သူဌေးကြီး သင့်ကို ကျွန်ုပ် ပြောစရာရှိပါတယ်"

'ဘာ ဘာ ပြောမှာလဲ မင်း မင်း မြန်မြန်ထွက်သွား၊ မကော
ဆိုးဝါး ကောင်ကြီး'

'သူဌေးကြီး ဒီနေ့ခရီးသွားမည့် အစီအစဉ်ကို ရက်ရွှေ့
ပါ'

'ဘာ ဘာပြောတယ်'

'ဒီနေ့ သင်ခရီးမသွားပါနှင့်၊ နက်ဖြန်မနက်မှ သွားပါ'

သူဌေးဦးကြာညွန့် ကုလားအရူးလို့ သူတော်စင်ကြီးရဲ့
စကားကြောင့် အံ့သြသလို ရှိသော်လည်း တွင်တွင်သာ နှင်လွှတ်
လေ၏။

'သွား သွား မင်းအလုပ် ဘာမှ မပါဘူး ရှောင်း'

'သာဓု သာဓု သာဓု'





ဆာဒူးကြီးက ဦးခေါင်းကိုညွှတ်၍ သာဓု သာဓု သာဓု ဟု
ဆိုပြီး တောင်ဝှေးစမ်းစမ်းနှင့် ထွက်သွားလေသည်။

ဦးကြာညွန့် ဒီနေ့ (၁၂) နာရီမှာ မြို့ထဲသို့ သွားစရာရှိ၏။
လိုက ဆန်များကို စီပီနှင့် ရန်ကုန်တစ်ဖက်ကမ်းသို့ ပို့ရန်အတွက်
ကမ်းကုန်တင်ကုန်ချ အလုပ်သမားများနှင့် ညှိနှိုင်းရန်ဖြစ်၏။

ဒီကိစ္စ ဒီကလားအရူးကြီး ဘယ်လိုလုပ် သိနေသလဲ။

သူက ဘာ့ကြောင့် ဒီနေ့ မသွားနဲ့လို့ ပြောနေရတာလဲ။

သူက ဘာကောင်လဲ ဝိဇ္ဇာလား၊ ဘိုးတော်လား၊ ဖွီး. . .

နေ့ခင်း (၁၂) နာရီထိုးတော့ မှာထားသည့် ဂျစ်ကားရောက်လာ
မိသားစုများကို နှုတ်ဆက်၍ ဂျစ်ကားပေါ်သို့ တက်ရန် ပြင်လိုက်၏။

ဒီအချိန်မှာ သူ့ဆံပင်ကို နောက်ဘက်မှ လက်နှင့်ဆွဲသလို
လိုက်ရ၍ လှည့်ကြည့်လိုက်တော့ ဘယ်သူမှ မရှိ။

သည့်နောက် ကားပေါ်သို့ တက်ရန် ခြေလှမ်းလိုက်စဉ်. . .

သူ့ပုဆိုးကို နောက်မှ ဆွဲလိုက်၍ လှည့်ကြည့်လိုက်တော့
ချစ်တော် အင်းခွေးနက်ကြီး ကျားမောင်ဖြစ်နေ၏။

ကျားမောင်သည် သူ့ပုဆိုးအောက်နားကို ကိုက်၍ ဆွဲခေါ်
သို့ လုပ်နေသဖြင့် ခွေးကြီးကျောကို ချော့သလိုပွတ်ပြီး ပုဆိုးကို
ကာ ကားပေါ်သို့ တက်လိုက်သည်။

ကားသည် တာဝလမ်းအတိုင်း မောင်းလာ၏။ ဘုရားကုန်း
ဆုံကိုကွေ့၍ ကျိုက်ခေါက်ဘုရားလမ်းအတိုင်း အရှိန်ပြင်းပြင်းနှင့်
နှင်လာ၏။ ပြီး မမင်းလှ ရေကန်ကိုကျော်၍ တပ်ရင်း (၁၈)ကုန်း
တက်လိုက်သည်။

မကြာခင် နာမည်ကျော် သရက်ပင်မောင်နှမ နတ်ကွန်းရှေ့သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာ၏။

ဒီမှာပဲ မြိုင်လိုက်နေသော နွားမတစ်ကောင်နှင့် နွားသိုး တစ်ကောင်သည် သူတို့ဂျစ်ကားရှေ့မှ ရုတ်ချည်း ဖြတ်ပြေးလေရာ. . .

'ဟ ဟ ရှေ့မှာ ရှေ့မှာ'

'ဒီ'

'ကျွိ ကျွိ ကျွိ'

'ဝုန်း ချိမ်း'

'အား မလေး ဗျ'

'အား. . . အ. . . အ'

လုမ်းသတိပေး၍ ဒရိုင်ဘာက စတီယာတိုင်ကို ကွေ့ချ ရှော လိုက်ရာ အရှိန်လွန်ပြီး ကားက သစ်ပင်ကို ဝင်အောင်းလိုက်သည် သူဌေး ဦးကြည်ညွန့် ကားပေါ်မှ လွင့်စင်ကျသွားပြီး ကတ္တရာလမ်းပေါ်မှ လေးငါးပတ်လိမ့်၍ သတိလစ်သွားတော့သည်။

♛ ♛ ♛

(၃)

ထိုနေ့ ထိုရက် ထိုဖြစ်စဉ်များမှစ၍ သူဌေးဦးကြည်ညွန့် ကြီးစွာ ...င်တရသွားခဲ့သည်။ သူဆေးရုံမှာ တစ်လခန့် ဆေးကုသလိုက်ရ ... သူ့မျက်နှာရုပ်သွင် ချုပ်ရိုးရာ ဗလပွနှင့် ကြောက်စရာကြီး ဖြစ်သွားခဲ့ ...ည်။

သည့်နောက် သူ ထူးဆန်းသော ဆာဒူးအဘိုးအိုကို သွားရောက် ...ာင်းပန်သည်။ ဆာဒူးအဘိုးက 'သာဓု သာဓု သာဓု' ဟု ပြောပြီး ...ပ်နေလိုက်၏။

နောင်အခါ အကြောင်းကိစ္စရှိတိုင်း ဆာဒူးအဘိုးအို၏ ဆုံးမ ...ာပြောချက်ကို နာခံပြီး လုပ်ငန်းများလုပ်ခဲ့ရာ စီးပွားရေးမှာ ပို၍ ...တက်လာခဲ့လေသည်။

တစ်နေ့သောအခါ. . .

(------) စေတီ ဘုရားပရဝုဏ်မှ ရှေးဟောင်း ကြေးဆင်း



www.burmeseclassic.com

www.burmeseclassic.com



တုတော်တစ်ဆူ အနိုးခံလိုက်ရ၏။ ယင်းရွှေဟောင်း ကြေးဆင်းတုတော်ကား၊ ပါဒမင်း ရာဇစောနောင်မင်း ကောင်းမှုတော်ဟု ဆိုကြ၏။ နု သင်းကျစ်တော်မှာ ကျောက်မျက်ရတနာများ စီထားရကား တန်ဖိုး မနည်းလှချေ။

အာမခံသောခတ်၍ အပူဇော်ခံထားပါသော်လည်း မနက်မိုး လင်းတော့ သော့ပွင့်ပြီး ရွှေဟောင်းကြေးဆင်းတု ရုပ်ပွားတော်ကြီး ပလ္လင်ပေါ်မှာ မရှိတော့။ အမြင့် ဉာဏ်တော် တစ်ပေခန့်ရှိ၏။

ကျောင်းထိုင်ဘုန်းကြီးက ရွာသူကြီးကို ဦးစွာတိုင်ကြား၏ ရွာသူကြီးက မြို့ဂါတ်ကိုသွား၍ အမှုဖွင့်၏။ မကြာခင် ရဲပုလိပ်သား အမှုထမ်းများ ရောက်ရှိလာပြီး စစ်ဆေးကြည့်ရှုကြ၏။

ပြီးနောက် လက်စ လက်န ရှိသူများဖြစ်ကြသည့်–

ချူဦးတင်၊ မိးပြ အောင်ပိန်၊ ထောင်ထွက် ကျော်ဦးတို့ လူစုကိုလည်းကောင်း၊ အလုပ်မရှိ (၁၀၉) (၁၁၀) များကိုလည်းကောင်း ခြေချုပ်နှင့် နေသူများကိုလည်းကောင်း ခေါ်ယူစစ်ဆေးကြပါသော်လည်း ၎င်းတို့က မိမိတို့ လုံးဝ မကျူးလွန်ကြပါကြောင်း ပြောကြ၏။

တချို့က ဘုရားသစ္စာရေပင် သောက်၍ ကျိန်တွယ်ကြ၏။

သို့နှင့် အမှုက သဲလွန်စ ရှာလို့ပင် မရခဲ့။

ရဲပုလိပ်သားများ လွှတ်ဖြန့်၍ ရွာနီးဝန်းကျင်နှင့် မြို့တွင်း မြို့ပြင်များကိုပါ စုံစမ်းထောက်လှမ်းခဲ့ကြ၏။

ရွာသူကြီး အသီးသီးကိုလည်း ကိုယ့်ရွာမှ လက်စလက်န ရှိသူ များကို မျက်ခြည်မပြတ် စောင့်ကြည့်၊ အကြောင်းကြား သတင်းပို့ရန် အကြောင်းကြားခဲ့ကြပါသည်။ ပါဒမင်း ရာဇစောနောင် မင်းတရားကြီး ကောင်းမှုတော် ရွှေဟောင်းကြေးဆင်းတုတော်ကြီး ပျောက်မှုသတင်း





ည် မြို့ရွာဝန်းကျင်မှာ အကျော်ဒေးယျ ဖြစ်နေကြတော့လေသည်။

ဆာဒူးကြီးဦးဆာမိသည် ဘုရားဝတ်ပြု တရားထိုင်ပြီးနောက် င်လိုဏ် အပေါ်ဘက်မြေပြင်ရှိ ကျောက်ဖျာပေါ်မှာ အနားယူ ထိုင်နေ ၏ တောရိပ် ဝါးရိပ်ပေါ်မှ ကျေးငှက်များက သံစုံတွန်ကြူးနေရကား င်လိုဏ်ဝန်းကျင်သည် သာယာအေးချမ်းနေ၏။

ဆာဒူးကြီးက လည်ပင်းပေါ်က ပုတီးကိုဖြုတ်၍ တစ်လုံးချင်း နေ၏။ ထိုစဉ် မျက်နှာကို အဝတ်စီးပြီး မျက်လုံးနှစ်လုံးသာ ဖေါ် ားသည့် လူကြီးကြီးနှစ်ဦးသည် သူ့အနီးသို့ ခြေဖော့၍ ချဉ်းကပ် ကြ၏။

‘ဆာဒူးကြီး’

မိးကိုင်လူကြမ်းကြီးက ဆာဒူးကြီးရှေ့မှာရပ်၍ ခေါ်လိုက်၏။ ဒူးကြီးက စိပ်ပုတီးအစိပ်မပျက်။

‘ဆာ ဒူး ကြီး’

မိးကိုင်လူကြမ်းက အသံကိုမြှင့်၍ ခေါ်ပြီး ရှေ့သို့တိုးလိုက်၍ ဒူးကြီးရဲ့ ပုခုံးကို ကိုင်လှုပ်လိုက်ရာ ဆာဒူးကြီးခေါင်းမော့၍ နား ်လိုက်၏။ ကျန်တစ်ယောက်က ဆာဒူးကြီး လှုပ်လှုပ်ရှားရှား လုပ်လျှင် ခေါင်းကို ခုတ်ချရန် ရဲတင်းကို မြှောက်၍ အသင့်ပြင်ထား၏။

‘ဆာဒူးကြီး’

‘ဘာအလိုရှိပါသလဲ လူကလေးတို့’

ဆာဒူးကြီးက ယဉ်ကျေးသိမ်မွေ့သောအသံနှင့် မေးလိုက်၏။

‘ဒီမှာ ခင်ဗျားဆီကို ရဲတွေ ပုလိပ်တွေ သူကြီးတွေ လာကြ လား’

‘ကျုပ်ဆီကို ဘယ်သူမှ မလာကြပါဘူး လူကလေး။ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ'

'ကျိန်းသေရဲ့လား'

'ကျုပ် မလိမ်ပါဘူး၊ လူကလေးတို့ ဘာဖြစ်လို့လဲ'

'ဒါ ခင်ဗျား အလုပ်မဟုတ်ဘူး၊ ဒီမှာ အဘိုးကြီး'

'ပြောပါ လူကလေး'

'တစ်စုံတစ်ယောက်က ပစ္စည်းတစ်စုံတစ်ခု ပျောက်လို့ လာ မေးရင် ခင်ဗျား လုံးဝ ဗေဒင်ဟောစရာ ပြောစရာ မလိုဘူး ကြားလား'

'ဒါ ကျွန်ုပ်ကိစ္စပါ၊ လူကလေးတို့ မင်းတို့နဲ့ ဘာဆိုင်လို့လဲ'

'သြော် ဒါဖြင့် ခင်ဗျားကြီးက လာမေးရင် ပြောမယ် ဟော မယ် ဒီလိုလား'

'ဒါက ကျုပ်ရဲ့ ပညာပိုင်းပါ'

ဒီမှာပဲ ဓားရှည်ကိုင် လူကြမ်းကြီးက–

'(------) ဘုရားက ရွှေဟောင်းဘုရား ပျောက်တဲ့ကိစ္စ ခင်ဗျား ကြားပြီးပလား'

'ကျွန်ုပ် အလှူခံထွက်ရင်း ကြားပြီးပါပြီ လူကလေး'

'အဲဒီ သူခိုးတွေကို ခင်ဗျားသိသလား'

'ကျွန်ုပ် မြင်နေရပါပြီ လူကလေး'

'သူတို့ ပုံပန်းသဏ္ဍာန်က ဘယ်လို ပုံပန်းသဏ္ဍာန်လဲ ဆာဒူး'

'သင်တို့က သိချင်လို့လား'

'သိချင်လို့ မေးနေတာပေါ့ဗျ။ လျှာကိုရှည်တယ်ဗျာ'

'ဘာကြောင့် သိချင်ရတာလဲ လူကလေးတို့'

'တောက် နာချင်ပြီကွာ၊ ရှင်းရှင်းပြောရရင် အဲဒီဘုရားခံကို ဖေါ်ထုတ်ပြီး ဆုငွေလိုချင်လို့ဗျာ'





'ဒီလိုလား. . . ဒါမျိုး လူကလေးတို့ရယ်၊ ဒေါကြီးမောကြီး ...းနေရတယ်လို့ကွယ်၊ လူကလေးတို့ ကောင်းကောင်း ဆုချီးမြှင့်ခံရ ...အောင် ကျွန်ုပ် ကူညီလိုက်ပါမယ်။ စိတ်ချပါ ဒီရွှေဟောင်း ဘုရားသူ ...နှစ်ယောက်အနက် တစ်ယောက်ရဲ့ မျက်နှာပေါ်မှာ ဓါးခုတ်ရာ အမာ ...ရွတ်ကြီးပါတယ်လို့ ကျွန်ုပ်ရဲ့ မနောအာရုံမှာ ပေါ်နေပါတယ်။ နောက် ...ရဲ့ ညာဘက်မျက်ခုံးပေါ်မှာ ကွမ်းသီးလုံးလောက်ရှိတဲ့ အသားပို ...ကြီး ရှိနေပါတယ် လူကလေး၊ အသက် (၄၀)ခန့် ဝန်းကျင်ရှိပါတယ်။

ဒီမှာ လူကြမ်းကြီးနှစ်ဦးသည် တစ်ဦးမျက်နှာတစ်ဦး အဓိပ္ပါယ် ...ပါ စိုက်ကြည့်လိုက်ကြ၏။

'ဆာဒူး'

'ပြောပါ လူကလေး'

'သူတို့ အဲဒီရွှေဟောင်းဘုရားကို ဘယ်နေရာမှာ ဖွက်ထား ...ယ်လို့ ဆာဒူး မြင်နေပါသလဲ'

'သူတို့ အဲဒီ ရွှေဟောင်းဗုဒ္ဓကြေးဘုရားကို ချောင်းတစ်ခုရဲ့ ...ဆိပ်နဲ့မလှမ်းမကမ်းက ရွှံ့ထဲမှာ နှစ်မြှုပ်ဖွက်ထားတယ်။ သူတို့ ဒီဘုရား ...ကို ခုနေပြန်ပေးလိုက်ရင် ကံကောင်းလိမ့်မယ် နို့မို့ ငရဲပြည်ကို သွားရ ...လိမ့်မယ် လူကလေးတို့'

ဒီမှာပဲ ဓါးရှည်ကိုင် လူကြမ်းကြီးက ရဲတင်းကိုင် လူကို မေး ...ည်းဆတ်ပြလိုက်ရော. . .

'ကျား'

'ကျား'

'ကိုင်းဟာ သွားလေရော့'

'ဝိုး'



www.burmeseclassic.com

www.burmeseclassic.com



'ရှိုး'

'ဝှမ်း'

'ခွပ်'

'ဟာ'

'ဟင်'

ခါးသမားက ဆာဒူးကြီးရဲ့ ခါးကို ခါးနှင့်ပိုင်းလိုက်သလို၊ ရဲတင်းသမားကလည်း နောက်ကနေ ဦးခေါင်းကို အားကုန်လွှဲလို့ ခုတ်ချလိုက်၏။

ရဲတင်းသည် ကျောက်ဖျာထဲသို့ နစ်မြုပ်ပြီး ကျောက်ဖျာကွဲသွား၏။ ကြည့်လိုက်တော့ ထိုင်နေသည့် ဆာဒူးမရှိတော့။ သူတို့ အံ့ဩသွားကြ၏။

'ဆာဒူး'

'ဆာဒူး'

သူတို့အော်၍ခေါ်ပြီး လက်နက်များကို အသင့်ပြင်လိုက်ကြ၏။

'ကျွန်ုပ် သင်တို့နားမှာပါ လူကလေးတို့'

'ဟင်'

'ဟင်'

'ကိုင်းဟာ'

သူတို့လက်နက်များကို အားကုန်မြှောက်၍ ပြေးလာကြသောအခါ ဆာဒူးကြီး နှုတ်မှ မန္တန်တစ်ပုဒ်ရွတ်ပြီး ညာလက်နှင့် ဟန့်လိုက်ရာ လူဆိုး လူကြီးနှစ်ဦး တုန့်ခနဲ ရပ်သွားပြီး ဓါး၊ ရဲခဲ့င်း မြှောက်ကိုင်လျက် တောင့်တောင့်ကြီး ဖြစ်သွားတော့၏။

လူကြမ်းနှစ်ဦး လှုပ်ကြည့်ကြ၏။ အလို. . . လှုပ်လို့ မရတော့ပါလား။ သည့်နောက် ကြောက်လန့်အံ့ဩပြီး ပါးစပ်မှ တောင်းပန်ချ





င်းစပ်ကို ဟ.ကြည့်၏။ ဘုရားရေ ပါးစပ်ပါ ဟလို့ အော်လို့ မရတော့။

ဒီမှာပဲ ဆာဒူးကြီးက စာရွက်တစ်ရွက်ကို သွားယူလိုက်ပြီး နှင်းကို ရေဖျော်ကာ စာရွက်ပေါ်မှာ စာကြောင်းအချို့ ရေးလိုက်သည်။

ပြီးနောက် ၎င်းစာရွက်ကို လူကြမ်းတစ်ဦးရဲ့ ရင်ဘတ်ကြယ်သီးမှာ ဖောက်၍ ချွပ်ပေးခဲ့ပြီး ဘုရားစာများ မန္တာန်များ အတန်ကြာ ရွတ်ဆိုကာ ရေတစ်ခွက်ရေ့မှာချ၍ ထွက်ခွာသွားတော့သည်။

♛ ♛ ♛

(၅)

သူကြီးသည် ရဲများကို အကြောင်းကြားပြီး ဥမင်လိုဏ်ရှိရာ တောသို့ အမြန်ဝင်ခဲ့လိုက်၏။ ဆာဒူးသူတော်စင်ကြီးက ဥမင်လိုဏ်မှာလူဆိုးနှစ်ဦးကျောက်ရုပ်ဖြစ်၍နေသည် သွားခေါ်ပြီး မေးမြန်းပါဟု လာပြောပြီး ထွက်သွားသဖြင့် ရဲပုလိပ်များခေါ်၍ လိုက်ခဲ့ကြခြင်းဖြစ်သည်။

ဥမင်လိုဏ်တောသို့ ရောက်သွားသောအခါ ဓါးမြှောက်လျက်ရဲတင်းမြှောက်လျက်နှင့် ကျောက်ရုပ်လို ဖြစ်နေသော မျက်နှာအငယ်စည်း



www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ဦးကို သူတို့တွေ့လိုက်ကြ၏။

'ဟော့ကောင် နှစ်ကောင် ဘာဖြစ်နေတာလဲ'

သူကြီးက သူတို့အနီးသို့ တိုးကပ်၍ မေးလိုက်သော်လည်း သူတို့က စကားလုံးဝမပြော၊ ကြောင်၍ကြည့်နေကြ၏။ ဘယ်လို မေး ပြန်မပြောနိုင်ကြ။

သို့နှင့် ကိုင်လှုပ်၍ မေးလိုက်တော့. . .

'အဲလိုလေး'

'ဘာဖြစ်လို့လဲ သူကြီး'

'ရာဇဝတ်အုပ်မင်း သူ သူတို့ ကျောက်ရုပ်လို တောင့် တော နေကြပြီ ခင်ဗျာ၊ ဘုရား ဘုရား အသက်မရှိတော့ပုံအဲ ရာဇဝတ်မင်း

ရာဇဝတ်အုပ်မင်း ဦးဖော်ဗိက မယုံ၍ ကိုင်ကြည့်သည် ကိုင်ရ အံ့သြသွား၏။ သူတို့နှစ်ဦးရဲ့ အသားအရေသည် အေးစက်၍ တော နေ၏။

ဒီမှာ မေးမရ၊ ခေါ်မရ၊ လှုပ်မရ ထူးဆန်းနေ၍ တစ်ဦးလူ ရင်ဘတ်မှ စာရွက်ကိုတွေ့ပြီး ယူကြည့်လိုက်တော့ နန္ဒင်းဖျော်ရည် ကုလားလိုရေးသားထားသော စာကြောင်းစာလုံးများကို တွေ့လိုက်ရ ရာဇဝတ်အုပ်မင်း ၎င်းစာကို မဖတ်တတ်။

သို့နှင့် ကုလားစကား ကုလားစာတတ်သော တပည့်ပုလိ သားတစ်ဦးကို ဖတ်စေသောအခါ အောက်ပါအတိုင်း သိရတော့၏။

'ယခု လူဆိုးလူမိုက်နှစ်ဦးသည် (------) မှ ပါဒယ် ကောင်းမှုဆိုသော ရှေးဟောင်းကြေးဘုရားဆင်းတု ခိုးသူ နှစ်ဦးဖြစ်သည် သူတို့ ဘုရားဆင်းတုကို ချောင်းထဲမှာ ဖွက်ထားသည်။ သူတို့ ဆုတော် လိုချင်လို့တဲ့။ ကောင်းကောင်းဆုချီးမြှင့်လိုက်ပါ. . .





ဗုဏ်ဆံ ဆရဏံ ဂစ်ဆာမိ

ဓန်မံ ဆရဏံ ဂစ်ဆာမိ

ဆန်ဃံ ဆရဏံ ဂစ်ဆာမိ. . .

သူတို့ အသက်ပြန်ဝင်ရန်အတွက် သူတို့ရှေ့ရှိ ရေခွက်မှ ရေနှင့် သူတို့ကို တောက်ဖြန်းပေးလိုက်ပါ။ သူတော်ကောင်းတို့'

'ဟင် ဒီလိုကိုး၊ ကိုင်း သူကြီး လုပ်စမ်းဗျာ'

ဒီမှာ သူကြီး ဦးမောင်ထုက သူတို့ရှေ့ရှိ ရေဖလားမှ ရေနှင့် ကျောက်ရုပ်လူသားနှစ်ဦးကို ဖြန်းတောက်ပေးလိုက်သောအခါ အံ့ဖွယ် ကောင်းလေစွ၊ ချက်ချင်းအသက်ဝင် လှုပ်ရှားလာကာ ရဲများကို မြင် သည်နှင့် ပြေးရန်ပြင်လိုက်စဉ် ဝိုင်းရံချိန်ထားသည့် သေနတ်ကိုင် ရဲသား များအကြား နောက်ဆုံးလက်နက်ချ၍ အဖမ်းခံလိုက်ကြရတော့၏။

ဒီမှာပဲ သူတို့နှစ်ဦး မျက်နှာပေါ်မှ အဝတ်များကို ဖြည်လိုက် သောအခါ တစ်ဦးရဲ့ မျက်နှာပေါ်မှာ ဓါးခုတ်ရာ ကန့်လန့်ကြီးနှင့်၊ နာမည်က ဓါးကြီးညောဏ်တဲ့. . .

နောက်တစ်ဦးမှာ ညာဘက်မျက်ခုံးပေါ်မှာ ကွမ်းသီးလုံးခန့် အသားပို တွဲလောင်းနှင့် နာမည်က အသားပို ငစိန်တဲ့။

နာမည်ကြီး သူခိုးနှစ်ဦးဖြစ်၏။ ထောင်ထွက်များဖြစ်၏။ သူတို့ ရွာမှာ ခိုအောင်း၍ ကြံစည်သည်မှာ ရက်အတန် ကြာပါပြီတဲ့။

အရပ်ရုပ်ဆို့၍ ဝန်းရံထားသဖြင့် ဘုရားကို ပြင်ပသို့ ခိုးမထုတ် နိုင်၍ (-------) ချောင်းရေထဲမှာ နှစ်ထားဖွက်ထားကြောင်း ဖြေခဲ့ကြ၏။

ဒီမှာ ရာဇဝတ်အုပ်မင်းက. . .

'မင်းတို့က ဘယ်လိုဖြစ်ပြီး ကျောက်ရုပ်ဖြစ်နေကြတာလဲ'



www.burmeseclassic.com

သူခိုးနှစ်ဦးက ဖြစ်ကြောင်းကုန်စင်ကို ပြောပြကြသည်။

'ဘုရားကို ခိုးထုတ်သယ်ဖို့ ခက်ခဲစွာ ကြံစည်နေစဉ် ထူးဆ
သော သူခိုးဖေါ်၊ ပစ္စည်းပျောက်ဟော ဆရာဒူးကြီးအကြောင်း ကြားသိ
ဆရာဒူးကြီးကို ဖေါ်မပြော၊ ဟောမပြောနိုင်အောင် စိတ်စမ်း မေးမြန်းရ
အဟုတ် မှန်ကန်နေသည့်အတွက် ဒီ ဆရာဒူးအဘိုးကြီး သေမှအေးမည်
ဆိုပြီး အသေလုပ်ကြံကြရာမှ နောက်ဆုံး ဆရာဒူးကြီးရဲ့ ထူးဆန်းသော
ပညာရပ်များကြောင့် ကျောက်ရုပ်ဖြစ်ပြီး အဖမ်းခံရပါကြောင်း ဝ
ကြလေသည်။

♛ ♛ ♛

(၆)

ပါဒမင်း ရာဇဓေနောင်မင်း ကောင်းမှုတော် ရတနာစီ ရွှေဟော
ကြေးသွန်းဘုရားကို ပြန်ရခဲ့ကြပြီး...

ခါးကြီးဗြောဇ်နှင့် အသားပို ငစိန်ကို ဆုတော် လာဘ်ဝေ
များအဖြစ် ထောင်ဒဏ် ငါးနှစ်စီ အစိုးရမှ ချီးမြှင့်လိုက်၏။

ရွာသူကြီး၊ ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် ဂေါပကအဖွဲ့
များသည် ဆရာဒူးကြီးကို လွန်စွာ ကျေးဇူးတင်၍ ကျေးဇူးဆပ်ရန် အလို





ကြီး တရားမြွက်ကျင့်ရာ မြေအောက်ဥမင်လိုဏ်ဂူ အရပ်သို့ ရောက်
သော် ဆရာဒူးကြီး မရှိတော့...

သူတော်စင်တစ်ဦးအား ဆရာဒူးကြီး ဘယ်ကို သွားပါသလဲဟု
ကြည့်သောအခါ...


'မသိ' ဟူသော စကားကိုပဲ နောက်ဆုံး ကြားသိခဲ့ရလေ
သည်။'

◆ မောင်ညိုမှိုင်း(သန်လျင်)

သည်းထိတ်ရင်ဖို၊ ၂၀၀၇ခုနှစ်၊ နိုဝင်ဘာလ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## စံပယ်ရနံ့သင်းနေသည့် ဘဲလ်တီးသံများ

(၁)

ကိုပေါက်ချွန်း အဲဒီလောက်ကြီး အစွဲအလမ်းနှင့် အတွယ်ကြီးဖြစ်မည်ဟု မထင်ခဲ့။ ယခု လက်တွေ့ကြုံကြရမှ သူ့ဘဝကိုတွေးပြီး ကျွန်တော်တို့ စိတ်မကောင်းခဲ့။

ကိုပေါ့က်ချွန်းကား ဆိုက်ကားနင်းစားသူ ဖြစ်၏။ အသက် (၅၀)ခန့် ရှိပြီ။ သားသမီး (၅)ယောက်နှင့် ဇနီးသည် မနီလာမြင့် ရှိ၏။ သားသမီးများကို အလွန်ချစ်၏။ထို့ပြင် ဇနီးသည်ကိုလည်း နှစ်နှစ်ကာကာ ချစ်၏။ ၎င်းတို့ထက် သူ့ဆိုက်ကားကို ပို၍ ချစ်၏။ သံယောဇဉ်ကြီး၏။ သကားနေ လူမရသေးလျှင် ဂိတ်မှာ ဆိုက်ကားကို အဝတ်စုတ်နှင့် ဘိုက်နေ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ သူ၏ဆိုက်ကားသည် အစဉ်အမြဲ တောက်ပြောင်သ
ရှင်းလျက် ရှိနေ၏။ သူ့ဆိုက်ကားလက်ကိုင်နှစ်ဖက်တွင် သပြေ
စိမ်းစိမ်းစိုစိုများကား မိုးလင်းလျှင် ထောင်နေ၏။

ကျွန်တော် ရန်ကုန်မှ ပြန်လာလျှင် အမြဲတမ်း သူ့ဆိုက်ကာ
စီးလေ့ရှိသည်။ ကျွန်တော်ကား ကိုပေါက်ချွန်း၏ဖောက်သည် ဖြစ်
သတည်း။

ဒါ့အပြင် ကိုပေါက်ချွန်းသည် အရက်သောက်လေ့ရှိ
အပင်ပန်းခံဟု ဆိုပြီး သောက်၏။ ကျွန်တော်က စကားပြောကော
ရန်ဆိုပြီး သောက်၏။

သို့နှင့် သူနှင့်ကျွန်တော်သည် အိမ်မပြန်ခင် မကျောင်းမြဆိုင်
အနည်းဆုံး တစ်လုံးသောက်လေ့ရှိ၏။ တွေ့လာလျှင် နေ့စဉ်ပြောနေ
စကားကို အပ်သွားအသစ်လဲ၍ ဓာတ်ပြားဟောင်းကြီး ပြန်ဖွင့်လေ့ရှိ

"ဒီဆိုက်ကားက ကျွန်တော်တို့ မိသားစုရဲ့ ကျေးဇူးရှင် ဆရာ
ဆိုက်ကား အမြဲနေကောင်းနေဖို့ အရေးကြီးတယ်"

"ဆိုက်ကားနင်းတဲ့ ခင်ဗျားလည်း နေကောင်းနေဖို့ ပိုအရေး
ကျတာပေါ့ဗျာ၊ ဒါလည်းဒါပေါ့ဆရာ။ ကျွန်တော်ကတော့ ဒီဆိုက်ကာ
အဖေလို အမေလို၊ နောက်မယားလို ချစ်နေ၊ ရှိသေနေတာပဲ သိလာ

"လက်ရှိမယား မနီလာထက် ပိုချစ်နေတယ်လို့ ပြောတာလာ
အော့"

"အဟဲဟဲဟဲ. . . အော့. . . ဒီဆိုက်ကားက မနီလာနဲ့ မညာ
ကတည်းက နင်းလာတဲ့ဆိုက်ကားဆိုတော့ ယယ်ရည်းစားအစစ်ပါ ဆ
ယယ်ကအချစ် အနှစ်တစ်ရာမမေ့သာ ဆိုတဲ့စကား ဆရာ စာရေးဆ
အော့. . . ကြားဖူးပါတယ်ဗျာ"

---

စိတ်ကူးသစ်စာပေ



သို့ကလို လူစားတည်း။

အိမ်ပြန်ရောက်လျှင် လူအရင်ရေမချိုး။ ဆိုက်ကားကို ရေအရင်
ချိုးပေး၏။ ကြေးတွန်း၏။ အဝတ်ခြောက်နှင့် စိတ်ကြိုက် သန့်စင်၏။
အသမီးများကို မနိုင်း။ သူကိုယ်တိုင် နေ့စဉ် ပြုစုယုယ၏။ ပြီးမှ
သူရေချိုး၏။ ဒီနောက် မယားလုပ်သူ ပြင်ပေးထားသည့် ခဲပေါ်ပေါ်
ကြမ်းကြမ်း ဆန်ကြမ်းဟင်းလျာနှင့် အဝ လွေး၏။

ကိုပေါက်ချွန်းက. . .

ယစ်တစ်တစ် ရှိလာတိုင်း ရင်ဖွင့်လေရာ. . .

"ကျွန်တော်က ဆိုက်ကားသမား မြိုင်ထနှစ်ပါးသွားကို ကတ္တီပါ
ဆိုက်ကားနှင့် စာဖွဲ့ဦးမည်"

ဟု ကတိပြုခဲ့ဖူးလေသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၂)

ကြားလိုက်ရသည့် စကားကြောင့် ကျွန်တော့်နားကိုပင် ကျွန်တော်
မယုံနိုင်တော့။

ရန်ကုန်မှ ပြန်လာသည့် ကားပေါ်မှ ဆင်းသည်နှင့် ဆိုက်ကား
ဂိတ်မှ စီးတော်ယာဉ် ကိုပေါက်ချွန်းဆိုက်ကားကို လိုက်ရှာသည်။ မတွေ့

"ကိုပေါက်ချွန်း ခရီးသည်ရသွားလို့လားဗျ"

အနီးရှိ ဆိုက်ကားသမား(၁၀)ဦးခန့်ကို ကျွန်တော် လှမ်းမေး
လိုက်သည်။

"ဆရာ မကြားသေးဘူးလား"

"ဗျာ၊ ဘာကိုလဲ ကိုတုံးကျော်"

"ဟို...ဟို ဆရာ့လူ ကိုပေါက်ချွန်း နေ့ခင်းက ကားကြိတ်
လို့ ဆုံးသွားပြီ ခင်ဗျ"

"ဟင်...ဟုတ်ရဲ့လားဗျာ၊ မနောက်ကြပါနဲ့ ကိုတုံးကျော်

"မယုံရင် ဟိုကောင်တွေကိုသာ မေးကြည့်တော့ဗျာ"

ဒီမှာ ဆိုက်ကားသမားများက ကျွန်တော့်အနီးသို့ ရောက်ရှိ
ကြပြီး–





"ဟုတ်တယ် ဆရာမှိုင်း။ ဆရာ့လူ ဈေးအနောက်ဘက်မှာ
ကြိတ်လို့ဆုံးသွားပြီ"

"ဘုရား...ဘုရား၊ ဖြစ်ရလေ ကိုပေါက်ချွန်းရယ်–တောက်"

ဖြစ်ပုံက ဒီလိုတဲ့။ ဆန်အိတ်နှစ်အိတ်တင်ပြီး ဈေးကအထွက်
ချင်တော့ ချိုင့်ခွက်ကိုရှောင်ရင်း ဆိုက်ကားကအလဲ၊ နောက်မှ
ကျော်ဝင်လာတဲ့ကားက သူ့ကို ကြိတ်သွားတဲ့အခါ။

ကျွန်တော် သူ့အလောင်းထားရာ ဆေးရုံသို့ လိုက်သွားခဲ့သည်။
မှာ ကြေကွဲရင်နင့်စရာ သူ့အလောင်းကို မြင်ခဲ့ရသည်။ မရှုရက်
ရက်စရာပါလား။

သူ့အိမ်ကိုရောက်သွားတော့ သူ့မိသားစုက ကျွန်တော့်ကို မြင်
နှင့် အော်ဟစ်ရှိုက်ကြတော့သည်။

"ကိုပေါက်ချွန်းရေ...အစ်ကိုရေ၊ အစ်ကို့ဆရာလာနေပြီ
က်ချွန်းရဲ့...ဟီး ဟီး ဟီး"

သူတို့မိသားစုနှင့်အတူ အိမ်ပေါ်ရောက်နေကြသည့် ဆိုက်ကား
တွေ မျက်ရည်စက်များနှင့်အတူ ကျွန်တော်ပါ မျက်ရည်ကျခဲ့ရ

သွားပေဦးတော့ ကိုပေါက်ချွန်းရေ။

ထိုနေ့ညက–

သောက်ဖော် ကိုပေါက်ချွန်း မပါဘဲ ကျွန်တော်တစ်ဦးတည်း
နေစဉ် ကျွန်တော့်ကျောကို နောက်မှ လှမ်းပုတ်လိုက်သဖြင့်
ကြည့်လိုက်တော့ ဘယ်သူမှမရှိ။

ထိုစဉ် ငုံ့ထည့်ထားသော အရက်ဖန်ခွက်သည် နေ့ရင်း
ကြည့်ရင်း ဘောင်ဘင်ခတ်၍ လှုပ်နေ၏။ ပြီး–ရွေ့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား . . . ဘုရား။

လျှင်လည်းမလှုပ်ဘဲ ဘာကြောင့် အရက်ခွက် ဘော
ခတ်၍ နေရာရွေ့သွားပါလိမ့်။

ထိုစဉ်တွင် ကျွန်တော့်ကျောကို နောက်တစ်ကြိမ် လှ
လိုက်ပြန်၍ လှည့်ကြည့်လိုက်သည်။ ဘယ်သူမှမရှိ၊ ကြက်သီးများ ဖြ
ထသွားခဲ့သည်။

ဒီမှာပဲ ထောင်ထားသည့်အရက်တစ်ဝက် ဖန်ခွက်သည် ရ
ယောက်လက်နှင့် ကောက်ဆွဲလိုက်သကဲ့သို့ တစ်ပေခန့် ရွေ့ပါသွ
လဲကျကာ အရက်များတစ်ဖက်သို့ စီးမျောသွားသည်ကို အံ့ဩ
လိုက်ရသောအခါ ကျွန်တော် ဖျဉ်းခနဲ ဖြန်းခနဲ ခေါင်းကြီးသွား

ကျွန်တော် သိပ်များမူးနေလို့လား။

အမှန်တော့ ကျွန်တော်မမူးသေး။

မဟုတ်မှလွဲရော–

"ဟူး . . ."

♛ ♛ ♛

(၃)

အုံ့ဩစရာကောင်းလှသည်ကား ကိုပေါက်ချွန်း အသုံးချရက်လည်
မှုနောက်ပိုင်း ဖြစ်ရပ်များပဲ ဖြစ်၏။ ကိုပေါက်ချွန်းမိန်းမ မနီလာမြင့်က
ားဝတ်နေရေးအတွက် ဒီကိုယ်ပိုင်ဆိုက်ကားကို အုံနာလုပ်၍ အငှားချ
သည်။

ဒီမှာ ကိုပေသီးက ယူ၍နင်း၏။

နင်းသည်ရှိသော် နင်းလို့မရ။

သို့နှင့် ဆိုက်ကားပြင်ဆိုင်ဆီသို့ မ,တွန်း၍ ဆိုက်ကားခြေနင်း
ခုံကို စစ်ဆေးခိုင်းလိုက်သည်။ အားလုံးအကောင်းပါပဲ။

ကောင်းသည်ဆိုသော်လည်း ကိုပေသီး တက်၍နင်းလျှင် လုံးဝ
မရွေ့၊ သို့နှင့် မနင်းတော့ဘဲ မနီလာမြင့်ထံ ပြန်အပ်ခဲ့လိုက်ရတော့သည်။

"ဘာဖြစ်လို့လဲ ကိုပေသီး"

"နင်းလို့မရဘူးဟ၊ ဘာဖြစ်မှန်းလဲမသိဘူး"

"မရလည်းနေတော်"



www.burmeseclassic.com

www.burmeseclassic.com



ဒီနောက် ကိုပေါက်ချွန်းရဲ့သား ကျောက်ခဲက ဆိုက်ကားကို တက်နင်းကြည့်၏။ ကြည့်စမ်း၊ဆိုက်ကားသည် ဘီးကိုလှိမ့်လို့၊ ဒီမှာ မနီလာမြင့်က ကိုပေသီးကို ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲပစ်လိုက်လေသည်။

ကိုပေသီး နင်းလို့မရသည့် ဆိုက်ကားကို နောက်နေ့ကျတော့ ကိုကုလားကြီးက ပါးစပ်မှ အော်ပြောလိုက်၏။

"ပေါက်ချွန်းရေ သူငယ်ချင်း၊ ငါ့ကို နင်းခွင့်ပြုပါ ပေါက်ချွန်းရာ"

ဒီလိုပြောပြီး ဆိုက်ကားကို နင်း၍ ထွက်လာခဲ့ရာ အိုကေ အဆင် ပြေသွားခဲ့၏။

သို့နှင့် ဈေးဦးပေါက် ပွဲစားကြီး ဦးနိုင်ဝင်းကျိုကို ဘင်၌ နင်းခဲ့၏။ ဝါးနှစ်ပြန်ခန့်နင်းပြီးသောအခါ ဆိုက်ကားမှောက်တော့၏။ ပွဲစားကြီး နဖူးကွဲသွား၏။ ကိုကုလား ဒူးပြဲသွား၏။ ပွဲစားကြီး ဦးနိုင်ဝင်း ကား ဆိုက်ကားသမား ကိုကုလားကြီးကို ဆဲလိုက်သည်မှာ ရစရာမရှိ

သွေးသံရဲရဲနဖူးကို လက်ကိုင်ပဝါနှင့်အုပ်ပြီး နီးရာဆေးခန်းသို့ ပြေးရသည်။

ကိုကုလားကြီး၏ ကုသိုလ်ကံကား ဤမျှနှင့် မရပ်သေး။

အပျိုကြီး မဒေါင်းကို ပါစင်ဂျာ ရတော့၏။ အပျိုကြီး မဒေါင်း သည် အလွန်ဝ၏။ အပျိုကြီး မဒေါင်းလည်း ကိုကုလားကြီးနှင့် ပေါင်း၍ ကံမကောင်းရှာသမို့ မြေလမ်းအကွေ့မှာ ဆိုက်ကားမှောက်ပြန်တော့သည်။ အပျိုကြီး မဒေါင်း မှောက်ခုံကြီး ဒူးပေါ် ပေါင်ပေါ်နှင့် မထနိုင်ရှာ ကယ်ပါယူပါ တစာစာ အော်နေရသည်။ ဆိုက်ကားမှောက်၍ လမ်းသွား လမ်းလာ ကားများ ရပ်ထားရ၏။

အပျိုကြီးမှာ ကတ္တရာလမ်းနှင့် နှာခေါင်း နှစ်ပါးဂဟေဆက်ပြီး သွေးသံရဲရဲ။ ကိုကုလားကြီးကား အသားကုန်အတုတ်ခံရသည်။ မဒေါင်းကို





ညီး ယောကျ်ားကြီး လေးငါးယောက် မနည်းဝိုင်းထူပေးရ၏။

ထိုနေ့မှစ၍ ကိုကုလားကြီးမှာ ကိုပေါက်ချွန်းရဲ့ ဆိုက်ကားကို တော့။ မနီလာမြင့်လည်း အုံနာခ တစ်ပြားမှမရ။

ဆိုက်ကားသမားများကတော့ ကိုကုလားကြီး မနင်းတတ်ဘဲ ဆိုပြီးဟု ဝေဖန်ကြ၏။

တတိယမြောက် အငှားနင်းသူကား ကိုကျော်ပွေး ဖြစ်၏။

ကိုကျော်ပွေးသည် ဆိုက်ကားနင်း ကျွမ်းကျင်သူဖြစ်၏။ သို့နှင့် သာထံမှ အငှားယူနင်း၏။

"ကိုကျော်ပွေး"

"ဘာတုန်း မနီလာ"

"ဒီနေ့တော့ အုံနာခလေး ရပါစေတော်"

"စိတ်ချပါ မနီလာရာ၊ ငါက ပေသီးတို့၊ ကုလားကြီးတို့လို ချားမဟုတ်ပါဘူး။ နင် ဒီနေ့ အုံနာခ ရကိုရစေမယ် စိတ်ချ"

သို့နှင့် ညည့်ဦးပိုင်းလေး ဝင်ဆွဲလိုက်၏။ အိမ်ကအထွက် လုံးဝ ဆင်ပြေ၏။ ဆိုက်ကားက ညည့်ဦးပိုင်းမှာ ဆွဲလို့ကောင်း၏။ ဈေးလည်း ဦးစွာ ကုလားအဘိုးကြီးတစ်ဦး ဈေးဦးပေါက်၏။

"ဘယ်သွားမှာလဲ မာမူ"

"ညောင်သုံးပင် သချိုင်းဝ ကောင်လေး"

"ဗျာ–ညောင်သုံးပင် သချိုင်းဝ၊ ညမှောင်နေပြီ မာမူ၊ ကျွန် မလိုက်ဘူး"

"လိုက်ပါ ကောင်လေး၊ ဈေးကောင်းပေးပါ့မယ်"

"ဘယ်လောက်ပေးမှာလဲ"

"သုံးရာ"



www.burmeseclassic.com

www.burmeseclassic.com



"သုံးရာနည်းတယ်၊ ငါးရာပေးရင် လိုက်မယ်"

ကုလားအဘိုးကြီးက လေးရာဆစ်သည်။ ကိုကျော်မွေးက ... မလျှော့။ နောက်ဆုံး ကုလားအဘိုးကြီးနှင့် သူ့အထုပ်ကြီးကို ဆိုက်... ပေါ်တင်ကာ ဆေးရုံရှေ့ ရင်ခွဲရုံကိုကျော်၍ မြို့တော်ရှင်နတ်ကျ... ကျော်ဖြတ်ပြီး သစ်တောဦးစီးကွေ့အလွန် ညောင်သုံးပင်သချိုင်းဝင်အ... လမ်းဝမှာ ရပ်လိုက်သည်။

ကုလားအဘိုးကြီးက ငွေငါးရာထုတ်ပေးပြီး ဆလံများပေ... ကျေးဇူးစကားများဆိုကာ အထုပ်ကြီးကို ခေါင်းပေါ်ရွက်လို့ ညောင်... ပင်သုသာန်ထဲသို့ ဝင်သွား၏။

"ဟူး . . . တော်ပါသေးရဲ့၊ ဟိုဖွတ်ကျားများလို ဆိုက်... မမှောက်ပေလို့"

ဒီနောက် 'ခုနေ အပြန်ခရီးသွား ပါစင်ဂျာရရင် ကောင်းမှာ' ဟု တွေးလိုက်၏။ မနီလာမြင့်အတွက် အုံနာခတော့ရပြီ။ ကိုယ့်အတွ... လိုသေးသည်။ ဒါပေမယ့် ခရီးသည်က မရ။ အေးလေ၊ လမ်းမှာရ... ရမှာပေါ့။

ဒီလိုတွေးပြီး ဆိုက်ကားကို အမှောင်ပိုးတဝါးအောက်မှာ နင်း... စဉ် နင်းရင်းဆိုက်ကား လေး၍လေး၍ လာ၏။

ဆိုက်ကားခြေနင်းကြောင့်လား၊ ချိန်းကြိုးတင်းလို့လား ... ဆေးကြည့်၏။

အားလုံးအကောင်း။

ဒီမှာ နင်းရင်း ဆိုက်ကားက ပို၍လေးလာ၏။ တောတော... ကုလားအဘိုးကြီးကို တင်နင်းရသည်ထက် ပို၍လေးနေ၏။ လျှာ... ထွက်ချင်နေပြီ။

---

စိတ်ကူးသစ်စာပေ



ဘုရား . . . ဘုရား ဘယ်လိုဖြစ်တာပါလိမ့်။

မနင်းနိုင်တော့ ဆင်း၍တွန်းရသည်။ တွန်းရသည်မှာ မနည်းကို ...ိုက်၍တွန်းရ၏။

ဒီမှာပဲ နှာခေါင်းထဲသို့ စူးဝါးသောအပုပ်နံ့ကြီး ဝင်လာ၍ ...ျော်မွေး ထိုးအန်ရတော့၏။ ကြက်သီးများလည်း ဖြန်းဖြန်းထလာ... ခေါင်းနပန်းများလည်း ကြီးလာသည်။

ဆိုက်ကားကလည်း ပို၍ လေးလာတော့သည်။

အပုပ်နံ့သည် တောက်လျှောက် သူ့နံဘေးမှ လိုက်လာနေ၏။

ဘုရား . . . ဘုရား ညောင်သုံးပင်သချိုင်းမှ တစ္ဆေသရဲ မကောင်း...များ လမ်းကြုံစီးလိုက်ပါရောသလား။

"ဘုတ်"

"အမလေးဗျ"

သူ့နောက်ကျောကို တစ်စုံတစ်ဦးက လက်ဝါးနှင့်ပုတ်သလို ...၍ ငယ်သံပါအောင် အော်လိုက်၏။ လှည့်ကြည့်တော့ ဘယ်သူမှ

သို့နှင့် ကြောက်ဇောများနှင့် အားစိုက်၍ တွန်းလာစဉ် သူ့ဆံပင် ...ထောင့်ဆွဲသလို ခံစားလိုက်ရပြီး တစ်ကိုယ်လုံး တုန်နေတော့သည်။

ကျားဘုရားအနီးသို့ ရောက်သောအခါ နောက်ဆုံး ဘုရား ရှိခ... လက်အုပ်ချီပြီး–

"ယံဒုန္နိ မိတ္တံ အဝမင်္ဂလဉ္စ
ယောစာမနာပေါ သကုဏဿသဒ္ဒေါ
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ
ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု . . ."

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အစချို ပုဗ္ဗဏှသုတ်ပရိတ်တော်ကို အော်ရွတ်လိုက်တော
အပုပ်နံ့ကြီးလည်း အဝေးသို့ရောက်သွားသကဲ့သို့ ဆိုက်ကားလည်း နင်
မှ ရုတ်ခြည်းအံ့ဖွယ် ပေါ်သွားကာ ဒုန်းစိုင်း နင်းပြေးခဲ့တော့လေသ

♛ ♛ ♛

(၄)

နောင်အခါ ကွယ်လွန်သူ ကိုပေါက်ချွန်းရဲ့ ဆိုက်ကားကို ဘ
သူမှ မနင်းရဲကြတော့ပေ။ ဆိုက်ကားသမားသုံးဦး အပြောအရ ညအ
အိပ်ပျော်ချိန်များ ကွယ်လွန်သူ ဆိုက်ကားသမား ကိုပေါက်ချွန်းက
မက်ပေးသည်တဲ့။

"မင်းတို့ ငါ့ဆိုက်ကားကို နင်းရဲနင်းကြည့်စမ်း၊ နင်းရင် ဓ
သာပြင်ထား"

ဟု ကိုပေါက်ချွန်းက ခေါင်းပြားကြီးနှင့် အော်ပြောခဲ့သည
ဆိုကြလေသောအခါ ၎င်းဆိုက်ကားကို ဘယ်သူမှ ငှား၍ မနင်းရဲကြ

ဆိုက်ကားသမား အဝန်းအဝိုင်းမှာ ကိုပေါက်ချွန်း မက





မလွတ်ဘဝနှင့် သူ့ဆိုက်ကားကို တွယ်တာသံယောဇဉ်ကြီးစွာနှင့် မက်မော
နေသဲဟု ဝေဖန်စကားဆိုကြ၏။

ပြောရလျှင်တော့ ကိုပေါက်ချွန်းကား သက်ရှိထင်ရှား ရှိစဉ်
တတည်းက သူ့ဆိုက်ကားမှ သူ့ဆိုက်ကား ဖြစ်၏။ သ,၏။ မွန်း၏
ကြော့နေအောင် ပြုပြင်၏။ အခြားလူများက ဈေးကောင်းပေးဝယ်သည့်
ိုင်၊ အလိုက်များများပေး၍ ဝယ်သည့်တိုင် လုံးဝ မရောင်း။

"ငါသေရင်တောင် ဆိုက်ကားပေါ်က မခွာဘူး၊ လာနင်းမှာ"

အဲဒီလို ပြောခဲ့ဖူး၏။

မဟုတ်မှလွဲရော၊ ကိုပေါက်ချွန်းတစ်ယောက် အစွဲအလမ်းကြီး
ခြင့် မကျွတ်မလွတ်ဘဲ သူ့ဆိုက်ကားကို စောင့်ရှောက်နေရော့သလား။
ွယ်နေရောသလား။

မနီလာကတော့ ဒီလိုပြောစကားများကို မယုံတစ်ဝက် ယုံတစ်
က်။ အကြောင်းမူ ကွယ်လွန်သူ သူမယောက်ျားက သူမတို့မိသားစုကို
ာအိပ်မက်မှ မပေးခဲ့။ မနှောင့်ယှက်ခဲ့။ မခြောက်လှန့်ခဲ့။

တစ်ခုတော့ ရှိသည်တဲ့။

တစ်ည –

အိမ်အောက်မှာ သော့ခတ်ထားသည့် ဆိုက်ကားက ညဉ့်သန်း
ာင်ခန့်မှာ ဘဲလ်ထမြည်၍ မိသားစု မီးထွန်းပြီး ထ၍ကြည့်ကြသည်။
ိုးများလားရယ်ဖေါ့။ တံခါးက သော့ခတ်မြဲ။ ဆိုက်ကားကား သော့
ခတ်ထားမြဲ။ သို့နှင့် မိသားစု စစ်ဆေးပြီး အိမ်ပေါ်ပြန်ရောက် အိပ်ရာ
သို့ ဝင်လိုက်သောအခါ –

"ကလင် ကလင် ကလင် ကလင်"

အားလုံး ကြက်သီးဖြန်းဖြန်းထ၍ သွားကြတော့သည်။ အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကား အိမ်အောက်ရှိ ဆိုက်ကားမှ ဘဲလ်မြည်နေသောကြောင့် တည်း။

ပြောရလျှင်. . . ။

ကျွန်တော့်မှာလည်း ထူးဆန်းသောအဖြစ်များ ကြုံနေရ၏။ ကိုပေါက်ချွန်း ကွယ်လွန်ချိန်မှစ၍ အိမ်ပြန်လျှင် ဘယ်သူ့ဆိုက်ကားမှ မစီးတော့။ အနည်းငယ် ဆိုင်မှာဝင်ပက်ပြီး လမ်းလျှောက်ပြန်လေ့ရှိ၏။

သို့ပြန်လာပါက မှောင်ရိပ်ရောက်လျှင် ကျောကုန်းကို ခဲသေး သေးလေးများဖြင့် အပေါက်ခံရ၏။ လှည့်ကြည့်လျှင် ဘာမှမရှိ။ နှစ် ကြိမ်သုံးကြိမ် အပေါက်ခံရ၏။ ပြီး နောက်မှ နံဘေးမှ လူလိုက်လာသလို ခြေသံများ ကြားရ၏။ လှည့်ကြည့် ဘာမှမရှိ။

သို့နှင့် ဖြစ်ချင်ရာဖြစ် မေးလိုက်၏။

''ကိုပေါက်ချွန်းလားကွ''

ဘာတုံ့ပြန်ပြောသံမှ မကြားရ။ နှစ်ကြိမ်သုံးကြိမ် မေးလည်း ဘာပြောသံမှ မကြားရ။ တစ်ခါတစ်ရံ အလွန်ဆိုးဝါးလှသော အပုပ်နံ့ ကြီးက ကျွန်တော့်နောက်မှ ကပ်၍ပါလာ၏။ ခြေသံ၊ ခဲနှင့်ပေါက်ဟန်နှင့် အပုပ်နံ့များတို့သည် ကျွန်တော့်အိမ်ခြံဝရောက်လျှင် ချက်ချင်း ပျောက် သွား၏။

တွေးကြည့်သည်။ ကိုပေါက်ချွန်းများ မကျွတ်မလွတ်ဘဲ ကျွန်တော့်နောက်မှ အိမ်ပြန်ချိန်ရောက်တိုင်း လိုက်ပို့နေရှာသလား။

♛ ♛ ♛

(၅)

ဟော. . . ထူးဆန်းအံ့ဖွယ်တစ်ခုကို ကြုံကြုံ ကြားရပြန်တော့ ၏။

ဘယ်သူမှ အငှားနင်းမည့်သူ မရှိသည့် ဆိုက်ကားကို ကိုပေါက် သားကြီး ငသံလုံးက နင်းမည်တဲ့။ ငသံလုံးမှာ နေ့စားအလုပ် ၏။ ယင်းနောက် ညည့်ဦးပိုင်းရောက်သော် အမိုဝင်ငွေရရန် ဖအေ့ဆိုက် ကို ထုတ်၍နင်းတော့၏။

ငသံလုံး သူ့အဖေဆိုက်ကား နင်းမည်ဟု ကြားကြတော့ ဆိုက် သမားများက ရင်တမမ။ ငသံလုံး နင်းတတ်ပါသည်။

ဒီနောက် ဆိုက်ကားကို ရေသန့်စင်စွာ ဆေးသည်။ နံ့သာများ သည်။ အဖေလုပ်ခဲ့သလို ဆိုက်ကားလက်ကိုင်မှာ သပြေပန်းများ၊ မှာ စံပယ်ပန်းများ ချိတ်သိုင်းပြီး ညဘက်နင်းတော့၏။

ကံကောင်းလေစွ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားမမှောက်ပါ။ အစကနဦးတော့ ဆိုက်ကားက
ကြီးနေ၍ ပေါက်ချွန်းဆိုက်ကားဆို ဓာတ်သိမျှားက ဝေးဝေးက
ကြသည်။

နောက်ပိုင်း ကိုပေါက်ချွန်းသား သေံလုံး ကိုယ်တိုင်
ဘာမှမဖြစ်မှန်း သိတော့မှ ရဲရဲဝံ့ဝံ့ စီးရဲတော့၏။

ထူးဆန်းသည်ကား. . .။

တစ်ကြိမ်တစ်ခါဖူးမျှ အိပ်မက်ပေးလေ့မရှိပါဘဲ သေံ
သူ့အဖေ ကိုပေါက်ချွန်းက အိပ်မက်ပေးတော့၏။

"သား သေံလုံး၊ ဒီဆိုက်ကားကို မင်းပဲနင်း။ ငှားလည်း
ရောင်းလည်း မရောင်းနဲ့။ မင်းအနားမှာ အဖေ အမြဲရှိနေမယ် သိ

သေံလုံးအိပ်မက်မှ လန့်၍ နိုးခဲ့၏။ အမေလုပ်သူက
သေံလုံးက အိပ်မက်ဖြစ်စဉ်ကို ပြောပြပြီး ရှိုက်၍ငိုသည်။

"ဘာလို့ငိုရတာလဲ သားရယ်"

"အဖေ. . .အဖေ"

"အေး ဘာဖြစ်လဲ၊ ဘာဖြစ်လို့လဲ"

"အဖေ့ရဲ့မျက်နှာက ကြောက် ကြောက်စရာကြီး အဖေ
ဟီးဟီး"

ထိုနေ့ညက ကွယ်လွန်ပြီးနောက်ပိုင်းရောက်သည့်တိုင်
ကိုး သူ့ဆိုက်ကားကို သံယောဇဉ်ကြီးနေရှာသည့် ဖခင်အား၊
အား သတိရပြီး မိသားစု သန်းခေါင်ယံမှာ ဖက်၍ငိုခဲ့ရလေသည်

မကြာခင်. . .

အဖေလုပ်သူရဲ့ ဆိုက်ကားက အကျိုးပေးလာ၏။ သူမျာ
ကားထက် ပိုခွဲရ၏။ ငွေအတော်အတန်လည်း စုမိလာပြီး





ည်စပြုလာ၏။

ဆိုက်ကားအကျိုးပေးသန့်၍ အချို့သော အုံနှာ၊ ပိုက်ဆံရှိသူများ
သုံးတို့မိသားစုကို ကြိုက်ဈေးပေးပါမည်၊ ပြန်ရောင်းပါဟု လာ
ကြ၏။

အဲဒီလို ဈေးစကား လာပြောသည့် ညရောက်တိုင်း ကိုပေါက်ချွန်း
က်လာ၍ ပေးလေ့ရှိ၏။

"မရောင်းနဲ့၊ ဒါ ငါ့ပစ္စည်း" တဲ့။

တစ်နေ့–

"အမေ"

"ဘာလဲ သံလုံး"

"အဖေကတော့ စောင့်ရှောက်နေတာ အမှန်ပဲ အမေ"

"ဖြစ်နိုင်ပါတယ် သားရယ်၊ သူက သံယောဇဉ်ကြီးရှာတာကိုး"

"ကျွန်တော် ဒီအကြောင်း ဦးပဥ္စင်းအောင်စိန်ကို လျှောက်
တော့"

"ဟုတ်လား၊ ဦးပဥ္စင်းအောင်စိန်က ဘာပြောလဲ"

"ဒီအတိုင်းမနေကြနဲ့တဲ့၊ ကောင်းမှုကုသိုလ်တစ်ခုခု လုပ်ပါတဲ့"

"ဘာလို့. . ."

"ဒါ မကျွတ်မလွတ်တဲ့ သဘောတဲ့ဗျ"

"ဟုး. . .ကိုပေါက်ချွန်းရယ်"

နောက်တစ်နေ့ကို ရောက်တော့ ကျွန်တော်ရော မနီလာမြင့်
စုပါ ဦးပဥ္စင်းကြီးအောင်စိန် ကျောင်းသို့ ရောက်သွားပြီး ဖြစ်
ပ်များကို စေ့စေ့ငုငု ပြောပြလျှောက်ထားကြ၏။

"အင်း. . .သံယောဇဉ်ရယ်၊ အစွဲအလမ်းရယ်ကြောင့် ဒီလိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ၊ ဒကာကြီးညီမှိုင်းရဲ့ အတွေ့အကြုံ၊ ဒကာမလေး မ
မိသားစု အတွေ့အကြုံ၊ ပြီး- အုံနာအငှားနင်းကြသူများရဲ့ အ
ကြုံများကို ခြုံငုံသုံးသပ်ပြီး ပြောရရင်တော့ ဒကာကြီးပေါက်
သူ့ပစ္စည်းသံယောဇဉ်၊ မိသားစု သံယောဇဉ်အစွဲနဲ့ မကျွတ်မလွ
ကို ရောက်နေတာပဲ။ ဒါ ဖြစ်တတ်ပါတယ်။

အဲဒီလို အတ္တကြီး၊ အစွဲအလမ်းကြောင့် မကျွတ်မလွ
တစ္ဆေ၊ ပြိတ္တာဘဝကို ရောက်နေသူတွေဟာ ဘုရားရှင်လက်ထ
ဂုဏ်းက ရှိခဲ့ဖူးတာပဲ။ မျက်မှောက်ဘဝမှာလည်း ရှိနေတာပဲ။

အချို့က အဲဒီဘဝဆိုးနဲ့တောင် မိသားစုအဝန်းအ
စောင့်ရှောက်နေကြသေးသကွယ့်။ ဒါ မင်းတို့ အစောင့်ရှောက်ခံရ
မှာ ကောင်းပေမယ့် စောင့်ရှောက်နေသူ သူတို့ (မကျွတ်မလွတ်
ဘဝကတော့ အလွန်ကံဆိုးကြရသပေါ့ကွယ်။ ဒါ မရှိကောင်း
ကောင်းဘူး။ မနှစ်မြို့က်ကောင်းဘူး။

သူ့ရဲ့ (မင်းတို့အဖေ ပေါက်ချွန်းရဲ့) ကျေးဇူးမေတ္တာ
လည်ရင်၊ စာနာရင်၊ သဘောပေါက်ရင် သူ့ကို အဲဒီဘဝဆိုးက
ပြောက်အောင် ကောင်းမှုကုသိုလ် ဒါန ပြုလုပ်ပေးရမယ်။ သူ့
မှန်းဖိတ်ခေါ်ပြီး ဒီကုသိုလ်အဖို့ဘာဝကို အမျှပေးဝေရမယ်။ ဒီ
သီလဝန္တ သီလစင်ကြယ်သော ရဟန်း သံဃာများကို ပင့်ဖိတ်ပြီး
သက်နှး၊ သိမ်၊ ကျောင်းအတွက် ဝတ္ထုငွေ စသည်ကို တစ်နိုင်
မယ်။ အဲဒီကျရင် သူ သာဓုခေါ်ဆိုနိုင်ပြီး မြင့်မြတ်သော၊ ကော
သာလွန်သော ဘဝကောင်းကို ကူးပြောင်းသွားလိမ့်မယ်။

အဲဒါ သူ့အတွက်လည်း ကောင်းတယ်၊ ကျန်ရစ်သူ
လည်း ကျေးဇူးဆပ်ရာ ရောက်ပြီး ကုသိုလ်ရတယ် ဒကာကြီး





ကြ

"မှန်ပါဘုရား၊ တပည့်တော်တို့ ကြိုးစားပြီး ဖြစ်မြောက်အောင်
ဆောင်ရွက်ပါ့မယ် ဘုရား"

♛ ♛ ♛

(၆)

ကိုပေါက်ချွန်း ကွယ်လွန်သည့်နေ့ ရောက်သောအခါ
နှင့်အတူ ကျွန်တော်ကပါ ငွေကြေးထည့်ဝင်၍ သက်တော်
ရှင် ဆံရာတော်ဘုရားကြီး အမှူးပြုသည့် သံဃာတော် အ
ပါးတို့ကို ဆွမ်းသင်္ကန်း၊ သပိတ်၊ နဝကမ္မအလှူငွေများ
ဒါန်းပေးသည်။

"ဤအဖို့ဘာဂအား ကွယ်လွန်သူ ကိုပေါက်ချွန်းကို ရည်
ဟု ပြောပြီး ကိုပေါက်ချွန်း စိညာဉ်ကိုပါ ဖိတ်ခေါ်၍ တရား
ကြသည်။

ရေစက်ချပြီးနောက် မနီလာမှ ရှိက်သံနှင့် အမျှပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော်တို့ အားလုံးက (သူ့သူငယ်ချင်း ဘဝတူဆိုက်ကား
သူများပါ ပါဝင်သည်) အမျှပေးဝေလိုက်ကြသည်။

"ကျေးဇူးရှင်ကြီး အစ်ကိုပေါက်ချွန်းရေ. . . ကျွန်မတို့မိသား
နှင့်အတူ အစ်ကို့သူငယ်ချင်းများ၊ ဆရာသမားများက ယနေ့ပြု
ကုသိုလ်ကောင်းမှုအဖို့ဘာဂကို အစ်ကို့အား ရည်စူးအမျှပေးဝေပါတယ

"အမျှ အမျှ အမျှ"

"သာဓု သာဓု သာဓု"

သာဓုခေါ်သံများ စည်စည်လှိုင်လှိုင်သွားခဲ့၏။ သာဓုသံ ဆုံး
အခါ အားလုံး အံ့သြဖွယ်ရာ ဖြစ်စဉ်နှစ်ခုကို ကြုံလိုက်ကြရသည်

တစ်ခုက မွှေးကြိုင်လှသည့် စံပယ်ပန်းရနံ့များ။ စံပယ်တ
များသည် မကြုံစဖူး မွှေးအီနေ၏။ အိမ်မှာ စံပယ်ပန်း မရှိ။ ဆိုက်
မှာပဲ စံပယ်ပန်း သုံးကုံးရှိသည်။ ခုဟာက စံပယ်တော တစ်တော
အိမ်ထဲရောက်နေသလား မှတ်ရ၏။ အံ့သြစရာပါတကား။

ဒုတိယမြောက် အံ့သြစရာကား အိမ်ရှေ့မြေပြင်မှာ ရပ်
သည့် ဆိုက်ကားမှ ဘဲလ်မြည်သံပဲ ဖြစ်သည်။

"ကလင် ကလင် ကလင် ကလင်"

"ဟာ"

"ကလင် ကလင် ကလင် ကလင်"

အားလုံးသော မျက်လုံးများသည် ဆိုက်ကားဘဲလ်မြ
ကြားရာသို့ လှမ်းကြည့်လိုက်သောအခါ သမြေနှင့် စံပယ်ထိုးထား
ကိုပေါက်ချွန်း အချစ်တော်ဆိုက်ကားမှ ဘဲလ်မြည်သံ ဖြစ်နေ၏။ ဆ
သည်ကား ဆိုက်ကားပေါ်မှာ လူတစ်ဦးမှ မရှိ။ ကလေးလည်း မရှိ
ကြီးလည်း မရှိ။





လူမရှိပါဘဲလျက် ဆိုက်ကားဘဲလ်က အဘန်ကြာ မြည်ပြီး
ငြိမ်သက်သွားသည်ကို အားလုံး မျက်ဝါးထင်ထင် မြင်လိုက်၊
ကြားလိုက်ရသောအခါ ဒီမှာ သက်တော်ရှည် ဆရာတော်ကြီးက–

"ဒကာမလေး"

"ဘုရား"

"ဒကာမလေးတို့အားလုံး ဝမ်းသာကြတော့"

"ဘယ်လို အဓိပ္ပါယ်ပါလဲ ဘုရား"

"ဒကာမရဲ့ ခင်ပွန်း၊ မင်းတို့ရဲ့ဖခင်၊ ဒကာတို့ရဲ့ လုပ်ဖော်
သူငယ်ချင်းဖြစ်ခဲ့ဖူးသူ မောင်ပေါက်ချွန်း ကျွတ်လွတ်ပြီး မြင့်
ဘုံဘဝကို ကူးသွားပြီ။ ဒါ နှုတ်ဆက်တာ" တဲ့။

ကျွန်တော်တို့အားလုံး ဝမ်းသာလိုက်ရတာရယ်လေ။
မနီလာမြင့်ရဲ့ ပါးပြင်မှာတော့ ဝမ်းသာကျေနပ် ပီတိမျက်ရည်
များ ဖြိုင်ဖြိုင်ရွှာလို့။

• မောင်ညိုမှိုင်း (သန်လျင်)

က်။ ။ ချစ်မိတ်ဆွေကြီး ကိုပေါက်ချွန်းသို့ အမှတ်တရ)

သူရဋ္ဌ၊ ၂၀၀၇ခုနှစ်၊ စက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com




## ကြောင်တစ်ရာအော်သံ

ကစ်ညသည္ . . .

ကျိုက်အင်းကျေးရွာအပိုင် ရာမဏိ (ရာမဏီ) တောနက်ကြီး
ခ်၌ ဝါးကျောင်းလေးနှင့် တောရကျောင်းဆောက်တည်နေသော
ဘ်တော်ရှည် ဘုန်းတော်ကြီး ဦးတိဿသည် အိပ်မက်တစ်ခုကို
ဘာက်ယံကာလ၌ မြင်မက်တော်မူလေသည်။

အိပ်မက်ထဲ၌ ဝတ်ဖြူစင်ကြယ် အင်္ကျီပုဆိုးကိုဝတ်ပြီး ခေါင်း
င်းအဖြူ ပေါင်းထားသည့် အသက်ကြီးကြီး အဘိုးအိုတစ်ဦး ရောက်
ပြီး ဘုန်းတော်ကြီးဦးတိဿအား ရှိသေစွာ ဝတ်ပြည့်ကန်တော့၏

"တကာကြီးက ဘယ်သူတုံး"

"မှန်ပါဘုရား၊ တပည့်တော်သည် ရက္ခစိုးကြီး ဦးကွန်ကလေဇာ
ကြောင်းပါဘုရား"

"ရက္ခစိုးကြီး ဦးကွန်ကလေဇာ၊ ဒါဆို တကာကြီးက ဆော
တ်ထဲက ဂဝံရုပ်ပွားတော်များ တည်ခဲ့သူ ဘုရားတကာကြီးပေ့"

"မှန်ပါဘုရား၊ လွန်ခဲ့သည့်နှစ်များစွာက ၎င်းဂဝံရုပ်ပွား



www.burmeseclassic.com

www.burmeseclassic.com



ကြီးများကို တပည့်တော်တို့ ဖနီးမောင်နှံ တည်ခဲ့ဖူးပါသည် ဘုရ
ကွယ်လွန်ပြီးနောက် တပည့်တော် ရာမထီအင်းနဲ့တောထဲမှာ ရှ
ဖြစ်နေကြောင်းပါဘုရား''

''သာဓု သာဓု သာဓု ရက္ခစိုးဘဝဆိုတာ ရခဲလှပါဘိခြ
ရက္ခစိုးဘဝရောက်ပြီဆိုရင် ဘုန်းကံကြီးမားခြင်း၊ အသက်ရှည်ခြင်း၊ တ
ထူး တရားမြတ်များကို ကိုယ်တိုင်ကြားနာ သိရှိရခြင်း၊ နောင်ပွင့်
ဘုရားရှင်ကို အကြောင်းသင့်စွာ ဖူးမြော်ခွင့်ရနိုင်ခြင်း၊ ဘုန်းကံတ
အကျိုးကျေးဇူးများ ရနိုင်သကွယ့် ရက္ခစိုးကြီး။ ဒါ လူ့ဘဝက
သီလ ဘာဝနာ၊ ဘုရားတည်ကျောင်းဆောက်ခြင်းရဲ့ အကျိုးကျေး
တစ်ဖန်ပြန်ခံစားရခြင်းပေပဲ။ အခု လာရင်းကိစ္စကရော ရက္ခစိုးကြ

''မှန်ပါ့ဘုရား. . . ယခုလာရောက်ဖူးမြော်ရခြင်းရဲ့ အကြေ
ရင်းကတော့ လွန်ခဲ့သည့် သက္ကရာဇ် (၂၀၀၀) ကျော်က ဒီသန်လျ
ကို. . .'မြသန်လျင်မင်းသမီး' ဦးစွာ အုပ်စိုးခဲ့ပါသည်ဘုရား။ အဲဒီအ
က ပါဒနိုင်ငံတော်ကို မြသန်လျင်မင်းသမီးရဲ့ ခမည်းတော် နရ
မင်းက အုပ်ချုပ်ပါသည်ဘုရား။ နရသေနမင်းကြီးသည် သား
'မြစောနောင်' မင်းသားကို အိမ်ရှေ့အရာပေး၍ သမီးတော် မြသန်
မင်းသမီးကိုတော့ အကောက်အစား သုံးရပ်နှင့်ပြည့်စုံသော တရိယ
ရှိ မွန်၊ ကရင်၊ တလေဂူ၊ ယိုးဒယား၊ ရှမ်းတို့ကို အုပ်ချုပ်၍ မြို
အဖြစ် အပ်နှင်းခဲ့ကြောင်းပါဘုရား (မှတ်ချက် ။ ၎င်းတရိယဂ်ကုန်
မြသန်လျင်မင်းသမီးကို အစွဲပြု၍ ယနေ့တိုင် သန်လျင်မြို့ဟုလ
ခေါ်လေသည်။) မဟာသက္ကရာဇ် (၁၂၆) ခုနှစ်၊ နန်းစံ (၂၀)
နရသေနမင်းကြီး နတ်ရွာစံတော့ သားတော် မြစောနောင်မင်းသာ
ပါဒထီးနန်းကို စိုးစံပါသည်ဘုရား။





အဲဒီအခါမှာ နရသေနမင်းကြီးရဲ့ညီတော် နရသီဟမင်းသား
ည် ပါဒပထမနန်းတည် နောင်တော်ကြီး ဘောဂသေနမင်း လက်ထက်
ည်းကောင်း၊ နောင်တော်လတ် နရသေနမင်းလက်ထက်၌လည်း
ာင်း၊ ထီးနန်းစည်းစိမ် မစိုးစံရသဖြင့် အမျက်ထွက်ကာ နောက်ပါ
င်အား (၃၀၀၀) ကျော်နှင့် တူမတော် မြသန်လျင်မင်းသမီးအား
ာန်ခြားနားခဲ့ပါတယ်ဘုရား။

အဲဒီလိုနဲ့ နရသီဟမင်းဟာ (၃)နှစ်ခန့် ခြားနားနေရာက
တ်ဆုံး ပါဒမင်းတူတော်သူ မြစောနောင်မင်း တိုက်ခိုက်
ခဲ့ပြန်ပါတယ် ဘုရား။ မြစောနောင်မင်းက အစ်မတော်
သမီးကို သန်လျင်မြို့အား အပိုင်စားပေးအပ်ပြီး ရှေး ာအခါ. . .
ကို နိုင်မာအောင် စီရင်ခဲ့ပါတယ်ဘုရား။

မြသန်လျင်မင်းသမီးဟာ ထီးရေးနန်းရေးကြေ
နေရစဉ် သစ်ကျားရဲများ ပေါများသည့် ယခု ရာမထီအ
ိုရင်း ဂေါတမဘုရားရှင်အား ရည်စူး၍ ဗုဒ္ဓရုပ်ပွားတော် ရွှေဆ
ာစ်ဆူကို ဂဝံကျောက်လိုဏ်ဂူမှာ တည်ထားပနာပြီး စေတီအမှတ်နှင့်
ယ်ကောင်းမှုပြုပြီး နောက်ပိုင်း အဖမ်းခံရလို့ ရေမှာ အချောက်ခံ
ရောက်ခဲ့ရပါတယ် ဘုရား။

ယခုအခါ ၎င်းရွှေသားရုပ်ပွားတော်သည် ရာမထီအင်းအစပ်
ထီတောအလယ် ဂဝံနှင့် မြေသားတောင်ပို့၌ ပေါ်တော်မူအံ့ အချိန်
ရောက်နေပါပြီ ဘုရား။ ၎င်းရုပ်ပွားတော်မြတ်ကို အရှင်ဘုရား
ယ်တော်တိုင်ပင့်၍ စေတီအသစ် တည်တော်မူပါဘုရား''

သို့ကလို လျှောက်ထားပြီးနောက် ဘွဲ့ဖြူဝတ်ရက္ခစိုးကြီးသည်
တော်ရှည် ဆရာတော်ဘုရားကြီးအား ဦးသုံးကြိမ်ချ၍ လ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ် ပြန်သွားခဲ့လေသည်။

နံနက်မိုးသောက် အလင်းရောက်သောအခါ တောရကျော [ ] သက်တော်ရှည် ဆရာတော်ကြီးသည် ၎င်းအိပ်မက်ကို အနုလုံပဋိ [ ] စဉ်းစားသုံးသပ်တော်မူ၏။ ၎င်းနောက် ကျမ်းပေစာ ရှေးစာအုပ်ဟော [ ] များကိုလှန်၍ ပါဒရာဇဝင်နှင့် သန်လျင်ရာဇဝင် ပြန်လှေလာ ဖတ် [ ] လိုက်သောအခါ. . .

သောဂသေနမင်း နရသီဟမင်း မြသန်လျင်မင်းသမီး မြစောနှေ [ ] အကျိုးခေင့် ဟံသာသေနမင်းတို့၏ ရာဇဝင် သမိုင်းဖြစ်စဉ်များကို တိ [ ] သီလ ဘာသိရှိခဲ့သော်လည်း ရာမဏီတောထဲမှ ဗုဒ္ဓ ဆင်းတုတော်ကို [ ] တစ်ဖန်ပြန်ခါ မရရှာ၍ အမှုမဲ့အမှတ်မဲ့ နေလိုက်ခဲ့မိလေသည်။

✹ ✹ ✹

❑

နေခွင်းစားပြီး ခေတ္တ စကြံလျှောက် တရားမှတ်နေစဉ် ကပ္ပိယ [ ] ဘိုးသူတော်ကြီး ဦးရာကျော်သည် သက်တော်ရှည်ဆရာတော်ကြီး [ ] ရောက်ရှိလာပြီး ရိုသေစွာ ဝတ်ပြုလာ၏။

"အကြောင်းထူး ရှိလို့လား ကပ္ပိယကြီး"

"မှန်ပါဘုရား၊ ညဉ့်မိုးသောက်ယံက အိပ်မက်ဆန်းတစ် [ ] မြင်မက်၍ ဘုန်းဘုရားအား လျှောက်ထားရန် ရောက်ရှိပါသည်ဘုရား"





"အိပ်မက်ဆန်း. . . ဘယ်လိုအိပ်မက်ဆန်းလဲ ကပ္ပိယကြီးရဲ့"

"မှန်ပါ့ ဒီလိုပါဘုရား။ ဘွဲ့ဖြူမှုဆိုးအကျီအဖြူနှင့် ဦးကွန်ကာလေ [ ] အမည်ရှိ ရက္ခစိုးကြီးတစ်ဦး ရောက်ရှိလာပြီး ဦးစွာ ပါဒသမိုင်းနှင့် [ ] သန်လျင်မင်းသမီး အကြောင်းကို စ၍ ပြောပြပါသည် ဘုရား"

"ဒီလိုလား၊ ဒါဆို ဆိုစမ်းပါဦး ကပ္ပိယကြီးရယ်"

ဒီတင် ကပ္ပိယဘိုးသူတော်ကြီး ဘဦးရာကျော်က အိပ်မက်ဆန်း [ ] ကို အစမှအဆုံး ပြန်ပြောလိုက်သောအခါ. . .

၎င်းအိပ်မက်သည် လွန်ခဲ့သည့် လပြည့်နေ့ညဉ့် မိုးသောက်ယံ [ ] တုန်းက သက်တော်ရှည်ဆရာတော်ကြီး မြင်မက်ကြားသိရသော အိပ်မက် [ ] နှင့် တစ်ထပ်တည်းတူနေသည်ကို အံ့သြစွာကြားသိရသောအခါ. . .

"ကပ္ပိယကြီး"

"ဘုရား"

"ဘုန်းကြီးလည်း ကပ္ပိယကြီးမြင်မက်တဲ့အိပ်မက်ကို ထပ်တူ [ ] က်ခဲ့တယ်ဗျ။ ဘုန်းကြီးကိုလည်း ရက္ခစိုးကြီး ဦးကွန်ကလေဇာက [ ] ကိုယ်တိုင်မိုးသောက်ယံမှာ လာလျှောက်သွားတာပဲဗျ"

"ဒါဆို အတော့်ကို ထူးဆန်းတိုက်ဆိုင်မှုရှိနေပါပြီ ဘုရား။ [ ] အဲဒါ တပည့်တော် ဘယ်လိုစီရင်ရင် ကောင်းပါမည်လဲဘုရား"

ဆရာတော်ကြီးသည် စကြံလျှောက်ရင်းမှ. . .

"ဟုတ်သော်ရှိ မဟုတ်သော်ရှိ အဲဒီနေရာကို သွားရောက် [ ] လေ့လာကြည့်ရှုချင်တာပဲ။ ရက္ခစိုးကြီး အိပ်မက်ပေးခဲ့သည့်အတိုင်း [ ] အသေအချာ မှန်ကန်ခဲ့ရင်တော့ သာသနာပြုရကိန်းပဲပေါ့ ကပ္ပိယကြီး"

"မှန်ပါ့ အမိန့်ရှိပါဘုရား"

"ဒီတော့ ဒီလိုလုပ်ပါလား ကပ္ပိယကြီး။ ကပ္ပိယကြီးကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်ပြီး ရွာက လူယုံလူကြီးအချို့နဲ့ လမ်းပြမုဆိုးများခေါ်လို့ ... နေရာကို သွားကြည့်ကြ''

''မှန်ပါ၊ တပည့်တော် ဒီကိစ္စ ခချက်ချင်းပဲ ဆောင်ရွက် ... မည်ဘုရား''

ကပ္ပိယဘိုးသူတော်ကြီး ဘရာကျော်သည် ဆရာတော်ကြီး ... ဦးချပြီးနောက် ကျိုက်အင်းရွာထဲသို့ ရှေးရှုထွက်လာခဲ့လိုက်၏။ လူ ... သူဝေး တရားကျင့်လို့ ရှမဏီတောစပ်မှာ နေကြသည်မို့ ရွာ ... ရောက်အောင် အတော်လျှောက်ခဲ့ရ၏။

ကျိုက်အင်းရွာထဲသို့ ရောက်သည်နှင့်. . .

ရွာလူကြီး ဦးဒါလီ ဖထီးမုဆိုးကြီး ဦးထော်ပိုင်နှင့် လူ ... တပည့်များဖြစ်ကြသော ဦးသောမန၊ ကိုလူချောတို့ကို အကျိုးအကြောင်း ... ပြောပြပြီးနောက်. . .

နောက်တစ်နေ့ စားသောက်ပြီးချိန်မှာ ရှမဏီတောထဲ ... ကပ္ပိယကြီး ဦးသူတော် (ဘရာကျော်)တို့ လူစု ခရီးဆက်ကြ၏။

လူဆိုး ဓားပြ တောကြောင်များ အနယ်နယ်အရပ်ရပ် ... ခိုလှုံသောင်းကျန်း နေချိန်လည်းဖြစ်၏။

သူတို့ (၆)ဦးသည် တူရွင်း၊ ဓား မျှသာမက လမ်းပြမု ... ကရင်အဘိုးကြီး ဖိုးထော်ပိုင်က ဒူးလေးနှင့် လုံရှည်ကိုပါကိုင်၍ အရှက် ... ကိုင်းချင်းယှက်နေသည့် ဝါးတော၊ သစ်တောများကို ခုတ်ထွင်ရှင်းလ ... တိုးဝှေ၍ လာခဲ့ကြရာက လူအားလုံး ခြစ်ရာ၊ ရှရာ၊ စူးရာများ ... ချွေးသံရွှဲရွဲ သွေးရဲရဲ ဖြစ်နေကြ၏။

တောကို ခုတ်ထွင်သွားလာနေရသောကြောင့် အချိန် ( ... နာရီကျော်ခန့် ကြာသွား၏။ မကြာခင် ချောက်အုပ်များ အော်ဟစ် ...





... သည့် ချောင်ပင်ကြီးများရှိရာသို့ ရောက်ခဲ့ပြီး–

''ဒီဝန်းကျင်ပဲ ဖြစ်မယ်ဗျ''

''ဟုတ်မယ်ထင်ရင် ရှာကြည့်လေ ဆရာကျော်ရဲ့''

''အိမ်း–လူခွဲရှာကြဦးပေါ့ကွာ။ ဘိုးထော်ပိုင်–ရန်သူနဲ့ သားရဲ ... န်များ အန္တရာယ်ကို ကြည့်နော်. . .''

''စိတ်ချပါ ဘသူတော်ရဲ့''

မုဆိုးကြီးက ဒူးလေးလေးညို့ကို ဆွဲတင်၍ မြားတစ်ချောင်း ... တော ဟိုဒီလျှောက်ကြည့်လုပ်နေစဉ် သူတို့ ကျန် (၆) ဦးက ပုဂံ ... ပျက်များ၊ အုတ်ဂူပျက်များ၊ ချုံများ၊ မြေပြန့်များ၊ တောင်ပူစာ ... ပေါ်မှာ ခုတ်ထွင်တူးဆွ၍ ရှာကြ၏။

အားလုံး ခြေကုန်လက်ပန်းကျ၍ နေကြပြီး. . .

''ဘရာကျော်–ခင်များဟာ ဟုတ်မှဟုတ်ရဲ့လားဗျ''

''အိပ်မက်အရ လာရတာကိုးကွာ။ ဖွဲမလျှော့ကြပါနဲ့ကွ''

''ကြည့်လုပ်ပါ ဦးသူတော်ရာ။ တော်ကြာ မြွေကိုက်လို့ ပြေး ... များနေပါဦးမယ်ဗျ''

''ဟူး. . . အေးပါကွာ''

''နေဦးဗျာ၊ ကျုပ်တစ်ခု စိစဉ်ကြည့်လိုက်ဦးမယ်ဗျ''

''ဘာလုပ်မှာလဲ၊ ပြန်မှာမို့လား''

''နေပါဦး ဘိုးဒါလီရာ။ ခဏလေးပါကွာ''

သည့်နောက် ဘိုးသူတော် (ဘရာကျော်) သည် လူနှစ်ရပ်သုံး ... သော တောင်ကုန်းပေါ်သို့ ပြေးတက်သွားပြီး၊ တောင်ကုန်း ... ၍ အော်လိုက်၏။

''ရက္ခစိုးကြီး ဘိုးကွန်ကလေဇာ ခင်များ၊ ရက္ခစိုးကြီး ဘိုး ...



www.burmeseclassic.com

www.burmeseclassic.com



ကလေးဇာခင်ဗျာ ကျုပ်တို့ မုကွဲစိုးကြီး အိပ်မက်ပေးသည့် နေရာ
ကျင်ကို ရောက်နေပါပြီ ခင်ဗျာ။ ဗုဒ္ဓရုပ်ပွားတော်မြတ်ရှိရာ
လမ်းညွှန်ကူညီပေးမတော်မူပါဦး ရုကွဲစိုးကြီး ခင်ဗျား''

ဘိုးသူတော် (ဘရာကျော်) က ၎င်းစကားကို သုံးကြိမ်
အော်၍ဟစ်လိုက်၏။ သို့ကလိုမျိုး ဟစ်၍ပြောပြီးမကြာမီ တော
ချုံတိုးသံများ တရကြမ်းကြားလိုက်ရပြီး. . .

တောဝက်များ ပြေးလွှားအော်ဟစ်သံ၊ မြွေဆိုးကြီးများ
ကို ကြားလိုက်ရပြီး လူအားလုံး နီးပါး သစ်ပင်ပေါ်သို့ ပြေးတက်
ရလေ၏။

ရှာလူကြီး ဦးဒီပါကား ဘိုးသူတော်ကြီး သူတို့အား
တောဝက်ပက်၍ သေအောင်ကြံစည်သည်ဟုဆိုကာ သစ်ပင်ပေါ်
ကြုံးပါးပြစ်တင် မောင်းမဲရှေ့တော့၏။

မကြာခင် ရာမဏီတောကြီးသည် တောပြုံတော့၏။
များ၏ ပြေးလွှားအော်ဟစ်သံ၊ ဝါးပင်ကြီးများလေတိုး၍ အသံမြည်
လေကြီးမိုးကြီးကျသံ၊ လူရယ်သံလို ပြေးလွှားသံလိုမျိုးများ ကြား
နောက် အားလုံး သည်းထိတ်ရင်ဖို ကြောက်လန့်နေစဉ်မှာပင် တော
တောလန့်သံများ ငြိမ်ကျသွားခဲ့ကြ၏။

ဘိုးသူတော် (ဘရာကျော်)သည် ထူးဆန်းလှစွာသော
ပြောင်းလဲမှုများကို အံ့ဩပြီး ရှေ့နောက်ဝဲယာ မျက်စိကစား၍ ကြည့်
စဉ် မျက်စိတမြင်ကုန်းကလေးမှ နေရောင်နှင့်ဟပ်၍ အလင်းများ
နေသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရပြီး လွန်စွာ ဝမ်းသာသွားခဲ့
သည့်နောက် ၎င်းနေရာသို့ အလျင်စလို ပြေးချလာပြီး
လိုက်သောအခါ ပြိုကျပျက်စီးနေသော ဂဝံကျောက်တုံးများ





နေသော အလင်းရောင်များကို အံ့ဩဖွယ် မြင်လိုက်ရသော

''ဟေး. . . ဒီပါတို့၊ ထော်ပိုင်တို့၊ သောမနတို့ ဒီကို အမြန်လာ
အမြန်လာခဲ့ကြ''

ဘိုးသူတော် (ဘရာကျော်)ရဲ့ အော်ဟစ်သံကြောင့် သူတို့
သစ်ပင်များပေါ်မှ မဝံ့မရဲ ဆင်းလိုက်ကြ၏။

''ဦးသူတော် ဘာဖြစ်လို့လဲ''

''မဟုတ်မှလွဲရော ဦးသူတော်ကို စပါးကြီးမျိုနေပြီနဲ့ တူတယ်ဗျ''

''မြွေကိုက်လို့ အော်တာလည်း ဖြစ်မှာပေါ့ဗျ''

''ဖျို့–ဦးသူတော်၊ အခြေအနေ မကောင်းဘူးလားဗျာ့''

''ကောင်းတယ်. . . အမြန်လာကြ၊ မြန်မြန်လာကြပါကွာ. . .
ကောင်းတယ်''

''ဘာဖြစ်လို့တုံးဗျ။ အော်လိုက်တာ ကျွက်ကျွက်ကိုညံနေတာပဲ''

''ဒီ ဒီနေရာကို ကြည့်ကြစမ်း''

''ဟာ''

''အလို–အရောင်တွေဖြာလို့ပါလားဗျ''

''အဲဒါ ဘာလဲ ဦးသူတော်''

''ဘာမှန်းတော့ မသိသေးဘူး။ ထူးတော့ ထူးနေတာပဲ။ ကိုင်း–
အဲဒီနေရာကို ဖြည်းဖြည်းချင်း တူးကြ၊ ခွေကြ၊ ရှင်းကြ။
တကွ တောစောင့် တောင်စောင့် အပိုင်အဆိုင် အစောင့်
များ ကျွန်ုပ်တို့ကို ကူညီစောင့်ရှောက်ကြပါ ခင်ဗျာ. . . ကုသိုလ်
ကစ္စမှာ ပါဝင်ကူညီကြပါ ခင်ဗျာ''

ဦးသူတော် (ဘရာကျော်) က အပိုင်အဆိုင် အစောင့်အရှောက်



www.burmeseclassic.com

www.burmeseclassic.com



များကို ပြောဆိုမေတ္တာသို့ မေတ္တာရပ်ခံနေချိန်မှာ ဦးဒီပါတို့က
နေသည့် ဂဝံကျောက်ခဲကြီးများကို တစ်ခုချင်းမ၍ ရွှေ့ကြ၏။
သော အလင်းရောင်များက ဤကျောက်တုံးအောက်မှဖြာ၍
တုန်နေကြသည်ကိုး။

ထိုစဉ် ဦးခေါင်းလုံးသည် အုန်းသီးလုံးခန့် ကျောက်ပျဉ်
ကျောက်တုံး ကျောက်ပြားများကို အတန်ကြာ ဖယ်ရှားလို
အခါ. . .

"ဟာ–မြေကြီးဟ"

"ပြေး ပြေး ပြေး"

"မြေကြီး မြေကြီး အမလေးဗျ"

ရွာလူကြီး ဦးဒီပါသည် ကျောက်တုံးများအောက်မှ
ရောမမြေကြီးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ အသံ
တစ်၍ ပြေးတော့၏။ ဦးသောမနှင့် ကိုလူချောတို့လည်း
ကယ်ပါ' 'အမေရေကယ်ပါ' ဟု အော်ရင်း ပြေးတော့၏။

မုဆိုးကြီး ဦးထော်ပိုင်က လုံးဝမပြေး။

အဆိပ်လူးမြားတပ်ထားသည့် ဒူးလေးနှင့် မြေကြီး
ချိန်လိုက်၏။ ဒီမှာ ဦးသူတော် (ဘရာကျော်)က လက်ဝါးကာ
အမြန် တားလိုက်၏။

"မုဆိုးကြီး မ. . . ပစ်. . . နဲ့"

"ဦးသူတော် နောက်ဆုတ်နေပါ။ အန္တရာယ်များ

ကြည့်နေဆဲမှာပင် ရောမမြေကြီးသည် ခေါင်းတော်
ကို ခွက်လိုက်ရာ ဦးသူတော်တို့အားလုံး ကြက်သီးဖြန်းဖြန်း
၏။





မြေကြီး၏ ပါးပျဉ် ဖူးသက်ရောက်မှု ဖြစ်ရ ကြီး၏။
သို့ဖော်နိုင်ပြီး များမကြာ
ကိုယ်လုံး နှစ်လုံးကား ၏။ ကိုယ်လုံး
ကား နှစ်တောင်ခန့်မြင့်၏။ လက်အုပ်ချီ၍
သော ဦးသူတော် (ဘရာကျော်)၏မျက်နှာကို သေသေချာချာ
ကြည့်ပြီးနောက် ပါးပျဉ်ကိုဖြည်ပြီး ကျောက်တုံးများကြားမှ
ထွက်ကာ လွန်စွာနက်ရှိုင်းလှသော ရာမဏီတောထဲသို့ ပြေးဝင်
ကွယ်သွားပြီး သောအခါ. . .

"ဟယ်"

"ဟာ"

"အလိုလေး"

အားလုံးတွေ့လိုက်ရသည်က ကျောက်သားပလ္လင်ထက်မှ
ရောင်ဖြိုးပြက် လက်နေသည့် ဝင်းဝါထိန်နေသော ဗုဒ္ဓရုပ်ပွားတော်
ဆူ၊ ဒူးနှစ်ဖက်ပေါ် လက်တင်ယှက်၍ မျက်ရွှန်းချ တရားမှတ်
ဉာဏ်တော်သုံးလက်မခန့် ရှိမည်ထင်ရ၏။

သူတို့အားလုံး ရွှေအဆင်းနှင့် ရောင်ခြည်တော်များ ကွန့်မြူး
သော ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရိုသေစွာ ဦးကုန်းချလိုက်ကြ၏။

အိပ်မက်ထဲမှ ရက္ခစိုးနတ်ကြီး ဘိုးကွန်ကလေဇာ ပေးခဲ့ပြောခဲ့
အိပ်မက်သည် ဝေကန်အမှန်ဖြစ်ခဲ့လေပြီ။

ဒါ သူတို့ သာသနာပြုထိုက်၍ ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်များက
ကူညီကြခြင်းဖြစ်သည်။

ဦးသူတော် (ဘရာကျော်) သည် ကျောက်ပလ္လင်ထက်မှ ရွှေသား
တော်ကို ရိုသေစွာ လက်နှင့်ပင့်၍ မလိုက်၏။ ဒီမှာတင်ပဲ
၏ ဦးထိပ်အလယ် ဦးခေါင်းပေါ်မှာ မြှုပ်ထားသည့် ကျောက်တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်[illegible]ဆိုမေတ္တာပို့ မေတ္တာရပ်နှင့်
[illegible]ကျောက်ခဲ[illegible]ကို[illegible]တ်ဖျတ် တောက်[illegible]
သော လက်[illegible]ပင်ဖြစ်သည်။

❑

တောရဝါးကျောင်း[illegible]ခေတ်က သန်လျင်[illegible] မင်းသမီး မြသန်လျင်ရဲ့ ကောင်း[illegible]. . . စိန်ဦးထိပ်ပန် [illegible] ဆင်းတုတော် ပေါ်တော်မူ ကြွရောက်သည့် သတင်းသည် [illegible] ဦးဒီပါတို့၏ နှုတ်စောင်မမှုနှင့် ပျံ့သွားရကား ဖူးမြော်သူများ [illegible] ရောက်ရှိလာကြ၏။

သို့နှင့် ဝါးကျောင်းလေးပြိုမှာစိုး၍ ဝါးကျောင်းရှေ့[illegible] သစ်တုံးမြတ်ပလ္လင်လုပ်ပြီး သင်္ကန်းတော်ခင်းပြီးတင်ကာ [illegible] ရတော့၏။ ကျိုက်အင်း၊ ပျဉ်တော်ကျောင်း၊ ဘုရားကုန်း၊ [illegible] ပင်၊ လက်ယက်စမ်း၊ မြယာရိုး စသည့်ရွာမှ ဘုရားဖူးများ [illegible] ညပါ လာကြ၏။

တစ်ချိန်တစ်ခါက ကျုံဝန်းကျင်မှာ လူမြင်ရခဲသော[illegible] ကျောင်းဝင်းသည် ဘုရားဖူး ပရိသတ်များဖြင့် စည်ကားနေ[illegible]

ပန်း၊ ရေချမ်း၊ သစ်သီး အလှူငွေများဖြင့် ဖွေးနေ[illegible] ပိုင်းရောက်သည့်နှင့် သက်တော်ရှည် ဆရာတော်ကြီးက [illegible] သီးသန့်ဟော၍ ဒီအရပ်မှာ မြသန်လျင် မင်းသမီးကောင်း[illegible] ဘုရားဖူးကာ တရားနာကြွရောက်လာသော ပရိသတ်များ [illegible] ဒါနနှင့်တွဲဖက်၍ စေတီသစ်တည်မည်ဟု မိန့်ကြားပြီး တရား[illegible] များကို တိုက်ကျွေး၏။ သာဓုခေါ်သံများဖြင့် ကျက်သရေ[illegible] ပေသည်။





ထိုသို့ အိပ်မက်၏ အကျိုးသက်ရောက်မှု ဖြစ်ရပ်ဆန်းကြယ် [illegible]တွေ့အကောင်အထည်ဖော်နိုင်ပြီး များမကြာခင်မှာပင်. . .

တောရဝါးကျောင်းရှိရာသို့ အနက်ရောင်ရှိကြောင်များ အလျှို [illegible]ရောက်ရှိ၍ လာကြလေသည်။ စုစုပေါင်း ကြောင်နက် ကောင်ရေ [illegible]ကျော်ခန့်ကို အံ့ဖွယ်ထူးခြား ဦးသူတော်တို့ တွေ့ရှိကြရလေ၏။ ထူးခြားသည်ကား. . .

ကြောင်နက်ကြီး အကောင်တစ်ရာကျော်ခန့်သည် ကြောင် [illegible]ပါလျက် ကြောင်လို မအော်ကြခြင်းပဲ ဖြစ်သည်။

၎င်းအဖြစ်ဆန်းကို ရွာသူရွာသား ဘုရားဖူးများ မြင်ကြ၊ ကြား [illegible]ခါ ထူးဆန်းလွန်း၍ အမျိုးမျိုးဝေဖန်ပြောဆိုသန့်ပြုကြလေ၏။

"ဘုရား အစောင့်အရှောက်တွေလား မသိဘူး"

"တောစောင့်နတ်များ ကြောင်ယောင်ဆောင်လာကြတာလား

"အစာလည်း စားတာ မတွေ့ရဘူးဟ"

"အော်သံသုံးဝမကြားရတာ အံ့သြစရာပဲ"

"အချင်းချင်းလည်း မကိုက်ကြဘူးနော်"

"ဟုတ်ပတော်"

မှန်ပေ၏။ ကြောင်နက် အကောင်တစ်ရာကျော်သည် မိုးလင်း [illegible]ရောက်လာ၏။ ဘုရားရုပ်ပွားတော်ဝန်းကျင်မှာ လျှောက်သွား၏။ [illegible]လည်း ကျောင်းဝန်းကျင်မှာ လျှောက်သွားနေကြ၏။

သူတို့ကို ကိုင်လို့ ဖမ်းလို့မရ။ လူများနှင့် ခပ်ဝေးဝေးမှာ နေ[illegible] ဘုရားရုပ်ပွားတော်ကို ဖူးမြော်သလို လုပ်၍နေကြ၏။ ကြောင်များ [illegible] အုပ်စုဖွဲ့၍ ကိုယ့်အစုနှင့်ကိုယ် ရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှလည်း ရန်မမူကြ။ ကြွက်ခုတ်၊ ကြွက်ခုတ်လျ
မရှိကြ။ ဆရာတော်ကြီးနှင့် ဦးသူတော် (ဘရာကျော်)တို့က ထူးဆန်း
တောထဲမှ ရောက်ရှိလာသည့် အော်သံမကြားရသော ကြောင်များ
ကြည့်ပြီး ခေါင်းတညိတ်ညိတ်နှင့်။

ညဉ့်သန်းခေါင်ယံရောက်လျှင် ဝင်းကြောင်နက်ကြီးများအ
တောထဲသို့ တန်းစီ၍ ဝင်ရောက်ပျောက်ကွယ် သွားကြသည်ကိုလ
အံ့ဖွယ်မြင်ကြရ၏။

တစ်နေ့ညမှာတော့ ဆိုးဝါးလှသော ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ရ
၏။

ညဉ့်သန်းခေါင်ကျော်မှာ လက်နက်ကိုင်လူဆိုးသုံးဦး ကျေ
ရွာသို့ ကျက်နှာများ အဝတ်စည်း၍ ရောက်လာကြတော့၏။

သူတို့လက်ထဲမှာ ဓားကြီးတောင်ဓားကိုယ်စီနှင့်။

သူတို့ ဝါးကျောင်းပေါ် အစမ့တက်လာကြပြီး ဆရာတော်
နှင့် ဘိုးသူတော်ကြီးအား ငြိမ်ငြိမ်နေကြရန် ပြောပြီးနောက် ရွှေဆင်
စိန်ဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကို အစမ့ပင့်သွားကြ၏။

ဆရာတော်ကြီးက "အပြစ်ကြီးသည်၊ မလုပ်ကြပါနှင့် တကာ
တို့" ဟု အမျိုးမျိုး မေတ္တာရပ်ခံသည့်တိုင် လူဆိုးလူမိုက် သုံးဦး
လုံးဝနားမထောင်ဘဲ မြသန်လျှင်မင်းသမီးကောင်းမှုတော် ရှေးဟော
ရွှေဆင်းတုတော်ကို လွယ်အိတ်ထဲသို့ထည့်၍ ယူဆောင်သွားကြ

လူဆိုးများ ပြန်ထွက်သွားကြသောအခါ. . .

"အရှင်ဘုရား. . . ဒီ. . . ဒီကိစ္စ ဘယ်လို လုပ်ကြမလဲ ဘု

"တတ်နိုင်ဘူးလေ။ သူတို့ ငရဲမကြောက်လို့ လုပ်ကြ
သင်းတို့ထိုက်နဲ့ သင်းတို့ကံပေါ့. . . ၊ ကပ္ပိယကြီး"





"ဘုရား"

"ခု ညတွင်းချင်း ရွာလူကြီးကို သွားအကြောင်းကြား
ဆင်းတု စိန်ဆင်းတုကို ဘုန်းကြီးနဲ့ ကပ္ပိယကြက်ကြီးရဲ့"
ကျက်ဖျက်ပစ်တယ်လို့ သံသယဝင်ကြမယ်။ အမြန်သွား
ပြီး ကပ္ပိယကြီး"

"မှန်ပါ့ဘုရား"

ကပ္ပိယ ဦးသူတော် (ဘရာကျော်)သည် မျက်ရည်မှ
ညဉ့်သန်းခေါင်ကျော်ကြီး မီးတုတ်ကိုင်၍ ရွာလူကြီး ဦးဒီပဲ
ကျက်အကြောင်းကြားလိုက်ရ၏။ ရွှေဆင်းတု ရုပ်ပွားတော်ကို
ပြီး အစမ့ယူသွားကြောင်း အကြောင်းကြားလိုက်သည်နှင့် ရွာလူကြီး
ဦးအဖွဲ့ ချက်ချင်း ကျောင်းသို့လိုက်လာပြီး လူဆိုးများ သွားရာ
သို့ လိုက်ကြ၏။

သို့သော် အချည်းနှီးတည်း. . .

လူဆိုးများ ဘယ်အရပ်သို့ ထွက်သွားကြသည်ကို ဘယ်လိုမှ
ရှာမရ။ သို့နှင့် မိုးလင်းသည်နှင့် လူစုခွဲ၍ စုံစမ်းကြရန် ဆုံးဖြတ်
ထဲသို့ ပြန်ခဲ့ကြ၏။

နံနက် မိုးသောက်သည်နှင့် ထုံးစံအတိုင်း သက်တော်ရှည်
တော်ကြီးက သပိတ်ပိုက်၍ ဆွမ်းခံကြ၏။ ဦးသူတော်က ဆွမ်းချိုင့်နှင့်
က လိုက်၏။ ရွာထဲရပ်ထဲမှာ အုတ်အော်သောင်းနင်း ဖြစ်နေ

ဆရာတော်နှင့် ဖိုးသူတော်ကြီးကို ဝိုင်းဝန်းမေးမြန်းကြ၏။
တော်ရှည် ဆရာတော်ကြီးကိုယ်စား ဦးသူတော်က ရှင်းပြပြောရ၏။
ဆုံး စိတ်မကောင်းကြ. . . တောက်ခတ်ကြ. . . မေတ္တာပို့ကြ. . .



www.burmeseclassic.com

www.burmeseclassic.com



မရှိကြ။ ဆရာတော်ကြီးနှင့် ဦးသူတော်တို့ ဆွမ်းခံကြွပြီး ကျောင်းသို့
တောထဲမှ ရောက် ထူးဆန်းအံ့ဖွယ်ဖြစ်ရပ်ကို မကြုံစဖူး ကြုံတွေ့

ညည့်ညည်းစမ်း. . .

တောထဲသို့ ကျောင်းလေးရှေ့ သစ်တုံးပလ္လင်ပေါ်မှာ မြသန်လျင် မင်း
အံ့ဖွယ်မြင်ကွင်း ရွှေနှင့်စိန် ဗုဒ္ဓရုပ်ပွားဆင်းတုတော်သည် ရောင်ခြည်

မနေရောင်နှင့်လင်းလက်၍ စံပယ်တော်မူနေသည်ကို အံ့ဖွ
မြင်လိုက်ရသည်။

သက်တော်ရှည်ဆရာတော်ကြီးသည် လွယ်လာသည့်
သပိတ်ကို ရွှေဘုရားရှေ့မှောက် သစ်တုံးပလ္လင်ပေါ်တင်၍ ဝမ်းသာ
အကြိမ်ကြိမ် ဦးခိုက်တော်မူသကဲ့သို့၊

ဘိုးသူတော် (ဘရာကျော်)လည်း ဝမ်းသာအားရ မျက်
စိုရွှဲနှင့် ဦးကုန်း၍ ချလိုက်သည်။ ဘယ်နှစ်ကြိမ်မှန်းပင် မသိတော့

ပို၍ အံ့ဖွယ်ကောင်းသည်ကား–

ရွှေဆင်းတု ဗုဒ္ဓရုပ်ပွားတော်စံရာ သစ်တုံးပလ္လင်ဝန်း
ကြောင်နက်ကြီး တစ်ရာကျော်တို့သည် ဝိုင်းပတ်၍ ဘုရားရှင်ကို ပူဇော်
လက်ထောက်၍ စိုက်ကြည့် ကြည်ညိုနေကြသည်ကား "ဘယ်
ဘယ်အရပ်မှာမှ ရှာလို့မရသည့် ပန်းချီကားတစ်ချပ် ဓာတ်ပုံတစ်ပုံ
ရှိလေသတည်း။

ထိုအံ့ဖွယ်မင်္ဂလာသတင်းကောင်းကိုကျိုက်အင်းကျေးရွာ
များသို့ဦးသူတော်က ပြေး၍ ပြောလိုက်သောအခါ တစ်ရွာလုံး
သာအားရ အော်ဟစ်၍ ရောက်ရှိလာကြ၏။ ဖူးမြော်ကြ၏။ ဝါး





ဝန်းကျင်တွင် ဝမ်းသာပီတိ သဒ္ဓါတရားများနှင့် ဖိတ်ဖိတ်လက်
ပြန်လေ၏။

"ဘယ်လို့ ပြန်ရောက်လာတာလဲ ဦးသူတော်ကြီးရဲ့"

"မသိဘူးဗျ။ ကျုပ်နဲ့ဆရာတော် ဒီပြန်ရောက်ရော ကြောင်နက်
ရာကျော် ဝိုင်းနေတဲ့ကြားထဲမှာ ဒီရွှေသား ဗုဒ္ဓဆင်းတုကို သလွန်
အခန့်သင့် ဖူးတွေ့ရတာပဲခင်ဗျာ"

"အံ့ဩစရာ ကောင်းလှချည်လားဟင်"

"နတ်ကောင်းနတ်မြတ်တွေများ ပြန်ပို့တာလား မသိဘူးနော်"

"ဟို လူဆိုးတွေ ပြန်လာပို့သွားတာလဲ ဖြစ်မှာပဲ"

"အေးကွာ စဉ်းစားလို့ ကျုပ်ရပ်၊ ဆန်းပြားလိုက်ပါဘိသနဲ့

ညနေပိုင်းသို့ ရောက်သောအခါ သတင်းတစ်ခုကို ကြားလိုက်
ရာ၏။ ရွာဖျား အရက်ဆိုင်မှာ လူသုံးဦး သောက်ရင်းစားရင်း
၍ ဓားခုတ်ရာအသီးသီးနှင့် လဲနေသည့်သတင်း။

သို့နှင့် ရွာလူကြီး အချင်းချင်းဆက်သွယ်ပြီး စစ်ဆေး မေးမြန်း
သောအခါ ၎င်းလူဆိုးသုံးဦးကား မြသန်လျင်မင်းသမီးကောင်းမှု
ချောင်းပေါ်မှ ဗုဒ္ဓဆင်းတု ခိုးသူများ ဖြစ်ကြလေသည် ဟူသတည်း။

၎င်းတို့ ဖွင့်ဟဝန်ခံချက်အရ. . .

၎င်းရွှေဆင်းတုကို နယ်စပ်သို့ရောင်းရန် စီစဉ်နေစဉ် သျှောင်
ခင်းနှင့် လူကြီးရောက်လာပြီး ကြိုက်ဈေးပေး၍ ဝယ်ကြောင်း
ကြိုက်ဈေးရ၍ ရောင်းပြီး ၎င်းသျှောင်တစောင်းနှင့်လူကြီး
ရုပ်ပွားတော်ကို ယူငင်၍ ပြန်သွားပြီးနောက် မကြာခင် လူကြီးပေး
သည့် ငွေပုံ ရွှေပုံကြီးသည် စက္ကူစုတ်နှင့် ခဲပြားစေ့များ ထူးခြား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားခဲ့ရာမှ အသိမ်အညာ အလှည့်စား ခံလိုက်ရမှန်းသိပြီး သူ့ကြော
ကိုယ့်ကြောင့် အပြစ်ပုံချရာမှ အချင်းချင်း စကားများ ခုတ်ထစ် ရန်ဖြစ်
ကြောင်း သိရှိရလေသည်။

သို့နှင့် လူမိုက်သုံးယောက်ကို ရဲစခန်းမှသည် ဆေးရုံ
ပို့လိုက်ပြီး သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်သွားမည်ဟု သိ
လေသည်။

❀ ❀ ❀

❑

သည့်နောက်ပိုင်း လုံခြုံရေးအရ မြသန်လျှင်ကောင်းမှ ရွှေ
တုကို စေတီတည်၍ ဌာပနာရန် ဆုံးဖြတ်ပြီး ရရှိအလှူငွေများ
အုတ်၊ သဲ၊ ဘိလပ်မြေများဝယ်၍ ကျိုက်အင်းအရှေ့မြောက်
"ရွာလယ်ခေါင် ခေါ်မြင်ကွင်း သိမ်အဆောင်းမှာ ငွေကိုးတင်း" ဟု တခေ
ပေးခဲ့သော မြေနေရာဝန်းကျင်မှာ စေတီတည်ရန် စီစဉ်ဆောင်ရွက်လျ
ကြတော့၏။

လောဘသားတို့၏ လောဘဇောကား အတောမသတ်နိုင်
ပါတကား။





ဉာဏ်တော်အမြင့် သုံးလက်မခန့်မြင့်သော ရွှေဆင်းတုနှင့်
တော် စိန်၏တန်ဖိုးကို သွားရေယို မျက်စိကျနေသော လူဆိုး
ပင်းသစ် ငါးဦးတို့သည် ရေးလူဆိုးလူမိုက်သုံးဦးနည်းတူ သန်းခေါင်ယံ
မှာ ဓားလှံလက်နက်ကိုယ်စီနှင့် ရောက်လာပြီး ဘုရားကို အခမွ
မျိုး

"တကာတို့ မလုပ်နဲ့၊ မပြစ်မှားနဲ့၊ အပြစ်ကြီးခံရလိမ့်မယ်"
"ဘာမှ ဝင်မပြောပါနဲ့ဘုရား"
"တကာတို့ ရှေ့ရေးအတွက် ပြောတာပါ တကာတို့ရယ်"
"တော် တိတ်"

မိုက်ရိုင်းစုတ်ပဲ့လိုက်ပါဘိ။ ရဟန်းမှန်းမသိ၊ သံဃာမှန်းမသိ။
မှန်းမသိ၊ တရားမှန်းမသိကြပါတကား။ နောက်ဆုံး ဆရာတော်
နှင့် ဦးသူတော်တို့ မျက်စိမှိတ်ပြီး တရားမှတ်၍သာ နေလိုက်ကြ
သည်။

လူဆိုးငါးဦးလည်း ဝမ်းသာအားရနှင့် ရွှေဆင်းတုကိုပိုက်ပြီး
ချောင်းပေါ်မှ ဆင်းသွားကြ၏။ ဘာမှ မကြာလိုက်။ ထူးဆန်းအံ့ဩွယ်
များကို ဦးသူတော်တို့ ကြားလိုက်ရတော့၏။

'ညောင် ညောင်"
"ညောင် ညောင် ညောင်"

အလို–ကြောင်အော်သံများပါကလား။ ကြောင်အော်သံများတော
ကောင်နှစ်ကောင်က အော်သံမဟုတ်။ ကြောင်အကောင်ပေါင်းများ
အော်သံအသံများ။ ထူးဆန်းလှချေကလား။

"ညောင် . . . ညောင် . . . ညောင်"
"ညောင် . . . ညောင် . . . ညောင်"



www.burmeseclassic.com

www.burmeseclassic.com



"နွီး. . . နွီး"

"ဂီးရား ဂီးရား နွီး"

'ညောင်. . . ညောင်. . . ညောင်"

ကြောင်အကောင်ပေါင်းများစွာ၏ အော်သံများသည် ကျောင်းရှေ့မှာ ဆူညံနေ၏။ ဒါနှင့်အတူ လူ့ငါးဦး၏ အသံများကိုလည်း ကြားနေရ၏။

"ရိုက်လေကွာ"

"ဘစိန် ဓားနဲ့ဝင်ခုတ်"

"ဖော်ဖေ လှံနဲ့ရိုက် ထိုး"

"ကိုင်းကွာ ကိုင်းကွာ"

"ရွှီး"

"ဝီး"

"ကိုင်းဟ"

"နွီး. . . နွီး. . . ဂရား"

"ဝုန်း. . . ဖုန်း"

"အား. . . အား. . . အမလေးဗျ"

"အား. . . လုကြပါဦး အား. . . အား"

"ဝိုင်းလာကြတယ်ဟ ပြေး ပြေး အား"

ကြောင်အော်သံများ၊ ကုတ်ခြစ်သံများ၊ ထိုးခုတ်သံများ ... ကျင်စွာ အော်ဟစ်ညည်းညူသံများနှင့်အတူ ပြေးလွှားလဲကျ လူးလွှ... များ ကမ္ဘာပျက်နေသကဲ့သို့ ကြားနေရ၍ ဆရာတော်ကြီးနှင့် ဘရာ... တို့ မီးတုတ်များ ကိုင်ထွန်းပြီး ကျောင်းရှေ့မြေပြင်သို့ ဆင်းကြည့်လိုက် သောအခါ-





"ဟာ ဘုရား ဘုံရား"

"အလိုလေး"

"ကယ်တော်မူပါဦး ဘုရား အား အား"

"ဦး. . . သူ. . . တော် လာကြပါဦး။ လာကြပါဦး။ ဟဲ့ ကြောင် ... ကြောင် အား အမလေးဗျာ အား"

မြင်လိုက်ရသည့် မြင်ကွင်းကား. . .

ကြောင်နက်ကြီးများ အကောင်တစ်ရာကျော်သည် ရူးရူးဝါးဝါး ...်သံပြု၍ လူဆိုးငါးဦးကို စက်ပိုင်းပုံဝိုင်းပြီး ဝင်ရောက်ကုတ်ခြစ် ...်ဖွဲ့တိုက်နေကာ၊ ကြောင်နက်ကြီးများရဲ့ လွှားခနဲ ဝဲခနဲ တိုက်ခိုက်မှု ...ကြားမှာ လူဆိုးငါးဦးသည် နောက်လန်လျက် လူးလွန့်အော်ဟစ် ...ကြ၏။

"ဟဲ့. . . ဟဲ့. . . ဟဲ့"

"ဟဲ့. . . ကောင်တွေ ရပ်. . . ရပ်"

"ဟဲ့ ကြောင်နက်ကြီးတို့ ရပ်ကြ ရပ်ကြ"

ဆရာတော်နှင့် ဦးသူတော်တို့သည် ကပျာကယာ ပြေးလွှား ...က်ရှိလာပြီး ဒေါသကြီးနေသည့် ကြောင်နက်ကြီးများကို အော်ဟစ် ...တ်လှန့်တားမြစ်ကြရတော့၏။

ဒီအချိန်မှာပဲ. . .

ကျောင်းဝိုင်း ဇရိယာထဲသို့ မီးတုတ်နှင့် လက်နက်များကိုင်လာ ...ည် လူအုပ်ကြီးလည်း ရောက်ရှိလာ၏။

"အရှင်ဘုရား ဘာတွေဖြစ်နေတာလဲ ဘုရား"

"ဘုရားသူခိုး လူဆိုးတွေကို ကြောင်ကိုက်လို့"

"ဟင် ဘုရားသူခိုး"



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်နှင့် လူအုပ်ကြီးကို မြင်လိုက်ရသောအခါ ဒေါ်သ အငြိုးကြီးကြီး အော်ဟစ်တိုက်ခိုက် ကုတ်ဖဲ့နေသော ကြောင်နက် တစ်ရာကျော်ခန့်သည် တညောင်ညောင်အသံများပြုပြီး လူ ဝန်းကျင်မှဖယ်ကာ တောထဲသို့ ပြေးဝင်သွားကြလေသည်။

လူဆိုးငါးဦးကား ကြောင်နက်ကြီးများ ကုတ်ဖဲ့ကိုက် မျက်နှာရော ကိုယ်ခန္ဓာပါ သွေးသံရဲရဲနှင့် ရစရာမရှိ။ မြင်လို့မဝံ့ ပြားများ ကွာကျကာ လူးလွန့်နေကြ၏။

သူတို့နှင့် မလှမ်းမကမ်းမှာတော့ မြသန်လျှင်မင်း ကောင်းမှ ရွှေဖုဒ္ဓဆင်းတုတော် လဲလျောင်းလျက်။

ဆရာတော်ကြီးက ဗုဒ္ဓရွှေဆင်းတုကို ကောက်ပင့်၍ ရင် မြတ်နိုးစွာ ပိုက်ထား၏။ ရွာလူကြီး ဦးဒီပါနှင့် အဖွဲ့က လူဆိုး ကြိုးနှင့်ချီ၍ ပွေ့ထမ်းခေါ်ကြ၏။

"ရွာများကနေ မသ်ကာစရော လူငါးဦး ဒီဘက်ကိုသွား လို့ သတင်းရတာနဲ့ ကင်းလှည့်သမားတွေ ခေါ်လာပြီး လိုက်လာ ပါဘုရား။ လက်စသတ်တော့ မိုက်ပြီးရင်မိုက် မိုက်တွင်းနက်ထဲ သွားမယ့်ကောင်တွေနဲ့ လာကြုံရတာပဲ။ ကိုင်း–လူ့တိရစ္ဆာန်တွေ ထ

ကျိုက်အင်းတစ်ရွာလုံး တစ်နယ်လုံး အံ့ဩမဆုံး သက်တော် ရှည် ဆရာတော်ကြီးနှင့် ဦးသူတော်(ဘရာကျော်) အံ့ဩလို့မဆုံး။

တစ်ခါမျှ အော်သံမကြားရသည့် ကြောင်နက်ကြီး ကျော်က ဘုရား၊ ဓားပြသူခိုးငါးယောက်ကို အော်ဟစ်၍ အရှင်လတ် လက်ရဖမ်းပေးလိုက်သည့် သတင်းသည် ထူးဆန်းလွန်း၍ မယုံ အောင် ဖြစ်နေကြ၏။





ဩော်–

ဘဝပါရမီ ထူးခြားရင့်သန်သည့် တိရစ္ဆာန်များပေပဲလား။ ဘဝ အကြောင်းကြောင့် အဟိတ်တိရစ္ဆာန်ဘဝ ရောက်နေကြသည့်တိုင် ရားမှန်း၊ သံဃာမှန်း၊ ဓမ္မမှန်း အဓမ္မမှန်း သိနေကြသေးပါတကား။

အင်း–ဒီတစ်ဘဝ သူတို့ တိရစ္ဆာန်များ ဖြစ်ကြပေလိမ့်မည်။ နောက်ဘဝမှာတော့ သူတို့ မြင့်မြတ်သော ဘုံဘဝမှာ မြင့် သော ပုဂ္ဂိုလ်များဖြစ်ကြမှာ ကေန်မလွဲဟု ပါရမီဉာဏ် ရင့်သန်ရှ ဆရာတော်ဘုရားကြီးနှင့် ဦးသူတော်တို့က မှတ်ယူလိုက်လေသည်။

တန်ခူးလပြည့်နေ့သို့ ရောက်သောအခါ စေတီတော်ကြီး ဌာပနာ ပွဲကို စည်ကား ...

မြသန်လျှ ... မိုးတော်ဝိညာဉ်များ၊ ... ကန်ကလေးဖာနှင့် အဖ ... အစောင့်အရှောက်များ၊ ကြောင်နက်ကောင်းများကို ပင် ... ဆင်းတုတော်ကို ဌာပနာ ထည့် ...

အောင်စည် ... မောင်းများရဲ့ တီးမြည်သံများက ... လယ်ကွင်းစပ်မှာ တည်းထနေ၏။

"ဟေ့. . . ဟိုမှာကြောင်တွေဟ"

"ဟာ. . . အများကြီးပဲဟ"

"အမေရေ–ကြောင်နက်ကြီးတွေတော့"

"ဘုရားတကာတွေ လာကြပြီဟေ့"

"လာကြ. . . လာကြ. . ."

ကြောင်နက်ကြီးများသည် မြူးထူးခုန်ပေါက်၍ စေတီ ပြေးလွှားရောက်ရှိလာကြ၏။ အသံက နာပျော်ဖွယ်အသံ အော်ဟစ်နေကြ၏။ ဘုရားစေတီကို လှည့်ပတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



လူတွေကလည်း ကြောင်သူတော်ကောင်းများကို ကြ

အမှုပေးနေကြ၏။

မကြာခင် ကြောင်နက်တစ်ရာကျော်ခန့်သည် ချိုသာ

အသံများပြုပြီး တောဘက်ရှိရာသို့ ခုန်ပေါက်မြူးတူး၍ ဝင်သွားကြ


ကို မြင်လိုက်ကြရသောအခါ. . .

ဆရာတော်ဘုရားကြီးနှင့် ဦးသူတော် (ဘုရားကျော်)

သာစုခေါ်၍ မဆုံးကြချေ တကား။

• မောင်ညိုမှိုင်း (သ

ဂမ္ဘီရလောက၊ ၂၀၀၇ ခုနှစ် ဩ



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းမွေစံအိပ်မက်

(၁)

အိပ်မက်ဆိုတာ အဖော့်ကို ထူးဆန်းတဲ့ဖြစ်စဉ်ပဲဗျ. . .
ခင်ဗျားတို့လည်း အိပ်မက်တွေ မကြာခဏ မြင်မက်ဖူးမှာပါ။
ဖြစ်လာရင် အိပ်မက်နဲ့ ကင်းကွာလို့ကို မရဘူး။ တစ်ခုတော့ ရှိ
အချို့က အိပ်မက်ကို စွဲစွဲလမ်းလမ်း ယုံကြည် အလေးအနက်
ပြီး အချို့က သာမန်ကာလျှံကာ သဘောထားကြတာများတာပဲ
ကြပါတယ်။

ကျွန်တော်လား. . .၊ ကျွန်တော်ကတော့ အိပ်မက်
ကနဦးက သိပ်အလေးအနက် မထားခဲ့ပေမယ့်၊ နောက်ကြာ
အိပ်မက်အချို့ရဲ့ ကြိုတင်နိမိတ်ပုံက အမှန်တကယ်လက်တွေ့
တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ရင်ဆိုင်ရဖန် များလာတော့. . .





ားသတိပြုတာ ရှိလာခဲ့တယ်။

ကျွန်တော်တို့ ကိုးကွယ်တဲ့ ဆရာတော်ဘုရားကြီး ဦးသီလ
ားတာ ပြောပြချင်တယ်ဗျာ။

"ဒကာကြီး၊ အိပ်မက်ရဲ့ အကျိုးပေးလက္ခဏာ သုံးမျိုးသုံးကြိမ်
ညဦးယံ အိပ်မက်၊ ညဥ့်လယ်သန်းခေါင်ယံ အိပ်မက်နဲ့ မိုးသောက်
ကတ်လို့ သုံးမျိုးရှိတယ် ဒကာကြီး။ အိပ်မက်တိတ္တံကျမ်းအလိုအရ၊
င်ဆရာရှင်များ မှာကြားချက်အရ ပြောရရင် ညဦးယံမက်တဲ့
က အကျိုးပေးနည်းတယ်။

ညဥ့်လယ်ယံအိပ်မက်က တစ်လအတွင်း သက်ရောက်မှုရှိတယ်။
ကယ်ယံအိပ်မက်က ရက်ပိုင်းအတွင်း ကောင်းကျိုး မကောင်းကျိုး
ရောက်မှု ပေးလေ့ရှိတယ်လို့ ဆိုတယ်ကွဲ့"

"ဒါဆို. . . ဘုန်းဘုန်းဘုရားရယ်. . . ညဥ့်လယ်ယံအိပ်မက်နဲ့
ကယ်ယံအိပ်မက်ပုံ ဆိုးဝါးမကောင်းရင် ဘယ်လိုလုပ်ဆောင်ကာကွယ်
ဘုရား"

"မကောင်းသောအိပ်မက်ကို မြင်မက်ခဲ့လို့ တုန်လှုပ်ချောက်ချား
ရင် မိုးလင်းတာနဲ့ တရော်ကင်ပွန်းနဲ့ ဦးခေါင်းလျှော်ပါ။ ကိုယ်တို
အောင် ရေချိုးပါ။ အဝတ်အစားသန့်သန့်ကို ဝတ်ပါ။ အိမ်မှာရှိတဲ့
ဘုရားတော်ကို ရေသက်စေ့ သပ္ပါယ်ပါ။

ပြီးရင် ဘုရားမှာ ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး ကပ်လှူပါ။
ဂုဏ်တော် သရဏဂုံ (၃၀) ရွတ်ဆိုပါ။ မေတ္တာသုတ်၊ ရတနသုတ်၊
သုတ်၊ ခန္ဓသုတ်၊ မောရသုတ် စသည်တို့ကို ရွတ်ဆိုပွားများ ရပါ
အဆိုင်အဆိုင်၊ အစောင့်အရှောက် ပုဂ္ဂိုလ်များ၊ (၃၁)ဘုံသားများကို
အမျှပေးဝေ ပြုရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



၅

အဲဒီလို အမှူပေးဝေရာမှာ မရဏမင်းကိုလည်း ချန်
ဘူးနော်။ ပြီးတော့နဲ့. . . ငါ့မှာ မကောင်းသော အိပ်မက်ညှို့ မကောင်း
လုံးဝ သက်ရောက်မှု မရှိတော့ဘူးလို့ ယုံကြည်မှတ်ယူပြီး ပျော်
နေပြတတ်ရမယ် ဒကာ''

''အိပ်မက် ကောင်းခဲ့ရင်ရော. . . ဘုရား''

''ပြောရရင် အိပ်မက်ဆိုတာ ယူတတ်ရင် နိမိတ်ပဲ။ ရှေး
မင်းများလက်ထက်က အိပ်မက်နိမိတ်ကို ပညာရှိ ပုရောဟိတ်ပု
များက အယူတော်မင်္ဂလာအဖြစ် ဖတ်ကြားရတယ်၊ ကောင်းရင်
သလို၊ မကောင်းရင် မကောင်းသလို ယတြာ၊ ကြိုဟ်ပြေ၊ နံ့စား
တယ်။

အိပ်မက်ကောင်းရင် လက်ခမောင်း ခတ်ဖို့သာပြင်ပေါ့
အိပ်မက်ကောင်းရင် အိပ်မက်ရှင်ဟာ ပျော်ရွှင်ချမ်းမြေ့ရတာ လ
အကျိုးသက်ရောက်မှုပဲလေ။ ပိုပြီး အကျိုးသက်ရောက်ချင်ရင်
စွာ ခေါင်းလျှော်၊ ရေချိုး၊ ဘုရားရှင်ကို ပန်း၊ ရေချမ်း၊ ဆီမီး
ပူဇော်။

ပြီးရင် မေတ္တာသုတ်၊ ရှင်သီဝလိဂါထာ၊ ဒိဝါတပတိဂါထာ
ဓယ မန္တန် စသည်တို့ကို အကြိမ်များများ ရွတ်ပေး။ ပြီး. . .
အဆိုင် အစောင့်အရှောက် ပုဂ္ဂိုလ်အားလုံးကို အမျှဝေ၊ မေတ္တ
ပေးလိုက်။ ရက်ပိုင်း၊ နာရီပိုင်းအတွင်း အကျိုးပေးလာရော့ကွဲ''

ပညာရှင်ဆရာတော်ဘုရားကြီး မိန့်မှာချက်များ အလွန်
ခဲ့ပါတယ်။ ကျွန်တော့်အလုပ်က တံငါပါ။ ချောင်းပြင်ကျယ်မှာ လှေ
ပိုက်တစ်ဖုံနဲ့ ငါးရှာတဲ့ တံငါပါ။

ဒီမှာ ဘာထူးခြားလဲဆိုတော့. . . အိပ်မက်ပဲ။

စိတ်ကူးသစ်စာပေ



တစ်ည. . . အိပ်မက်ထဲမှာ ငါးအကြီးကြီး တစ်ကောင် မိရ
ဆို့ အိပ်မက်ပြီး ပျော်နေလိုက်ရတာ။ အိပ်မက်က နိုးတော့ အိပ်ရာ
ပစ်စလက်ခတ် အိပ်ပျော်နေတဲ့ ဖနီးမယားကို တွေ့ရတယ်။
ားတယ်။ ငါလိုချင်တာ စွဲလမ်းပြီး စိတ်ကူးယဉ်အိပ်မက် မက်တာ
ပါလို့။

ဟော. . . အိပ်မက်နိမိတ် အကျိုးပေးချင်တော့. . . ကြည့်စမ်း
ကာ မြစ်သုံးဆိုင်ချောင်းပြင်မှာ ပိုက်တားတာ၊ လူတစ်ယောက်စာရှိတဲ့
ခေါင်းငါးကြီးတစ်ကောင် မိပါလေရောဗျာ။ တစ်ယောက်တည်း ဆွဲ
နိုင်လို့ နံဘေးဝန်းကျင်က ဘဝတူတံငါလှေသားများ အကူအညီနဲ့
ကို ဆွဲတင်ဖမ်းခဲ့ရတယ်။ အဲဒီတုန်းက အိမ်ကမိန်းမ မတောကို
ဝယ်ပန်ပေးနိုင်ခဲ့ရရဲ့ခင်ဗျာ။

အဲဒီလို အသွင်သဏ္ဌာန် အိပ်မက်ကောင်းမျိုး လေးငါးခြောက်
ကျွန်တော် မက်ခဲ့ဖူးတယ်။ အကျိုးပေး တယ်ကောင်းပဲ။ (ကုသိုလ်
ပေးပေါ့ဗျာ) တစ်နေ့လည်းကျရော. . . အိပ်မက်ဆိုးတစ်ခု မက်ပါ
ခင်ဗျ။

အိပ်မက်ထဲမှာ ကျွန်တော့်လှေကို ရေဝဲစုပ်ပြီး လှုပါ ဝဲထဲနစ်တဲ့
အကျိုးနည်း လန့်ပြီးအော်လိုက်ရတာဗျာ။ နိုးတော့. . . လူ
ယ်လုံး ချွေးကို ရွဲနစ်လို့။ မိန်းမက. . . ရှင် ဘာဖြစ်လို့ လန့်အော်
လဲတဲ့။ အချိန်က လင်းကြက် အော်နေတဲ့အချိန်. . . မိုးသောက်

''ဘာ. . . ဘာ. . . မှ. . . မဟုတ်ပါဘူးဟာ''

''ဘာမှ မဟုတ်ဘူးသာ ပြောတယ်။ အော်လိုက်တာ. . . အရင်
ထိုင်းပါနဲ့. . . ငယ်သံကို ပါနေတာပဲ။ ဟွန်း, အိပ်ရေးပျက်ပါရော''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မတောက အိပ်ရေးပျက်တော့ မြည်တွန်တောက်တီးလုပ်
အဲဒါနဲ့. . . လန့်ထဲ့စိတ်ကို ပြန်ထိန်းပြီး မတောကို ချော့ရတယ်။ မ
ပြန်အိပ်မရတော့ ပါးစပ်က ပွစိပွစိ လုပ်နေရော။

အဲဒါနဲ့. . . မတောရဲ့ ရှင်မတောင်လက်ကျန် ပါးလေး
နမ်းပြီး သူမရဲ့ခါးလေးဖက်. . . ကိုယ့်ဘက်ဆွဲလှည့် လိုက်တော့

"ရှင်. . . နော်. . . ရှင်"

"အဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ"

"ဘာ. . . အဟဲ. . . ဟဲလဲ. . . လွှတ်. . . ထမင်းချက်
မယ်. . . ဖယ်"

"ချစ်လို့ပါ. . . မတောရာ"

"အို. . . ကဲ. . . ကဲ. . . . ကဲ"

"အဟတ်. . . အဟတ်. . . ဟား ဟား ဟား ဟား"

❦ ❦ ❦

(၂)

အဲဒီနေ့က ငါးဖမ်းထွက်တော့. . . ကောင်းကင်မှာ မိုးရိပ်
တယ်။ ကမ်းခြေနဲ့ အလှမ်းဝေးဝေးမှာ မိုးတိမ်ကုန်းညိုပြီး
လုံ့နေတုန်း ရှိသေးဗျာ. . . ရုတ်ချည်းလိုလိုပါပဲ. . . ကောင်းကင်ပြ
လာပြီး လေပြင်းများ ကျလာလိုက်တာ ချေပြင်ဟာ လှိုင်းလုံးတွေ
သွားပါရော။

ကျွန်တော်တို့ တံငါလှေငါးစီး ကျောက်ကြိုးများ ပြတ်ပြီး မျော
လိုက်တာ. . .

ကျွန်တော့်လှေလည်း ရေထဲနစ်၊ လူလည်း ရေအောက်ဆွဲချခံ
လိုဖြစ်လိုက်၊ ရောမလှိုင်းလုံးထိပ်ဖျားပေါ် ရောက်သွားလိုက်နဲ့. . .
ခါတော့ ငါတော့သေပြီဟာလို့ မှတ်လိုက်ပြီး မျက်လုံးထဲမှာ မိမိ
နှင်းမျှော်နေတဲ့ မတောရဲ့စိုးရိမ်တကြီး မျက်နှာကို ပြေးမြင်လိုက်ရပါ
။

အနီးဝန်းကျင် မျက်လုံးဖွင့်ကြည့်လိုက်တော့. . . မည်းမှောင်နေ
ကောင်းကင်၊ မိုးသီးမိုးပေါက်၊ ရောမလှိုင်းလုံးနဲ့ တဝုန်းဝုန်း ရိုက်ခတ်



www.burmeseclassic.com

www.burmeseclassic.com



သံ၊ လေကြီးမိုးကြီးကျသံများကို ကြားနေရတယ်။ ပါးစပ်က အ
လုပ်ဖော်ကိုင်ဖက်များရဲ့ အမည်ကို တကြော်ကြော် အော်ခေါ်
ကိုယ့်အသံလည်း သူမကြား၊ သူ့အသံလည်း ကိုယ်မကြား။

လှိုင်းလုံးဖိအားအောက်ကို ရောက်သွားရင် လူက အဝိ
သွားသလို ခံစားရပြီး အောက်ရေ၀ဲ၁၅ ပင့်၊ အပေါ်က စုပ်
မှုန်းမွှန်းကျပ်ကျပ်နဲ့ ဘွားခနဲ ပေါ်လာလိုက်။ နောက်ဆုံး ပါးစ
'ဘုရား' 'ဘုရား' 'ဘုရား' လို့ တ၊ အဘရေငန်ပိုင်ဦးရှင်ကြီး
ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ
ကြောင်းပဲ အော်ပြီး ရွတ်နေလိုက်တာ၊ ရေစီးလှိုင်းထဲ မျောရင်း

ရော၊ မိုးရော၊ လှိုင်းရော တဖြည်းဖြည်း ငြိမ်ကျသွားပါ

အဲဒီအချိန်မှာ ကျွန်တော်ဟာ လူသူနဲ့ဝေးတဲ့ မြစ်သုံး
သဝ လတာပြင်ပေါ်မှာ လှိုင်းပုတ်တင်ခံရပြီး သတိလစ်လို့. . .
သေးရဲ့. . . အဲဒီဝန်းကျင်က လှေသမားအချို့ ရေမျောကမ်းတင်
လိုက်ရှာရင်း တွေ့သွားကြလို့ အသက်ပြန်ရှင်ခွင့်ရပြီး မတော်နဲ့
ရတာ။

အဲဒီနေ့က လှေဆုံးသွားတယ်။ ပိုက်ပြန်ရတယ်။ စုတ်
တံငါ လှရစ်ကြီးနဲ့ ကံပေါ်ဆို အလောင်းပြန်မရဘူး။

ဟူး. . . အိပ်မက်ကတော့ ကြိုတင်နိမိတ်ပြသွားဗျာ. . .
အိပ်မက်နိမိတ်ကို အလေးထားပြီး အလုပ်တစ်ရက် နားလိုက်ရင်
ကြောက်မက်ဆိုးဝါးလှတဲ့ အဖြစ်ဆိုးနဲ့ ဆုံးရှုံးနစ်နာစရာ အခြေအ
ဖြစ်လာမှာ မဟုတ်တော့ဘူး။

ခုတော့၊ ဟူး. . . တော်သေးတာပေါ့။ ဘုရား မ,လို့။

♛ ♛ ♛

(၃)

အိပ်မက်ရဲ့ ထူးခြားဆန်းကြယ်မှုအကြောင်းကို ပြောရရင်
ဒေါင်းစိန်တို့ မြေးအဘွားအဖြစ်က အရမ်းအံ့သြစရာပဲဗျာ။

ဖွားမဒေါင်းစိန်က အသက် (၇၀)ကျော် မှဆိုးမကြီး။ အပျို
မြေးမလေး လှယဉ်နဲ့ ရွာထိပ်က တံငါလှေဆိပ်မှာ အကြော်စုံရောင်း
အသက်မွေးနေကြတာ ဆင်းရဲလှပါ့ဗျာ။ မိုးရာသီရောက်ရင် အိမ်က
မမိုးနိုင်ရှာဘူး။ သူများတွေ အိမ်သစ်မိုးပြီးလို့ မလိုလို့စွန့်တဲ့
ဓာင်းလေးများ တောင်းရမ်းပြီး မနေနိုင်တဲ့လူက ဝိုင်းအိမ်မိုး

သို့သော်. . .။

မြေးအဘွားနှစ်ယောက်စလုံး ဘုရားတရား မြဲမြဲကြ
ချင့်သီလ ကောင်းကြတယ်။ ဥပုသ်၊ လပြည့်၊ လကွယ်နေ့
နက်ကြီးကျောင်းမှာ ဥပုသ်စောင့်ကြတယ်။ ရဟန်းသံဃာများ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဆွမ်း နေ့တိုင်း လောင်းလှူတယ်။ ဒကာ့သည် သူတောင်းစားများ ရောင်းနေတဲ့ အကြော်များ ပေးကမ်းစွန့်ကြဲတယ်။

ပြီးတော့. . .။

ရွာထိပ်က ညောင်ပင်ကြီးက အဘိုးရုက္ခစိုးနတ်ကွန ညတိုင်း ဆီမီးနဲ့ ရေချမ်း ကုသိုလ်ကောင်းမှုပြုတယ်။ အိပ်ရာဝင် ဘုရားရှိခိုး၊ ပုတီးစိပ်ပြီးမှ အိပ်ရာဝင်ကြတယ်။

နံနက်စောစော ဖွားမဒေါင်းစိန်ရဲ့ ဘုရားရှိခိုးသံ၊ မေတ္တ အမျှဝေသံဟာ တံငါရွာထဲမှာ နားထောင်လို့ အကောင်းဆုံး။ ကျက်သ အရှိဆုံး မဟာမင်္ဂလာကီတသံပဲ။

ကြည့်စမ်း. . .သီလကုသိုလ်ကံ အကျိုးပေးချင်တော့

တစ်ည အိပ်မက်ထဲမှာ ပိတ်ဖြူစင်ကြယ်ဝတ် အဘိုးအိုတ ရောက်လာသတဲ့။

"ဟဲ့. . . မိဒေါင်းစိန်"

"ရှင်. . . မောင်ကြီး။ ဘာကိစ္စရှိလို့ပါလဲတော်၊ အိမ်ပေါ်တ နားပါ၊ ရေနွေးများသောက်လှည့်ပါ. . . မောင်ကြီး"

"မသောက်ဘူးဟဲ့. . .၊ နင်တို့မြေးအဘွားကို ပြောစရာ လာခဲ့တာ"

"ဘာများ ပြောချင်လို့ပါလဲ. . . မောင်ကြီးရှင်"

"လပြည့်နေ့ မွန်းတည့်ချိန်ရောက်ရင်. . . ရွာတောင်ဖျား တန်းနားက ကသစ်ပင်အောက်ကိုသွား။ အရှေ့ဘက်ထွက်နေတဲ့ ။ မြစ်ရဲ့ အမြစ်ဆုံးအပေးအောက်ကို သွားတူး။ နင်တို့. . . ဒီတ မပူရတော့ဘူး။ လှူကြ၊ တန်းကြ. . .ဒါ လာပြောတာ ပြန်မယ် "မောင်ကြီး. . . မောင်. . . ကြီး. . . နေ. . . နေပါ. . . ဦး. . . ရှ





ပိတ်ဖြူဝတ်အဘိုးအိုက ခေါ်သံကို ကြားပေမယ့် လုံးဝ လှည့် ကြည့်ဘူးတဲ့။ ခြံထဲကနေ ထွက်သွားပါရော။ အဲဒီအိပ်မက်က မိုးသောက် သင်းပိုင်းမှာမက်တဲ့ အိပ်မက်ဗျ။

အိပ်မက်ကနိုးတော့. . . ဒီအိပ်မက်အကြောင်း မြေးမလေး မလှ ကို ပြန်ပြောပြပြီး ဘာသိဘာသာပဲ နေလိုက်တာပေါ့။ အဘိုးအိုပြော လပြည့်နေ့ရောက်တော့ ဘုန်းကြီးကျောင်းသွားပြီး ဥပုသ်ပဲစောင့်နေ တယ်။ အဘိုးအိုညွှန်တဲ့နေရာကို မသွားခဲ့ကြဘူး။

ဟော. . . အဲဒီနေ့ည မိုးသောက်ယံမှာပဲ အဘိုးအိုက အိပ်မက် ပြန်ပါရောတဲ့ခင်ဗျာ။

"ဟဲ့. . . မိဒေါင်းစိန်. . . အမိုက်မ"

"ဟော. . . မောင်ကြီး. . . မောင်ကြီးပါလား. . . ကြွပါရှင်. . . ရှင်"

"နေ. . . နေ. . . ငါ စားဖို့သောက်ဖို့ လာတာ မဟုတ်ဘူး ပြည့်နေ့တုန်းက ငါသွားဖော်ခိုင်းတဲ့နေရာကို ဘာလို့ နင်တို့မြေးအဘွား မဖော်တာလဲ"

"ဥပုသ်စောင့်. . . သွား. . သွားနေ. . လို့ပါ. . မောင်ကြီးရှင်"

"တယ်အ,တာကိုး။ ဥပုသ်စောင့်ပြီး မွန်းတည့်ရင် သွားဖော်လို့ ခဲ့ဘူးဗျာ။ ကိုင်း. . . ကိုင်း. . . ဒီမှာ နှမကြီး. . . လဆုတ်(၈)ရက်နေ့ မွန်းမွန်းတည့်ချိန်ရောက်ရင် မောင်ကြီးပြောတဲ့နေရာရောက်အောင် ကြ၊ ဖော်ယူကြ။ သူတစိမ်းအဖော် ခေါ်မသွားနဲ့နော်။ မောင်ကြီး ဆို့ ဆင်းရဲတာကို မကြည့်ရက်ဘူး။ ဒါပဲ. . . သွားမယ်"

ထုံးစံအတိုင်းပဲ လှည့်မကြည့်ဘဲ ပိတ်ဖြူဝတ်အဘိုးအိုက ပါရော။ ဖွားမဒေါင်းစိန်က လှမ်းအော်ခေါ်. . .



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ. . . သုံးကြိမ်သုံးခါ အိပ်မက်ပေးတယ်။ နောက်ဆုံးအ

မှာ. . .

"ဟဲ့. . . မိဒေါင်းစိန်၊ နင်တော်တော်ညံ့ပါလားဟင်။ ပေးချ

ကြီးပွားစေချင်လို့ အခါခါလာပြောနေတာတောင် နင်က မယုံသ

ဒီမှာ. . . ဒါ နောက်ဆုံးအကြိမ်ပဲ။ လကွယ်နေ့. . . မွန်းတည့်မှာ တ

ဖော်ဖြစ်အောင် လာတူးဖော်လှည့်။ ဒီတစ်ခါမှ လာမဖော်ရင်. . .

. . . နင်တို့ ဘာမှမရတော့ဘူး။ အကြော်ရောင်း၊ ညှော်မိရင်း ေ

ရှိလိမ့်မယ်. . . ဂန်းတာမရဲ့"

အဲဒီလို အဘိုးအိုက ကရုဏာဒေါသောနဲ့ အိပ်မက်ထဲမှာ

မောင်းပြောဆိုသွားတာတဲ့။ နောက်ဆုံး. . . မြေးအဘွားနှစ်ယောက်

ချင်းဆိုင် တိုင်ပင်ကြတယ်။

"သုံးကြိမ်သုံးခါတောင် ဒီအတိုင်း အိပ်မက်ပေးနေပုံရရင်

ခြားတာပဲ အဘွား"

"ဘယ်လိုလုပ်ကြမလဲ အေ"

"လကွယ်နေ့ကျရင် ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ သွား

မယ်. . . အဘွားရယ်"

"ဒီလိုဆို. . . ဟိုကောင်စံမောင့်ကို အဖော်ခေါ်သွားရဖ် 

မလားကွယ် လှယဉ်"

"အို. . . အဘွားကလည်း အဘိုးအိုက ပြောတယ်ဆို. .

တစိမ်းအဖော် မခေါ်နဲ့လို့"

"ဘာကောင်ညာကောင် တစ္ဆေသရဲ မြွေပါးကင်းပါးနဲ့

စိုးလို့အေ့"

"ကြောက်စရာမလိုပါဘူး အဘွားရယ်. . . အဘွားနဲ့





တယ်။ သူစိမ်းမခေါ်ပါနဲ့"

ဒါနဲ့. . . လကွယ်နေ့ ဥပုသ်စောင့်ပြီး မွန်းတည့်ချိန်မှာ မြေး

ွားနှစ်ယောက် ဓားမတစ်လက်ယူပြီး ခမောက်ကိုယ်စီနဲ့ ရွာတောင်

ာ လမုတောကမ်းစပ်ကို လှမ်းလာခဲ့လိုက်တယ်။ ကောင်းကင်မှာ

ည့်လို့။ ဒီနေရာကို သူတို့ တစ်နှစ်နေလို့ တစ်ခေါက် ရောက်ခဲတယ်။

စပ်မှာ ရေတိုက်၊ မြေပြို၊ ဘုရားငုတ်တစ်ခုနဲ့ ဓနိတော၊ လမုတောပဲ

ာကိုး။

သရဲခြောက်သလိုလို၊ ဥစ္စာစောင့်ရှိသလိုလို၊ ကျွဲရိုင်းရှိသလိုလို

ည်ကြီးနေတဲ့ နေရာကြမ်း။ နှစ်ယောက်သား အပိုင်အဆိုင် အစောင့်

ှာက်များကို မေတ္တာပို့ပြီး အရဲစွန့်လာခဲ့ကြတာ. . .။

ဒါနဲ့. . . မကြာခင် ရောမသစ်ပင်ကြီးကို တွေ့ရော။ သည့်

က် အိပ်မက်ထဲက အဘိုးပြောတဲ့ အရှေ့ဘက်ထွက်တဲ့ ကသစ်မြစ်

ှာတယ်။ တွေ့ပြီ. . . အမြစ်ကြီးက အကြီးကြီးပဲ။ မြေပေါ်ထိုးထွက်

ာ။ ဒီမှာ ကသစ်မြစ်ဆုံအပွေးကြီး အခွေးကြီးကို တန်းတွေ့တော့

"မှန်တော့ မှန်နေတာပဲ မြေးရေ. . ."

"ဒီအဖုအောက်ကို တူးလို့ ပြောတာမဟုတ်လား အဘွား"

"အေးကွဲ့၊ ကိုင်း. . . တူးစမ်းကွယ်။ ဘုရား၊ တရား၊ သံဃာ

ာမြတ်သုံးပါး ကျေးဇူး။ အိပ်မက်ထဲက စေတနာရှင်၊ မေတ္တာ၊

ရဲ့ကျေးဇူးကြောင့် သမ္မာဒေဝနတ်များ၊ တောပိုင်တောင်ပိုင်၊ ကွင်း

အရှင်သခင်များ စောင့်ရှောက်စောင်မတော်မူကြပါ"

"ခွပ်. . . ဂွပ်. . . ဂွပ်"

"ခွပ်. . . ဂွပ်. . . ဂွပ်"



www.burmeseclassic.com

www.burmeseclassic.com



လှယဉ်က ဓားမဦးနဲ့ မြေကြီးကို တူးလိုက်တယ်။ မြေ
ကျောက်သားရောပြီး မာနေတယ်။ နဖူးက ချွေးကိုသုတ်ပြီး မြေသား
ကို ဖယ်လိုက်တယ်။ ဒီအချိန်မှာ အဘွားမဒေါ်ငးစိန်က ရှင်သီဝလိ
ကို ပါးစပ်က ရွတ်နေလိုက်တယ်။

"သီဝလိစ မဟာနာမံ၊ သဗ္ဗလာဘံ ဘဝိဿတိ။ ထေရ
အာနုဘာဝေန၊ သဗ္ဗေဟောန္တု ပိယံ မမ"

"ဒုတ်. . . ဒုတ်"

"ဂုတ်. . . ဂုတ်"

"ရှပ်. . . ရှပ်. . . စွပ်. . . စွပ်"

"ဒုတ်"

"ဟော. . ."

လှယဉ်က မြေကြီးသား ကျောက်ခဲသားများကို ဖယ်ပြီး
ခံထိသံ ကြားလိုက်ရလို့ ဓားနဲ့ အသာခြစ်ဖော်လိုက်တယ်။

"သီဝလိစ မဟာထေရော၊ ဒေဝမနုဿ ပူဇိတော၊ သော
ပစ္စယာဒီနံ၊ မဟာလာဘံ ကရောတုမေ"

"အဘွားရေ. . . တွေ့ပြီဗျို့"

"ဟေ. . . တွေ့ပြီ ဘာ. . . ဘာ. . . တွေ့. . . တာလဲ. . .

"အိုးတော့. . . အိုး။ ဘာအိုးလဲ မသိဘူး"

"ဟင်. . ."

လှယဉ်က အိုးနှုတ်ခမ်းမြေသားကို ဓားမဦးနဲ့ချဲ့ပြီး
လက်နဲ့ အသာမ,ယူလိုက်တယ်။ အိုးနှုတ်ခမ်းမှာ မြေသားမည်းမည်း
ပေကပ်လို့။ အိုးက စဉ့်သုတ်မြေအိုးလေး။ ငါးပိရည်ကျိုသည့်အိုးလော
ရှိမယ်။ အဖုံးက အံဖုံးလို စွပ်လို့။ အံစွပ်အဖုံးတဲ့ခင်ဗျ။





"အလို. . . စဉ့်အိုးလေးပါလား"

"အဘွား. . ."

"မြေး. . ."

"အ. . . အထဲမှာ. . . ဘာ. . . ဘာ. . . ရှိ. . . ရှိ. . . မလဲ
. . .တော့"

လှယဉ် မြေကြီးသားများကို ဖယ်ပွတ်လိုက်တော့ မြေအိုးကို
. . .သား ပိပိပြင်ပြင် မြင်လိုက်ရပြီ။ အံ့ဩလွန်းလို့. . . အသံတွေ
. . .ရှာတယ်။ လက်ရာကလည်း ရှေးဆန်ဆန်လှပါသတဲ့ ခင်ဗျ။

"အဘွား. . . သမီး. . .၊ အဖုံး. . . ကို. . . ဖွင့်လိုက်. . . မယ်

"အေး. . . ဖွင့်. . . ဖွင့်၊ ဘုရားတပည့်တော်မ လှူရတန်းရပါလို
. . .ဘုရား"

"ဂွပ်"

"ဟယ်. . ."

"အလို. . ."

"အဘွား. . . ဒါ. . . ဒါ. . . ငွေ. . . ငွေ. . . ဒင်္ဂါး. . . တွေ
. . .တွေတော့. . ."

လှယဉ်ရော၊ ဖွားမဒေါ်ငးစိန်ရော. . . အိုးဖုံးလည်း ပွင့်သွားရော
. . . ဝင်းလက်နေတဲ့ ငွေဒင်္ဂါးတွေ ထွက်ကျလာပါရော။ ဝမ်းသာလွန်း
. . .ယဉ်က ထခုန်ကလိုက်သေးဆိုပဲ။

"အဘွား. . .၊ သမီးတို့ ချမ်း. . . ချမ်းသာပြီ. . . အဘွားရဲ့
. . .ဟီး"

"အေး. . . ဟုတ်တယ်၊ ချမ်းသာပြီ။ ဒါ. . . ဒါ. . . အိမ်ဆက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



က ပိတ်မြူစင်ကြယ်ဝတ်မောင်ကြီးရဲ့ ကျေးဇူးပဲ. . . သမီး. . . အ
အိုးထဲပြန်ထည့်''

လှယဉ်က ဝမ်းသာလွန်းလို့ ငွေဒင်္ဂါးများကို စဉ့်အိုးထဲ
ပြန်ထည့်ပြီး ပုဆိုးပိုင်းနဲ့ အိုးကို သေသေချာချာ ထုပ်လိုက်တယ်။
များကိုလည်း နေသားတကျ ပြန်ဖို့လိုက်တယ်။ ပြီး. . . ရွာတော်ရှင်
ကွင်းပိုင်များကို ခွင့်ပြုပါလို့ ပြောပြီး အမျှပေးဝေ ကတိပြုလို့ ရွာဘ
ဝမ်းသာအားရ ခြေလှမ်းများနဲ့ အမြန်ပြန်ခဲ့လိုက်ကြတယ်။

♛ ♛ ♛

(၄)

ပြောရရင်. . . အဲဒီအချိန်ကစပြီး လှယဉ်တို့မြေးအဘွား
တောင်းတင့်တယ် ဖြစ်သွားခဲ့တယ်။ ဒါ. . . ရက္ခစိုးနတ်ကွန်း ရွှေညော
က အဘိုးရက္ခစိုးရဲ့ ကျေးဇူး၊ ရတနာသုံးပါးရဲ့ ကျေးဇူး၊ သီလစင်ကြ
ဒါနနဲ့ ဘာဝနာကောင်းမှုရဲ့ အကျိုးကျေးဇူးလို့ အကြွင်းမဲ့ယုံကြည်
ကြတယ်။ တစ်ရွာလုံးကလည်း ဝမ်းသာအံ့ဩလို့ မဆုံးကြဘူး။

ဒါနဲ့. . . ရွှေညောင်ပင်က ရက္ခစိုးနတ်ကွန်းကို ကျကျန
လိုက်တယ်။ နိုင်ခံ့တဲ့အိမ်သစ်တစ်လုံးကိုလည်း ဆောက်လိုက်တယ်။





မှာ သိမ်ထပ် ရဟန်းခံလုပ်တယ်။

တစ်ရွာလုံးကိုလည်း အကျွေးအမွေး အလှူကြီးလုပ်ပြီး ကုသိုလ်
ရဟန်းရှိသမျှအားလုံးကို သင်္ကန်းပရိက္ခရာတစ်စုံစီ လှူဒါန်းရေ
အမျှပေးဝေခဲ့တယ်။

အဲဒါ. . . အိပ်မက်တစ်ခုရဲ့ ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ်ပဲ။

ဖွားမဒေါင်းစိန်တို့ ကသစ်ပင်အောက်က ငွေအိုးရတယ်လို့ သိကြ
. . . ရွာထဲက လူတွေနှယ် အဲဒီနေရာကို သွားပြီး တူးလိုက်ကြ
ကြတာ နည်းရောလားဗျာ။ မြေအိုး၊ စဉ့်အိုး၊ ငွေအိုးတော့
မြွေငန်းစောင်းနဲ့ ငန်းပုတ်များလိုက်လို့ မနည်းကို အသက်လု
တယ်။

ပြောရရင်. . . အိပ်မက်ကောင်း၊ အိပ်မက်ဆိုးဆိုတာကလည်း
ခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံနဲ့လည်း ဆက်စပ်နေတာပဲဗျ။
အဆိုးအကောင်းကလည်း အစဉ် အားပြိုင်နေတာပဲ။ အင်း
အိပ်မက်. . . အိပ်မက်. . . ထူးခြားဆန်းကြယ်လွန်းလှတဲ့ အိပ်
. . . ။

အိပ်မက်ကြောင့် ကြီးပွား၊ အိပ်မက်ကြောင့် ဘဝပျက်၊ အိပ်မက်
အမြင်မှန်ရကြ၊ သူတော်ကောင်းတွေ ဖြစ်ကြ၊ သက်ရောက်မှု
အံ့ဩစရာ ကောင်းလေစွ။

◆ **မောင်ညိုမှိုင်း (သန့်လျှင်)**

ဂမ္ဘီရဆန်းကြယ်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ။

www.burmeseclassic.com

www.burmeseclassic.com



## အဝိဇ္ဇာပိတ်ကာဆို့မိစ္ဆာမြို့ပြင်ပြင်

''ဖေဖေရေ၊ဖေဖေ''

''ဖေဖေ၊ ဖေဖေ''

ကျွန်တော် နောက်ဘက် မီးဖိုချောင်မှာ ထမင်းချက်နေစဉ် ...မှ အသံစာစာနှင့် အဆက်မပြတ် တကြော်ကြော်အော်ခေါ်နေသံ ...ိ အိပ်ရှေ့သို့ အမှတ်မထင် ထွက်ကြည့်လိုက်သောအခါ မိန်းမငယ် ...

အသက်(၇)နှစ်ခန့်ရှိမည်။ ဂါဝန်တိုအဖြူ၊ အကျီနီနီရဲရဲလေးနှင့် ...ိုကလေးများက နှဖူးပေါ်ဖြာကျလို့။

ကလေးမကလေးက သံဆန်ခါတံခါးကို လက်နှင့်ပုတ်၍ [illegible] ... အော်ခေါ်နေဆဲ။

''ဖေဖေ. . .''



www.burmeseclassic.com

www.burmeseclassic.com



"ဖေကြီး၊ ဖေကြီး"

ကျွန်တော် တံခါးဖွင့်ပေးလိုက်သောအခါ ကလေးမက
ကျွန်တော့်ကို တအားပြေးဖက်၍ ဖေဖေဟုဆိုပြီး ဝမ်းသာဝမ်း
တော့သည်။ ကျွန်တော့်ရင်ထဲမှာ ဆို့ကနဲ ဖြစ်သွားခဲ့ရ၏။

ဒါနှင့်အတူ ဘယ်ကမှန်း မသိရသော ကလေးမက
ကျွန်တော့်သမီးအရင်းကလေးအလား တအား ပွေ့ဖက်ထားမိ

"ကလေး၊ကလေးက ဘယ်သူတုံး။ ဘယ်ကတုံးကွယ်

ဒီမှာတင် ပါးဖောင်းဖောင်း၊ မျက်လုံးမှေးမှေးနှင့် ကလေ
ကျွန်တော့်လက်အစုံကို တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း မျက်ရည်
နှင့်–

"ကလေးက ဘယ်ကတုံး"

"သမီး. . . သမီး ဖေဖေ့သမီးလေ"

"ဟင်. . . ဖေဖေ့သမီး"

အလို ကလေးက ဖေဖေ့သမီးဟု ဖွင့်ပြောနေ၏။ ကျွ
ဒီအရွယ်သမီး မရှိ။ အပျိုပေါက်သမီးပဲ ရှိသည်။ သူမက အ
နေသည်။

တစ်ချိန်ကတော့ (လွန်ခဲ့သည့်ခြောက်နှစ်ကျော်ခန့်က)
မှာ ဒီကလေးအရွယ် သမီးလေးတစ်ဦး ရှိခဲ့ဖူးသည်။ ကျွန်တော်
အသည်းမျှ ချစ်ခဲ့ရသည့် အချစ်ဆုံးသမီးလေး။

နာမည်က 'ဖွေးဖွေးသင်' ဟု ခေါ်သည်။

ထိုအချစ်ဆုံးသမီးလေးသည် ရန်ကုန်ဆေးရုံပေါ်မှာ ဦး
အမြွှေးရောင်ရောဂါနှင့် ကွယ်လွန်သွားခဲ့၍ ရေဝေးသုသာန်မှာ
ခဲ့ပြီးပြီ။





"ဖေကြီး၊ ဖေကြီး သမီးကို မမှတ်မိတော့ဘူးလား"

"က. . . ကလေးရဲ့ နာမည်က ဘယ်သူ"

"သမီး. . . သမီး ဖေကြီးရဲ့သမီး ဖွေးဖွေးသင်လေ"

"ဟင်. . . ဖွေးဖွေးသင်"

"ဟုတ်တယ်၊ သမီး ဖွေးဖွေးသင်"

"ဖွေး. . . ဖွေး. . . သင်. . . သမီး"

ဘာရယ်လို့ မဟုတ်တော့။ ကျွန်တော် ကွယ်လွန်သူ သမီးလေး
လည်း၍ ရှုသွပ်နေသည်မှာ (၇)နှစ်နီးပါးခန့် ရှိပြီမို့ ကလေးမလေးက
သူ ဖွေးဖွေးသင်ဟု ပြောလိုက်သောအခါ သမီးရူး ကျွန်တော်သည်
လေးကို အားရပါးရ ဖက်ထားလိုက်မိသည်။

ဒီအချိန်မှာပဲ–

အိမ်ထဲသို့ လူကြီးတစ်ဦးနှင့် မိန်းမတစ်ဦး ဝင်ရောက်လာ
န်းသတ္တုန်ကိုကြည့်၍ ကျွန်တော် အံ့သြသွားရပြန်သည်။ အသက်
ရှိသော ခံ့ခံ့ညားညား အမျိုးသားကြီးကား သျှောင်တစောင်းနှင့်၊
ကြီးနှင့်။ တောင်ရှည်ကဲ့သို့သော ပုဆိုးအချိတ်ကိုဝတ်လျက်။

အမျိုးသမီးကား အသက်(၃၅)နှစ်ခန့် ရှိမည်။ အသား
သန့်သန့်။ ဘီးကျော့ပတ်ကြီးနှင့်၊ ရှုံသားအင်္ကျီလက်ပွ ရွှေဆိုင်စိ
ကြီးနှင့်၊ ချိတ်ထဘီ အထက်ဆင်အကြီးကြီး ပတ်ဝတ်၍ ကျွန်တော့်
ပြုံးပြုံးကြီးရှိနေကြ၏။

"သမီး ရွှေပိုးတီ"

"ရှင်–အဘ"

"တွေ့ပြီလားဟေ့"

"တွေ့ပြီ–ဘ၊ ဒါ. . . ဒါ သမီးဖေဖေ ဦးညိုမှိုင်း" လွန်း



www.burmeseclassic.com

www.burmeseclassic.com



ဟယ်–သျှောင်တစောင်း သျှောင်ထုံးနှင့် လူရွယ်ကြီးကျ
လိုက်သောအခါ ကျွန်တော့်လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ထားသည့်
သူ ဖွေးဖွန်သင်ဟု ကွယ်လွန်သူ ကျွန်တော့်သမီးအမည်ကို ပြော
ကလေးမက ကျွန်တော့်ကို လက်ညှိုးထိုးပြီး 'ဖေဖေ ဦးညိုမှိုင်း
ပြောလိုက်သောအခါ ကျွန်တော် သူတို့သုံးယောက်စလုံးကို တစ်
လိုက်ကြည့်ပြီး အံ့သြနေစဉ် ဒါနှင့်အတူ ရင်တွေခုန်နေ၏။

"ဦးညိုမှိုင်း ဆိုတာလား"

"ဟုတ်...ဟုတ်ပါတယ် ခင်ဗျာ။ ဒါ...ဒါနဲ့"

"စာရေးဆရာပဲနော်"

"ဟုတ်ပါတယ် နောင်ကြီး ခင်ဗျာ။ ဒါနဲ့ နောင်ကြီ
ဒီ...ဒီကလေးမလေး။ သမီးလေးက..."

"ဒီလိုပါ ကိုညိုမှိုင်း။ ကျုပ်နာမည်က ကိုမြတ်ကျော်ခေါ
ဒါက ကျွန်တော့်ဇနီး မခင်စပယ်လှိုင်ပါ။ ဟောဒီ ကလေးမလေး
ကျုပ်တို့ရဲ့သမီး။ နာမည်က ရွှေပိုးတီတဲ့"

"ဟုတ်ပါဘူး ဘကလည်း။ သမီးက ဖွေး..."

ဒီမှာ ကိုမြတ်ကျော်ခေါင်ဆိုသော ရေးဆန်ဆန် လူ
ကလေးကို ပြုံးကြည့်ပြီး လက်ဝါးကာ ဟန့်တားလျက်မှ–

"ဖြစ်ရပ်တွေ အရမ်းကို အံ့သြစရာကောင်းတယ် ကိုညိ

"ပြောပါ နောင်ကြီးရယ်၊ ဒီမှာထိုင်ကြပါ ခင်ဗျား"

သူတို့ဇနီးမောင်နှံက အိမ်ပေါ်သို့ တက်ထိုင်လိုက်
သူတို့မောင်နှံကိုယ်မှ မွှေးကြိုင်သော ဆောင်တော်ကူးရနံ့မျိုး

"အိမ်ထောင်သက် (၁၅)နှစ်ကျော်မှာ ကျုပ်တို့
ခိုးမွှေ့ အဖတ်မတင်ခဲ့ဘူး။ တစ်ည ကျုပ်ဇနီး ဟောဒီ မခင်စ





တ် တစ်ခု မက်ခဲ့တယ်။ အိပ်မက်ထဲမှာ အကျီနီနီရဲရဲနဲ့
မလေး တစ်ယောက်က ကြီးကြီးတို့ဆီမှာ ခဏနေပါရစေလို့
ကျုပ်မိန်းမဲ ကို ဖက်ငိုခဲ့တယ်။

အိပ်မက်မက်ပြီးလို့ များမကြာခင်မှာ ကျုပ်ဇနီး ကိုယ်ဝန်ရှိခဲ့
နောက် မိန်းကလေးတစ်ဦး မွေးဖွားလာခဲ့တယ်။ ကလေးရဲ့ ရင်
မှာ ပန်းပွင့်လို စာအမှတ်ကြီးနဲ့"

"ဗျာ...ပန်းပွင့်လို စာအမှတ်ကြီးနဲ့"

"ဟုတ်ပါ့ဗျာ။ အဲဒီ ကလေးကို ကျုပ်တို့ ချစ်မြတ်နိုးလွန်းလို့
လို့ အမည်ပေးပြီး နာမည်ပေး ခေါ်င်းဆေးမင်္ဂလာကို ခမ်းခမ်း
လုပ်ခဲ့သပေါ့ဗျာ"

"နေ...နေပါဦး နောင်ကြီးနဲ့ အစ်မကြီး ခင်ဗျာ။ နောင်ကြီး
ဘယ်အရပ် ဘယ်ဒေသကပါလဲ ခင်ဗျာ"

"ရွှေမင်းဝံတောင်ခြေကပါ။ ကလေး (၆)နှစ်သမီး အရွယ်ရောက်
ကျုပ်တို့ကို 'ဘကြီး'လို့ပဲ ခေါ်တယ်။ အဖေ အမေလို့ မခေါ်ဘူး။
လေးက ပြောတယ်၊ သူ့မှာ အဖေအရင်း ရှိတယ်တဲ့။ နာမည်က
စာရေးဆရာ။ သန်လျင်မှာ နေတယ်လို့ နေရပ်လိပ်စာ အတိ
ကို ထူးဆန်းစွာ ပြောခဲ့တယ်။ ဒါနဲ့အတူ သူဟာ ဆေးရုံမှာ ခေါင်း
ကိုက်တဲ့ရောဂါနဲ့ ကွယ်လွန်ခဲ့ရတာလို့ ပြောပြီး သူ့နာမည် အစစ်
ဟာ ဖွေးဖွန်သင်လို့ ပြောပြတော့တာပဲ။

အဲဒါ အကြိမ်များစွာ ပြောပြနေတော့မှ ဒီကလေးဟာ လူဝင်
ကျုပ်တို့ သဘောပေါက်ခဲ့တယ်။ ရန်ကုန်မှာ ဘုရားဖူးလာတုန်း
ခဲ့တာလို့ သူက ပြောတယ်။ သူ့အဖေအရင်းဆီကို လိုက်ပို့ပေး
မှာ အစ်မတွေ၊ အစ်ကိုတွေ ရှိတယ်လို့ တငိုငိုတရီရီ ပြောပွန်း



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ အခု ဒီကို လိုက်ပို့ခဲ့တာပဲ။ ဒီရောက်ရော သူ့အိမ်ရှိရာ ခင်မ
ကို တန်းပြေးသွားတော့တာပဲဗျာ"

"ဗျာ. . . ကျွန်တော့်သမီး ကျွန်တော့်သမီး ဝင်စားတာ
ဖွေးဖွန်သင် ပြန်ဝင်စားတာ ဟုတ်. . . ဟုတ်လား"

"ဟုတ်တယ် ဖေဖေ၊ သမီး ဖွေးဖွန်သင်ပဲ"

"သမီး. . . သမီး ဟီး ဟီး ဟီး သမီး"

ကျွန်တော် လူဝင်စားသမီးငယ်ကို ဝမ်းသာအားရ လို
ကြီးစွာနဲ့ ပွေ့ဖက်နမ်းရှုံ့ပြီး လွတ်မသွားအောင် ဖက်ထားလိုက်မိ
ကျွန်တော့်ပါးပေါ်က မျက်ရည်များနှင့် သူမပါးပေါ်က မျက်ရည်မျ
မျက်ရည်မြစ်နှစ်စင်း ပူးပြီး ပင်လယ်ဖြစ်သွားခဲ့ကြ၏။

ကိုမြတ်ကျော်ခေါင်နှင့် ဒေါ်ခင်စပယ်လှိုင်တို့ကလည်း အံ့
မဆုံးကြဘူး။

ကျွန်တော့်မှာ ပိုပြီး အံ့ဩဝမ်းသာမဆုံးဘဲပေါ့ဗျာ။

လွန်ခဲ့သည့် (၆)နှစ်ကျော်ခန့်က သမီးလေး ဆေးရုံပေါ်
တော့ ကျွန်တော် အရူးတစ်ပိုင်း ဖြစ်ခဲ့ရတယ်။ သမီးရက်လ
မကြာခဏ အိပ်မက်ပေးလွန်းလို့ သမီးရဲ့ဝိညာဉ်ကို ရှုမိုက်စွာ
ကျွန်တော့်အိပ်ရာနံဘေးမှာ သူ့ခေါင်းအုံး၊ သူ့စောင်နဲ့ ခေါ်သိ

မိုးလင်းရင် သမီး စားနေကျ လက်ဖက်ရည်နှင့်မုန့်ကို
ချပေးခဲ့သည်။ နောင် ဒီလိုအလုပ်မျိုး မလုပ်ကောင်းဘူးလို့ လူကြီး
ဝိုင်းပြောလို့ သမီးရဲ့ဝိညာဉ်ကို ဆိုင်ရာပိုင်ရာမှ စောင့်ရှောက်
ပြန်ဝင်စားအောင် ကူညီကြပါလို့ ကန်တော့ပွဲနဲ့ တောင်းပန် ပြ
ရတော့။

အဲဒီအကြောင်းကို ကျွန်တော် သူရဇ္ဇမဂ္ဂဇင်းကြီးမှာ





အကျော်' နာမည်နဲ့ ဝတ္ထုရေးခဲ့ဖူးပါသည်။

အဲဒီနေ့ အဲဒီအချိန်ကစပြီး (၆)နှစ်ကျော်လုံးလုံး သမီးကလေး
လွမ်းခဲ့ရတာ။ သမီးကြိုက်တဲ့ သီချင်းတွေကို အရူးလို ညည်းခဲ့ရတာ။
ခဲ့ရတာ။

အခု ကြည့်စမ်း. . .

ကျွန်တော့်သမီးလေး လူသားစင်စစ်ဘဝနဲ့ (၆)နှစ်ကျော်
ကျွန်တော့်ရင်ခွင်ထဲ ပြန်ရောက်ခဲ့ပြီ။ အံ့ဩစရာ ကောင်းပုံများ
ကြည့်စမ်းဗျာ. . .။

ချက်ချင်းပဲ ကျွန်တော့်ပါးကို နမ်းပြီး သူ့ရဲ့ဖိနပ်စင်
တွေကို လက်ညှိုးထိုးပြတယ်။

"ဟောဒါက ဖေဖေ ဝယ်ပေးခဲ့တဲ့ ဖိနပ်၊ ဒါက မေမေ ဝယ်
ဖိနပ်တန်းလေး"

"သမီး ဟိုဓာတ်ပုံက ဘယ်သူလဲ"

ကျွန်တော်က လူဝင်စားပိုပြီး ခိုင်မာအောင် နံရံမှ ဓာတ်ပုံ
ညွှန်ပြလိုက်သောအခါ. . .

"အဲဒီဓာတ်ပုံကြီးက သမီးမေမေ"

"နာမည်ကရော"

"ဒေါ်ခင်စန်းမြင့်"

အို–မှန်လိုက်တာ။

"ဟိုဓာတ်ပုံကရောကွာ"

"ဒီဘက်က မမပိုင်ဇာ၊ အလယ်က ကိုကို၊ ဟိုဘက်က နီ

"ဘုရား. . . ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အံ့ဩ၍ မဆုံးနိုင်ပါပြီ။ သူ့ဓာတ်ပုံများကို ကြည့်[illegible] အားလုံးကို အဲတိအကျ ပြောနိုင်နေသည့် မိုင်ပေါင်းများစွာ ဝေး[illegible] သည့် အရပ်မှ ဒီနေ့ပဲ ရောက်ပြီး အတိတ်က ဓာတ်ပုံရှင်နှင့် သူ့[illegible] များကို တိတိကျကျ ပြောနိုင်နေသောအခါ ဒါ ကျွန်တော့်သမီး [illegible] ပြန်ဝင်စားတာ။

"ဖေဖေ"

"ဘာလဲ သမီးလေး"

"သမီးအင်္ကျီအနီလေး ရှိသေးလားဟင်"

သူက သူ့အစ်မ ခိုင်မာလင်းနှင့် ဟိုဘဝက မတည့်ကြ။ [illegible] 'အစ်မ'လို့ မခေါ်၊ 'ခိုင်မာလင်း'ဟုပဲ ခေါ်သည်။ သူကြိုက်သည့် [illegible] နီနီရဲရဲ ခေတ်ဆန်ဆန်လေးတစ်ထည် ရှိသည်။ ထိုအင်္ကျီကို [illegible] ကျွန်တော် ပြေရခက်နေ၏။ သူ ကွယ်လွန်တော့ သူ အရမ်းနှစ်[illegible] မြတ်နိုးသည့် အင်္ကျီကို ထည့်ပေးလိုက်သည်ကိုး။

"ရှိတယ် မဟုတ်လားဟင် ဖေဖေ"

"မ. . . မရှိတော့ဘူး သမီးရယ်"

"ဘယ်ရောက်သွားလဲ ဖေဖေ"

"ဟို. . . ဟို ပျောက်. . . ပျောက်သွားလို့"

"ဟာ. . . ဖေကြီးကလည်း သမီးက အခု ဝတ်မလို့[illegible]"

သူက ဗီရိုကိုဖွင့်၍ သူ့ပစ္စည်းများအား ချပြပြီး [illegible] ကျွေးမွေးမိဘနှစ်ပါးကို ထုတ်၍ ကြွားပြနေရာ ကျွန်တော်တို့[illegible] ဝမ်းသာအံ့ဩလို့မဆုံး။

ဖြီး– ကျွန်တော် သိမ်းဆည်းထားသည့် ကစားစရာ [illegible] ဖွင့်၍ ဝမ်းသာအားရ သူ့ကစားစရာပစ္စည်းများကို ဖွင့်ကြည့်ပြီး [illegible]





[illegible] ကြည့်၍ ကျွန်တော့်ရင်သည် သောကအလွမ်းမီးငြိမ်းမိုးတွေ ရွာ[illegible] [illegible]

"ကိုညီမှိုင်း"

"ဗျာ. . . နောင်ကြီး"

"ကျုပ်တို့လည်း အစကနဦးက မယုံမရဲနဲ့ ဒီကို လိုက်ပို့ခဲ့တာ [illegible] အခုတော့ အားလုံးကို အထင်ကရဖြစ်နေရသမို့ ယုံလိုက်ပါပြီဗျာ။ [illegible]ခင်ဗျားသမီး ဝင်စားတာ အစစ်အမှန်ပါပဲဗျာ"

"ကျွန်. . . ကျွန်တော် အရမ်းကို ဝမ်းသာတာပဲ နောင်ကြီးနဲ့ [illegible]ကြီးရေ။ ဘယ်လိုကို ဝမ်းသာနေမှန်း မသိဘူး"

"ရွှေပိုးတီ"

"ရှင်. . . ကြီး"

"အင်္ကျီရင်ဘတ် လှန်ပြလိုက် သမီး"

ဒီမှာ သမီးကလေးက သူ့အင်္ကျီရင်ဘတ်ကို လှန်ပြလိုက်သော[illegible] ညာဘက်ရင်အုံပေါ်မှာ စံပယ်ပန်းပွင့်လို မွေးရာပါ အမှတ်အသား [illegible]ဆင်အား ကျွန်တော် ထူးဆန်းစွာ တွေ့မြင်လိုက်ရ၏။

ဒီအမှတ်သားဆန်းဟာ ဟိုတစ်ဘဝကလည်း သူမရဲ့ ညာဘက် [illegible]ရင်အုံပေါ်မှာ။

"ရွှေပိုးတီ"

"ရှင်. . . ဘ"

"သမီး ဘတို့ ကြီးတို့နဲ့ ပြန်လိုက်မှာလား"

"ဟင့်အင်း။ သမီး ဖေဖေကြီးနဲ့ နေမှာ။ ပျော်သလောက်တို့[illegible] ဘတို့ ကြီးတို့ ပြန်တော့၊ ဖျင်းမှလာခေါ်နော်"

"ဟင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပဲ"

ဖနီးမောင်နှံနှစ်ဦး သက်ပြင်းအမောများကို ဖြိုင်တူချ၍

လှပ်သူကို စိုက်ကြည့်နေကြ၏။

ဩော်. . . သူတို့ဘက်ကကြည့်လျှင် ရင်နဲ့လွယ်မွေးခဲ့ရသော

သမီးအရင်း။

ကျွန်တော့်ဘက်က ကြည့်ရင်တော့ ဘဝဟောင်းက အဖေအေ

သမီးအရင်း။ အချစ်များ၊ သမုဒယများ ချစ်ချင်းများ စိမ်းစိုနေ

"ကိုညိုမှိုင်း"

"ဗျာ. . . နောင်ကြီး"

"သမီးကို ထားခဲ့ရတော့မယ်ဗျာ။ ခင်ဗျားလည်း သူ့

အရင်းပါပဲ။ ကျုပ်တို့ နေရပ်ကို ပြန်မယ်။ သမီး ရွှေပိုးတီ"

"ရှင်. . . ဘ"

"သမီး မပျော်ရင် ဘကို လှမ်းခေါ်လိုက်နော်"

"ဟုတ်"

"သမီးလေး"

"ကြီး"

"မေမေတို့ ပြန်မယ်"

"ဟုတ်"

ဒေါ်ခင်စပယ်လှိုင် ပါးပြင်ပေါ်မှာ မျက်ရည်ဥများ ခိုစီး၍

ရာ သူမသည် မျက်ရည်များကို လက်ကိုင်ပဝါနှင့် သုတ်ပြီး က

အားရပါးရ နမ်း၍ နှုတ်ဆက်ပြီး အိမ်ပေါ်မှ နှစ်ဦးသား ဆင်းသွား

သည်။

ကျွန်တော်နှင့် လူဝင်စားသမီးကား တစ်ဦးကိုတစ်ဦး လွတ်



BURMESE CLASSIC .com



အောင် ပွေ့ဖက်ရင်း လက်ပြ၍ ကျန်ရစ်ခဲ့ကြလေသည်။

မကြုံဘူးအောင် ဆန်းကြယ်လွန်းလှသည့် ဖြစ်ရပ်ဆန်းမို့

တော့်ကိုယ်ကျွန်တော် အရမ်းအံ့ဩနေ၏။

ကျွန်တော် ရယ်မြူးပျော်ရွှင်နေသည့် သမီးကိုကြည့်၍ သမီးပါး

ကို ကိုင်ကြည့်၏။

နှုတ်ခမ်းလေးကို တို့ကြည့်၏။

ဆံပင်များကို ပွတ်သပ်နေ၏။

လက်ဖဝါးလေးများကို ဆုပ်နယ်ယုယနေမိ၏။

အချိန်မည်မျှ ကြာသွားခဲ့သည် မသိ။ နောက်ဖေးမှ ဟင်းအိုး

နံ့ရတော့မှ–

"အလို. . . ဟင်းအိုးတူးနေပြီ သမီးရေ"

"ဟောတော့"

"သမီး အိမ်ရှေ့မှာ ကစားနေဦးနော်၊ အောက်ကိုမဆင်းနဲ့နော်"

"ဖေဖေ၊ ဂျူးဂျူးရော"

ဂျူးဂျူးကား သမီးအချစ်ဆုံး တယ်ရီယာ ခွေးမလေး ဖြစ်

ည်။ ခွေးမလေး ဂျူးဂျူးသည် သမီးကွယ်လွန်ပြီး မကြာခင် သေဆုံး

ခဲ့သည်။ သမီး သူ့ခွေးမလေးကို မှတ်မိသေးသည်ကိုး။

"ဂျူးဂျူးရောလို့"

"မရှိတော့ဘူး သမီးရဲ့"

"ဘယ်ရောက်သွားလို့လဲ ဟင်"

"သေသွားပြီ"

"အို. . . ကျွတ် ကျွတ် ကျွတ်"

သမီး သူ့အချစ်ဆုံး ခွေးမလေးကို သတိရ၍ မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



ညှိုသွားသည်။

"ဟိုထဲမှာ သမီးရဲ့ ကစားစရာတွေ အများကြီးပါကွာ၊ အဲဒီ
နဲ့ ကစားနှင့်နော်။ အပြင်ကို မထွက်နဲ့၊ ဟင်းကျက်ရင် သမီးနဲ့
အတူတူ ထမင်းစားမယ်"

"ခွဲ့ကျွေးရမှာပဲနော်"

"အေးပါ သမီးရာ။ စိတ်ချ၊ ခွဲ့ကျွေးမယ်ဗျား"

ဟိုတုန်းကတည်းက ခွံ့ကျွေးရသည်။ အိပ်ရာဝင်လျှင် ပုံ
အများကြီး ပြောပြရသည်။ ဒါမှမဟုတ် ပုခက်ထဲမှာ ထည့်ပြီး သီချင်း
လေးငါးပုဒ်ဆို၍ သိပ်ရသည်။ အဲဒီတော့မှ အိပ်ပျော်လေ့ရှိ၏။

ကျွန်တော် နောက်ဖေးမီးဖိုချောင်သို့ ဝင်လာလိုက်ပြီး ဟင်း
ကို ရေထိုး၍ မွှေလိုက်သည်။

မာန်ကျလိုက်တာ။ ဒီနေ့ကျမှ အိမ်မှာ ဝက်သားဟင်းချက်
ဝက်သားကို သမီး အလွန်ကြိုက်၏။ ဝက်သားတုတ်ထိုးကို ကြိုက်

သူ့အစ်မနှင့် အစ်ကိုများ အလုပ်မှ ပြန်ရောက်လာလို့
စား သူတို့ညီမလေးကိုများ မမျှော်လင့်ဘဲ တွေ့ကြမြင်ကြ ပြန်ဆုံ
ထ၍ ခုန်ကြကကြမှာ ကေန်မလွဲ။

အိမ်နီးနားချင်းများ၊ ဆွေမျိုးသားချင်းများ ကြားကြမြင်
အကြီးအကျယ်ကို အံ့သြကြတော့မည်။

ခု မပြောသေး။

ညနေ လူစုံမှ အကြီးအကျယ် အံ့သြသွားအောင်ကို
လိုက်မည်။

ကျွန်တော့်ရင်ထဲမှာ နေ့စဉ်နှင့်အမျှ မျက်ရည်ကျပြီး
လွမ်းဆွတ်ခဲ့ရသည့် သမီး။





ခယ်မတွေ ကလေးမီးဖွားလျှင် ငါ့သမီးလေးများ ပြန်စင်စား
လားဟု သွားကြည့်မေးရသည်မှာ အမော။

အမျိုးတွေ မျက်နှာမြင်လျှင် ငါ့သမီးလေးများ ဝင်စားလေမှာ
ဟု ပြေးကြည့် စူးစမ်းရသည်မှာ အမော။

ဒီအမောတွေ၊ သောကတွေ ဒီနေ့ငြိမ်းပြီ။

သေသူတို့ ပြန်ရှင်လာရိုးထုံးစံ မရှိမှန်းကို ကျွန်တော် သိပါသော်
ငြား ကွယ်လွန်သူတို့ ပြန်ဝင်စားလေ့ရှိသည့် ဖြစ်ရပ်များကို အကြွင်းမဲ့
ယုံကြည်ထားသည့် ကျွန်တော်။

(၆)နှစ်ကျော် တောင်းခဲ့ရသည့် ဆုတောင်း ပြည့်ပြီ။

သမီးကို အကျီလှလှကလေးတွေ ဝယ်ပေးမည်။

ကျောင်းသွားရင် စီးဖို့ ဖိနပ်လေး ဝယ်ပေးမည်။

မိတ်ကပ်တွေ၊ ခေတ်ပေါ်အလှပြင် ပစ္စည်းတွေ အားလုံး လိုချင်သ
မျှ ဝယ်ပေးမည်။

ညဘက် အိပ်ရာဝင်လျှင် သမီးကြိုက်သည့် ရွှေယုန်နှင့်
များ ပုံပြင်၊ တစ္ဆေမကြီးပုံပြင်များကို ပြောပြ၍ ဖက်အိပ်ကြမည်။
ပုခက်ကို အသစ်ပြန်လုပ်မည်။

သမီး ကြိုက်သည့် 'ဖေဖေကြီးကို ချစ်တယ်' သီချင်းကို
ဆို ကုန်ဟစ်၍ ပုခက်ကို တအားလွှဲပြီး ပျော်ကြမည်။

ဒီနောက်၌ ထမင်းဝိုင်းမှာ ဟင်းထမင်း အစုံပြင်ပြီးနောက်
သို့ ခပ်သုတ်သုတ် ထွက်လာလိုက်သောအခါ အိမ်ရှေ့မှာ သမီး
တော့။

"သမီးရေ၊ သမီး. . ."

"သမီးရေ၊ ဖွေးဖွန်သင်"



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား အော်ခေါ်ရင်းက ဗီရိုအကြား၊ အိပ်ခ

လိုက်ရှာသည်။

မတွေ့။

သို့နှင့် အိမ်အောက်သို့ ဆင်း၍ရှာသည်။

"သမီးရေ့ သမီး"

"ဖွေးဖွန့်သင်ရေ့ သမီးလေး"

အလို. . . ပြန်ထူးသံ မကြားပါလား။ အိမ်ရှေ့ လမ်းမသို

၍ အော်ခေါ်သည်။ အိမ်နီးနားချင်းတွေက ကျွန်တော့်ကို ထူးထူးဆ

ငိုင်းကြည့်နေကြသည်။

လမ်းထိပ်ဈေးဆိုင်သို့ အမောတကော ပြေး၍ သမီးဖွေ

မလာဘူးလားဟု မေးလိုက်တော့ ဆိုင်ရှင်အမျိုးသမီးက ကြော

တကြား ကျွန်တော့်ကို ကြည့်၍ ပါးစပ် ဟ,သွား၏။

သို့နှင့် အိမ်ပြန်ပြေးလာပြီး တစ်အိမ်လုံးအနှံ၊ တစ်ခြံ

ချွေးဒီးဒီးကျ လိုက်ရှာရင်း အသည်းကွဲမတတ် အော်ခေါ်နေမိ

"သမီးရေ့. . ."

"ဖွေးဖွန့်သင်၊ သမီး ဘယ်မှာလဲ"

"သမီးရေ့. . ."

"ဖွေးဖွန့်သင်. . ."

"သမီး။ သမီးလေး"

"ဖွေးဖွေးရေ့. . ."

"အဖေ၊ အဖေ"

"သမီး. . . သမီး ဘယ်သွားနေတာလဲ။ အဖေ ငိုနေ

တာ သမီးရယ်၊ သမီး ဖွေးလေး"

စိတ်ကူးသစ်စာပေ



"အဖေ"

"ဟင်. . . ဟင်"

"အဖေ ဘာတွေအော်နေတာလဲ"

"ဖွေးဖွန့်သင်လေ၊ သမီး. . . အဖေ့သမီး"

ကျွန်တော့်မျက်စိရှေ့မှ ကလေးကို တအားဖက်ထားလိုက်သည်။

"အဖေ၊ အဖေ"

"ဟင်. . . ဟင်. . . ဟင်"

"သမီး. . . သမီး. . . ဖွေးဖွန့်သင် မဟုတ်ဘူး။ နိုင်ဇာလင်း"

"ဟင်"

နိုင်မာလင်းက ကျွန်တော့်ကို လှုပ်၍မေးနေသည်။ ပြောနေ

နော်တော် မျက်လုံးကို အားယူ၍ ဖွင့်ကြည့်လိုက်သောအခါ မီး

တော်မှာ သမီးနှဲ့ညှာမ နိုင်မာလင်း အိပ်မှုန်စုံမွှားနှင့်။

"ဖွေးဖွန့်သင်ရေ့ ငါ့သမီးရော"

"အဖေ၊ စိတ်ကိုထိန်းပါ အဖေရယ်. . ."

"ဟင်. . . ဘာလို့ ထိန်းရမှာလဲ၊ ခုပဲ ငါ့သမီး ပြန်ရောက်လာ

. . ."

"အဖေ၊ ဖွေးဖွန့်သင် မရှိဘူးလေ။ သူ. . . သူ ဆုံးသွားတာ

ယောင်နေတာ၊ အဖေ အိပ်မက်မက်ပြီး ယောင်နေတာ"

"ဟာ. . . ငါ. . . ငါ အိပ်မက်မက်ပြီး ယောင်နေတာ။ ဘုရား

ငါ့သမီးလေးမှ ငါ့သမီးလေးအစစ်"

"အဖေ"

"အဖေ"

"ဟင်. . . ဟင်"

စိတ်ကူးသစ်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"သမီး အတန်တန် ပြောတယ်၊ အဖေ့စိတ်ကို အဖေ
လို့။ ဆရာဝန် ပြောထားတာလည်း အဖေအသိဥစ္စာ။ ဒီလိုသာဆို
ကြာရင် ရူးသွားလိမ့်မယ်။ စိတ်ဝေဒနာ ဖြစ်သွားလိမ့်မယ်။ သေတဲ့
ဘယ်လိုလုပ် ပြန်ရှင်လာမှာလဲ အဖေရယ်။ အသက်လည်း
တရားနဲ့ဖြေမှပေါ့။ အဖေ ညတုန်းက ဆေးသောက်အိပ်ရဲ့လား

"ဟင့်အင်း. . . ဟင့်အင်း"

"ရော့. . . အမြန်သောက်လိုက်"

ခိုင်မာလင်းက ဆေးနှစ်လုံး၊ ရေတစ်ခွက် ပေး၍ ကျွ
ကတုန်ကယင်နှင့် သောက်ချပြီး အိပ်ရာပေါ်သို့ လှဲချလိုက်သည်

ကျွန်တော့်ပါးပြင်ပေါ် မျက်ရည်များ လိမ့်စီး၍ ကျလာ

သမီး. . .

သမီး. . .

ကျွန်တော် အချစ်ဆုံးသမီး။

အိပ်မက်တဲ့. . . အိပ်မက်တဲ့ဗျာ။

တကယ်ပဲ ဖြစ်လိုက်ပါတော့လား ဘဝကံရယ်။

ကျွန်တော် မျက်ရည်များကြားမှ ကြိတ်၍ ရှိုက်လိုက်

ရင်သည် ပူလောင်နေသည်။

သမီးအငွေ့ကို ကျွန်တော် ရနေဆဲ။

သမီးရနံ့ကို ကျွန်တော် ရနေဆဲ။

လတ်လတ်ဆတ်ဆတ် ပူပူနွေးနွေး။

မျက်ရည်များ တားမရဆီးမရ ကျလွန်းမက ကျလာသော
လက်အုပ်ချီ၍ ဆုတောင်းလိုက်သည်။

"အရှင်မြတ်ဘုရား. . . သမုဒယကြောင့် ဖြစ်ရသော





လွှမ်းမိုးတောက်များ ငြိမ်းရန်အတွက် အပူငြိမ်းမိုး၊ မျက်ရည်သိမ်းမိုး
ရွာတော်ယည့်တော်၏ နှလုံးသားပေါ်သို့ မြိုင်မြိုင်ရွာချပေးတော်မူပါ အရှင်
ဘုရား"

◆ မောင်ညိုမှိုင်း (သန်လျင်)

သုရဿ၊ ၂၀၀၇ခုနှစ်၊ ဩဂုတ်လ

(အသိတရား နုံနဲ့စွာဖြင့် အလွမ်းမီးတောက်ပေါက်ကွဲနေသော
တ်နှင့် ကျွန်တော့်လို ဘဝတူ ရင်နင့်ကြေကွဲမိဘများသို့။)

www.burmeseclassic.com

www.burmeseclassic.com



## ရှုံ့ပန်းထည်အနီစနှင့်လှံ့ပျံတစ်ချောင်း

ဒီကောင်သုံးကောင်က ကြက်ခေါ်ထခမန်း ကြောက်စရာကောင်း ...ာမည်ကြီးခါးပြတွေပေါ့ဗျာ။ လွတ်လပ်ရေးခေတ်ဦးမှာ အလွန် ...တ် ဆိုးသွမ်းသောင်းကျန်းတဲ့ လူဆိုးများပေါ့။

ဟံသာဝတီ အရှေ့ခြမ်းမှာ ငမဲ၊ ကျောက်ဖြူနီ၊ ကျော်နဲ့ ...ဖွတ်ငဒေါင်းဆိုရင် တစ်နယ်လုံး ကြားရုံနဲ့ ဖိန့်ဖိန့်တုန်ပေါ့။

ကျားရိုင်း ကျားဆိုးတစ်ကောင်နောက်ကို ခြေရာခံပြီး လိုက်လို့ ...ဓိလိမ့်မယ်။ သူတို့သုံးယောက်ရဲ့နောက်ကို ခြေရာခံလိုက်ဖို့ ဆိုတာ ...ရေးချမလွယ်။ သူတို့နောက်ကို ခြေရာခံလိုက်ရင်း မျက်စေ့လည် ...ပြီး နောက်ဆုံး ပင်လယ်ထဲမှာဖြစ်ဖြစ် တောစပ်မှာဖြစ်ဖြစ်၊ ...ည်မှာဖြစ်ဖြစ်၊ ခေါင်းမပါဘဲ မျောဖို့၊ ရင်ဖွင့် ဦးနောက်ပွင့်ပြီး ...ဆုံးရှုံးဖို့ဟာ နောက်ဆုံးရလဒ်ပဲ။

ခါးပြသား ပြောတာ

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လူလည်းသတ်တာပဲ

မုဒိန်းလည်း ကျင့်တာပဲ. . . ပြန်ပေးလည်း ဆွဲတာပဲ

နေရာအိမ်ခြေ အတည်တကျမရှိဘူး။ သားမယား သံ
တွယ်တာစရာ လုံးဝမရှိဘူး။ သူ့ဘို့သုံးယောက် ဘယ်အရပ်ဒေ
လည်း ပြောရခက်တယ်။ မိဘဆွေမျိုးလည်းမရှိ။ ကြုံရာအရပ်မှ
ကြုံရာခွင်ကောင်းကို ရှာတိုက်။ ကြုံရာအိမ်မှာ ပျော်ပါး စား
သုံးဖြုန်းပြီး တိုက်ခိုက် မိုက်ဆိုး သောင်းကျန်းနေတာ။

ဟံသာဝတီခရိုင် အရှေ့ခြမ်းက ပိုက်ဆံရှိ လယ်သမား
သမား၊ ပွဲစား၊ ကုန်သည်၊ အတိုးချေးစား၊ သူဌေးဆိုသူများဆို
ကြောင့် စားမဝင်၊ အိပ်မပျော်ဖြစ်ရတာ ကြာခဲ့ပေါ့ဗျာ။

ဒီကောင်သုံးကောင်ကို အမိဖမ်းဖို့ ဆေးလုံးကြီး
ချောင်းစောက်သူကြီး၊ ခရမ်းသုံးခွ၊ ကျောက်တန်း စသည့်
က သူကြီးများ စိုင်းပြင်းကြတာပ။

သို့သော်. . .

ဒီကောင်သုံးယောက်မှာ လက်နက်ကောင်းက ရှိနေတာ

သင်းတို့လက်ထဲမှာ ဂျပန်စစ်သုံး (.၃၀၃) ရိုင်ဖယ်
စတင်းဂန်းကတစ်လက်၊ နှစ်လုံးပြူးသေနတ်တစ်လက် သွား
ဆိုပဲ။ ရွာခံသူကြီးများမှာ ရှိတာက အင်္ဂလိပ်မင်းအုပ်ချုပ်စဉ်ကာလ
အမှုတော်ထမ်းကောင်းလို့ ချီးမြှင့်ခဲ့တဲ့ သူကြီးထံမှာမှ နှစ်လုံး ပြူး
တစ်လက်တလေပဲ ရှိနေဥစ္စာ။

အဲဒါ သူကြီးတိုင်းမှာ ရှိတာမဟုတ်ဘူး။

သူပုန်သူကန်က ဆူလွန်းတဲ့အချိန်မို့ ရွာတွေမှာ
နဲ့ကိုယ် ကာကွယ်ရေးတပ်ဖွဲ့ဆိုပြီး ရွာခံလူတွေနဲ့ လုံခြုံရေးဖွဲ့လို့





နေရတဲ့အချိန်။ လက်နက်ကရှိလှမှ လက်နက်ပုန်းတစ်ခု တလေနဲ့
လင်းလေး၊ ဒါး၊ လှံ၊ ဓါးချွန်၊ မှုတ်ပြောင်း ဒါလောက်ပဲ။

နင်လား ငါလား ဝိုင်းဟ ဆီးဟ ချဟ တိုက်ဟ ဆို ဟိုက
နဲ့ တစ်ချက်မွှေလိုက်ရင် ကန်သင်းရိုးမှာ ခေါင်းမဖော်ရဲဘူး။

ပြီးတော့. . . ရိုင်ဖယ်သေနတ်၊ ဂျပန်စစ်သုံး ၁၁၁မ (၃၀၃)
ဆိုတာ ပေါက်ကွဲအားရော၊ ထိမှန်အားရော၊ ပြင်းထန်တယ်။
ကျည်ဝင်ပေါက်သေးပြီး နောက်က ကျည်ထွက်က ပွင့်တာ။
ပြေးအား ရှည်လျားတယ်။ ဆင်တောင်သေတာဗျ။ ဒါကြောင့်
အိမ်ကို ဒီကောင်တွေ ဓါးပြ ထိုက်နေမှ သိသည့်တိုင်
ာရော အနားမကပ်ရဲဘူး။ ဒီကောင်တွေ လက်ချက်ကြောင့်
ကြီး သူဌေး ဦးသာဟန် ရှိသမျှ ပြောင်သွားပြီ။

ချောင်းစောက်ကျေးရွာ သူဌေး ဦးတလုတ်ကြီး စုသမျှ ရှိသမျှ
ကျောက်တန်း ပုတ္တလုတ် ကျေးရွာက ဘုရားတကာ ကျောင်း
ဦးကျောက်ဆူးလည်း မွဲသွားပြီ။ သုံးခွမြို့ အဖိုးကြီးပေတုတ်
မှဆိုးမသူဌေးမကြီး ဒေါ်အိမ်ခေါင်းလည်း ရှုမလိုလို ဖြစ်နေရဲ့။

ဘူဌေးတွင်းကျေးရွာက ချစ်တီးကုလားသူဌေး မူတူးဆာမိ
ပဲ ကျန်တယ်။ ကင်မွန်းခြံကျေးရွာက ငါးရှဲသူဌေး ဦးချစ်ခြိ
အကုန်ပါသွားလို့ တုပည့်တွေက ရှာဖွေ ကျွေးနေရတယ်။

ခရမ်းက ငါးတန်သူ သူကြီးဆို အိမ်အောက်က တိုက်
သွားလို့ တောက်တ ခတ်။

ပြောရရင်တော့ဗျာ ဒီသုံးယောက် ဓါးပြဂိုဏ်းဟာ သေနတ်
လို့ အစီအရင် ကောင်းသလိုလို အစောင့်အရှောက် ကောင်း
နာမည်က ကျော်လိုက်သေးသကိုး။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေဗျာ. . .

ဒီကောင်တွေ ရွာထဲဝင်လာရင် လူမသိလိုက်ဘူး။ ခွေး
ဘူး။ ကျီးမလန့်ဘူး။ ဟောင်နေတဲ့ခွေး အမြီးကုတ်သွားသတဲ့။

စိုင်ကော်ရွာမှာ သူကြီးဦးဂေါ်ဇီလာဆိုတာ ရှိတယ်။
လည်း အတော့်ကို ကောင်းတာ။ သရဲနဲ့ တစ္ဆေနဲ့ သချိုင်းကုန်းမှာ
သူကြီး။ ဗလကလည်း ကောင်းမှကောင်း။ သရဲတစ္ဆေ အခြောက်
အိမ်မှာ ညအိပ်ပြီး အရက်သောက် စိန်ခေါ်တဲ့လူကြီး။

ဦးဂေါ်ဇီလာကလည်း သူ့ဆရာဘုန်းကြီး စီရင်ပေးတဲ့
ခါးပတ်စလွယ်နဲ့ 'ကျည်လွှဲ' ဆိုပြီး နာမည်ကျော်နေတာ။

ကော်ရွာမှ သူဌေးဦးပေါ်ပြူလာအိမ်
ဝင်တိုက်ပါရောဗျာ။ တိုက်ပြီးလို့ ခါးပြသုံးယောက် ပြန်အထွက်
ဦးဂေါ်ဇီလာက စလွယ်သိုင်း အင်းခါးပတ်စွပ်ပြီး သူ့ နှစ်လုံး
နဲ့ ဒိုင်ခံ လိုက်ပစ်တာ။

ရွာပြင်မှာ သေနတ်သံကို ညံနေတာပဲ၊ သူပစ် ကိုယ်

"သူကြီး ဂေါ်ဇီလာတဲ့ကွ'

'ဖောင်း'

အဲဒီလို အသံနက်ကြီးနဲ့ အော်ဟစ်ပြီး မိုက်မိုက်ကန်း
တစ်ယောက်ထဲစွန့်စား လိုက်ပစ်တာ၊ ကျန်ရွာခံလူတွေ မထိ
ဟိုကလည်း ပြန်ခေါ်သည်။

'ဂေါ်ဇီလာကို မီးဖုတ်စားမယ်၊ လိုက်ခဲ့ ငဖဲကွ"

'ဒိုင်း. . . ဒိုင်း'

'ဒက်. . . ဒက်. . . ဒက်'

'ဖောင်း'

စိတ်ကူးသစ်စာပေ



"ဖောင်း'

သုံးယောက်နဲ့တစ်ယောက် တိုက်ပွဲကြီးဖြစ်နေသလား မှတ်ရ
တယ်။ ညအမှောင်ထဲမှာ ရွာခံလူများ ရင်တမမပေါ့ဗျာ။ သူကြီး ကျွပြီ
တ်နေတာ။ အံ့သြစရာကောင်းတယ်ဗျာ။ ငဖဲတို့ ပစ်သမျှ ကျည်ဆံ
ည်းရော့လား။

နောက်ဆုံး ငဖဲတို့အုပ်စု ပစ္စည်းအပါသယ်ပြီး အလွတ်ပြေးကြရ
အချို့ ပစ္စည်းကျကျန်ရစ်ခဲ့လို့ မိုးလင်းတော့ ပြန်ရတယ်တဲ့။

သူကြီး ဦးဂေါ်ဇီလာလည်း မောဟိုက်နေပြီ။ ပြန်ရောက်လာ
တော့ အကျီနဲ့ ပုဆိုးမှာ အပေါက်ကြီးပဲ၊ ကျည်ဆံရာလို့ ပြောကြတာပဲ။
တော့ ဘာမှမဖြစ်ခဲ့ဘူး။

တစ်ရွာလုံး ကိုယ်တွေ့မို့ အံ့သြလို့ မဆုံးကြဘူးဗျာ။ သူကြီး
ဂေါ်ဇီလာကို သတ္တိကောင်းလွန်းလို့ဆိုပြီး မြို့ဂါတ် (ရဲစခန်း)ကရော၊
ပိုင်မင်းကရော သူကောင်းပြု လက်မှတ်ထုတ်ပေးပြီ။ ကျည်ဆံနဲ့
သားများပါ ဆုချီးမြှင့်ခဲ့တာလား။

အဲဒီအချိန်ကစပြီး "စိုင်ကော်' သူကြီး ဦးဂေါ်ဇီလာရဲ့ရွာကို
တို့အုပ်စု လုံးဝမတိုက်ရဲတော့ဘူး။ ဦးဂေါ်ဇီလာကလည်း နယ်တုန်
အောင် ကြိမ်းဝါးထားတယ်။

ငဖဲရယ်၊ ကျောက်ဖြုန်း၊ ကျက်နူ၊ လက်ပြတ်၊ ငခေါင်းကို
အရှင်လတ်လတ် ရင်ခွဲပြီး အသည်းကို အရက်နဲ့မြည်းမယ်၊
တို့သွေးစက်နဲ့ ရွာစည်းရိုးကာမယ်လို့ ကြုံးဝါးကြိမ်းဝါး ထားတယ်။

ဒီစကားကြားတော့ တစ်ရွာလုံး တစ်နယ်လုံး ဝမ်းသာလို့ မဆုံး

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## (၂)

ဖေဖတို့ အုပ်စုကလည်း သူကြီးဦးဂေါ်ဇီလာရဲ့ ရာဇဝင်ကို ပြီးနောက် အဲဒီရွာဝန်းကျင်ကို ရှောင်ခဲ့တယ်။ သေနတ်သုံး ကျည်ဆံ (၅၀)တောင့်လောက် ကုန်အောင်ပစ်တာ၊ ဒီသူကြီး မသေ အဲဒါကို အံ့ဩလို့မဆုံး။

ခုလည်း ဖေဖတို့ အောင်ချမ်းသာရွာ သူဌေးဦးစိန်ကတုံး ကိုတိုက်ဖို့ စီစဉ်ပြီးပြီ။ လက်ထောက်ချသူက 'ရောင်ကြီးဖွေ'

သူဌေးဦးစိန်ကတုံးမှာ ပစ္စည်းဥစ္စာမနည်းဘူးတဲ့။ ဦးစိန် ကံကောင်းချင်တော့ လယ်ထွန်ရင်း သူ့လယ်ရဲ့ မြေကွက်က အိုး ရသွားခဲ့တယ်။ ထွန်ခြစ်နဲ့ တိုက်ပြီးပေါ်လာတာ။ ကြည့်လိုက် ရေဆေးလိုက်တော့ မြေအိုးမဟုတ်ဘူး၊ ရွှေအိုး။

အထဲမှာ ကျောက်မျက်ရတနာမနည်းဘူး။

ရွှေခွဲကြိုး၊ ရွှေကြယ်သီး၊ ရွှေလက်ကောက်၊ စိန်နား





ထိုး၊ နားသွဲ၊ လက်စွပ်၊ ခြေကျင်း၊ ကျောက်အမျိုးမျိုးရယ်။

အဲဒါ သူ့လယ်သူရင်းငှား ပေါက်ကျိုင်းက စတွေ့ရတာ၊ တွေ့တွေ့ ချင်း ကန်သင်းရိုးမှာ ရပ်ကြည့်နေတဲ့ လယ်ပိုင်ရှင် ဦးစိန်ကတုံးကို ပြောပြီးအပ်တာ။

ဒီမှာ ဦးစိန်ကတုံးက ရိုးသားလွန်းလှတဲ့ လယ်သူရင်းငှား ပေါက်ကျိုင်းကို ကျေးဇူးတင်သဘောကျလွန်းလို့ သူ့သမီး အကြီးမ မြင့်နဲ့ ပေးစားလိုက်တယ်။

မင်္ဂလာဆောင်ကိုလည်း အကြီးအကျယ် ခြိမ့်ခြိမ့်သဲသဲ ဆောင် ခဲ့တာ။ မင်္ဂလာဆောင်မှာ အငြိမ့်ပါထည့်ခဲ့တယ်။ မြို့ဂါတ်ကို အကူ ညီတောင်းလို့ လာစောင့်ရှောက်ပေးခဲ့ကြတယ်။ ကျွေးတာကလည်း သား၊ ဝက်သား၊ အမဲသား၊ လုံးတီး၊ ရွာလုံးကျွတ် မီးမိုးတိတ်ပဲ၊ ခဲ့တောင် မခံဘူး။ ရှားရှော။

အလှူအတန်းမှာလည်း ရက်ရောသလား မမေးနဲ့။

ရဟန်းသံဃာကုန် သင်္ကန်းဒွိစုံ လှူတယ်။ ကျောင်းဆောက် ဆောက်တယ်။ ရွာကန်ကြီးကို ပြင်တယ်။ ရွာထိပ် ညောင်ပင်ကြီး တ်က ရုက္ခစိုးနတ်ကွန်းကို အကျအနပြင်ပြီး ပန်းရေချမ်း သစ်သီး ဖြဲ လှူဒါန်းပူဇော်တယ်။

အဲဒါ ရောင်ကြီးဖွေက မကြည်ဘူး။

ရောင်ကြီးဖွေကလည်း ဦးစိန်ကတုံးရဲ့ လယ်သူရင်းငှားပဲ။ သူတို့ တော့ ထိုက်ထိုက်တန်တန် ခချီးမြှောက်လို့ မကျေနပ်ဘူးလေ။ သူနဲ့ တိုကောင်ပေါက်ကျိုင်းကျတော့ ပစ္စည်းမျက်နှာမက်ပြီး၊ ငွေပြီး ချောမောလှပတဲ့ သမီးနဲ့ပေးစား၊ ဟိုကောင်ကလည်း လယ်ပိုင်ရှင် သမီးနဲ့ညားပြီး သူတို့ကိုပြန်ခိုင်းနေလို့ ဘဝင်မကျ မကျေမနပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ့ဗျာ။ ကျန်လယ်သူရင်းငှားများကတော့ ရောင်ကြီးမွေလို စိ
မရှိဘူး။ သူလို ကိုယ်လိုပါပဲ။

ပေါက်ကျိုင်းကလည်း သူဌေးသမက်ဖြစ်သွားလို့ ဘ
ပါဘူး။ ဘဝတူများကို ဥပေက္ခာ မပြုပါဘူး။ ကြည့်တန်တာကြည့်

ဒါပေမယ့် ရောင်ကြီးမွေက လုံးဝမရှုစိမ့်ဘူးလေ။

ဒါကြောင့် ခါးပြင်ဖဲတို့ဆီမှာ လက်ထောက်ချ သတ
လိုက်တယ်။ ခါးပြ ငဖဲတို့အုပ်စုကလည်း ကျိုကျိုတက်ချမ်းသာတဲ့
ဦးစိန်ကတုံးသတင်းလည်း ကြားရော။ ဒီတစ်ချီအောင်ပြီကွ၊ သူ
ရွှေအိုး ငါတို့ ရွှေအိုးဖြစ်ကိုဖြစ်ရမယ်လို့ ကြွေးကြော်ပြီး လ
ညသန်းခေါင်ယံမှာ ဝင်တိုက်ဖို့ စီစဉ်လိုက်ကြယ်။ သည့်နောက်
က သူတို့ထုံးစံအတိုင်း သူတို့အစီအရင်များကို စီရင်လိုက်ကြ

ပြောခဲ့ပြီးသလိုပေါ့ဗျာ. . .

အောင်ချမ်းသာရွာထိပ်မှာ အဓိကရဲဇောင်ပင်ကြီး
ရှိတယ်။ သူဌေးဦးစိန်ကတုံးရဲ့ ကောင်းမှုကြောင့် သွပ်မိုးနဲ့
နတ်ကွန်းဟာ ထည်ဝါခံ့ညားလျှက် ရှိနေတယ်။ ဇောင်ပင်ရဲ့ ပင်
လည်း စွန့်ပစ်နတ်ရုပ် အမျိုးမျိုး ဘောင်းတော်အဖုံဖုံနဲ့ အ
ကြီးလှပဲ့ဗျာ။

ငဖဲတို့ သုံးယောက်ကလည်း ခါးပြတိုက်စားပေမင့်
ဘိုးဘွား ခါးပြများရဲ့ ဆိုဆုံးမအစီအရင်ကို မမေ့ကြဘူး။

ခါးပြမတိုက်ခင် တစ်ရက်အလိုကျရင် ကွင်းပိုင်ကြီး
ကြား ရွာဆို ရွာကွင်းပိုင်ကို အရက်နဲ့ကြက် မ,စတင်မြှောက်ပြီး
ထမင်းစား တောင်းတယ်။ ခါးပြတစ်ကြိမ် တိုက်ခွင့်ပြုပါ။ ပိုမတို
လူမသတ်ပါဘူး။ အဲဒီကိစ္စ အဘိုးက ခွင့်ပြု၊ စောင့်ရှောက်ပါ။

စိတ်ကူးသစ်စာပေ



တိုက်တာ။

အဲဒါကြောင့်ပဲလား. . .

ဒါမှမဟုတ် သူတို့လက်နက်ကောင်းတွေကို ယှဉ်မတုငံ့လို
တိုက်တိုင်းအောင်မြင် အဆင်ပြေနေတာ ကာလကြာတော့
ဘယ်လိုပဲရှိစေ၊ ငဖဲတို့က ယုံကြည်နေတယ်။
အပိုင်အဆိုင် ပုဂ္ဂိုလ်များက သူတို့ကို စောင့်ရှောက်ပေးနေတာ

ဒီနေ့ အဖိတ်နေ့။

ည (၁၀) နာရီလောက်ရှိပြီ။ ရုက္ခစိုးနတ်ကွန်း ဇောင်ပင်ကြီး
မှာ ဘယ်သူမှ မလာကြတော့ဘူး။ ရွာပြင်မှာဆိုတော့ ရွာနဲ့
ညီးနည်းလှမ်းသလို ရွာထဲက မရိပ်မိနိုင်ဘူးပေါ့။ အဲဒီနောက်
သာတဲ့ ကန်တော့ပွဲကို တင်လိုက်ပြီး အဘိုးရုက္ခစိုး ရုပ်တုလေး
မွှေးတိုင်၊ ဆီမီးများ ထွန်းညှိလိုက်ကြတယ်။ ပြီးတော့ သေနတ်
ကိုလည်း ဇောင်ပင်မှာမှီပြီး ထောင်ထားလိုက်ကြတယ်။

'အဘိုး ရုက္ခစိုး'

'အဘိုး ရုက္ခစိုး'

'အဘိုး ရုက္ခစိုး ကြီးခင်ဗျား။ သားတော်ကြီးတို့သုံးဦး ကန်တော့ပွဲ
အမွှေးနံ့သာ ဆီမီးများဖြင့် ပူဇော်ပသပါတယ် ခင်ဗျား။
ပါတယ် ခင်ဗျား။ သားတော်ကြီးတို့ ငွေကြေးကိစ္စ ကျပ်တည်း
နက်ဖြန်လကွယ်နေ့ည သန်းခေါင်ယံမှာ အောင်ချမ်းသာရွာ
ကတုံးအိမ်ကို ဟင်းစားထမင်းစား အလို့ငှာ ခါးပြဝင်တိုက်ပါ

စက်ညှဥ်းပန်းခြင်း၊ ဗလက်ကာယပြုခြင်း လုံးဝမပြုပါဘူး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းဒူစွာပဲ ယူပါမယ်။ အန္တရာယ် အနှောင့်အယှက်မရှိအောင် ရန်

ဒါးရန်မှ ကင်းဝေးအောင် စောင့်ရှောက်တော်မူပါ။ အန္တရာယ်လုံး

မရှိန်းကိစ္စ အမှန်တကယ် အောင်မြင်မည်ဆိုပါက ထောင်ထား

ည့်သေနတ်များ မြေပြင်သို့ လဲမကျပါစေနှင့်၊ အန္တရာယ်ရှိ

ပါဘူး။ ခွင့်မပြုနိုင်ပါက သေနတ်များကို မြေပြင်သို့ လှဲချလို

ရက္ခစိုးကြီးခင်ဗျား။

သို့ကလိုပြောပြီး ထောင်ထားသည့် သေနတ်သုံးလက်ကို

ကြည့်နေစဉ်မှာပင်. . .

'ဘုတ်'

'ဟာ'

ဖေရဲ့ စစ်သုံးဂျပန်ရိုင်ဖယ်သေနတ် မြေပြင်သို့ ဦးစွာ

သွားတယ်။ ဒီမှာ ဖေ မျက်နှာ ကွက်ခနဲ ပျက်သွားရော။

'လေတိုက်လို့ နေမှာပါကွာ'

ကျောက်ဖြူနီးက ဝင်ပြောရော။ ဒီအချိန်မှာ လေက

တိုက်မနေဘူးကို။ ဒါနဲ့ ရိုင်ဖယ်သေနတ်ကို ပြန်ထောင်လိုက်တယ်

ဒုတိယပွဲ ဓါးပြတိုက်ခွင့်ပြုဖို့ အန္တရာယ်မရှိအောင်

စောင့်ရှောက်ဖို့ မေတ္တာရပ်ခံပြန်တယ်။

'ဘုတ်'

'ဂွမ်း'

'ဟယ်'

'ဟာ'

'ဘယ့်နှယ့်လဲ. . . ဟ'

ဒီတစ်ခါ ရိုင်ဖယ်တင်မဟုတ်ဘူး အလယ်က





တ်ပါ နှစ်လက်စလုံး ပြိုင်တူလဲကျသွားတာ။ ဒါနဲ့ မင်းကျနစ်လို့

ထောင်တယ်။ တတိယအကြိမ် ခွင့်ပန်ပြန်တယ်။ တတိယအကြိမ်

ည်း ရိုင်ဖယ်နဲ့ စတင်းဂန်း လဲကျပြန်ပြီ။ နှစ်လုံးပူးသေနတ်က

သွားရော။

သုံးယောက်စလုံး မျက်စေ့မျက်နှာပျက်လွန်းမက ပျက်နေကြ

စေးများ ပြန်လာတယ်။ ဒီအဖြစ်မျိုး တစ်ခါမှ မကြုံဖူးဘူးလေ။

'ဘယ်လို လုပ်မလဲ ဖေ'

'ဟူး'

''နောက်ပြန်ဆုတ်ကြမလား'

ကျောက်ဖြူနီး ကျော်က ဖေကို လှမ်းမေးလိုက်တယ်။

'မဆုတ်ဘူး'

ဒီမှာ လက်ပြတ်ခေါင်းက ဝင်ပြောရာ. . .

'ဖြစ်ပါ့မလား ကိုဖေရ သုံးကြိမ်သုံးခါစလုံး ခင်ဗျား

ဖြူနီးသေနတ်ရော လဲကျသွားတာ ဥစ္စာ'

'ကျ ကျ မ ကျ ကျ ကွာ မင်းသေနတ် မလဲဘူးမ. . .

ဟောကောင်တွေ ရှေးထုံးစံ ပြောရိုးအတိုင်း လုပ်ကြည့်တာကွ။

ည်လွန်းလို့ မဟုတ်ဘူး၊ လဲ လဲ မလဲ လဲ မနက်ဖြန်ည အဲဒီ

တိုက်ဖြစ်အောင်တိုက်မယ်။ သေနတ်တွေ ပြန်ကောက်လိုက်ကြ

. . . ဟင်း'

ခေါင်းဆောင်ဖေက သေနတ်ကို ကောက်ကိုင်ပြီး ရက္ခစိုး

ကို မကျေမနပ် တစ်ချက်စိုက်ကြည့်လို့ ခပ်ပြင်းပြင်း တောက်

တ်တယ်။ ကျန်လူများကလည်း မအီမသာနဲ့ ကိုယ့်သေနတ်ကိုယ်

ယူလိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်း နက်ဖြန် မအောင်မြင်ခဲ့ရင် ငါ့အကြောင်း သိရ
ပေါ့ကွာ' သို့ကလို ပါးစပ်က ကြိမ်းဝါးလိုက်ရော။

'ဖြောင်း'

'ကျွတ် ကျွတ်'

'ငဖဲ ရှောင်'

'ဝုန်း'

'ဝုန်း. . . ဝုန်း'

'ဟော'

'ဟင်'

'အမ်မယ်လေး'

လည်းမတိုက်ပါဘဲ ခေါင်းပေါ်တည့်တည့်က ပေါင်လုံး
ညောင်ကိုင်းခြောက်ကြီးတစ်ခု ကျိုးကျလာလိုက်တာ အ

ခေါင်းဆောင်ငဖဲ ညောင်ကိုင်းပိပြီး ခေါင်းကွဲလို့ ကိ
ရယ်။

ထို့နောက် ငဖဲဟာ ညစ်ညမ်းစွာ ဆဲရေးတိုင်းထွာ ကြိမ်
ပြီး သေနတ်ကိုယ်စီလွယ်လို့ လျှို့ဝှက်ပုန်းအောင်းရာ ကိုင်းတော
တန်းဝင်လာခဲ့လိုက်တယ်။

ပြီး ညစ်ညစ်နဲ့ အရက်ပုလင်းများကို ဖွင့်လို့ ထိုင်သော
ကာ နက်ဖြန်ညကို ဇောမောမော ရင်တုန်တုန်နဲ့ စောင့်မျှော်နေလိုက်
တယ်။

♛ ♛ ♛

(၃)

လကွယ်နေ့ည. . .

ညဟာ မဟူရာရောင်ပိန်းထလို့ ကောင်းကင်မှာ မှိုတ်တုတ်
ကြယ်ရောင်ပဲရှိနေတယ်။ အချိန်က ညဥ့်သန်းခေါင်ကျော်။

လူသုံးယောက်. . .

ရွာစည်းရိုးကိုဖောက်လို့ လျှို့ဝှက်စွာ ဝင်လာလိုက်တယ်။

သူတို့လက်ထဲမှာ သေနတ် လက်နက် ကိုယ်စီနဲ့။

ဘုန်းကြီးကျောင်းက ခွေးတစ်ကောင်ရဲ့ ဆွဲဆွဲငင်ငင် အူသံက
ကို စတင်ကြိုဆိုလိုက်တယ်။ ရွာကတော့ တိတ်ဆိတ်ငြိမ်သက်လို့
ကတော့ အိပ်မောကျနေကျထင်ရဲ့။ က်ဟောင်းလိုက်ပါဘိ။
နောက် သုံးယောက်သား သေနတ်များကို မောင်းတင်လိုက်ပြီး
ဦးစိန်ကတုံးရဲ့ နှစ်ထပ်အိမ်ကြီးရှိရာကို လှမ်းခဲ့လိုက်ကြတယ်။

'ဂိး. . . ဂိး. . . ဂိး'

'ဂစ်. . . ဂစ်. . . ဂစ်'

'ဂိး'



www.burmeseclassic.com

www.burmeseclassic.com



'အလိုလေး'

ဒီအချိန်မှာပဲ ငှက်ဆိုးတစ်ကောင်ဟာ သူတို့ခေါင်းပေါ်က မရဏ အကြိုသီချင်းတစ်ပုဒ်ကို သံဆိုး သံပြတ်နဲ့ ဟစ်အော် ပျံသွားရာ သုံးယောက်သား ခေါင်းနပန်းကြီး ကြက်သီးမွေးညင်း ထောင်ထသွားကြရော။

ဒီလိုနဲ့ ခြံဝကိုရောက်ခဲ့တယ်။ ခြံတံခါးကို ကလန့်ပြီး ဖွင့်လို့ လို့ ခြံထဲကို ဝင်လိုက်တာနဲ့ ခွေးနှစ်ကောင်က ဆီးကြိုပြေးလာပြီး ဟော ပါလေရောဗျား။ ဒီမှာ ကျောက်ဖြူနှန်းက သေနတ်နဲ့ ရိုက်သလိုလု ခွေးနှစ်ကောင် ပြေးတော့တယ်။

ခွေးဟောင်သံကြားတော့ အထဲက လူနိုးသံကြားရရော။

'ဦးလေး. . . စိန်ကတုံး'

'ဖို့ ဦးလေး စိန်ကတုံး'

'ဝေ ဘယ်သူလဲကွ'

'ကျုပ်တို့ပါ ကြွက်သိုးတို့ပါ. . . တံခါး အမြန်ဖွင့်ပါဦးဗျ'

'အချိန်မတော် ဘာကိစ္စလဲကွ'

'ဦးလေး စိန်ကတုံးရဲ့ သူရင်းငှား ရောင်ကြီးဖွေ ပိုးထိလို့

'ဟေ. . . ရောင်ကြီးဖွေ ပိုးထိလို့၊ ဟဲ့ ဟဲ့ ပေါက်ကျိုင် နီလာတို့ ထကြစမ်း မြန်မြန်ထကြစမ်း၊ ရောင်ကြီးဖွေ ပိုးထိလို့တဲ့

ဒီမှာ တံခါးလည်း ပွင့်ရော မျက်နှာကို အဝတ်စည်းထား ငဖဲတို့ သုံးဦးကလည်း 'ဝုန်း' ခနဲပြေးဝင်ပြီး ဦးစိန်ကတုံးနဲ့ ပေါက်ကျိုင် ရင်ဝကို သေနတ်နဲ့ တေ့ချိန်ထားလိုက်ကြတယ်။ ဒီတော့မှ ဓါးပြ သိလိုက်ရပြီး နီလာမြင့်က အမလေး ထအော်လို့ တုန်နေပါရော။

'ဟိတ် မအော်နဲ့။ ဒီမှာ ဦးစိန်ကတုံး၊ ခင်ဗျား လယ်ထဲ





တဲ့ ရွှေအိုးနဲ့ ရတနာတွေ အကုန်ထုတ်ပေးစမ်း'

'ဟင်'

'ပစ္စည်းတွေ အကုန်ထုတ်ပေးလို့ ပြောနေတာ သေချင်လို့လား'

'မြို့ မြို့ပေါ်မှာ အပ် အပ်'

'ဖောင်း

'အင့်'

'ခွပ်'

'အမလေး အဖေ'

ငဖဲက ရိုင်ဖယ်ဒင်နဲ့ ဦးစိန်ကတုံးရဲ့ ရင်ဝကို လက်ပြန် ဆောင့် တာ အဘိုးကြီး 'အင့်' ခနဲ အသံထွက်ပြီး လဲကျအသွား ဒီမှာ လုပ်သူက ဝင်အမွေ့ ငဖဲက သေနတ်ပြောင်းနဲ့ နီလာမြင့် ခေါင်းကို လိုက်တာ သွေးဖြာခနဲကျပြီး ဖခင်လုပ်သူဘေး မှောက်လျက် သွားရော။

ပေါက်ကျိုင်းဟာ ယောက္ခမနဲ့ မယားရဲ့ အဖြစ်ကိုမြင်လို့ မယ်လုပ်ချိန်မှာပဲ ကျောက်ဖြူနှန်းကျော့ရဲ့ စတင်းဂန်း သေနတ် ပေါက်ကျိုင်းရဲ့ ခေါင်းပေါ် နှစ်ချက်ဆင့်ကျသွားပြီး သွေးသံရဲရဲနှင့် ယောက်တပ်သွားတော့တာပဲ။

ကျန်မိသားစုများကိုတော့ ကြမ်းပြင်မှာ မှောက်လှဲခိုင်းပြီး ကနေ စောင်တွေ ဂွမ်းကပ်တွေနဲ့ အုပ်ထားလိုက်တယ်။ အဲဒီ သားအားလုံးကို လက်ပြတ်ငဒေါင်းက နှစ်လုံးပူးသေနတ်နဲ့ ချိန်ထား ငဖဲနဲ့ ကျောက်ဖြူနှန်းက အပေါ်အောက်အနှံ့ ပစ္စည်းများကို လိုက်ရှာ တယ်။ မကြာဘူး ပစ္စည်းအားလုံး ရပေါ်ရော။

အဲဒီပစ္စည်းအားလုံးကို လွယ်အိတ်ထဲ စုထည့်ပြီး အပြင်ကို



www.burmeseclassic.com

www.burmeseclassic.com



အတွက်. . .

'ဝုတ် ဝုတ် ဝုတ် ဝုတ်'

'ဝုတ် ဝုတ် ဝုတ်'

'တယ်. . .ဒီ ခွေး'

'ဟေ့ အားလုံး ရပ် လက်နက်ချ'

'ဟင်'

'ဘယ်သူလဲကွ'

'လက်နက်ချဆိုတာ မကြားဘူးလား၊ သူကြီးဂေါ်ဇီလာ

'ဟာ ဂေါ်ဇီလာဆိုပါလားဟ ပစ်. . .ပစ်. . .ပစ်'

'ဒိုင်း ဒိုင်း'

'ဖောင်း ဖောင်း'

'ဒက်. . .ဒက်. . .ဒက်. . .ဒက်'

'ဖောင်း ဖောင်း'

ငဖဲတို့က သိလိုက်ပြီ၊ သူကြီးဂေါ်ဇီလာတဲ့၊ ဂေါ်ဇီလာ အ

လုပ်ပြီး ဒီရွာကို ရောက်လာပါလိမ့် ရောင်ကြီးဗွေများ သစ္စာ

ရော့လား။

'ပစ်'

'ပြေး ပစ် ပြေး'

'ရွာပြင်ကို ရအောင်ထွက်ကြ'

'ဒိုင်း ဒိုင်း'

'ဖောင်း'

'ဖောင်း'

'ငဖဲကွ'





'ဒိုင်း'

'ဂေါ်ဇီလာကွ ကိုင်း'

'ဖောင်း'

ငဖဲတို့ သုတ်ခြေတင်ပြီး ရွာပြင်ကို အရထွက်ကြတယ်။ ပြေးသမှ

ပြီး ပြေးရတာ။ ဒီအချိန်မှာပဲ ရွာလယ်က သံချောင်း ခေါက်သံ

ခေါက်သံများ ကြားရပြီး ရွာလူအုပ်ကြီးရဲ့ အော်ဟစ် ညာသံပေး

ခိုက်သံများကို ကြားရရော။

'မလွတ်စေနဲ့ဟေ့'

'ဝိုင်းထား'

'ဒူးလေးနဲ့ ဝိုင်းပစ်ကြဟေ့'

'လိုက်ဟ. . .ဝိုင်ဟ'

'ဒိုင်း'

'ရှီ'

'ရှီ'

'ဝီ. . .ဝီ'

'အား. . .အ. . .အ'

'ဝရော ဘုန်း'

'ဟာ ငဖဲကို ထိ ထိ သွားပီ ငဖဲ ငဖဲ'

'အား. . .ငါ့ကို တွဲကြ. . .ပါ အုံး ဟ အား. . .ကျွတ် ကျွတ်'

ဒါနဲ့ ငဒေါင်းက ငဖဲကိုတွဲပြီး ရွာပြင်ကိုအထွက် ကျောက်ဖြုန်း

တောင်းဂန်းနဲ့ ပြန်ပစ်ခုခံလိုက်တယ်။

ဂေါ်ဇီလာဆိုတဲ့ သူကြီးကလည်း မိုက်မိုက်ကန်းကန်း ရဲရဲ

နှစ်လုံးပြူးနဲ့ နောက်ကနေ လိုက်ကို ပစ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ရွာပြင်လည်းရောက် ဒုက္ခရောက်ရော. . .

ရွာပြင်ကွင်းရှေ့မှာ မည်းမည်း လူမြင့်မြင့်ကြီး သုံးဦး ခါး

ကြိုးကြက်နဲ့ လုံကြီးတွေ မြှောက်ပြီး ရှေ့ကနေ တားနေတာကို မရေ

မြင်လိုက်ပါရော။

'ပစ် ရန်သူ'

'ဒက်. . . ဒက်. . . ဒက်'

'ဖောင်း'

လူမည်း မြင့်မြင့်ကြီးသုံးဦးကို ကျည်ဆံများမှန်သ

သူတို့ဟာ လုံးဝလဲကျမသွားဘဲ လုံများကိုမြှောက်လို့ ရှေ့ကို

တိုးလာနေတာကို အံ့ဩယ်မြင်နေရရော သုံးယောက်သား ခြေဦးတ

စွတ်ပြေးရရော။

'ဖောင်း'

ဒီမှာ ကျောက်ဖြူနန်းကျော်ရဲ့ နောက်ကျောကို နှစ်လုံး

ဝင်ပြီး ဖြူနန်း မှောက်လျက်လဲကျလို့ လူးလွန့်နေတယ်။

ဒီအချိန်မှာပဲ ငဖဲရဲ့နောက်ကျောကို လုံရိုးနဲ့ အရိုက်

လဲအကျမှာ ရင်ဝက ဒဏ်ရာကို လက်နှင့်အုပ်ပြီး အပြေး. . .

'ဂေါ်ဇီလာကွ'

'ဖောင်း'

'အမလေးဗျ'

ငဖဲ ခေါင်းလည်ပြီး ကန်သင်းရိုးနံဘေးမှာ လဲကျသွ

ဒါနဲ့အတူ သူ့ဦးခေါင်းနောက်စေ့လည်း ပွင့်ထွက်သွားတယ်။ ေ

အခြေအနေ မဟန်မှန်းရိပ်မိရော လက်ပြတ်ခေါင်း နှစ်လုံးပြူး ေ

ပိုက်ပြီးအပြေး. . .





'ဝိုး ဝိုး'

'ခွပ်. . .'

'အမိ မယ် လေး ဗျ အား. . . အ. . . အ'

ကြည့်စမ်း လုံပုံတစ်ချောင်းက ပြေးနေတဲ့ ခေါင်းရဲ့ ပေါင်ကို

တိုက်ပြီး ခေါင်း မှောက်လျက် လဲကျသွားခဲ့တယ်။

'ဝိုင်းထား. . . ဝိုင်းထား'

'ဂေါ်ဇီလာကွ'

'အောင်ချမ်းသာ ရွာသားတဲ့ဟေ့ ချ. . . ချ'

'ဖောင်း'

'ခွပ်'

'အမလေးဗျ'

'ဘုန်း'

'အင့်. . . အင့် အီး'

'ဟေ့ ဟေ့ တော်ကြ တော်ကြ၊ အသေမလုပ်နဲ့ အရှင် လိုချင်

ယ်ကွ'

သူကြီးဦးဂေါ်ဇီလာရဲ့ မေတ္တာရပ်ခံချက်ကြောင့် လက်ပြတ်

ခေါင်း အသက်ချမ်းသာရာ ရသွားခဲ့ကာ၊ ငဖဲနှင့် ကျောက်ဖြူနန်း ကတော့

န်သင်းရိုးပေါ်မှာ ပွဲချင်းပြီးသေလို့။

ငဖဲက သေတာတောင် ရတနာလွယ်အိတ်ကို ညာဘက်နှင့်

ပ်တိုင်ရင်း သေနေတာ။ မနည်းကို ဖြည်ပြီး လွယ်အိတ်ကို ချွတ်ယူ

ယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

(၄)

ဖာတ်လမ်းကို ချဲ့ရရင် အသက်မသေဘဲ ကျန်ရစ်ခဲ့တဲ့
ငဒေါင်းရဲ့ ထွက်ဆိုချက်အရ ဒီစနက်ရဲ့ အခြေခံက အောင်ချမ်းသာ
သူဌေးဦးစိန်ကတုံးရဲ့ လယ်သူရင်းငှား ရောင်ကြီးဖွေရဲ့ လက်တော
အကြံပက်စက်မှုကြောင့်ဆိုတာ ပေါ်ရော။

ဆေးရုံမှာ ဒဏ်ရာသက်သာစပြုလို့ ရဲကစစ်ချက်ယူ
လူမည်းမည်း မြင့်မြင့်ကြီးသုံးဦး ရှေ့က လုံကိုယ်စီနဲ့ ပိတ်ဝိုင်းလိုက်
သူတို့ ပြေးပေါက်ပိတ်သွားတာတဲ့။

အဲဒီလို အရေးပေါ်ဝင်ကူညီလိုက်သူ လူမည်းကြီးသုံးယော
ဘယ်သူလဲဆိုတာ တစ်ရွာလုံး မသိကြဘူး။ အောင်ချမ်းသာထဲက
မဟုတ်ဘူး။ ပြီးတော့ ငဒေါင်းရဲ့ ပေါင်မှာစိုက်နေတဲ့ လှံပုံ့က
အောင်ချမ်းသာရွာသားများ ကိုင်တဲ့ လှံပုံ့မဟုတ်ဘူး။

ဒါနဲ့ ကျွန်တော်က မေးရော...

'အဘ သူကြီး ဦးဂေါ်ဇီလာကရော စိုင်ကော်ရွာက





ောင်ချမ်းသာရွာကို ဘယ်လိုလုပ် ရောက်နေရတာလဲ'

'ဒီလိုကွ ရောင်ကြီးဖွေရဲ့ လှုပ်ရှားမှု ဂဏှာမငြိမ် ဖြစ်နေမှုနဲ့
ချောင်မှုကို မသင်္ကာလို့ သူနဲ့ လုပ်ဖော်ကိုင်ဖက် သူရင်းငှား
ကြီးက စောင့်ကြည့်နေတာကြာပြီတဲ့။ ဒီအိမ်မတိုက်ခင် အကြို
ုန်းက ရွာထိပ်က ရက္ခစိုးနတ်ကွန်း ညောင်ပင်ကြီးမှာ အချိန်မတော်
ောင်နဲ့ လူသုံးဦး လှုပ်ရှားတာကို ကံကောင်းချင်တော့ ဟို ကညင်ကုန်း
ာ လှုပ်ျလှုည့်ပြန်လာတဲ့ ငနွားကြီးက မမျှော်လင့်ဘဲ သွားတွေ့ပါရော
။

အဲဒါ ချောင်းကြည့် ပုန်းလျှိုး နားထောင်လိုက်တော့ နက်ဖြန်
ဌေး ဦးစိန်ကတုံးအိမ် ဓါးပြတိုက်ဖို့ မဟုတ်မဟတ် မလုပ်ကောင်းရာ
ည်နေတာကို သိပြီး၊ နေမဝင်မီ ငါ့ရွာလာ ငါ့အကြောင်းကြား
င်တာနဲ့ ဟုတ်သော်ရှိ မဟုတ်သော်ရှိ လိုက်လာရင်း ရွာခံလူယုံအချို့နဲ့
ုံးဝပ် စောင့်နေတာ၊ အံကိုက်ပါ ပဲကွာ သုံးယောက်စလုံး မိတာပဲ၊
လာပဲကွာ ဟင်း...ဘယ်ရမလဲ'

'အဘ ဂေါ်ဇီလာ'

'ဘာတုံးကွ မောင်မှိုင်းရ'

'ဟို လှံကိုင် လူကြီး သုံးယောက်ကရော ဘယ်ကလဲဗျ'

'အေးကွ အဲဒါ ငါတို့ စဉ်းစားလို့ကို မရဘူးကွာ။ စုံစမ်းလို့
ည်း မရဘူးကွ၊ ကျေးဇူးဆပ်ချင်လွန်းလို့ပါ။ ဒါထက် ပိုထူးဆန်း
ာ...'

'ဘာ ဘာလဲဟင် အဘ'

'ငဒေါင်းရဲ့ပေါင်မှာ စိုက်နေတဲ့ လှံပုံ့ဟာ ဒီရွာသားတွေ ကိုင်တဲ့
မဟုတ်သလို၊ အထူးဆန်းဆုံးက လှံပုံ့လှံသွားရဲ့ အရင်းမှာ ရှုပ်နံး



www.burmeseclassic.com

ထည့် အနီစတစ်ခု ချည်နှောင်ထားတာပဲ ကိုယ့်လူရဲ့'

'အံ့သြစရာပဲနော်'

'နောက်ဆုံး ထူးခြားချက်ကတော့ သူ့မွေးဦးစိန်ကဝတ်းပဲ

အဲဒီ လုံပျံနဲ့ လူမည်း လူထူးဆန်းသုံးယောက်အကြောင်း

အုစရှာမရ ဖြစ်တဲ့အချိန်ကစပြီး အထူးသဖြင့် ရွာထိပ်ညော

ရှက္ခစိုး နတ်ကွန်းက ရုက္ခစိုးကြီးကို ရည်မှန်းပြီး ကုသိုလ်ကောင်း

တာမှ အသက်ထက်ဆုံးပါပဲလား စာရေးဆရာရေ. . . .။

◆ မောင်ညိုမှိုင်း (သန်

သူရဇ္ဇ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ



www.burmeseclassic.com

## ခရီးသွားဖော်မခင်မြို့ချစ်

သဘော်ဘက်မ်းဆိုက်ကာနီးကျမှ မိုးရောလေရော သည်း
မည်းကြီး တရကြမ်း ရွာချတော့ကာ တော်ပေသေးရဲ့လို့ပဲ ကောက်
ချလိုက်ရတယ်။

အကာယ်၍သာ မြစ်သုံးဆိုင်အကွေ့မှာဖြစ်စေ၊ ရေလယ်မှာဖြ
ဒီလေ၊ ဒီမိုးမျိုး ညကိုးနာရီလေးဆယ့်ငါး သဘော်ခေါက်နဲ့များ ကြုံ
တော့ မလွယ်ရေးချ မလွယ်ပါပဲ။ သန်လျင် ဗောတံတားကို သဘော
ဆိုက်တော့ ည(၁၁)နာရီ ထိုးနေပြီ။ နောက်ဆုံး မှီလိုက်သည့်ကား
ခြေနင်းက တွဲလွဲခိုပြီး လိုက်ခဲ့ရတော့တယ်။

ဒီလိုမှ မလိုက်ရင်လည်း ကားက မရှိတော့. . .။

သွားရမည့် ခရီးက အတော်ဝေးသည်။ ဒီခရီးကို တစ်ခေါ





တော့ ရောက်ဖူးတယ်။ ဒါပေမယ့် အချိန်ကာလ ကြာခဲ့ပြီဗျ. . .။

နေရာက ယခင်အခေါ် 'ဆန့်စိမ်းကုန်း'။ နောက်အခေါ်က 'ရှိုင်စု'တဲ့။ အတန်ကြာတော့ ဘတ်စ်ကားက ဆေးရုံအောက်ကွေ့ ရင်ခွဲ ရှိုင်း မလှမ်းမကမ်းမှာ ရပ်တယ်။ ကားပေါ်က ဆင်းလိုက်တော့ မိုးကာ ဘ မငုံ့လို့ မျက်နှာမှာ ရေက ရွှဲရွှဲစိုနေပြီ။ လေရော မိုးရောက ညဥ့် အမှောင်ကို ပိုပြီး သိပ်သည်းမည်းမှောင်လို့။ လူတောင် ရှေ့တိုးလျှောက် မလွယ်ဘူးဖြစ်နေတယ်။

လူခြေက ဝန်းကျင်မှာ တိတ်နေပြီ. . .။

သည့်နောက် ဆေးရုံအနောက်ဘက် အမှတ်(၄) ကျောင်းလမ်း ကြီးအတိုင်း၊ တောင်စူးစူး ဂေါက်ကွင်းအဝင်ရှိရာကို မှန်းဆပြီး မိုးလေထဲ ချမ်းချမ်းနဲ့ လှမ်းလာလိုက်ရင်းက အသင့်ဆောင်နေကျ ဘရန်ဒီပုလင်း ကို လွယ်အိတ်ထဲက ထုတ်ပြီး တစ်ငုံမော့ပစ်လိုက်တယ်။ ပူလောင်ခါး တဲ့ ဘရန်ဒီအရက် လည်ချောင်းကတစ်ဆင့် ရင်ခေါင်းထဲ စီးသိမ့်ကျ မှ အချမ်းရော အမှောင်ကို စိုးရွံ့စိတ်ရော ပေါ့သွားသလို ခံစားလိုက် တယ်။

ဒီလိုနဲ့ နာမည်ကြီးလှတဲ့ စက်ကန်(ရေကန်)ကြီးများကို ဖြတ် ဂေါက်ကွင်းကို ဝင်လိုက်တယ်။ ယူကာလစ်ပင်ကြီးများဟာ ဟီးဟီး ထဲ အော်ပြီး တိုက်ခတ်နေတဲ့ လေပြင်းနဲ့ မိုးပေါက်ကြားမှာ ဘယ်ညာ ယိမ်းနွဲ့ကာ ဆင်မြောက် လူးလွန့်ပြီး အရုပ်ရှည်ရှည် တစ္ဆေသရဲများ တန်းစီအုပ်ဖွဲ့ ကနေသလိုပဲ။ ကြောက်စရာကောင်းလိုက်တာ။

ရှေ့ဆက်သွားလို့ ဖြစ်ပါ့မလား။ သွားရမှာကလည်း ဒီဂေါက်ကွင်း ကြီးကို ဖြတ်ရဦးမယ်။ ပြီးမှ ရှိုင်စုဆိုတဲ့ရွာကို တွေ့မယ်။ အဲဒီ ရွာကို ဖြတ်ပြီး ဟိုးရွာတောင်ဘက်က သူငယ်ချင်းအိမ်ကို သွားရမှာ။



www.burmeseclassic.com

www.burmeseclassic.com



မသွားလို့ကလည်း မဖြစ်။ အရေးကြီးသော ငွေကြေးကိစ္စ အပေးအ...
... ချိန်းဆိုထားပြီးသား။

ကနဦးက စောစောသဘောခေါက်နှင့် လာခဲ့ဖို့ စိစဉ်ခဲ့ပေ...
ရုံးလုပ်ငန်းက မပြတ်သည့်အပြင် ဌာနမှူးက အစည်းအဝေးပါ လုပ်...
သောကြောင့် အချိန်က လင့်သွားခဲ့ပြီး ဒီနောက်ဆုံး သဘောခေါက်...
လိုက်ခဲ့ရသည့် အဖြစ်။

နောက်ကြောင်း လှည့်ပြန်ဖို့ကလည်း ဒီမြို့ဝန်းကျင်မှာ ညအိ...
လို့ရသည်အထိ အိမ်ကလည်း တစ်အိမ်မျှ မရှိ။ ဒီနားမှာ ဘုန်း...
ကျောင်းရှိသည်ဟု ဟိုးအရင်တစ်ခေါက်တုန်းက သိခဲ့ရသော်လည်း ...
မှောင်မည်းမည်း မိုးလေထဲမှာ ဘုန်းတော်ကြီးကျောင်းကို လုံးဝ မမြ...

"ဂျိမ်း"

"ဘုရား"

"ဂျိုင်း"

"..."

"ဂျုံး ဂျုံး ဂျုံး ဂျိမ်း"

အရေးထဲမှာ လျှပ်စီးလက်ပြီး မိုးကြိုးများက ဆက်တိုက်...
လိုက်သောအခါ လန့်၍ အော်လိုက်ရ။ ကွင်းပြင်ကြီးထဲမှာ မိုးကြိုး...
ရင် မြေပြင်မှာ လှဲအိပ်ချ ဝပ်ချဆိုလို့ လျှပ်စီးလက်လိုက်တိုင်း ...
မှာ ဝပ်ရတဲ့ အကြိမ်ကလည်း မနည်း။ မထူးပါဘူး၊ ငါ ယော...
ငါ့မှာ ရဲဆေးပုလင်းပါတယ်။ ဒီည မိတ်ဆွေရဲ့ အိမ်ကို မရောက်ရော...
အောင် သွားမယ်လို့ အားမာန်တင်းပြီး ယိမ်းထိုးလူးလွန့် အော်ဟစ်...
ယူကာလစ်ပင်တန်းများ အောက်ကနေ အရဲကိုးလို့ လျှောက်ခဲ့လိုက်...

ဒီလိုနဲ့ ဂေါက်ကွင်းရဲ့ အလယ်လောက်လည်း ရောက်ရော...





"ဒီ ဒီမှာ ရှင့်"

"အလိုလေး"

လူတစ်ယောက်ရဲ့ ခေါ်လိုက်သံပါလား။ ဟုတ်ရဲ့လား။ နား...
...ပြီး ကြားနေတာလား။

"ဒီ...မှာ...ဒီမှာ"

လူသံမှ လူသံအစစ်။ အသံက မိုးလေထဲမှာ စူးအစ်ပေါ်လာတဲ့
... ပြီးတော့ မိန်းမတစ်ယောက်ရဲ့ အားကိုးတကြီး ခေါ်သံ။ ဘုရား
... အချိန်က သန်းခေါင်ယံအနား။ နေရာက လူသူကင်းမဲ့နေသည့်
...။ အခု လူခေါ်သံ ကြားနေရပြီး ခေါ်နေတာက ကျွန်တော့်ကို
...။ ဒုက္ခသည်လား၊ မသမာသူလား၊ ခရီးသွားလား။

"မင်း..(..ခင်း ဘယ်သူတုံး"

"ကျွန် မ ကျွန် မ မိုးတွေ လေတွေကြောင့် အိမ် အိမ် မပြန်
... ပါ"

အသံရှင် မိန်းကလေးမှန်း ကျိန်းသေသွားပြီ။ အသံကို ခန့်မှန်း
...ဖြင့် အရွယ်ခပ်ငယ်ငယ်။

"ဂျိမ်း"

"အမလေး"

မိုးကြိုးပစ်လိုက်သံကြောင့် ညောင်ပင်အောက်မှာ မိုးခိုကြောက်
...သည့် မိန်းကလေးက ပါးစပ်မှ အလန့်တကြား အော်ပြီး ကျွန်တော်
... အားကိုးတကြီး ပြေးလာလိုက်တယ်။ သူ့လက်ထဲမှာ ကိုင်ထား
...ကလည်း မိုးဒဏ်လေဒဏ်ကြောင့် ကျိုးကုပ်ပြီး သူမရဲ့ တစ်ကိုယ်
...ရွှဲရွှဲစိုလို့။

"လန့်...လိုက်...ကြောက်လိုက်...တာ အစ်ကိုကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



အီး ဟီး ဟီး''

ခများ ချမ်းလို့ တုန်နေတယ်။

''ညည်းက ဘယ်ကို ပြန်ရမှာလဲ''

''ရခိုင်စု အဝင်တင်ပါ''

''ဟေ...ဒါဆို ငါနဲ့ လမ်းခရီးတူပဲ။ အချိန်မဆွဲနဲ့ ညည်းရော ငါရော နိုက်တုန်ချမ်းနေပြီ၊ လာ...သွားကြစို့''

ကျွန်တော် ဝမ်းသာသွားသလို သူမလည်း ချက်ချင်း ဝ အားဆက်သွားပြီး ထီးကျိုးကို လေကွယ်အောင် ရှေ့ငိုက်ဆော မိုးသံလေသံကြား အော်ပြောရင်း အတူလျှောက်ခဲ့ကြတယ်။

ဘာပဲပြောပြော လူသူကင်းမဲ့ပြီး အသည်းထိတ်စရာ မိုးသ သန်းခေါင်ယံအချိန်မှာ လူလူချင်း အဖော်ရပြီး စကားပြောသွာ လောက် ကြောက်စိတ်အားပျော့စရာ ရှိပါဦးမလားဗျာ နော။

''ဒီနေရာက သိပ်ကြောက်စရာ ကောင်းတယ် အစ်ကို

''ကြောက်စရာကောင်းတယ် ဟုတ်လား၊ ဘယ်လို ကြေ စရာကောင်းတာလဲဟင်''

''ဒီနေရာဝန်းကျင်က သရဲသိပ်ခြောက်တာပဲ''

''ဟေ...ဘယ်လို ခြောက်လို့လဲ ညီမရဲ့၊ ငါ သရဲတစ္ဆေဆို လုံးဝ မကြောက်ဘူးဟ။ ငါ ကြောက်တာ လူပဲ အချိန်မတော်ရင် လက်နက်နဲ့ ဒုက္ခပေးနိုင်သမို့လား''

''အစ်ကိုကြီးက သရဲတစ္ဆေ မကြောက်ဘူး...သဘ လိုက်တာ။ တော်သေးတာပေါ့။ ဒီနေရာဝန်းကျင်မှာ ဘယ်လို ခြော ဆိုတော့ မိန်းမ ခပ်ရွယ်ရွယ် အစ်ကိုကြီးရဲ့ အသက် (၃၀) လောက် ရှိမယ်။ ဆံပင်ကလည်း အရှည်ကြီးပဲ။ ရှည်လိုက်သာ





တာ ခြေဖနောင့်ရောက်ရော။ နှုတ်ခမ်းကွဲ ချုပ်ရာကြီးနဲ့။

တစ်ခါတစ်ခါ အချိန်မတော်မှာတွေ့ရင် ငိုပြီး လိုက်အကူအညီ င်းသလို တစ်ခါတလေကျရင် ဆံပင်ဖားလျားနဲ့ ပါးစပ်ကြီးဖြဲလို့ ဟစ်ရယ်မောလို့ ကိုယ်ထင်ပြလိုက်၊ ပျောက်သွားလိုက်၊ ပြန်ပေါ်လာ အရပ်ကြီးရှည်ပြလိုက်၊ လျှာတန်းလန်းထုတ်ပြီး လိုက် လိုက်တာ''

''အမယ်လေး...ညည်းပြောမှ သရဲတစ္ဆေ မကြောက်တဲ့ ငါ င် ကြက်သီးထလာပြီဟ...။ တော်ပါတော့။ မပြောပါနဲ့။ ဒါနဲ့ နာမည်က ဘယ်လိုခေါ်သတုံး''

''မခင်မြို့ချစ်လို့ ခေါ်ပါတယ်။ အစ်ကိုကြီး နာမည်ကရောဟင်''

''မခင်မြို့ချစ်...တယ်ခမ်းနားတဲ့ နာမည်ပါလားကွယ့်။ ဒီမှာ ကြာပြီလား''

''ကြာပြီ...မရှိဘူးဆို အနှစ်တစ်ရာကျော်ပြီ''

''ဟင်''

''ဟား ဟား ဟား ဟီး ဟီး ဟီး မအံ့ဩပါနဲ့ အစ်ကိုကြီးရဲ့၊ ဆုံးသွားများပါ နေခဲ့တဲ့ နှစ်ကို ပေါင်းပြောတာပါ။ ဒီနေရာရောက် ခင်မြို့ချစ်လို့သာ မေးလိုက်။ အားလုံး သိတယ် ဟီး ဟီး ဟီး''

သူမဟာ မိုးသံလေသံကြားကနေ အသည်းချောက်ချားစရာ ကြီးနဲ့ အော်ဟစ်အသံပြုရင်း လေအတိုး မိုးအဖြိမ်းမှာ ကျွန်တော့် ထိုးတိုက်ရင်း ကပ်ပါယှဉ်တွဲလိုက်ပါလို့ လာနေတယ်။

အင်း...ကိုယ့်ကိုယ်ကို စန်းတင်တာ မဟုတ်ပါဘူးဗျာ။ တို့လို လူရိုးလူကောင်းနဲ့ တွေ့ပေလို့သာပေါ့။ တခြားလူမျိုး ခပ်ရိုင်း ယုတ်ယုတ်နဲ့များ တွေ့ရင် ဒီအပြုအမူမျိုးနဲ့ ဒီအချိန်မျိုးသာဆို ဒီလိုနေရာမှာ မတော်မတရား အပြုအကျင့်ခံရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးနာမည်ကရောဟင်"

"ကောင်းမြတ်ရွှေ တဲ့"

"ဘယ်အိမ်ကို သွားမှာလဲ"

"ရခိုင်စုရွာမှာ သူငယ်ချင်းတစ်ယောက် ရှိတယ်။ ကိုလှ
ရှည်တဲ့။ အဲဒီကို သွားမလို့"

"အစ်ကိုကြီး ကြည့်ရတာ ဒီအရပ်၊ ဒီနယ်သား မဟုတ်
ပဲနော်"

"ကိုယ်မိး"

"အမလေး လန့်လိုက်တာ အစ်ကိုကြီးရယ်"

မိုးခြိမ်းသံကြောင့် သူမရဲ့ပခုံးက ကျွန်တော့်ပခုံးကို လာ
တယ်။ တကယ့်ကို အေးစက်စက်ကြီးပဲဗျာ။ အေးလေ. . . သူမ
ကိုယ်လုံးလည်း စိုရွှဲနေတာကိုး။

"မှန်တာပေါ့ကွာ။ ငါက ရန်ကုန်က လာခဲ့တာပါ"

"ရန်ကုန်ကလား။ ဒီဝန်းကျင် ဒီလို သန်းခေါင်ယံဆို သ
သွား အစ်ကိုကြီးရဲ့"

"အခုတော့ မင်းလို မိန်းမလှလေးတစ်ယောက် အဖေ
တာ ဥစ္စာ၊ မကြောက်ပါဘူး"

ကျွန်တော်က သွေးတိုးစမ်းသည့်အနေနဲ့ သို့ကလို မြေ
တော့ သူမက ရယ်ရွှာတယ်။

"အသားတွဲ၊ ငါးတွဲများ နေဝင်ရီတရော ဆွဲလာဝယ်
လာရင် အဲဒီတစ္ဆေမက အတင်းလိုက်လုတာ။ ဒါကြောင့် ဒီ
ညဘက် ညဉ့်နက်ရင် ဘယ်သူမှ မသွားကြ မလာကြဘူး"

"ဒါဆို. . . ညည်းကရော"





"ကျွန်မက ဈေးရုံကြီးမှာ လှူနာသွားစောင့်ရင်း ပြန်ခဲ့တာပါ။
ထဲ သူငယ်ချင်းမရဲ့ အမေ နေမကောင်းလို့ ဝင်သတင်းမေးရင်း
ိမ်မှာ စားရင်းသောက်ရင် အချိန်ကုန်သွားတာ။ ကျွန်မ ကိုယ်နိုက်
ည်း အစ်ကိုကြီးလိုပဲ။ သရဲတစ္ဆေဆို လုံးဝ မကြောက်ဘူး။ လူပဲ
တ်တာ"

"ဒါဖြင့်. . . အခု ငါ့ကို မကြောက်ဘူးလား"

"အဲဟင်း ဟင်း ဟင်း ဟီး ဟီး ဟီး ဟီး ဟီး"

"ပြောလေ"

"အစ်ကိုကြီးကို မကြောက်ပါဘူး။ ပိုတောင် ခင်လာသေးရဲ့
ဟီး ဟီး ဟီး ဟီး"

ဘုရား. . . ဘုရား။ လူကောင်းသူကောင်းမှ ဟုတ်ပါရဲ့လား
င်းတဲ့ မိန်းမများ ဖြစ်နေမလား။

"ဒီည အစ်ကို ကျွန်မနဲ့ မကြုံဘဲ အဲဒီ သရဲတစ္ဆေမနဲ့ ကြုံရင်
ဆိုလုပ်မလဲ ဟင်"

"နောက်ဆုံးတော့ မနိုင်ရင် နပမ်းလုံးနေရမှာပေါ့ဟာ"

"ဟား ဟား ဟား ဟား။ အစ်ကို ဒုက္ခရောက်သွားမှာပေါ့"

"တွေ့ချင်လိုက်ပါဘိဟာ"

"ဟား ဟား ဟား ဟား ဟီး ဟီး အီး ဟီး အဟတ် တစ်"

သွားရင်း အတူတူ ရင်းနှီးစပြုလာပြီမို့ မစိုးရွံ့တော့ဘဲ
တ် က သူမ အကြောက်ပြေသွားအောင် သို့ကလို ပြောလိုက်တော့
ကြားမှာ သူမက လှိုက်လှိုက်လှဲလှဲ အော်ဟစ်ရယ်မောပစ်လိုက်

မိုးကလည်း အရှေ့ထဲ ပိုသည်းလာသလို ပစ်လိုက်တဲ့ မိုးကြိုး



www.burmeseclassic.com

www.burmeseclassic.com



များကလည်း တစ်လုံးနဲ့ တစ်လုံး ဆက်နေတာပဲ။ ဤခရီးသွား
မိုးကြီးမပစ်တာ အလွန်ကံကောင်းတယ်လို့ ဆိုရ မှတ်ရမှာပဲ။ ကျွန်
မည်းမှောင်သည်းနေလို့ လမ်းကို မမှတ်မိတော့ဘူး။

သူမ ရှေ့ဆောင်ရာအတိုင်း အသာမေးလိုက်ခဲ့ရတယ်။
ဝင်းလက်လိုက်တိုင်း ရေစိုရွှဲနေတဲ့ သူမရဲ့ ရေစိုအသားကပ်ကိုယ်
အတိုင်းသား မြင်နေရတယ်။

ကိုယ်လုံးကိုယ်ပေါက်က အလွန်လှတာပဲ။ အိမ့်ဖုတင်းနေ

"ဟော. . . ရောက်ပြီ အစ်ကိုကြီး"

"ဘယ်ကို ရောက်တာလဲဟ၊ ငါ လမ်း မမှတ်မိတော့ဘူး
ကလည်း သည်းလိုက်တာ"

"ကျွန်မ အိမ်ကို ရောက်ပြီ။ လာ. . . ဝင်နားဦး၊ မိုးစဲမှ

"ငါသွားရမဲ့ ရခိုင်စုက ဝေးသေးလို့လား"

"ဝေးတယ်။ နာရီဝက်လောက် လျှောက်ရလိမ့်ဦးမယ်။
ခဏနား တက်ခုခု စားပြီးမှ မိုးစဲမှသွား။ အစ်ကိုကြီးက ဒီညမှာ
ရဲ့ ကျေးဇူးရှင်အဖော်ပဲ။ ညည်းသည်ပဲ. . . လာ. . . အစ်ကိုကြီး"

ကျွန်တော်လည်း အရမ်းကို ချမ်းနေလို့ ပင်ပန်းနေပြီ
သူမ ဦးဆောင်ရာအတိုင်း သူမ အိမ်ဆိုသည့်နေရာကို ဝင်လိုက်
လိုက်တယ်။

❦ ❦ ❦

❑

အိမ်ထဲကိုရောက်တော့ သူမက မီးခြစ်နဲ့ ဖယောင်းတိုင်ကို
ထိုက်တယ်။ အခန်းက အုတ်ပတ်ကားခံ တိုက်အိုကြီးပဲ။ အထဲမှာ
တော့ ဘာမှ ထွေထွေထူးထူး မရှိဘူး။ အလွန်ကို ရှေးကျလှတဲ့
ခင်းနီတစ်လုံးကို ခေါင်းရင်းမှာ တွေ့ရတယ်။

ထူးဆန်းနေတာက သူမရဲ့ အိမ်မှာ ဘုရားစင် မရှိတာပဲ။
ဒါ ဗုဒ္ဓဘာသာဝင် မဟုတ်ဘူးတူရဲ့။ ကျွန်တော်က မိုးကာအင်္ကျီ
ပြီး အတက်အဆင်းနေရာက လက်တန်းမှာ ချိတ်လိုက်တယ်။

သူမကတော့ အတွင်းခန်းကို ဝင်ပြီး အဝတ်အစားလဲနေတယ်။
စားစရာအချို့ကို ကြေးလင်ပန်းတစ်ချပ်နဲ့ ထည့်ယူလာပြီး
ရှေ့မှာ ချပေးရှာတယ်။

"စား. . . အစ်ကိုကြီး။ မိုးစဲမှ ပြန်။ ဒါမှမဟုတ် ဒီည ဒီမှာပဲ
အိပ်နားနေနော်"

မှန်တာပြောရရင် ကျွန်တော့်ဝမ်းဗိုက်ထဲမှာ အတော့်ကို ဆာ



www.burmeseclassic.com

www.burmeseclassic.com





လောင်နေသလို ငှက်ဖျားအခံကလည်း မိုးဒဏ်လေဒဏ်ကြောင့်

ချင်ပြီး စိမ့်စိမ့်ချမ်းလို့ တုန်နေပြီ။

"ဒီမှာ မခင်မြို့ချစ်"

"ရှင် အစ်ကိုကြီး"

ဖယောင်းတိုင်တစ်တိုင် မီးရောင်က အခန်းထဲ ခပ်ဖေ

ထွန်းထားတော့ တစ်ယောက်ကိုတစ်ယောက် ခပ်ဝါးဝါးပဲ မြင်နေ

သို့သော် မီးအလင်းရောင်ရဲ့ မြင်ကွင်းအရ သူမဟာ အလွန်

ကိုယ်လုံးကိုယ်ပေါက်လှတဲ့ မိန်းကလေးဆိုတာ ယောကျ်ားတစ်

အနေနဲ့ ကျွန်တော် နားလည်သိရှိလိုက်တယ်။

"ဒီအိမ်ကြီးထဲမှာ ညီမ တစ်ယောက်တည်း နေတာ

"အမေရှိသေးတယ်။ ရွာကို ခဏသွားနေလို့။ အစ်

စားလေ စားပါ"

"ညီမထံက အစ်ကို အခွင့်တစ်ခု တောင်းချင်တယ်

"ဘာများလဲ အစ်ကို"

"အစ်ကို အရက်သောက်ချင်တယ်။ ဆေးဖြစ်ဝါးဖြစ်ပါ

ငှက်ဖျားတက်ချင်သလို ဖြစ်နေလို့"

"ဒီ. . . ဒီ. . . မှာ အရက် မရှိဘူး အစ်ကိုကြီးရဲ့"

"အစ်ကို့မှာ ပါပါတယ်။ ညီမ ခွင့်ပြုရင်သာ"

"အို. . . သောက်ပါ အစ်ကို၊ သောက်ပါ။ နေဦး

သောက်ရေယူပေးမယ်"

သူမဟာ တုန်အိနေတဲ့ တင်ပါးကြီးနှစ်ခုကို လှုပ်ယမ်း

အောင် အပြေးလေး ထသွားပြီး သောက်ရေတစ်ခွက်ကို ယူ

ပြန်တယ်။ အလိုက်သိလိုက်တဲ့ မိန်းကလေးပဲ။ သတ္တိလည်း

သည့် မိန်းကလေး။ အချိန်မတော် အိမ်မည်းကြီးတစ်လုံးထဲမှာ

သိရတဲ့ ယောကျ်ားသားတစ်ယောက်နဲ့ နှစ်ယောက်အတူ နေရဲဖော

ရှိသတ္တိ မဟုတ်ပါဘဲလားဗျာနော်။

ဒါနဲ့ ကျွန်တော်က လွယ်အိတ်ထဲက ဘရန်ဒီပုလင်းကို ထုတ်

ပြီး နှစ်ခွက် မော့ချလို့ ရေနဲ့ မျှောချလိုက်တယ်။ သည့်နောက်

ချပေးထားတဲ့ ဘဲဥကြော်ကို ကောက်ဝါးလိုက်တယ်။ ဘရန်ဒီ ရင်

ထဲ ဝင်သွားမှ သွေးက ပူလာပြီး နေသာသလို ရှိသွားတယ်။

လည်း ခပ်လှမ်းလှမ်းမှာ ထိုင်ပြီး ကျွန်တော် အရက်သောက်

စားနေတာကို ခပ်တည်တည် ထိုင်ကြည့်နေတယ်။

ကျွန်တော်လည်း စကားမပြောနိုင်ဘူး။ အရက်ကို သောက်လိုက်

ကို စားလိုက်နဲ့။ အရက်တစ်ပိုင်းခန့်လည်း ဝင်သွားရော လူက

အစိမ့်ပျောက်ပြီး အရက်ရှိန်နဲ့ ခေါင်းထဲမှာ ရီဝေဝေ ဖြစ်လာတယ်။

"အစ်ကိုကြီး. . . ထမင်းတွေ စားဦးလေ"

"အေး. . . စားမယ်၊ စားမယ်"

သည့်နောက် ကြေးလင်ပန်းနဲ့ ထည့်ထားတဲ့ ထမင်းနဲ့ ဟင်း

ကို အားရပါးရ စားပစ်လိုက်ပြီး လက်စသတ်လိုက်တယ်။

ဒီအချိန်မှာ သူမက ဖျာတစ်ချပ်ခင်းပြီး ဂွမ်းကပ်အောက်ခံ

လို့ စောင်ခေါင်းအုံးများနဲ့ အိပ်ရာကို ပြင်လိုက်တယ်။ ကျွန်တော့်

ထဲမှာတော့ ဘရန်ဒီ အရှိန်က ယစ်စီစီ ဖြစ်နေပြီ။

သူမက စားပြီးသား လင်ပန်းကို သိမ်းလို့ ဖယောင်းတိုင်မီးနဲ့

ပေးကို ဝင်သွားတယ်။ ပြီးနောက် ကျွန်တော့်အနီးသို့ ရောက်လာ

သစ်သားတုံးပေါ်မှာ ဖယောင်းတိုင်ကို တင်ထွန်းလိုက်တယ်။

ဒီအချိန်မှာပဲ ကျွန်တော် ဖယောင်းတိုင်မီးရောင်နဲ့ အသေ





www.burmeseclassic.com

www.burmeseclassic.com



အချာ မြင်လိုက်ရတဲ့ မြင်ကွင်းတစ်ခုကြောင့် အံ့သြသွားရတယ်။ မြ
လိုက်ရတာက မခင်မြို့ချစ်ရဲ့ အပေါ်နှုတ်ခမ်းပဲဗျာ။

နှုတ်ခမ်းဟာ ချုပ်ရိုးရာကြီးနဲ့ပါလား။ စောစောက သတိ
ခဲ့ပေမယ့် ခုမှ မီးရောင်နဲ့ သေသေချာချာ တွေ့ရတာကိုး။ ဘုရား
သူမက နှုတ်ခမ်းကွဲချုပ်ရိုးရာကြီးနဲ့ ဒဏ်ရာက အကြီးကြီး။

"အစ်ကိုကြီး ဘာတွေ ကြည့်ပြီး အံ့သြနေတာလဲ ဟင်"

သူမဟာ ပြေရင်းက ကျွန်တော့်လက်ကို ရဲရဲတင်းတင်း ကိုင်
လို့ မေးလိုက်ပါရောဗျာ။ အချိန်က သန်းခေါင်ယံ နှစ်ယောက်ထဲ
ရှိနေတဲ့ ကာလ။ အရက်ရှိန်နဲ့ လူက နွေးခနဲ ရဲခနဲ။

"ဟင်း ဟင်း နှုတ်ခမ်းမှာ ချုပ်ရိုးကြီးနဲ့နော်"

"ဟင်း ဟင်း ဟင်း အစ်ကိုကြီးကလည်း ဒါများ အဆန်း
လို့၊ အိပ်တော့မလားဟင်"

"အိပ်ပါ့မယ်ကွာ။ ဒါပေမယ့် လမ်းမှာတုန်းက မင်း ပြောခဲ့
ကို သွားသတိရလို့ပါ"

"ဘာများပါလိမ့်ရှင်"

"ဟို. . . တခြေသရဲမက နှုတ်ခမ်းကွဲ ချုပ်ရိုးရာကြီးနဲ့
"ဟင်း ဟင်း ဟင်း ဟင်း ပြီးတော့ရော"

"မင်းပြောတော့ အဲဒီသရဲတစ္ဆေ ဆံပင်ဖြည်ချရင် ခြေဖ
အထိ ရောက်တယ်ဆို"

"ဟုတ်တယ်လေ၊ အစ်ကိုကြီးက မယုံလို့လား။ မယုံရင်
ကြည့်"

ဒီမှာပဲ ခင်မြို့ချစ်ဟာ ပါးစပ်က ပြောရင်းတန်းလန်း
ခေါင်းမှာ အုံဖွဲ့တင်ထားတဲ့ သူမရဲ့ ဆံပင် ဆံထုံးကြီးကို မတ်တတ်





လိုက်ကာ. . .။

အလိုလေး. . .။

ရှည်လျားနက်မှောင် ဆံပင်ရှည်များဟာ သူမရဲ့ ခြေဖနောင့်ကို
ရောက်လို့ပါလား။

"ဟာ. . . ဒါ. . . ဒါ. . . ဆို မင်း မင်း ခင် မြို့ချစ် မင်း
ဟာ"

"ဟား ဟား ဟား ဟား ဟား"

"အီး ဟီး ဟီး ဟီး ဟီး"

"ခင် မြို့ ချစ်"

"ဟင်း ဟင်း ဟင်း ဟင်း"

"မင်း. . . မင်း"

"ခစ် ခစ် ခစ် အဟတ် ဟား ဟား ဟား ဟား"

သူမက ကျွန်တော့်ရှေ့မီးရောင်မှာ နှုတ်ခမ်းကွဲချုပ်ရိုးပြီ ထွက်မ
နဲ့ အော်ဟစ်ရယ်မောနေလိုက်တာ သောသောကို ညံနေတာပဲ။
ရင်းကနေ သူမရဲ့ မျက်လုံးနှစ်လုံးဟာ မီးကျီခဲလို ရဲရဲနီလာနေပြီး
လုံးက အခိုးတွေထွက်သလို ဖြစ်လာနေတယ်။

ကျွန်တော်ပဲ အရက်မူးလို့ ဖြစ်နေရတာလား မသိဘူး။ မျက်လုံး
သူ့ရဲ့အရပ်ဟာ တဖြည်းဖြည်း ရှည်ရှည်လာသလို မြင်နေရတယ်။
ဟုတ်ရဲ့လားလို့ စိုးရိမ်အံ့သြစိတ်နဲ့ မျက်လုံးကို အားစိုက်ကြည့်လိုက်
ကျွန်တော့်ရှေ့က ခင်မြို့ချစ်ရဲ့အရပ်ဟာ ရှည်ထွက်လာလိုက်. . .
သွားလိုက်။

သူမကတော့ ကျွန်တော့်မျက်လုံးနှစ်လုံးကို သေသေချာချာ
ကြည့်ပြီး ဆံပင်ဖားလျားကြီးကို ဘယ်ညာယိမ်းထဲ ခါယမ်းပြီး တဟား



www.burmeseclassic.com

www.burmeseclassic.com



တဟား ဟားဟား တဟစ်ဟစ် ရယ်မောလို့ အနားကို တရွေ့ရွေ့ တိုးကပ်လာ နေတယ်။

တစ်ချစ်တစ်ချက်မှာလည်း သူမရဲ့ လျှာကို ထုတ်ပြလို့ လျှာကိုခေါက်ပြီး သွားနဲ့ ကိုက်ပြလိုက်၊ လျှာကို ဆန့်ထုတ်ပြီး သွား ကိုက်ပြီး မျက်လုံးကို ပြူးပြလိုက်, ခေါင်းကို ရမ်းပြလိုက်, နှုတ်ခမ်း ကြီးနဲ့ သွားတွေ ဖြဲပြလိုက်. . .။

ကျွန်တော် သူမရဲ့ အပြုအမူများကို ကြည့်ရင်း ရင်ထဲ တုန်လှုပ်ချောက်ချားစ,ပြုလာပြီ။ သူမဟာ ကျွန်တော့်ရဲ့ စောစော ခရီးသွားဖော် လူသားစင်စစ် မခင်မြို့ချစ်ပဲလား။

ဒါမှမဟုတ် ခရီးသွားဖော် အားကိုးရာခဲ့သူ မခင်မြို့ချစ် ဖြေ တစ္ဆေသရဲမ စင်စစ်ပဲလား။ စဉ်းစားရင်း ကြောက်လန့်လို့ နောက်ဆုတ် ရွှေ့ဆုတ်လိုက်ချိန်မှာပဲ သူမဟာ ကျွန်တော့်ရဲ့ ပခုံးနှစ်ဖက်ကို သူမ အေးစက်စက် လက်နှစ်ဖက်နဲ့ ကိုင်ဆုပ်ပြီး ကျွန်တော့်ကို ပက်လက် ချလိုက်သည့် အချိန်။ မိုးကြိုးပစ်သံများကလည်း နားကွဲမခန်း ထေ တာ။

ကျွန်တော် ကြောက်လန့်တကြား ရုန်းကန်ပြီး အသံကုန် ပစ်လိုက်တယ်။

"ခင် မြို့ ချစ် လွှတ်. . . လွှတ်"

"ဟီး ဟီး ဟီး ဟီး"

"ခင် မြို့ ချစ် နင် သွားသွား လွှတ်နော် လွှတ်။ မင်း မင်း မင်း"

"ဟား ဟား ဟား ဟား ဟား"

ကျွန်တော်က မူးမူးနဲ့ ရုန်း။ စူးစိုက်အံ့သြစွာနဲ့ ရုန်းကန်





အော်ဟစ်။ သူမကလည်း တဟီးဟီး တဟားဟား နောက်သလိုလို ပြောင်သလိုလို၊ တကယ်လိုလိုနှင့် ကျွန်တော့်လက်ကို ဆွဲရင်း အိပ်ရာပေါ် သို့ တွန်းပို့နေတယ်။ အိပ်ရာပေါ်အရောက်မှာ သူမဟာ ကျွန်တော့်ရင်ဘတ် ပေါ်ကို ပစ်လှဲမှောက်ချလိုက်တယ်။

ဒီအချိန်မှာ ကျွန်တော် ကြောက်တာလား၊ အံ့သြတာလား၊ အရက်မူးသွားတာလား၊ မပြောတတ်တော့ဘူး။ ကျွန်တော့်ခေါင်းဟာ ချာချာလည်ပြီး ရေဝဲတစ်ခုထဲကို နစ်စုပ်ဝင်သွားသလို ခံစားလိုက်ရတော့ တာပဲ။

□

ကျွန်တော်နိုးသည့်အချိန်က ကျွန်တော့်ကို တစ်စုံတစ်ဦးက အော်ဟစ်လှုပ်နှိုးနေသည့် အချိန်ပဲ။ လှုပ်နှိုးလို့ နိုးလည်းနိုးရော ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်တော့ တွေ့လိုက်ရတာက ကျောင်းသားနဲ့ နွား ကျောင်းသားများ။

"ဦးလေး. . . ဦးလေး သတိရပြီလားဗျ"

"ဟေ ငါ ငါ ဘာဖြစ်နေတာလဲဟင်"

ပတ်ဝန်းကျင်ကို ကြည့်ပြီး ကုန်းထလိုက်တော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတာ ရှိနေတာ ညှိုညစ်ခွေးပုံနေတဲ့ အုတ်ခဲပုံဟောင်း တစ်
ပေါ်မှာ။ ဘုရားရေ။ ထူးဆန်းလှချည့်ကလား။

"ဦးလေး ခင်မြို့ချစ် ခင်မြို့ချစ်နဲ့ ယောင်ပြီး အော်နေတာ
ကြာပြီဗျ"

"ဟင် ဒါ ဒါဆို ခင်မြို့ချစ်ရော. . . အဲဒီ ခင်မြို့ချစ်ရော"

"ဦးလေး၊ မသိလို့ မေးပါရစေဗျာ၊ ဦးလေး ဘာဖြစ်နေတာလဲ"

ကျွဲကျောင်းသားနဲ့ နွားကျောင်းသား လေးဦးက ကျွန်တော့်ရဲ့
ရုပ်ပျက်ဆင်းပျက် အူကြောင်ကြောင် ကယောင်ချောက်ချား အဖြစ်ကို
ကြည့်ပြီး မသင်္ကာသလို ဝိုင်းမေးကြပါရော။

"မင်း မင်းတို့ မ ခင် မြို့ ချစ်ကို သိ သိကြလား ဟင်"

"သိပါတယ်ဗျ။ ဦးလေးဖြစ်ပုံသာ အရင်ပြောပါဦး"

ဒါနဲ့ ကျွန်တော်က နွားကျောင်းသားလေးများကို ညက
ကျွန်တော် ကြုံခဲ့ရတဲ့အဖြစ်ကို အစမှ အဆုံး ပြန်ပြောလိုက်တော့ ကောင်
လေးတွေ အံ့သြပြီး ဘေးဘီဝန်းကျင်ကို လောက်လေးဂွများနဲ့ တန်းဆီ
ဝိုင်းပစ်ကြပါရော။

"ဦးလေး. . ."

"ပြောပါ ငါ့တူတို့ ဘာလဲဟင်"

"ဦးလေး ဒီနေရာက မြန်မြန်သွားတော့။ ဟိုးရှေ့က ရွာတန်း
ဟာ ဦးလေးသူငယ်ချင်း ရခိုင်ကိုလွန်းမောင်ရှည်တို့ နေတဲ့ ရွာပဲ။ ဒီနေ
ရာမှာ မနေနဲ့ မြန်မြန်သွားတော့"

• မောင်ညိုမှိုင်း (သန်လျင်)
သည်းထိတ်ရင်ဖို၊ ၂၀၀၇ ခုနှစ်၊ ဇွန်



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာစွမ်းအားရှင်ဆာနူးသူတော်စင်အဘိုး

ကျွန်ုပ်သူတို့နှစ်ဦးကို ကြိုတင်၍ ပြောပြထားသကဲ့သို့ ကြိ[illegible]
ရှိလည်း တားမြစ်သတိပေးခဲ့၏။ သို့သော် ဒီလူအနှစ်ကောင်က [illegible]
ပြောစကားများကို ပြက်ရယ်ပြု၍ ဥပက္ခာပြု၍ မိုက်မိုက်ကန်းကန်း[illegible]
ထင်ရာစွတ်ရွတ် လုပ်ကြသောအခါ ကိုယ့်အကုသိုလ်ကံက ကိုယ့်[illegible]
ချက်ချင်းအကျိုးပေးခဲ့ပြန်လေပြီ။

ကျွန်ုပ် မည်သို့ တွေ့ကြုံရတော့အံ့နည်း။ ဒါပေသည့် မနေ[illegible]

❦ ❦ ❦



အချိန်ကာလက အင်္ဂလိပ်အစိုးရမင်းများ အုပ်စိုးနေသည့် [illegible]ကာလဖြစ်၏။ ထိုအချိန်က ကျွန်ုပ်၏အလုပ်မှာ လယ်သမားဖြစ်၏။ အထူး[illegible]ဖြင့် လယ်သမားများကို အင်္ဂလိပ်အစိုးရ၏ ပုလိပ်စုံထောက်များက [illegible]ထက်သော မျက်လုံးများဖြင့် မျက်စိဒေါက်ထောက် ကြည့်နေချိန်လည်း [illegible]ပါ၏။

အဘယ်ကြောင့်ဟူမူ. . .

ဂျွန်ဆရာစံ ဦးဆောင်သည့် တောင်သူလယ်သမား၊ တော်လှန်[illegible]သမား (သူတို့အခေါ် လယ်သမားသူပုန်) များ အရေးကို ရှုတ်ရက်[illegible]က် နှိပ်ကွပ်ပြီးစ အချိန်ဖြစ်၍ လယ်သမား၊ ယာသမား၊ လေးငါး[illegible]ယောက် စုဝေးစကားပြောနေလျှင်ပင် သူကြီးကသော်လည်း[illegible] [illegible]ကသော်လည်းကောင်း၊ ခေါ်ယူမေးမြန်း ဟိန်းဟောက်[illegible] [illegible]ချိန်ဖြစ်၏။

သို့ဖြစ်၍ အုပ်စုမဖွဲ့ရဲ၊ လူစု၍ စကားမပြောရဲ။

ဒါကြောင့် အိမ်မှာ ကပ်ခဲ၏။ ညှီသည်လာမှာကို စိုးရွံ့နေ[illegible] [illegible] သုတ်ကိုင်းနှင့် ကြောင်ထောင်ချောက်များယူ၍ တာဝတော[illegible] [illegible]ကြက်၊ တောကြောင်၊ မြွေပါ စသည်များကိုထောင်၍ မုဆိုး[illegible] [illegible]ကို လုပ်နေခဲ့သည်မှာ ကာလအတန်ကြာ၏။

တစ်နေ့သောအခါ ကျွန်ုပ်ထောင်ထားသည့် သံညှပ်ထောင် [illegible]အတွင်း ရောမမြွေကြီးတစ်ကောင် မိနေ၏။ မြွေကြီး၏ ခါးကို [illegible]နေရကား မြွေကြီးသည် နာကျင်လွန်း၍ တဖူးဖူး နှာမှုတ်ရှန်းကန် [illegible]နေ၏။

ကျွန်ုပ်ကိုမြင်တော့ ပိုမိုဒေါသများ ပေါက်ကွဲပြီး ဦးခေါင်း[illegible] [illegible]ခြမ်းကို မြှောက်၍ ထောင်ရပ်လိုက်သည်မှာ နည်းနည်း[illegible]

www.burmeseclassic.com



လွန်းမဟုတ်။

ခက်ပြီ၊ အနားလည်း မကပ်ရဲ။ မည်သို့ လုပ်ရမည်လဲ။

လုပ်စရာက တစ်ချက်ပဲရှိသည်။ သံညှပ်ကို အဆုံးခံလို့ ... ဒီမြွေကြီးကို သတ်မှပဲ ရမည်။ လက်ထဲမှာ ကိုင်ထားသည့် လှံရှည် ... တစ်စိုင်းရယ်ပြီး ယိမ်းခါနေသော ငန်းမြွေကြီးကို ပစ်ရန် လှံကို ... လိုက်စဉ်-

"လူကလေး"

"ဟင်"

နောက်ဘက်မှ ခေါ်သံကြား၍ လှည့်ကြည့်လိုက်တော့ ... ကောက်ကွေး ဖားလျားကျ။ ယောဂီလည်ဝိုက်အင်္ကျီရှည်နှင့် ... အဘိုးကြီးတစ်ဦး လည်ပင်းပေါ်မှာ ရောမပုတီးကြီးဆွဲလို့။ မုတ်ဆိတ် ... နှုတ်ခမ်းမွေးဖြူဖြူများကလည်း မျက်နှာပြင်ပေါ်မှာ အပြိုင်းအရိုင်း ... ရှင့်တည်ကြည်သော မျက်လုံးအစုံ အရောင်များ တလက်လက် ...

အသက်က အတန်ငယ် ကြီးပုံရ၏။

ကုလားယောဂီအဘိုးကြီး. . .

တစ်နည်း. . . ဆာဒူးကြီး. . .။

"လူကလေး ဘာလုပ်မလို့လဲ"

"ဒီမြွေကြီးကို သတ်ပစ်မှ ကျွန်တော် ထောင်ချောက် ပြန် ... ဆာဒူးကြီး"

သူ့ကို ကျွန်ုပ် အခုမှ မြင်ဖူးခြင်းဖြစ်သော်လည်း ဒီ... ဝန်းကျင်က မြေအောက်လိုဏ်ဂူများမှာ တရားကျင့်နေသည့် ... ဘိုးတော်များ၊ ကုလားဆာဒူးများ၊ မြန်မာသူတော်စင်များ ရှိမှန်းကို ... ပြော၍ ကြားဖူးနေ၏။





"မသတ်ပါနဲ့ ကလေးရယ်"

"မသတ်ရင် ကျွန်တော့် ထောင်ချောက် ဆုံးရှုံးသွားမှာပေါ့"

"ကျွန်ုပ် ကူညီပါ့မယ် လူကလေး။ မြွေကြီးကို မသတ်လိုက် ...ပါနဲ့"

"ဆာဒူး လုပ်ပေးလို့ရရင် လုပ်ပါ။ ကျွန်တော့် ပစ္စည်းပြန်ရရင် ...တော်ပြီ"

ဒီမှာပဲ ဆာဒူးအဘိုးအိုကြီးသည် ခေါ်သရဲရဲ မျက်လုံးနှင့် ...စိုက်ကြည့်နေသည့် ငန်းမြွေကြီးရှိရာသို့ မကြောက်မရွံ့ တန်းရှဉ်သွား ...လိုက်၏။

ကျွန်ုပ်ကား သူ့လုပ်ပုံကိုကြည့်၍ ဒီဆာဒူးအဘိုးကြီးတော့ ငန်း...မြွေကြီး ပေါက်လို့ သေတော့မှာပဲဟု စိုးရိမ်နေ၏။ ငန်းမြွေတို့သည် ...အမျိုးအတေးကြီး၏။ ငန်းမြွေ ငန်းစောင်း၊ ငန်းပုပ်ကြီးများသည် သူတို့...သား၊ သူတို့ဥနှင့် သူတို့အသိုက်အမြုံကို ဖျက်ဆီးလျှင် ဖျက်ဆီးသူ...နောက်ကို ခြေရာခံလိုက်ပြီး အသက်ဆုံးသည်အထိ ရန်ငြိုးထား... ကြည့်နေဆဲမှာပင်. . .

ဆာဒူးကြီးက မြွေကြီးရဲ့ မျက်စိရှိရာသို့ ညာလက်ညှိုး...ထောင်ပြလိုက်သောအခါ မြွေကြီးသည် ကျောက်ရုပ်လို ငြိမ်ပြီး ထောင်...သွားသလို ဖြစ်ကာ မျက်လုံးကလယ်ကလယ်နှင့် ဆာဒူးအဘိုးအိုကို... စိုက်ကြည့်နေ၏။

ဒီမှာ ဆာဒူးအဘိုးအိုက ကျွန်ုပ်နားမလည်သော ဘာသာ...စကားများနှင့် မန္တန်ကဲ့သို့သော စကားလုံးများကို ပါးစပ်မှ ရွတ်ဆို...နေ၏ ပြီးနောက်-

"ဗုစ်ဆဲ ဆရဏံ ဂစ်ချာမိ"



www.burmeseclassic.com

www.burmeseclassic.com



"စမန် ဆရဏံ ဂစ်ချာမိ"

"ဆံဃံ ဆရဏံ ဂစ်ချာမိ"

အလို–အခု သူရွတ်နေတာ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝ သရဏဂုံသုံးပါးပါကလား။ သူသည် သရဏဂုံကို ကုလားဓ ရွတ်လိုက်ပြီး လက်ကို မြွေကြီးရှိရာသို့ ဆန့်တန်းမိုးပြလိုက်ေ ရောမ ငန်းမြွေကြီးသည် တဖြည်းဖြည်း ငပ်၍ကျသွားပြီးနောက် နှစ်လုံးကိုမှိတ်ကာ အိပ်ပျော်သွားသကဲ့သို့ ရှိသည်ကို အံ့ဖွယ် မြင်လိုက်ရသည်။

၎င်းနောက် သူကိုယ်တိုင် သံညှပ်ဖောင်းကို မ၍ ကိုယ်လုံးကို မထုတ်လိုက်၏။ ၎င်းနောက် သံညှပ်ဒဏ်ရာကြောင့် နေသည့် မြွေကြီးခါးမှ ဒဏ်ရာကို သူ့ညာလက်ဝါးနှင့် သုံးကြိမ် သ သောအခါ ငန်းမြွေကြီး၏ ခန္ဓာကိုယ်အောက်ပိုင်းသည် ရှ လာနေရကား ကျွန်ုပ် လွန်စွာ အသည်းတယားယားဖြစ်နေ

ပြီးသည်နှင့် ငန်းမြွေကြီးဦးခေါင်းကို မကြောက်မရွံ့ နှင့်အုပ်ပြီး ပါးစပ်မှ တတွတ်တွတ်ရွတ်နေ၏။ ကျွန်ုပ်နားထ ပြန်ကြားရလျှင် မေတ္တာစကားများ ဆိုနေ၏။ ကြည့်နေဆဲမှာပင် မျက်လုံးပွင့်လာပြီး မြွန်းခနဲ ခေါင်းထောင်ခါးဆန့်ရပ်ကာ ဆာ ခေါင်းညိတ်ခေါင်းညိတ် သုံးကြိမ်အရိုအသေပြုသလို လုပ်ပြီး တောထဲသို့ လူးကာလွန့်ကာ ပြေးဝင် ပျောက်ကွယ်သွားတော့

ကျွန်ုပ်လည်း ခုမှပဲ သက်ပြင်းချနိုင်တော့၏။

"လူကလေး"

"ခင်ဗျာ ဆာဒူးအဘိုး"

"လူကလေးက မုဆိုးလုပ်စားသလား"





"ဟုတ် ဟုတ် ပါတယ် ဆာဒူးအဘိုး"

"နောင်ကို ဒီဝန်းကျင်မှာ ဘာသားကောင်မှ လာမဖမ်းကြပါနဲ့ းတို့ အန္တရာယ်များမှာ စိုးလို့"

"ဘယ်လိုအန္တရာယ်များမှာလဲ ဆာဒူးအဘိုး"

"ဒီဝန်းကျင်မှာ အချို့အဆိပ်ရှိသော သတ္တဝါများဟာ သူတို့ကို တစ်ဦးက ရန်ပြုရင် သိပ်အငြိုးကြီးတယ်။ မယုံရင် လူကလေး နက်ကိုရိယာမပါဘဲနဲ့ လျှောက်သွားကြည့်ပါ။ ဘာမှ မဖြစ်စေရ "

"ဒါ ဒါ က တကယ်ပဲလား ဆာဒူးအဘိုး"

"လာ လိုက်ခဲ့ လူလေး။ လူလေးရဲ့ လက်နက်တွေ ဒီနေရာမှာ ခဲ့"

ဆာဒူးကြီးပြောသည့်အတိုင်း ဟုတ်မဟုတ်သိချင်၍ ကျွန်ုပ်သည် ည်ကိုလည်းကောင်း၊ ခါးကြားမှ ဓားမြှောင်ကိုလည်းကောင်း၊ သံညှပ် မှာ ပစ်ချထားခဲ့ကာ ဆာဒူးကြီးရှေ့ဆောင်ရာနောက်သို့ မဝံ့မရဲနှင့် ခဲ့လိုက်၏။

ဆာဒူးကြီးရဲ့ ထူးဆန်းအံ့ဩဖွယ် ပညာရပ်တစ်ကွက်ကို ကိုယ်တိုင် ိုက်ရပြီမို့ ဆာဒူးသူတော်စင်ကြီးရဲ့ အစွမ်းကို အထင်သေး၍ မရရှန်း ် သဘောပေါက်သွား၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

□

မကြာခင် ဂူပျက်များ၊ ရှေးဟောင်းစေတီပျက်များ
ရစ်သိုင်းနေသော ဂဝံဘုရားကျိုးများကို ကျော်၍လာခဲ့၏။
နေရာများသို့ တစ်ခါမှ မဝင်ဖူးခဲ့။ တစ္ဆေသရဲခြောက်သည်၊
ရှိသည်၊ ကျတ်များ ရှိသည်ဟု လူပြောများ၍ ဖြစ်၏။

ဆရာဒူးအဘိုးကြီးသည် သေးငယ်သော လမ်းကလေး
ချုံများကို လက်နှင့်ဖယ်၍ သွားလိုက်ပြီး မကြာခင်မှာပင်–

"ဟိုမှာကြည့် လူကလေး"

"အမယ်လေး"

မမျှော်လင့်ဘဲ မြင်လိုက်ရသည့် မြင်ကွင်းကြောင့်
အော်ပြီး ဆရာဒူးအဘိုးကြီးရဲ့နောက်မှာ ပြေးကပ်လိုက်၏။
မြင်ကွင်းကား–

သစ်ပင်များအောက်မှာ ပတ်ခွေနေသည့် မြွေကြီးများ

အချို့သော မြွေကြီးများသည် လက်မောင်းလုံးခန့်
က ပေါင်လုံးခန့်ရှိပြီး၊ အချို့မြွေများကား ကြသောင်းဝါးလုံး
ခြေသလုံးခန့်အထိ အရွယ်အစားအမျိုးမျိုးရှိပြီး သစ်ကိုင်းများ





ပတ်ခွေ၍ နေကြ၏။

ကျွန်ုပ်တို့နှစ်ဦးကို မြင်လိုက်သောအခါ မြွေကြီးများသည် ခေါင်း
ကြည့်နေကြ၏။ စပါးကြီး၊ စပါးအုံး၊ ငန်းတော်ကြား၊ ငန်းမှပ်ကြီး
သည်။

သူတို့ကို သူတော်စင် ဆရာဒူးကြီးက လက်မြှောက်ပြီး ကုလား
အော်၍ ပြောလိုက်သောအခါ လူစကားကို နားလည်သိ
သို့မဟုတ်၊ ဆရာဒူးကြီးရဲ့ အမိန့်ကို မလွန်ဆန်နိုင်သည့် အလား
တိုင်း ဘာသိဘာသာ ငြိမ်ငြိမ်၍ အထူးသဖြင့် ကျွန်ုပ်ကိုသာ
ကြည့်နေရကား–

ဆရာဒူးကြီးနောက်မှ လိုက်သာလိုက်နေရသည်။ ရင်က

ဒီလိုနှင့် ချုံကြီးများ၊ တောင်ကုန်းများ၊ သျှိုများကို ကျော်ပြီး
ချောင်းကြီးတစ်ခုရှိရာသို့ ရောက်သွားကြ၏။

"အောက်ကို ငုံ့ကြည့်လိုက်ပါ လူကလေး"

"ဟာ မြွေ မြွေတွေ"

အမလေး မြွေကျင်းကြီးပါလားဗျာ။ ကျင်းထဲမှာ မြွေတွေမှ
ကျွန်ုပ်အထင် မြွေအကောင်ပေါင်း ထောင်နှင့်ချီလိမ့်မည်။
သုံးထောင်ခန့် ရှိလိမ့်မည်ဟု ထင်၏။ အသည်းယားစရာ
ကောင်းလိုက်တာ။ သူ့တစ်သက်နှင့်တစ်ကိုယ် ဤမျှ များပြား
မြွေအုပ်ကြီး၊ မြွေကျင်းကြီးကို မမြင်ဖူး။

အရောင်စုံလှသော မြွေများသည် တစ်ကောင်ကိုတစ်ကောင်
ပတ်ပြီး အိမ်သာကျင်းထဲမှ လောက်ကောင်များလို လှုပ်ရှားနေ



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါ မြွေသိုက်လားဟင် ဆာဒူးအဘိုး"

"ဟုတ်တယ်၊ ညဘက်ကျရင် ဒီတောထဲမှာ အစာရှာ
ဒါကြောင့် ဒီဝန်းကျင်မှာ လူကလေးကို အမဲမလိုက်နဲ့လို့ ပြော
ဒီမှာကြည့်နေ"

"ဖြောင်း ဖြောင်း ဖြောင်း"

"ဝေး ဟေး ဟေး"

"ဝေး ဟေး ဟေး"

ဒီ— ဆာဒူးကြီးက လက်ခုပ်သုံးချက်တီးပြီး ဝေး ဟေး
အသံ မြည်သာအခါ ထောင်နှင့်ချီ၍ လှုပ်လှုပ်ရှားနေသည့် မြွေအုပ်
မြွေအုပ်ထဲ ခဲကျသည့်အလား ဝရုန်းသုန်းကား လှုပ်လွန့်နိုးထကာ
ပေါ်အသံလာရာသို့ ခေါင်းများကို ထောင်၍ ကြည့်နေပုံကား
စိပ်နေအောင် ထောင်ထားဘီသကဲ့သို့ ရှိ၏။

"သူ သူတို့ အပေါ်ကို တက်မလာဘူးလား"

"လာစေချင်လို့လား"

"ဗျာ. . . ."

"လာစေချင်ရင် လာရမှာပေါ့၊ လူကလေး ကြည့်နေ"

ကျွန်ုပ်မတားလိုက်ခင်မှာပင် ဆာဒူးကြီးသည် မိုးခြား
စကားနှင့်မိန့်၍ သီချင်းလိုလို မန္တန်လိုလို ရွတ်လိုက်သည်နှင့်
သည့် အပြေးပြိုင်ပန်းဝင်တော့မည့်အလား သူ့ထက်ငါတိုး၍ ကျ
အပြိုင်တက်လာနေသည်ကို မြင်လိုက်ရသောအခါ—

"အဘိုး အဘိုး ဆာဒူးကြီး၊ မြွေ မြွေတွေ တက်လာ
အမလေး လုပ်ပါဦး၊ တားပါဦးဗျ အဘိုး အဘိုး"

ကျွန်ုပ်က ကြောက်လန့်လွန်း၍ တအားကျုံး၍





အခါ ဆာဒူးကြီးက တဟားဟား အော်ဟစ်ရယ်ရင်းမှ—

"မကြောက်ပါနဲ့ လူကလေး ကြည့်စမ်းပါ"

"ဥုံ ဆရီ(သျှရီ). . . .ပြန်ဆင်းကြပါ။ သားတို့ သမီးတို့
တ်ကို ပြန်ဆင်းကြ။ သင်တို့ ကျွန်းမှာ ချမ်းသာကြပါစေ"

ချက်ချင်း ဆာဒူးကြီးက (ဥုံမ် သျှရီ) ဟု အသံဟိန်း၍ ရွတ်ပြီး
ကို အမိန့်ပေးလိုက်သောအခါ ကျင်းနှုတ်ခမ်းရောက်နေသည့် မြွေ
တို့သည် ချက်ချင်းပဲ ကျင်းထဲသို့ ပြန်ခုန်ချကာ စောစောက
ပိုင်း လုံးထွေးရစ်ပတ်ပြီး တွန်သံများ နှာမှုတ်သံများပေး၍ လှိုင်းထ
ို လှုပ်လွန့်နေသည့် ထူးဆန်းအံ့ဖွယ် ကျွန်ုပ်မြင်ခဲ့ရသောအခါ—

ဤဆာဒူးအဘိုးအို သူတော်စင်ကြီးသည် တန်ခိုးစွမ်းအင်
လည်းကောင်း၊ ဂမ္ဘီရကျင့်စဉ် စွမ်းအင်သော်လည်းကောင်း၊
ညာ စွမ်းအင်သော်လည်းကောင်း ထူးဆန်းစွာ ပိုင်ဆိုင်ရရှိနေသည့်
သူတော်စင်ကြီးမှန်း သိရှိနားလည်ခဲ့ရလေတော့သည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်ုပ်သည် ထူးဆန်းအံ့ဖွယ် ကောင်းလှသော ဆာဒူး သူ
စင်ကြီးနှင့် တာဝတောကြီးအတွင်း ရင်းနှီးသိကျွမ်းပြီးနောက်ပိုင်း
ဝန်းကျင်မှာ သားကောင် လုံးဝ မထောင်တော့။ အချိန်အားရသည်
ငှက်ပျောဖီးလေးအစ ထန်းလျက်ခဲအဆယ် စားဖွယ်သရေစာများ
ဆာဒူးအဘိုးအိုနှင့်တွေ့ရာ ညောင်ပင်ကြီးအောက်သို့ ရောက်သွား
ရှိ၏။

တစ်ခါတစ်ရံ ဆာဒူးသူတော်စင်ကြီးကို ကျောက်ပျဉ်ကြီး
မှာ အသက်မရှူဘဲ ကျောက်ရုပ်လို ဈာန်ဝင်စားနေသကဲ့သို့ မြင်ရ

တစ်ခါတစ်ရံ မျက်စိမှိတ်၍ ပုတီးစိပ်ပြီး ဝင်သက်ထွက်သ
ရှူနေသည်။ အသက်မရှူဘဲ ကျောက်ရုပ်လို ဈာန်ဝင်စားနေချိန်သည်
အချိန်အတိုင်းအဆမရှိ၊ တစ်ခါတွင် ဆာဒူးကြီးနှင့် အရေးတကြီး
ရှိ၍ ထိုင်စောင့်ရာ တစ်ရက်ကျော်သွားသည်။ ကျောက်ရုပ်အတိုင်း
ရှိနေသည် အံ့ဖွယ်မြင်ခဲ့ရ၏။

အစားအသောက်များ မကြာခဏ ပေးပို့ဖန်များ၍ ကျွန်ုပ်
ယုံကြည်မှုရှိလာသောအခါ သူတို့တရားကျင့်သည့် တောထဲရှိ မြေအော





ရှိရာသို့ ခေါ်သွားခဲ့သည်။ ဒီနေရာကို သူများပြော၍ ကြားဖူး
သည်။ တစ်ခါမှ မရောက်ဖူးခဲ့။

အထဲမှာ ဥမင်ဂူများ အများကြီး။ အဝင်ဝမှ အထဲထဲ ပေတစ်ရာ
နိုင်၏။ ရှေ့ဘက်ဆက်လျှင် ကိုးကျက်ခေါက်ဘုရား ခြေတော်ရင်း
ရောက်သည်ဟု သိရ၏။ အန္တရာယ်များသည်၊ ရှေ့ ဆက်သွားလို့
ဂူများက မြေသားဂူများ ဖြစ်၏။ လူတစ်ယောက်ထိုင်များ ဖြစ်၏။
များသည် ပဆစ်အိမ်လို ပျက်နေ ဆက်နေရကား တစ်ယောက်ဝင်
လျှင် ရှာဖို့မလွယ်၊ မီးတုတ်အလင်းရောင်နှင့် ဝင်ရ၏။ အထဲမှာ
ပ်လည်း ရှိနေ၏။ တစ်နေရာမှာ ဆာဒူးကဲ့သို့ ဆံပင်ရှည်များ
တ်ဖားလျားနှင့် သူတော်စင်များ တရားထိုင်နေ၏။

အဝင်ဝကျောက်ပျဉ်ပေါ်မှာ ဗုဒ္ဓဆင်းတုတစ်ဆူ ရှိ၏။ ကျွန်ုပ်
သို့ မဝင်ရဲတော့။ ဆာဒူးကြီးအဆိုအရ ဒီဥမင်ဂူသည် တစ်နှစ်မှာ
ခြေပြည့်အောင် တက်လေ့ရှိသည်တဲ့။ တချို့ သူတော်စင်များ
မှာ ပေါလောပေါ်ထိုင်၍ တရားကာသိုဏ်းရှုနေသည်လည်း ရှိသည်
ဖွယ်ပါကလား။

ဤနေရာသည် သူတော်ကောင်းတို့ တရားရှာမှီးရာအရပ်
။ မေတ္တာဓာတ် ကိန်းအောင်းရာ အရပ်ပါကလား။ အမွှသမား
ပြီး မွေသမားတို့ စံပျော်ရာ အရပ်ပါကလား။

သူတော်စင် ဆာဒူးကြီးက ကျွန်ုပ်ရောက်သွားတိုင်း တရား
ကို ဆို၏။

"လူကလေး မကောင်းမှုကို ရှောင်ပါ။ ကောင်းမှုကို ဆောင်ပါ။
သတ္တဝါတိုင်း ကိုယ့်အသက်ကို ချစ်မြတ်နိုးကြတယ်။ သူတစ်ပါး
ကို မသတ်ပါနဲ့၊ မေတ္တာထားပါ။ ပွားပါ။ လူကလေး အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ကင်းပြီး ကြီးပွားချမ်းသာပါလိမ့်မယ်”

ကျွန်ုပ်သည် သူတော်စင်ဆာဒူးကြီးနှင့် မကြာခဏဆုံပြီးသ
အချိန်မှစ၍ သူတော်ကောင်းနားနီး သူတော်ကောင်းဖြစ်လာကာ မု
အလုပ်ကို စွန့်၍ မှို၊ သစ်သီးသစ်ဖုနှင့် ဟင်းသီးဟင်းရွက်ရှာသ
အလုပ်ကို လုပ်ခဲ့၏။

မြွေကြီးများရဲ့ အန္တရာယ်ပြုမှုကို မတွေ့ရ။ တောထဲမှာ မြွေ
များနှင့် ကြုံသည့်အခါ–

“ကျွန်ုပ်သည် ဆာဒူးသူတော်စင်ကြီးရဲ့ တပည့်ဖြစ်ပါသ
အန္တရာယ်မပြုပါနှင့်။ သင်တို့အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ
မေတ္တာပို့လိုက်လျှင် ပက်ပင်းဆုံနေသည့် စပါးကြီးမြွေများ၊ ငန်းတော်
မြွေကြီးများ၊ လေးငါးလံခန့်ရှည်သော ငန်းပုပ် ငန်းဝါ မြွေကြီးများသ
အန္တရာယ် လုံးဝမပြုဘဲ ဝေးရာသို့ ရှောင်သွားကြသည်ကို အံ့သ
မြင်တွေ့ရသောအခါ မေတ္တာ၏ တန်ခိုးအစွမ်းသတ္တိကို ယုံကြည်နား
ခဲ့ရ၏။

ဒါနှင့်အတူ ဆာဒူးသူတော်စင်ကြီးကိုလည်း ကျေးဇူးတင် မှ
လေးစားခဲ့ရလေသည်။ သူကများ စောင့်ရှောက်နေသလားဟု မှတ်
နေမိ၏။

ကျွန်ုပ်နေသည့်ရွာနှင့် အဝေးခပ်လှမ်းလှမ်း၌ မုဆိုးငထွေ
မုဆိုးငှက်ကျားကြီး ဆိုသူတို့ ရှိကြ၏။

သူတို့နှစ်ဦးသည် ပါဒကြီးတောမှာလည်းကောင်း၊ ရာ
တောမှာလည်းကောင်း၊ သီယဝါ လမုတော B.O.C (အင်္ဂလိပ်အ
စတင်လုပ်ငန်းစနေသည့် ရေနံချက်စက်ရုံဖြစ်သည်။) အနေ
ဆင်ပေါင်း တောနက်ကြီးထဲ၌ အမဲမျိုးစုံလိုက်၍ အသက်မွေးကြ





ကျားမကြောက်၊ သစ်မကြောက်၊ မြွေမကြောက်၊ သရဲတစ္ဆေ ညှာစောင့် လုံးဝမကြောက်သည့် လူကြမ်းများဖြစ်၏။ ရိုးမတောင်ခြေမှ ပြောင်းလာသူများ ဖြစ်၏။ အရက်သောက်ကြမ်းရာ ရမ်းကားရက်စက်ရာမှာလည်း ကမ်းကုန်၏။

အမဲမရ၍ စားစရာမရှိလျှင် လမ်းပေါ်က ခွေးကိုသတ်ပြီး အရက် နှင့် အမြည်းလုပ်သူများ ဖြစ်၏။ ဘယ်သူမှ မပြောရဲကြ။

တစ်ခါသော် သူတို့ တာဝတောထဲမှ ချေ(ဂျီ)တစ်ကောင်ကို နားလေးနှင့် ပစ်လိုက်ရာ ချေသည်လည်ပင်းမြားတန်းလန်းနှင့် ပြေး၏။ အထ်ရာရ ချေနောက်မှ လိုက်သည်ရှိသော် ချေသည် ဥမင်တွင်းရှိရာသို့ ဝင်ပြေးတော့၏။

မုဆိုးငထွေနှင့် ငှက်ကျားကြီးတို့လည်း တရကြမ်းဝင်၍ လိုက် ၏။ ဒီမှာ ဥမင်ပေါက်များအတွင်း မျက်စိလည်ပြီး ဘယ်ကပြန် ထွက်ရမှန်း မသိ ရှိနေကြ၏။ တစ်ယောက်အမည် တစ်ယောက် အော်ခေါ် ကြ၏။

သို့ကလို ခေါ်နေစဉ် ဂူထဲဥမင်များထဲမှ ကျားဟိန်းသံများ ကြားရပြီး မြင်ရာ ထင်ရာ စွတ်ပြေးတော့မှ နောက်ဆုံး ဝင်လာသည့် အပေါက်ကိုရောက်ပြီး အပြင်သို့ရောက်ခဲ့ရ၏။ ကျွန်ုပ်က ဘာတွေ တွေ့ခဲ့လဲဟု မေးသောအခါ မှောင်မည်းနေကြောင်းနှင့် ကျားဟိန်းသံ များ၊ တစ္ဆေညည်းသံများ၊ မြွေတွန်သံများ ကြားရသည်ဟု ဆို၏။

“ဆာဒူး သူတော်စင်တွေ မတွေ့ခဲ့ဘူးလား ကိုထွေ”

“မတွေ့ဘူး၊ မှောင်မည်းနေတာပဲရှိတယ်”

“အဲဒီဘက်တောထဲကို သိပ်မသွားနဲ့ ကိုထွေ”

“ဘာဖြစ်လို့လဲ”

“တောကြမ်းတယ်”



www.burmeseclassic.com

www.burmeseclassic.com



"မင်းကျတော့ ဘာလို့ သွားလဲ"

"အဲ အဲ"

"မင်းက မင်းတစ်ယောက်တည်း အမဲသားကောင်ရချင်လို့ ငါတို့ကို ခြောက်တာမဟုတ်လား။ ငထွေးနဲ့ ငှက်ကျားကွ၊ မိုးမထဲ တောင်ကျားလိုက်ဖူးတာ၊ ဒီတောစုတ်လောက်များ စာဖွဲ့မလား။ ပော့ကောင် ငအောင်စွာ"

"ဘာလဲ ကိုထွေး"

"ကြည့်ထား၊ အဲဒီတောထဲက ရှိသမျှသားကောင် တစ်လအတွင်း အပြောင်ရှင်းပစ်မယ် သိလား"

"ဟား ဟား ဟား အောင်စွာ အောင်စွာ၊ ငှက်ကျားကိုများ လှုလည်လာကျချင်လို့ ရမလားကွ"

ကျွန်ုပ် သူတို့လို လူတာဖောက်ကန်းမျိုးများနှင့် စာဖက်၍ မပြောလိုတော့သဖြင့် အသာငြိမ်နေလိုက်သည်။

တစ်နေ့သောအခါ မုဆိုးငထွေးနှင့် ငှက်ကျားကြီးတို့ အံ့ဖွယ်ဖြစ်ရပ်များကို ကြုံရတော့၏။

ချေမကြီးတစ်ကောင်ကို ဒူးလေးနှင့် ပစ်လိုက်သည်။

ချေမကြီးကား ဗိုက်ကားကားကြီးနှင့်ဖြစ်၏။ အဆိပ်လူးမြားသည် ချေမကြီး လက်ပြင်နောက်ကို မှန်ပြီး အလန့်တကြား ပြေးတော့၏။ သူတို့ သွေးစက်ကို ခြေရာခံရင်း လိုက်ရှာကြသည်။ အချိန်အတန်ကြာ လိုက်ရှာသည့်တိုင် မတွေ့ကြ။ လူတွေလည်း ဆူးရစ်ချုံနွယ်များ စူးငြိ၍ သွေးသံရဲရဲ ရှိနေ၏။

တောထဲမှာ အတန်ကြာပြီးနောက်မှ သူတို့ မမျှော်လင့်ဘဲ ချေမကြီးကို သွားတွေ့ရ၏။ ကြည့်စမ်း ချေမကြီးသည် ကျောက်ဖျာ





တစ်ချပ်ပေါ်မှာ ထိုင်နေသည့် ပုတီးလည်ပင်းဆွဲ မုတ်ဆိတ်ဖြူဖြူများ၊ ကုလားအဘိုးကြီးရှေ့မှာ လူးလွန့်နေ၏။

ဒီမှာ ကုလားအဘိုးကြီးက အဆိပ်တက်ပြီး လူးလွန့်နေသည့် ချေမကြီးရဲ့ ဦးခေါင်းကို ညာလက်နှင့် ပွတ်သပ်လိုက်သောအခါ ချေမကြီး ငြိမ်၍ မျက်ရည်များ မျက်လုံးအိမ်မှ စီးကျကာ အသံများ တုန်နေသည်။

"အဘိုးကြီး"

မုဆိုးငထွေးက ဒူးလေးကို မြှောက်၍ အော်လိုက်သည်။

"ဘာတုံး လူကလေး"

"အဲဒါ ကျုပ်တို့ အမဲကောင်၊ ခင်ဗျားကြီး လုလည်မကျနဲ့ ပြန်ပေး"

ငှက်ကျားကလည်း လုံ့ရှည်ကိုင်၍ မလှမ်းမကမ်းမှ အရိပ်အခြည် ကြည့်နေလိုက်၏။

"လူကလေး–အနို့ ချေမကြီးဟာ ဗိုး(ကိုယ်ဝန်)ကြီးနဲ့ လူကလေးတို့ ဘာလို့ ရက်ရက်စက်စက် လုပ်ရတာလဲဟင်"

"အဲဒါ ခင်ဗျားအလုပ်မဟုတ်ဘူး၊ ခင်ဗျား သွားတော့"

"ကျွန်ုပ်ကို လူကလေးတို့ နှင်နေတာလား"

"ဗိုးနဲ့တွေ ဘာတွေ လုပ်မနေနဲ့။ ဗိုးနဲ့ရော ထားခဲ့လို့ မရဘူးဗယ်ဗျာ၊ ပေးဗျာ၊ မပေးရင် ဒူးလေးနဲ့ ပစ်လိုက်မယ်"

"ဒီလိုလား လူကလေး၊ ကျွန်ုပ်သွားပါ့မယ်။ ဒါပေမဲ့ ဒီချေမကြီးကိုပါ ကျွန်ုပ် ခေါ်သွားမယ် ကိုင်း"

ဒီမှာပဲ ဆာဒူး(ကုလားအဘိုးအို) ကြီးသည် ချေမကြီးလက်ပြင်နောက်မှာ စူးဝင်နေသည့် အဆိပ်လူးမြားကို ညာလက်နှင့် အသာခနဲ ဆွဲနုတ်လိုက်ပြီး ချေမကြီးကျောကို ပုတ်လိုက်ရာ ချေမကြီးသည် ဝုန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ ပြေးသွားတော့၏။

သည်တင် ငထွေးကလည်း ပြေးသွားသည့် ချေမကြီးရှိရာ

အုံးလေးကို လှည့်၍ မြောက်လိုက်စဉ်မှာလည်း အုံးလေးကြီးသည့် တော

ဒေါင်ခနဲပြတ်၍ သွားရကား အံ့ဩကြီးစွာ ရှိနေခိုက်–

ပြဿနာလုပ်သည့် ကုလားအဘိုးအိုကြီးအား ဒေါသတ

လှည့်ကြည့်လိုက်တော့။

"ဟာ"

"မရှိတော့ဘူး ငထွေး"

"အေးကွ၊ ဒီကုလားအဘိုးကြီး ဘယ်ရောက်သွားပါလိမ့်

"မျက်စိအောက်တင်ပဲကွ၊ ရှာကွာ တွေ့ရင်တော့လား

သူတို့နှစ်ဦး မျက်စိတစ်လှည့်အတွင်း ကျောက်ဖျာပေါ်မှ ရုတ်

ပျောက်သွားသည့် ကုလားအဘိုးကြီးကို ဒေါသတကြီး စိတ်ဆိုး

လိုက်ရှာပါလေသည်။ ချေရော အဘိုးကြီးရော လုံးဝမတွေ့ ကြ

မကျေနပ်၍ နောက်နေ့များမှာ ဒိဝန်းကျင်သို့ ထွေး

သော အဘိုးအိုအား လိုက်ရှာပါသော်လည်း လုံးဝမတွေ့ကြ။

အမဲပေါသည်ဟု သတင်းကြီးလှသော ဤတောမှာ

အမဲတစ်ကောင်မှ မရခဲ့။

"ငထွေး"

"ဘာလဲ ငှက်ကျား"

"ဒီအဘိုးကြီးက ထူးတော့ထူးဆန်းတယ်ကွ။ မဟုတ်

ငါတို့ အမဲမရအောင်များ ဒီအဘိုးကြီး နှောင့်ယှက်နေသလား

လူမှဟုတ်ရဲ့လားတင်"

"အေးကွ သုံးရက်ရှိပြီ။ အမဲနဲ့တူတာဆိုလို့ ငှက်





ကောင် မကြားရတာသိပ်ကို ထူးဆန်းနေတယ်"

"စောင့်ကြည့်ကြသေးတာပေါ့ကွာ"

သို့နှင့် လေးရက်မြောက်သောနေ့မှာ သူတို့သားကောင်ကို

အန်း၍တွေ့ကြရတော့သည်။

သားကောင်ကား ဒရယ်ချိုကားကြီးတစ်ကောင်။

ကျောက်ဖျာအနီးရှိ မြက်ချိုနုများကို ငုံ၍စားနေ၏။ ကျောက်

ပေါ်မှာတော့ ဟိုတစ်နေ့က ဆံပင်ဖားလျား ယောဂီဝတ်နှင့် ကုလား

ဘိုးကြီး။ သူသည် ကျောက်ဖျာပေါ်မှာ ကျောက်ရုပ်ကဲ့သို့ ငြိမ်သက်စွာ

နေသည်။

"ရှူး"

ငထွေးက အချက်ပြလိုက်ပြီး လေးညို့ကိုတင်၍ မြက်ချိုနုများ

စားနေသည့် ဒရယ်ချိုကားကြီးရင်ညွှန့်ကို ပစ်ချလိုက်သည်။

"ရှီ"

"ဟာ"

မြားတံက လေကိုခွဲ၍ အော်ပြီး (၁၅) ပေခန့်အကွာရှိ ဒရယ်

ကားကြီးလက်ခြေအောက်မှ တိုးဝင်လွဲချော်သွား၏။ လှန့်နှင့် မြားသံ

ကြား၍ ဒရယ်ချိုကားကြီးက မော့အကြည့်မှာ ငှက်ကျားက လှံရှည်နှင့်

ပစ်လိုက်၏။

"ဝိုး"

"ခွပ်"

"ဟယ်"

"တောက်"

ဘယ်တုန်းကမှ ပစ်လျှင်လွဲလေ့မရှိသော လှံရှည်အသွားသည်



www.burmeseclassic.com

www.burmeseclassic.com



ဒရယ်ချိုကားကြီးနှင့် နှစ်ပေကွာ သစ်ပင်မှာ ဒုတ်ခနဲ သွား
တော့၏။

ဒီမှာပဲ ဒရယ်ချိုကားကြီးက ဈာန်ဝင်စားနေသည့် သူ
ကုလားဆာဒူးကြီးနောက်သို့ ကပ်ဝင်လိုက်ပြီး မုဆိုးနှစ်ဦးကို
နေ၏။ ကြည့်စမ်း ဒီဒရယ်ချိုကားကြီးက လုံးဝမပြေး။ ဘယ်လို
မျိုးပါလိမ့်။

သူတို့ မုဆိုးဘဝအတွေ့အကြုံမှာ ဒီအဖြစ်မျိုး တစ်ခါ
စဖူး။

ဒရယ်ကြီးက အရိုင်းနှင့်မတူ။ အိမ်မွေးဒရယ်အ
အလား။

နည်းတဲ့အကောင်ကြီးမဟုတ်။ လှလိုက်တဲ့ချိုကား
ဒီကောင်ကြီးများ ရလိုက်လျှင် အသားရော၊ ချိုရောဆို တန်ဖိုး

လောဘစိတ်က သူတို့ကို လွှမ်းမိုးနေသည်။

သည့်နောက် ထူးဆန်းစွာ ထွက်မပြေးဘဲ ကုလားအဘိုး
ကျောနောက်မှာ ပေရပ်နေသည့် ဒရယ်ချိုကားကြီးရှိရာသို့ နော
လှည့်၍ ဒူးလေးနှင့်ချိန်လိုက်၏။ ဒရယ်ကြီးက ဆာဒူးအဘိုး
ဝင်လာ၍ ကွယ်ရပ်လိုက်၏။ ငထွေးက နောက်မှ အသာပန်း၍
လိုက်ချိန်လိုက်၏။

ဒရယ်သည် ရန်သူမှန်း သိသွားပြီမို့ အော်၏။

ငထွေးကလည်း ပစ်ကွင်းဦးရှာ၍ ချိန်နေ၏။ လူနှင့်
ပစ်လိုက်လျှင် ဆာဒူးကုလားအဘိုးကြီးကို မှန်သွားနိုင်သည်။

"ဩော်–ဘယ်သူလဲလို့ မင်းတို့ပဲကိုး။ ဒီမှာ လူ
ဒီဒရယ်ကြီးကို မပစ်ပါနဲ့။ ဒီဒရယ်ကြီးက ယဉ်ပါးနေတဲ့ အ





လေး။ ကျွန်ုပ်ရဲ့ သားသမီးဆိုလည်း ဟုတ်နိုင်ပါတယ်။ လူကလေး
ပြန်ပါ။ ကျွန်ုပ် အနူးအညွတ် မေတ္တာရပ်ခံပါတယ်"

"မလိုဘူးဗျာ၊ ခင်ဗျား အလုပ်လုံးဝ မပါဘူး။ ခင်ဗျား ဖယ်ပါ
တစ်ခါလည်း ခင်ဗျားကြောင့် သေချာပေါက် ချေ လွတ်သွားခဲ့တယ်။
ကြိမ် လုံးဝ အလွတ်မခံနိုင်ဘူး။ ဖယ်နော် ဖယ်နော် ခင်ဗျားကိုပါ
လိုက်မယ်"

"ဒီလိုလား။ လူကလေးတို့ လောဘဒေါသ ကြီးနေကြပါလား။
ကျွန်ုပ် ဖယ်ပေးမယ်။ ပစ်ကြ"

ဒီမှာလဲ ဆာဒူးကုလားအဘိုးကြီးက ကျောက်ဖျာပေါ်မှ ဆင်း
လိုက်သောအခါ ကျောက်ဖျာနောက်မှာ ဒရယ်ချိုကားကြီး ကွန်တော့
ပိုင်ပြီ။

ဒီတော့မှ ငထွေး ဒူးလေး ခလုတ်ကို ဖြုတ်ချလိုက်၏။

"ရှိ"

"ဝီး"

မြားချက်ကလွဲသွား၏။ ချိုကားကြီးကား မပြေး။ မုဆိုးနှစ်ဦးကို
ငြင်၍ကြည့်နေ၏။

နောက်မြားတစ်စင်း လွှတ်လိုက်သည်။ မြားက ချိုကားကြီး
ခေါင်းပေါ်မှ ဖြတ်ကျော်သွားသည်။ အလိုလေး မဖြစ်စဖူး မကြုံစဖူး
ဘာလို့ လက်က လွဲနေပါလိမ့်။ တတိယမြားကို လွှတ်လိုက်ပြန်
မြားသည် လေထဲမှ အော်မြည်ပြီး ချိုကားကြီးကျောပေါ်မှ ကျော်၍
က ကုက္ကိုပင်မှာ သွားစိုက်နေ၏။

ငထွေး မြားပစ်ခြင်းကို ရပ်၍ ဆာဒူးကြီးကို ဒေါသတကြီး
ကြည့်လိုက်သည်။ ငှက်ကျားကလည်း သစ်ပင်မှာ စိုက်နေသည်



www.burmeseclassic.com

www.burmeseclassic.com



လုံရှည်ကိုနှုတ်၍ ဆနေ၏။

"ဒါ ဒါ ခင်ဗျား ပြူစားနေလို့"

"မဟုတ်ပါဘူး လူကလေး။ လူကလေး လက်မတည့်လို့ ...

"မဟုတ်ဘူး။ လုံးဝမဟုတ်ဘူး။ ကျုပ် အမဲပစ်လိုက်တာ ... စုံနေပြီ။ ဒါ ဒါ ခင်ဗျား ပြူစားလို့။ နှောင့်ယှက်လို့။ ဒီဝန်း... ခင်ဗျားလို လူရှိနေရင် မုဆိုးတွေ ထမင်းငတ်မယ်။ ဒုက္ခမျိုးစုံ ... လုတဲ့ အဘိုးကြီး ကိုင်းဟာ"

မထူးတော့ပြီ။

ငထွေး ဒေါသများက အံရှုက်နှင့် ဖြိုင်တူ လောဘနှင့်... ပေါက်ကွဲခဲ့ရပြီ။

သူ ဒူးလေးညို့ကို အမြန်ဆွဲတင်ပြီး အဆိပ်လူးမြားတစ်... ကို ဆာဒူးအဘိုးကြီး ရင်ဝကို ချိန်၍ ပစ်လိုက်သည်။ ဆာဒူးကြီး ... သွားသည်။

"ရှီ"

"ဖတ်"

"ဟင်"

"ဟာ"

ငထွေးနှင့် ငှက်ကျား ဖို၍ အံ့ဩသွားရ၏။ အကြောင်း... ရင်ဝသို့ တန်းဝင်လာသည့် အဆိပ်လူးမြားကို ဆာဒူးသူတော်စင် ... က လျှပ်စီးလက်သော အလျှင်မြန်နှင့် ညာလက်နှင့် ဖမ်းကိုင်... လိုက်သောကြောင့်လည်း။

"ကိုင်းဟာ"

"ရှီ"





"ဖတ်"

ဒုတိယမြောက်မြားကိုလည်း ဘယ်လက်နှင့် ဖမ်းဆုပ်လိုက်... ...ည်ကို မြင်ရသောအခါ–

"ငှက်ကျား ရှင်းကွာ၊ ဒါ နာနာဘာဝတွေ ရှင်းပစ်ပေ့"

ငထွေး ဒေါသထွက်လွန်း၍ ငှက်ကျားရှိရာသို့ လှမ်းအော်... ...ဟ်၏။

"ကျား"

"ဝီး ဝီး ဝီး"

"ဒုတ်"

"ဂျောက်"

"ဘုရားရေ"

"အလိုလေးဗျာ"

ငှက်ကျားရဲ့ လှံသွားသည် လေကိုခွင်း၍ ဆာဒူးရင်ဝကို ...ည်တည့်မှန်ခဲ့၏။ သို့သော် ချွန်မြသည့် လှံသွားသည် ဆာဒူးအဘိုး... ...ါ ရင်ဝမှာ မစိုက်ဘဲ ပြန်ခုန်ထွက်ကာ ကျောက်တုံးများအကြားသို့ ...ကျသွားသည်ကို ထူးဆန်းအံ့ဖွယ် မကြုံစဖူး မြင်လိုက် တွေ့ကြုံ ...ရသောအခါ–

"လူကလေးတို့ ကျန်းမာချမ်းသာပြီး နှောင်တများ ရကြပါစေ"

သို့ကလိုပြောပြီး ဆာဒူးကြီးသည် လက်ထဲမှ မြားနှစ်စင်းကို ...လိုက်ကာ ဒရယ်ချိုကားကြီးကို ခေါ်၍ ဂူနက်တောထဲသို့ တိုးဝင် ...ကွယ်သွားမှ နှစ်ဦးသားပြန်၍ အသိများ ဝင်လာခဲ့ကြ၏။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

◻

သို့သော် နောက်ကျသွားခဲ့ပါပြီ။

အကြောင်းကား သူတို့ လှုပ်၍မရတော့။ မြွေကြီးမှာ ... များ သံမှို့စွဲသကဲ့သို့ ရှိနေ၏။ မျက်တောင်များ စင်းလာ၏။ ... ငိုက်ချင်သလိုဖြစ်၊ ရွေ့လို့လည်းမရ၍ ဝန်းကျင်ကို ကြည့်လိုက် ... သူတို့ ရှေ့တည့်တည့်မှာ ပေါင်လုံးခန့်တုတ်သော ပေါ်းကြီး... နှစ်ကောင်။

"အား"

"အမလေးဗျ"

ရောမပေါ်းကြီးမြွေကြီးနှစ်ကောင်သည် သူတို့နှစ်ဦးကို ... နေပါကလား။ သူတို့နှစ်ဦး ပေါ်းကြီးမြွေကြီးနှစ်ကောင်ရဲ့ ညို့... ငိုက်မြည်းလာ၏။ ဒါနှင့်အတူ ပါးစပ်မှလည်း တအားကုန်အော်... ကြ၏။





"ဆာဒူးကြီး၊ ဆာဒူးကြီး ကယ်ပါ ကယ်ပါ"

"အဘိုးကြီး ဆာဒူးကြီး၊ ကျုပ်တို့ကို ကယ်ပါဦးခင်ဗျ"

မကြာခင် ပါးစပ်များပါ လေးကန်လာပြီး လှုကလုံးဝ လှုပ်လို့ ...တော့။ ဒီမှာပဲ ပေါ်းကြီးမြွေကြီးနှစ်ကောင်သည် ညို့ရာမှ ရွေ့လာပြီး ...သူတို့ကိုယ်လုံးကို ရစ်ပတ်လိုက်သည်။

သွေးပူနေသော ကိုယ်လုံးအတွေ့ကြောင့် သူတို့ သဘောကျ... ...သလို ဖြစ်နေပြီ။

ပါးစပ်က ကျုံး၍ ကုန်း၍ အော်သည်။ သို့သော် အသံက... ...မထွက်။ မြွေကြီးနှစ်ကောင်က သူတို့နှစ်ဦးရဲ့ ခြေလက်နှင့် ကိုယ်... ...ကို တစ်ရစ်ချင်းရစ်ပတ်ပြီးနောက် ဇအိုဝရှိရာသို့ အမြီးကို သွင်းလိုက်သည်။

သူတို့သေရတော့မည်။ ပေါ်းကြီးမြွေများသည် လူကို ညို့ပြီးလျှင် ...ကိုယ်လုံးနှင့် ရစ်ပတ်မည်။ ၎င်းနောက်အမြီးများကို ဇအိုဝတွင် သွင်း၍ ...များ ကြေသွားအောင် ညှစ်မည်။ ပြီးလျှင် လူကို ဦးခေါင်းမှ... ...သည်။

ဒီမှာ သူတို့နှစ်ဦးလန့်၍ ဘုရားကို တ,လိုက်သည်။

"ဘုရား ဘု ရား ဘုရား"

"ဘုရားရှင် ကယ် တော် မူပါ ဘုရား"

ဘုရားတလိုက်သည်နှင့် မြွေအမြီးသည် လူ့ဇအိုဝမှာ ရပ်နေ၏ ...သူတို့ရှေ့သို့ ကျုံ့ပ်နှင့် သူတော်စင်ဆာဒူးကြီးတို့ ပြိုင်တူ ...လာကြ၏။ ကျုံ့ပ်က သူတော်စင်ဆာဒူးကြီးအတွက် ... ...သည့် အချိန်။

မုဆိုးငတွေးနှင့် ငှက်ကျားကို ပေါ်းကြီးမြွေနှစ်ကောင်ညို့၍ ...လုပ်နေသည်ကို မြင်လိုက်ရသဖြင့် မြေအောက်ဥမင်ထဲသို့ အပြေး



www.burmeseclassic.com

www.burmeseclassic.com



အလွှားဝင်ရောက်ပြီး ဆာဒူးသူတော်စင်ကြီးကို အရှေ့ပေါ် အကူ
တောင်းခံလိုက်သဖြင့် ဆာဒူးကြီး ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဆာဒူးသူတော်စင်ကြီးသည် ရောမစပါးကြီး မြွေနှစ်
ရစ်ပတ်ခြင်းခံနေရသည့် လူမိုက်လူရမ်းကား မုဆိုးနှစ်ဦးရှေ့သို့
ရှိလာပြီးနောက် မြွေကြီးနှစ်ကောင်၏ မျက်လုံးများကို သူ့ရဲ့
ထက်မြက်ပြီး စွမ်းအားကြီးလှသော သမထမျက်လုံးအစုံနှင့် စိုက်
ပြီး မန္တန်တစ်ပုဒ်ကို အသံဟိန်း၍ ရွတ်လိုက်၏။

"ဗုဒ်ံ ဆရဏံ ဂစ်ချာမိ"

"ဓမန် ဆရဏံ ဂစ်ချာမိ"

"ဆံဃံ ဆရဏံ ဂစ်ချာမိ"

သူသည် လက်အုပ်ချီပြီး သရဏဂုံ ရွတ်လိုက်ပြီးနောက်

"မြွေကြီးတို့–တစ်ကြိမ်တစ်ခါ မိုက်မှားသူများအား ခွင့်
ကြပါ။ သူတို့နှစ်ဦးသည် သင်တို့ကို ရန်မမူခဲ့ကြပါ။ ကျွန်ုပ်ကိုသာ
ခဲ့ကြပါသည်။ ကျွန်ုပ် သူတို့နှစ်ဦးအား ခွင့်လွှတ်ပါသည်။ မုဆိုး
အသက်ချမ်းသာရာရပါစေ၊ အသင် မြွေကြီးတို့လည်း ကျွန်ုပ်၏
ဘာဝနာကို ခံယူ၍ ဝေးရာသို့ ရှားကြပါလေ"

သို့ကလို ဆာဒူးသူတော်စင်ကြီးနှုတ်မှ ပြောဆိုရေရွတ်
သည့် စကားဆုံးသည်နှင့် ရစ်ပတ်ပြီး ညှစ်သတ်ရန် ကြိုးစား
စပါးကြီးမြွေကြီးနှစ်ကောင်သည် ထောက်နေသည့်အမြီးများ
လျှော့ကျကာ ရစ်ခွေထားသည့် အခွေအပတ်များကို ဖြေချပြီး
လူးကာလွန့်ကာ ပြေးဝင်သွားကြလေသည်။ သည့်နောက်
ထောင်ထားသကဲ့သို့ ငြိမ်သက်နေသော မုဆိုးနှစ်ဦးရဲ့ ဦးခေါ
ဆာဒူးကြီးက ညာလက်နှင့် သပ်ချလိုက်သောအခါ–





မုဆိုးငတွေးနှင့် ငုက်ကျား မျက်ချင်း သတိများပြန်ဝင်လာပြီး
နောက် သူတော်စင်ဆာဒူးကြီး၏ ခြေအစုံကို တအားဖက်ပြီး ရှိုက်ငို
ကောင်းပန်ကြတော့၏။

"ကျွန် ကျွန် ကျွန်တော်တို့ မှား မှား ပါတယ် ဆာဒူးကြီး
ခင်ဗျာ"

"ကျွန်ုပ်တို့ကို ခွင့်လွှတ်ပါ သူတော်စင်အဘိုးခင်ဗျာ"

"ကျွန်ုပ်အနေနှင့် သင်တို့ကိုသာမက သတ္တဝါအားလုံးအပေါ်
မှာ ခွင့်လွှတ်ကြင်နာပြီးသားပါ လူကလေးတို့ လူကလေးတို့ နောင်တရကြ
တော့။ အထူးသဖြင့် သူတော်စင်များ တရားအားထုတ်ရာနေရာ
သော ဝန်းကျင်မှာ သားသတ္တဝါများအားလုံး ကျွန်ုပ်တို့ နေထိုင်သော
တွာကို ခံယူ၍ အသက်ရှည်ရှင်သန်နေကြပါတယ်။ သူတို့ကို
ဆင်းရဲ ရောက်အောင် မနှိပ်စက် မညှဉ်းပန်းကြပါနဲ့။ သင်တို့
သိပြုကြပါ လူကလေးတို့"

"ကျွန်တော်တို့ ဒီတောဝန်းကျင်မှာ ဘယ်တော့မှ အမဲလိုက်
တော့ပါဘူး အဘိုးဆာဒူးခင်ဗျာ"

"သာဓု သာဓု သာဓု ကျန်းမာချမ်းသာကြပါစေ"

မုဆိုးနှစ်ဦးဟာ ဆာဒူးကြီး ပြန်ပေးသည့် အသက်နှင့်အတူ
ကြိမ်ကြိမ် ချပြီးနောက် တောထဲမှ လျင်မြန်စွာ ပြေးထွက်သွား
လေသည်။

"လူကလေး မောင်အောင်စွာ"

"ခင်ဗျာ ဘိုး ဆာဒူး"

"လူကလေးလည်း ဒီနေရာကို ခဏ ခဏ မလာပါနဲ့"

"ဗျာ ဘာဖြစ်လို့လဲ ဘရယ် ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်တို့ အလုပ်ကို လူသိမခံချင်ဘူး။ လူသိများသွား အလုပ်မှာ အနှောင့်အယှက်ဖြစ်လို့ပါ လူကလေး။ လူကလေး ရှ သုံးပါး မြဲပါ။ ဖြူစင်မှုရှိတရား လက်ကိုင်ထားပါ။ ဒါနသီလမြဲပါ။ လူက မောင်အောင်စွာ"

"ခင်. . . ဗျာ အဘိုး"

"သင် ကျွန်ုပ်တို့လို ဖြစ်ချင်ပါသလား"

"ဟုတ် ဟုတ် ကဲ့ ခင်ဗျ"

"မေတ္တာ သမထနဲ့ ကျင့်ကြံပါ။ ပွားများပါ လူကလေး။ တ သင်လည်း မေတ္တာ ဂမ္ဘီရတန်ခိုးကို ရရှိသိရှိနားလည်ပြီး (၃၁)ဘုံ အ သယ်ပိုးနိုင်ပါလိမ့်မယ်။ သွားလေရော့"

♛ ♛ ♛

❑

ကျွန်ုပ်သည် လေးစားအပ်သော ထူးဆန်းလှသော သူတော်စင် အဘိုးအိုအား ရှိသေစွာ ဦးချ၍ လျှို့ဝှယ်ပစ္စည်း ပြီး ပြန်လာခဲ့လေသည်။ နောင်အခါ လပြည့်လကွယ်နေ့ သွားရောက်ခဲ့၏။ နောက်ပိုင်း ဤဥမင်လိုဏ်ဂူဝန်းကျင်မှာ သူ





ဆာဒူးကြီးကို လုံးဝမတွေ့တော့။ အခြားသော သူတော်စင်များကို မေးမြန်း ကြည့်တော့–

"မေတ္တာဆာဓုကို ပြောတာလား။ သူပြန်သွားပြီ လူကလေး"

"ဟင် ပြန်သွားပြီ။ ဘယ်ကို ပြန်သွားတာလဲ အဘိုး"

ဒီမှာ ဟိန္ဒူသူတော်စင်ကြီးက–

"အိန္ဒိယကနေ ဟိမဝန္တာကို ပြန်မယ်လို့ ပြောသွားတယ်။ သူဒီကို ရောက်နေတာ နှစ်ပေါင်းမနည်းဘူး။ လူကလေးကို မှာသွား တယ်။ လူကလေးနာမည်က မောင်အောင်စွာ မဟုတ်လား"

"ဟုတ် ဟုတ်ပါတယ် ခင်ဗျာ"

"မေတ္တာသမထကို နေ့စဉ်ကျင့်ပါတဲ့။ သူ လူကလေးကို ရောက် ရာအရပ်က မေတ္တာပို့သနေပါမယ်တဲ့။ နေဦး ခဏလေး"

ဟိန္ဒူသူတော်စင်ကြီးသည် ဂူထဲသို့ ဝင်သွားပြီး ပြန်ထွက်လာ တော့ ပစ္စည်းတစ်ခု ပါလာ၏။

"ဟောဒါ သူတော်စင်ဆာဒူးကြီး မေတ္တာဆာဓု မင်းအတွက် ပေးသွားတဲ့ လက်ဆောင်ပဲ"

ကြည့်လိုက်တော့ ကျောက်ဖြူသား ဗုဒ္ဓရုပ်ပွားတော်လေး တစ်ဆူ။ ဉာဏ်တော်အမြင့် တစ်လက်မခန့်သာရှိပေလိမ့်မည်။ ကြည့်ညိုစရာ ကောင်းလိုက်တဲ့ မျက်နှာတော်ရယ်။ ကျွန်ုပ် ဟိန္ဒူဆာဒူးကြီး ပေးသည့် ကျောက်ဖြူသား ဗုဒ္ဓရုပ်ပွားတော်ကို ဦးခေါင်းပေါ်မှာ ပင့်တင်၍ သူတော်စင် ထူးဆန်း မေတ္တာရှင်ကြီးရှိရာသို့ ရည်မှန်း၍ မေတ္တာပို့လိုက်လေသည်။

အဘသူတော်စင်ဆာဒူးကြီး ကျန်းမာချမ်းသာပါစေ။

ကျွန်ုပ်တို့ ပြန်ဆုံပါရစေ အဘိုးဆာဒူးကြီးခင်ဗျား။

(မှတ်ချက် ။ ။ ယခုအခါ အင်္ဂလိပ်အစိုးရ လက်အောက်ခံ



www.burmeseclassic.com

www.burmeseclassic.com



စဉ်က တောကြီးမျက်မည်းဖြစ်ခဲ့သော (တာဝ) ကျေးရွာဝန်းကျင်အ
တက္ကသိုလ်၊ ဘုရားကျောင်းကန်၊ ကျေးရွာသွား လမ်းများဖြင့် မြို့ပြအ
ရှိနေခဲ့ပါပြီ။ ၎င်းတာဝ ဥမင်လိုဏ်ဂူများ အတွင်းမှာလည်း ဟိန္ဒူသူ
စင်များ ယနေ့တိုင် တရားဘာဝနာ ကျင့်ကြံ၍ ကုသိုလ်ကောင်းမှု
ပြုနေပါသည်။ ၎င်းလိုဏ်ဂူများအတွင်း တစ်နှစ်လျှင် တစ်ကြိမ် ဘယ်
နေအာယ်လိုရေများ ရောက်ရှိလာမှန်းမသိဘဲ ရေတက်လေ့ရှိသည်
သူတော်စင်ကြီးများမှ ပြောကြားပါသည်။ ဒါနှင့်အတူ ပါဒ
ရာမဏီတောနှင့် (B.O.C) သင်ပေါင်းတောများမှာလည်း စက်ရုံ ကျေ
လူနေရပ်ကွက်များဖြင့် စည်ကားလျက်ရှိပြီး ပါဒ ရွှေဟောင်း
စေတီများ ပေါ်တော်မူလျက် ရှိနေဆဲဖြစ်ပါသည်။)

◆ မောင်ညိုမှိုင်း (သန်

ဂမ္ဘီရလောက၊ အမှတ် (၅) အောက်တိုဘာ ၂

ဒေါင်းယာဉ်ပျံဘူတာနဲ့ဘေးမှာ
တစ္ဆေရိုးလိုက်ကြားချင်တယ်



www.burmeseclassic.com

www.burmeseclassic.com

## ဒေါင်းယာဉ်ပျံဘုံနံဘေးမှာ စာရေးလို့ထားခဲ့မယ်

ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ
စာရေးလို့ ထားချင်တယ်။
ကမ္ဘာ့ ငါးသွယ်မှာ၊
တစ်ပါးမယ် ဆူလိုက်လို့
မှုနိုက်ကို သူသုန်မှုန်၊
အေးမှရိပ်လှုံ။
ဘဝတိုင်း သည်ပုံကို၊
နှောင်ကြိုးမယ်
ကြောက်လွန်းလို့လေး. . .။

ဒီကဗျာကို ဖတ်လိုက်ရ၊ ကြားလိုက်ရတော့ မခင်ကြော့ဝေ





ကျွန်တော် ပြေး၍ သတိရလိုက်သည်။

ဒီကဗျာကိုရေးသူမှာ သီပေါမင်းနှင့် လက်ထပ်ထိမ်းမြားပြီးမှ နန်းခွင်ထဲ ခိုဝင်ပြီး ချစ်တေး မသီလိုက်ရသည့် စုဖုရားကြီး၏ နှလုံးသား အက်ကွဲသံဟု ကြားနာ မှတ်သားခဲ့ရဖူး၏။ စုဖုရားကြီး ရေးတာမှန်ခဲ့ လျှင် (သို့) သူမရဲ့ နှလုံးသားအက်ကွဲသံကို ကိုယ်စားပြုခဲ့တာ မှန်ခဲ့ ပြီးနောက် သူတစ်ပါးရင်ခွင်မှာ နှလုံးမွေ့ပျော်ပိုက် ရစ်မူခဲ့သော ချစ် လွန်းသူ။

တစ်နည်း–

ဖနီးသည်ပေါင်း ခင်ကြော့ဝေကို မျက်ရည်စိုစွတ်နှင့် ကျွန် တော် မြင်လိုက်ရသောအခါမှာ နာကြည်းစရာ ကောင်းခဲ့ခြင်းတို့ နာ ကြည်းရမှန်းမသိသော၊ မေ့ပစ်ရမည့် ဘဝပုံပြင်ပေါင်းကို မေ့ရကောင်း မှန်း လုံးဝ မသိသော ကျွန်တော်သည် သူမရဲ့ လွမ်းလျှူနွမ်းလျ ကိုယ်လုံး တို့ ဝမ်းသာအားရ ပြေးဖက်လိုက်သောအခါ သူမ ရုတ်ခြည်း မျောတ် ကွယ်သွားခဲ့တော့သည်။

ထိုအခါ ကျွန်တော့်ချစ်သူရဲ့ အမည်ကို တကြော်ကြော် အော် ခေါ်၏။ 'ခင်ကြော့ဝေရေ. . .'လို့ ရင်လှိုက်လွမ်းမောကြီးစွာဖြင့် တ ကြော်ကြော် အော်ခေါ်သံသည် ညဉ့်လယ် သန်းခေါင်ယံအကျော်မှာ ခုနစ်သံချီ ဖြစ်လာခဲ့သောအခါ–

သမီးများက ကျွန်တော့်ကို အတင်း လှုပ်နိုးခဲ့ကြ၏။ အလန့် တကြား လှုပ်မေး ခေါ်ကြ၏။

"အဖေ၊ အဖေ၊ ဘာဖြစ်လို့ အော်နေတာလဲ၊ ဘာဖြစ်လို့လဲ"

"ခင်. . . ကြော့. . . ဝေ၊ ခင်ကြော့ဝေ ဘယ်ရောက်သွားလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ၊ အဖေ"

"ဟင်. . . ဟင်"

"အဖေ ဘာတွေယောင်အော်နေတာလဲ၊ ဆူညံနေတာပဲ။ သ
တို့ အိပ်လို့မရဘူး။ လန့်လိုက်တာ အဖေရယ်"

"ဟင်. . . အဖေ ယောင်အော်နေတာ"

"ဟုတ်တယ်. . . အဖေ ဘာတွေဖြစ်နေတာလဲ"

အလို– ကျွန်တော် ယောင်ရမ်းအော်ဟစ်နေတာတဲ့။ ဒါ. . .
ဒါဆို ဒါ အိပ်မက်ပေါ့။ တကယ် မဟုတ်ဘူး။ အိပ်မက်အစစ်ပေါ့။

သို့နှင့် ကျွန်တော်က အိပ်မက်ထဲမှာ တွေ့ဆုံခဲ့ရသည့် သူ
အမေ မခင်ကြော့ဝေ အကြောင်း ပြောပြလိုက်သောအခါ သမီး
ယောက်က ချက်ချင်းပင် မျက်နှာညှိုးလျှ၍ ကျသွားခဲ့ကြသည်။

ဒါနှင့် လွမ်းရိပ်သီဝေသော မျက်လုံးများဖြင့် လည်းကော
လေးတွဲ့သော ခြေလှမ်းများဖြင့် လည်းကောင်း၊ သူမတို့အိပ်ခန်းရှိရာ
ဝင်သွားကြ၏။

ကျွန်တော့်ရဲ့ ရင်ခုန်သံ သူမတို့ ရင်ညွှန့်အောက်သို့ ကူး
စီးဝင်သွားခဲ့လေပြီလား။ သူမတို့ အခန်းဘက်မှ သက်ပြင်းချသံ၊ ဘယ်
လူးလိမ့်သံများကို ကျွန်တော် ကြားနေရသည်။

လွမ်းဆွတ်သတိရခြင်း ဆိုတာ စိတ်၏ ကူးစက်တတ်သော
ရာဇဝင်နှင့်ချီ ရောဂါတစ်မျိုးပေလား။

♛ ♛ ♛

မခင်ကြော့ဝေနှင့် ကျွန်တော်သည် သကြ္ကန်
ခဲ့၏။ ထိုစဉ်က ကျွန်တော်က သကြ္ကန်သံချပ် သီချင်းများ
ကုန်မဟာသကြ္ကန် အလှကားကြီးနှင့် ပြိုင်ပွဲဝင်နေချိန်
အနုပညာကို ချစ်တတ်သော သူမနှင့် အနုပညာ
ဝင်သော ကျွန်တော်တို့ များမကြာခင် ချစ်သူများအဖြစ်
မခင်ကြော့ဝေတို့ဘက်က ငွေကြေးအတန်ရှိ၏။
၏။ ကျွန်တော်က မထင်ရှားသေးသော စာရေးဆရာ
သော် ကျွန်တော်က ဝန်ထမ်းလည်း ဖြစ်သည်။

သူမနှင့် ကျွန်တော် အိမ်ထောင်ကျပြီးနောက်ပိုင်းတွင်
ယောက် ပွားစီးလာ၏။ ဝင်ငွေနှင့် ထွက်ငွေ မလောက်ငြ
ကျွန်တော်တို့ သည်းထန်စွာ ရုန်းကန်ခဲ့ရ၏။ အကုသိုလ်ဝင်
ကာခံမှန်တိုင်း တစ်ခုက ကျွန်တော့်မိသားစုကို ဝင်မွှေ
မိုက်ရိုင်းလှသော ကျွန်တော့်အထက်က အရာရှိကို

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သော မဟုတ်ရင်မခံတတ်သော ကျွန်တော်က နှစ်ဖာစ်လဏ်မနှင့် ဒေါ
အလျောက် ရိုက်ရာ အတော် လက်လွန်သွားသည်။

တိုတိုပြောရလျှင် ကျွန်တော် အင်းစိန်ထောင်မှာ ပြစ်ဒဏ်ခံ
ခဲ့ရ၏။ စိတ်မိုက်ကို ဆန္ဒစောစွာ အလိုလိုက်မိခဲ့သော ကျွန်တော် ထော
နံရံကြား ရောက်မှ မိသားစုရဲ့ဘဝကို ပူပန်စောကြောရမှန်း မိုသိ
သည်။

သူမတို့ ဘဝကို ခက်ခဲကြီးစွာ ရုန်းကန်နေရမှန်း ထောင်ဝင်
လာတွေ့တိုင်း ကျွန်တော် ရင်ခုန်စွာ ကြားရ၍ အုတ်ရိုးကို ကျော်ထွက်
စိတ် ဖြစ်ခဲ့ရ၏။ ပြစ်ဒဏ်က လွတ်မြောက်သော် အလုပ်အကိုင် ရှာ
စာရေးခြင်းအလုပ်ကို ဒီမှာ လုပ်ခဲ့သည်။ မရေရာ မသေချာ
ဝမ်းစာရှာဘဝအတွက် နောက်ဆုံး ချစ်ဇနီးက အလုပ်ထွက်၍ လုပ်
သည်။ ကျွန်တော်က အိမ်မှာ ကလေးထိန်းရင်း စာရေးရသည်။
မရှား စာသများ။

မခင်ကြော့ဝေ လုပ်ငန်းများ အဆင်ပြေလာ၏။ စီးပွားရေး
ကကို ဝင်ဆံ့လာ၏။ ရွှေနှင့် ငွေနှင့် ဖြစ်လာ၏။ သူမရဲ့ အစွမ်း
ယုံကြည်လာ၏။ ဒါနှင့်အတူ ဘာရည်မှန်းချက် ခိုင်ခိုင်မာမာ သတ်
မပြနိုင်သော ကျွန်တော့်ကို အထင်သေးလာ၏။ ကြာတော့ သည်
သော ကျွန်တောနှင့်သူမအကြား မိသားစုဝန်းကျင် အသိုင်းအဝိုင်း
အားပြိုင် ပဋိပက္ခ ဖြစ်လာခဲ့သည်။

ကိုယ်ယုံကြည်ရာကို တဇွတ်ထိုး ယုံကြည်ပြီး အရှုံးတိုက်
သော သူမနှင့် ကျွန်တော် အိမ်ထောင်ရေး အယူအဆများ ကွဲလွဲ
နောက်ဆုံး၌ သူမက မာနစွက်သော ခံစားချက်ဖြင့် ကျွန်
နှင့် လမ်းခွဲချင်ပြီဟု ပထမဦးဆုံး စိန်ခေါ်လက်ခမောင်းသံကို ပြခဲ့





တာဝန် မကျေပွန်ခဲ့သော ကျွန်တော့်ရဲ့ ဘဝနိမ့်ပါးချက်ကို ညာခြေ
ဖိနင်း၍ သူမ အနိုင်ယူသွားခဲ့၏။

သို့နှင့် ဘဝတိုက်ပွဲမှာ ကျွန်တော် ကျဆုံးခဲ့သည်။ သူမနှင့်
တော် သူမရဲ့ အလိုဆန္ဒအတိုင်း တရားရုံးမှာ နှစ်ဦးသဘောတူ
ခဲ့ကြသည်။

သူမကို ကျွန်တော် အပြစ်မမြင်ပါ။

သူမရဲ့ ကျေးဇူးတရားများ၊ ချစ်ခြင်းများ၊ သံယောဇဉ်များ
များစွာ ရှိခဲ့ဖူးသည်ကို ယနေ့တိုင် ကျွန်တော် ယုံကြည်နေဆဲပါ။

ကျွန်တော့်အားနည်းချက်တခုနှင့် ကျွန်တော်မှ ဒီအရှုံးကို အတိုးခဲ့
ခံယူရင်း အလွမ်းကို ပွေ့ပိုက်ခဲ့ပါသည်။

သို့နှင့် သူမနှင့် ကျွန်တော့်သမီး အငယ်ဆုံးလေး လိုက်သွား

အမေ့ကိုလွမ်းသော မျက်ရည်၊

ညီမအငယ်ဆုံးလေးကို လွမ်းတဲ့ သတိရသော မျက်ရည်တို့
သမီးများ အလွမ်းရင့် ရှိုက်သံကြွလွန်းသောအခါ ကျွန်တော်
လိုက်ရှာ၍ အောက်ကျို့ခံပြီး ခေါ်ခဲ့၏။

ထိုအခါ သူမက မျက်ရည်ဖြိုင်ဖြိုင် ရွှဲသော ငိုချင်းဖြင့်
ပြောခဲ့တော့။

အကြောင်းကား–

သူ့နံဘေးမှ အမျိုးသားက စာချုပ်တစ်ခု ကျွန်တော့်ကို ထုတ်
ကျွန်တော်က ဘာမှန်းမသိ၍ သူပေးသည့် စာချုပ်ကို အလျှင်
ကြည့်လိုက်သည်။

ဪ–



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မခင်ကြော့ဝေတို့ တရားရုံးမှာ နှစ်ဦးသဘောတူ ... ထပ်လိုက်ကြပြီကိုး။

အဲဒီနေ့က အိမ်အပြန်လမ်း သန်လျင်တံတားပေါ်မှာ ကျွန် ... မျက်ဝန်းအစုံက ကျခဲ့သည့် မျက်ရည်စက်များ ပဲခူးမြစ်ရေလှိုင်းများ ... သိကြပေလိမ့်မည်ရယ်လေ။

♛ ♛ ♛

❑

ဘဝကို ကျွန်တော် မခံချင်စိတ်၊ နာကျင်စိတ်နှင့် ရုန်း... နေစားကန်ထရိုက်မှာ ရရာအလုပ်မျိုးစုံ အလုပ်ကို လုပ်၍ ... တော်တစ်လုည့် ပြုတ်တစ်လှည့်ရင်ဆိုင်ခဲ့ကြသည်။ တစ်ဖက်... စာရေးသည်။ ပင်ပန်းကြီးခြင်း၊ အလွမ်းရင့်ခြင်းဖြင့် ကျွန်တော်... လူရုပ်မပေါ်ခဲ့။

ဒီအချိန်မှာ သူမက ကျွန်တော်တို့ ဝါးအိမ်လေးသို့ ... လာရင်း သူ့သားသမီးများကို လာကြည့်သည်။ လိုအပ်တာများ ... ခြမ်းပေးသည်။

ကျွန်တော့်ကိုလည်း စကားလာပြောသည်။ ဒီမှာ ကျွန် ... သူမကို စကားတစ်ခွန်း မေးခဲ့ဖူး၏။





"မင်း ကိုယ့်ကို ချစ်သေးရဲ့လား ခင်ကြော့ဝေ"

"ဟင့်အင်း မချစ်တော့ပါဘူး။ ဒါပေမယ့် (၁၈)နှစ်တိုင်တိုင် ...င်းသင်းလာတဲ့ ခင်ပွန်းဟောင်းမို့ သံယောဇဉ်တော့ ရှိတာပေါ့"

အဲဒီစကားလေးကို ကြားလိုက်ရသည့်အတွက် သူမကို နှမြော ...သစွာ စွန့်လွှတ် ဆုံးရှုံးခဲ့ရသည့် ကျွန်တော့်ရင်ထဲ အချစ်များ စိမ်းစို ...ဆဲ။

နေလောင်နွမ်းခြောက် အချစ်အမြစ်မသေတဲ့ ရှင်နေဆဲ။

ကြာတော့ သဘောထားသေးသိမ်သည့် သူမရဲ့ နောက်အိမ် ...ောင်နှင့် အချင်းမများလို၍ ကျွန်တော့်ရှိရာ ကျွန်တော့်မိသားစု ရှိရာ ... မလာပါနှင့်တော့ဟု မေတ္တာရပ်ခံခဲ့ရသည်။

ဒါနှင့် နောက်ဆုံး စကားတစ်ခွန်း မေးလိုက်ခဲ့မိသည်။

"ခင်ကြော့ဝေ၊ မင်းယောက်ျားက မင်းကို ကိုယ့်လိုရော ချစ်ရဲ့ ...ဟင်"

"သိပ်ချစ်တာပေါ့၊ မျက်စိအောက်က အပျောက်မခံနိုင်အောင် ... လိုချင်တာ အကုန်ဖန်တီးပေးနိုင်ခဲ့ပါတယ် အစ်ကို"

ဝမ်းသာလိုက်တာ။

ခင်မ. . .

ပြုံးပန်းပွေ့ပိုက် ပျော်ပျော်ပန်နေရသည့် ဘဝအတွက် ကျွန်တော် ...ာလိုက်ရတာ။ သူမရဲ့ ဘဝ ပြည့်စုံကြွယ်ပြီး ပျော်ရွှင်ချမ်းမြေ့နေသည် ...ကြောင့် ကျွန်တော့်နှလုံးသား နွံနစ်ပြီး မြေအောက်မှာ ကျောက်ဖြစ် ... ဘာအရေးလုံး။

ကျောက်ခဲအဖြစ်နဲ့ ကြည်နူးနေရမှာပါ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

□

လောကဓံမုန်တိုင်းများသည် ရွေ့လျားသည့် သဘောရှိသည် မိုးလေဝသအကြောင်း နားမလည်ပဲ ကျွန်တော် သိခဲ့ရ၏။

ဒုက္ခဆင်းရဲကို ပွေ့ပိုက်ပြီး ကြိုးစားရုန်းကန် ရင်ဆိုင်ခဲ့ ကျွန်တော် စာပေလောကမှာ နေရာလေး ရ၍ ကံထလာ၏။ မကြာ သားသမီးများကို ရွှေနှင့်ငွေနှင့် ထားနိုင်ခဲ့၏။ ဝါးအိမ်မှ သွပ်မိုး ဆောက်လာနိုင်ခဲ့၏။

ဒီသတင်းကောင်းများ သားသမီးများတစ်ဆင့် သူမ ကြား သောအခါ ရန်ကုန်ဆေးရုံ လူနာခုတင်ပေါ်မှာ အသက်ကယ်ပိုက် လန်း ရှိခဲ့လေပြီ။

အစာအိမ်ရောဂါကို ခွဲစိတ်ကုသလိုက်ရ၍ စီးပွားရေး ချွတ်ခြုံကျနေ၏။ ဒီမှာ ကျွန်တော် သမီးများမှတဆင့် တိတ်တ ထောက်ပံ့ခဲ့၏။

မာတ်သိသူငယ်ချင်းများက ကျွန်တော့်ကို နွားကြီးဟု အ ပေးကြ၏။ သြော်– ဒီနွားကြီးရဲ့ ဘယ်ဘက်ရင်အုံအောက်မှာ ခင် ဝေကို မမုန်းနိုင်သေးတဲ့အချစ်၊ ခင်ကြော့ဝေ တစ်နေ့ ပြန်လာ





ာင့်မျှော်ခဲ့ရတဲ့ အချစ်ထုထည် ကြီးမားနေသည်ကို ကျွန်တော်မှလွဲ၍ ည်သူမျှ မသိ။

သုခချမ်းသာနှင့် နှလုံးမွေ့ပျော်ဖွယ်ကောင်းသော မိသားစုဘဝ သစ်လေးကို အသစ်ပြန်လည် တည်ဆောက်ချင်၏။ တည်ဆောက်ခွင့် ည့်အချိန်ကို ကျွန်တော် မျှော်လင့်ခဲ့၏။

သို့သော် မျှော်လင့်ခြင်း သမုဒယတောင်တန်း ပြိုခဲ့ပြီ။

ခင်ကြော့ဝေ အသက်ရှင်နိုင်စွမ်း မရှိတော့။ ဆရာဝန်က ထက် ှာလိုက်ပြီ။

သို့နှင့် သူမ ကျွန်တော်တို့ အချစ်သမိုင်း စိုက်ထူရာ မြို့လေးသို့ ားအိမ်နှင့် ပြောင်းလာခဲ့၊ ပြန်ချလာခဲ့ရသတဲ့။

ကျွန်တော် ရင်ခုန်သံများ လျှောင်လှိုင်း ထနေ၏။

သမီးတို့ သွားရောက်ပြုစုပြီး ပြန်လာတိုင်း နှင်းအဝေ သက်သို့ သေးသလဲဟင်ဟု ရင်လှိုက်သံနှင့် မေးရသည်မှာ နေ့ည်နှင့်အမျှ။

''အမေ သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေပြီ ါ တရားနာချင်တယ်လို့ သတိရရချင်း ပြောလို့ ဆရာတော်ကြီး ားခွေ ဖွင့်ပြနေရတယ်။ မလွယ်တော့ပါဘူး အဖေရယ်''

ဒီမှာ စဉ်းစားကြည့်မိ၏။

သူမရဲ့ သားသမီးများ နောင်အနာဂတ်အတွက် ကျွန်တော့်ကို တစ်ခုများ မှာချင်နေရှာမလား။

ကျွန်တော် သွားတွေ့ရင်ရော လက်ခံနိုင်ကြပါ့မလား။ ❀

သူမရဲ့ နောက်ဆုံးစက္ကန့်မှာ သောကနှင့်ဒေါသ၊ မောဟများ ပ်ခြုံစေချင်။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကျွန်တော် သတင်းလိုက်ရာမှာ သုံးလေ့ရှိသော လ
ခန့် အသံဖမ်းစက်မှာ ကျွန်တော့်အသံနှင့် မေတ္တာသုတ်ကို အသံသွင်း
သည်။ ဗောဇ္ဈင်သုတ်ကို အသံသွင်းလိုက်သည်။ ဒါက ကျွန်တော့်
မေတ္တာ၊ ကရုဏာ၊ သစ္စာ။

"မနက်မိုးလင်းလို့ သမီးတို့ သွားရောက်ပြုစုရင် အဖေ့အ
ပရိတ်ခွေလေး ဖွင့်ပြလိုက်ပါ သမီးရယ်"

လို့ ပြောပြီး အငယ်မလက်ထဲသို့ အသံသွင်းပြီး စက်ကလေး
အပ်ထားလိုက်ပြီး သားအဖတစ်တွေ လွမ်းမောစွာဖြင့် ဆုတောင်း
ရာဝင်ခဲ့လိုက်ကြသည်။

ကျွန်တော် အိပ်လို့မပျော်ခဲ့။

ချစ်ခြင်းအစနှင့် ပျော်ခဲ့ကြသော အိမ်ထောင်ရေးအစ အကြ
များကို ပြန်သတိရနေသည်။

မိသားစုနှင့် ကျိုက်ခေါက်ဘုရားမှာ ပွဲသွားကြည့်ကြသည့်
များကို အမှတ်ရနေသည်။ သားသမီးများနှင့်အတူ ပဲခူးရပ်ကွက်
ချောင်းထဲ ရေကစားရင်း၊ အဝတ်လျှော်ရင်း နောက်ပြောင်ကျီစယ်
သည့် ဆောင်းနေ့ခင်း၊ နွေနေ့ခင်းများကို ပြန်သတိရနေသည်။

"အူ. . . အူ. . . အူ"

"အူး . . . ဝူ. . . ဝူ. . . ဝူ"

"အိန်. . . အိန်. . . ဂိန်. . . ဂိန်"

သို့ကလို တွေမော သတိရနေစဉ်မှာပဲ အိမ်ရှေ့မှ ခွေးအူသံ
ကြား၍ ကျွန်တော် လန့်သွား၏။ ခွေးအူသံများက ပရိညာဉ်သ
ကို မြင်သည့်အခါ အူကြသည့် အသံမျိုး။ ခွေးများက အတော့်ကို
ဆွဲ၍ အူနေကြ၏။





မကြာခင် ကျွန်တော့်အိမ်ခေါင်မိုးပေါ်သို့ တဖြောက်ဖြောက်နှင့်
လိုလို၊ သဲလုံးလိုလို အရာများ ကျလာ၍ ကျွန်တော် ငုတ်တုတ်
ထိုင်လိုက်၏။

နှစ်ကြိမ်၊ သုံးကြိမ် ကျ၏။

ခွေးအူသံများကြောင့် သမီးတို့ နိုးနေသလည်း ကြားရ၏။
မသက်ာ၍ ထပြီး တံခါး ဖွင့်ကြည့်လိုက်သောအခါ ခြံဝမှာ လူရိပ်
ကို မြင်လိုက်ရ၏။

"ဟေ့. . . ဘယ်သူလဲ"

လူရိပ်က ဝိုးတဝါး ရပ်ကြည့်နေသလိုမျိုး။

"ဟေ့. . . ဘယ်သူလဲလို့"

ကျွန်တော်က ရေ့တိုး၍ မေးလိုက်တော့ လူရိပ်သည် ထောန်က
နေလို ပြေးသွား၏။

ခွေးများက အူကောင်းနေဆဲ။ ဒီမှာ တံခါးချက်ကို ဖြုတ်ပြီး
သို့ ထွက်လာလိုက်သောအခါ မီးရောင်နှင့် လူသုံးဦး လာနေသည်ကို
လိုက်ရ၏။

"ဦးရွှေတင်လား"

ရှေ့ဆုံးမှ ကာလေးမလေးက မီးထိုးပြီး လှမ်းမေးလိုက်၏။

"အေး. . . ဘယ်သူလဲ"

"ကျွန်မပါ၊ (---)ပါ။ ဦးရွှေတင် ဦး. . . ဦး"

"ဘာလဲ၊ ဘာလဲဟင်၊ ဘာဖြစ်လို့လဲ"

"အန်တီဝေ ဆုံးသွားပြီ"

"ဟင်"

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

❑

သူမရဲ့အသုဘကို ကျွန်တော် နောက်ဆုံးခရီးစဉ်အဖြစ် ပို့
သည်။ သမီးများက မိခင်ရဲ့အခေါင်းကို ကန်တော့၍ ငိုကြသော
ကျွန်တော့်ပါးပြင်ပေါ်မှာလည်း မျက်ရည်များစို့နေပါသည်။ ကျွ
ချီပိုးထားသည့် သမီးငယ်လေးပါးပေါ်မှာလည်း မျက်ရည်စီးကြော
မခြောက်သေး။

တိုတိုပြောရလျှင် ခင်ကြော့ဝေ၏ အသုဘရက်လည်ပြီး
ရက်မြောက်မှာ သူမကို အလွန်ချစ်၊ အလွန်အလိုလိုက်ပါသည့်
သူမရဲ့ယောက်ျားသည် နောက်အိမ်ထောင်သစ်ပြုလိုက်သည်တဲ့။
လောက်ကြီးမြန်လွန်း၍ ကြားရသူတိုင်းက ခင်ကြော့ဝေအတွက်
မကောင်းကြ။ ကျွန်တော်က ခင်ကြော့ဝေရဲ့မြေပုံကို လက်နှင့်
မေးလိုက်ချင်သည်။

"ခင်ကြော့ဝေ၊ မင်း အချစ်ရဲ့ အရသာကို သိပြီလား။ ခံ





ပြီလား"

သို့သော် ကျွန်တော် မမေးရက်။

သူ့လင်အသစ်က အချစ်သစ်နှင့် ပန်းခင်းသောလမ်းမှာ
လျှောက်လို့။

များမကြာမီ ထူးဆန်းသောအဖြစ်များကို ကျွန်တော် ကြားရ၏။

ညဘက် ကျွန်တော်အိမ်ပြန်လာလျှင် နောက်ဘက်မှ တစ်စုံ
တစ်ဦးလိုက်လာသည့် ခြေသံများ ကြားရ၏။ လှည့်ကြည့်လျှင်ဘာမှမတွေ့
ရ။

တစ်ခါတစ်ရံ နောက်ကျောကို သဲနှင့် အပက်ခံရ၏၊ ခဲလုံးသေး
သေးလေးများဖြင့် အပေါက်ခံရ၏။ ကြက်သီးဖြန်းဖြန်း ထ ... ည်း
ခေါ်ခင်ကြော့ဝေများ မကျွတ်မလွတ်ဘဝနှင့် ကျွန်တော့်နောက်လိုက်နေ
တာလား။ သို့ကလို စဉ်းစားမိ၏။

သူမက သားသမီးများကို သိပ်ချစ်သည့် အမေတစ်ဦး
ပြီး ကျွန်တော့်ကို မချစ်တော့ပါသော်လည်း (ဘဲ)...
သည့် လင်သားမို့ သံယောဇဉ်တော့ ဘယ်ပြတ်မှာလည်း ... ဟု
ပြောသွားခဲ့ဖူးသည့် ဇနီးဟောင်းရယ်။

အဲဒီ သံယောဇဉ်စိတ်တွေနဲ့များ လိုက်စ,နေရောသလား။ ...
ပေးနေသလား။

ပြောရလျှင် သူမသည် ကျွန်တော့်တရားဝင် ဇနီးမယား ...
တော့။ ကျွန်တော့်နှင့်လည်း မြန်မာ့ထုံးတမ်းစဉ်လာ မြန်မာ့ ...
ဘာမှ မပတ်သက်တော့။ သို့သော် အပျိုရွယ်ကာစတင်၍ ချစ်ခဲ့ ...
သံယောဇဉ်။

သူမ အကြိမ်ပေါင်းများစွာ ကျွန်တော့်အိမ်မက်ရွာသို့ ...



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ မျက်ရည်များဖြင့် ငိုနေ၏။ ရှိုက်သံနှင့် ငေးမောရှုကြည့်နေ...

အကြိမ်ပေါင်းများစွာ အိမ်မက်မက်ခဲ့ရသောအခါ ကျွန်တော်... ချစ်စိတ်။ သံယောဇဉ်စိတ်နှင့် ရှုးချင်လာသည်။

အိမ်မက်မှ လန့်နိုးပြီး အော်ခေါ်သည့် အကြိမ်ပေါင်းလည်း... မနည်း။

အဲဒါ သူမကွယ်လွန်သည့်နေ့ရက် အကြိုနေ့ရောက်တိုင်း မက်... နေသည့် အိမ်မက်များ။

သူမကို အိမ်မက်ထဲမှာ ပြန်ဆုံရ၍ ဝမ်းသာပါ၏။

သို့သော် သူမကို မျက်ရည်ကြောင်းများဖြင့် မမြင်ရက်။ ရှိုက်ငို... နေသည့် ရှိုက်ချက်ဖြင့် မမြင်ရက်။

သူမကို ပြုံးပြုံးလေး မြင်ချင်သည်။

လှလှပပ ဝတ်စား၍ ပျော်ရွှင်ပြုံးတူးနေသည်ကို ကျွန်တော်... မြင်ချင်သည်။ ဘယ်လိုလုပ်ရပါ့မလဲ။ ရင်ထဲမှာ သူမဘဝအတွက် ဆော... လိုက်တာ။

သို့နှင့် ကျွန်တော်နှင့် ညီအစ်ကိုလို ချစ်ခင်ခဲ့သော ဦးပဥ္ဇင်းကြီး... ဦးအောင်စိန်ကို ဒီအကြောင်းမေးကြည့်တော့...

"အစွဲအလမ်းပေါ့ ကိုမှိုင်းရယ်၊ နောက်ဆုံးအားကိုးရာ အစ်ကို... ယူဆ နောင်တရတော့ မင်းရှိရာကိုလာပြီး အကူအညီတောင်းတာလည်း... ဖြစ်ချင်ဖြစ်မှာပေါ့။ စိတ်ထဲမှာ မသိုးမသန့်ခံစားနေရရင် သူမအတွက်... ရည်စူးပြီး သင်္ကန်း၊ ဝတ္ထု ဒါနကုသိုလ်ပြု အမျှဝေပေးလိုက်ပါ။ ရည်စူးပြီး... စိုက် လုပ်ပေးလိုက်ပါ။ အဲဒီကျရင် မင်းရဲ့အစွဲအလမ်းရော၊ သူမရဲ့ အစွဲအလမ်း အပြုအမူပါ အမျှဝေ သာဓုခေါ်ပြီး ပြောင်းလဲသွားနိုင်တာ... ပေါ့"တဲ့။





သို့နှင့် စာမူခများရတော့ သင်္ကန်းဝယ်၏။ ဆွမ်းချက်၏။ဝတ္ထုငွေ ...လှည့်၏။ မဆိုစကောင်း၊ ဆိုစကောင်း သူမ မကျွတ်မလွတ်သောဘဝသို့ ရောက်နေခဲ့ပါလျှင်လည်း ကျွတ်လွတ် လွတ်မြောက်သွားအောင်...

သို့မဟုတ်...

အလည်အလတ် ဘုံဘဝရောက်နေပါလျှင်လည်း ပို၍ မြင့်မြတ် ကောင်းမွန်သော ဘုံဘဝသို့ ရောက်ရှိခံစားနိုင်ရန်အတွက် ဦးပဥ္ဇင်းကြီးကို ...၍ သူမရဲ့ဝိညာဉ်ကို ဖိတ်ခေါ်လို့ ကောင်းမှုဒါနပြုခဲ့လိုက်သည်။

သူမရဲ့ အကြင်နာမဲ့ လင်သားက ဒီလိုလုပ်ချင်မှ လုပ်ပေးလိမ့် ...မည်။ ကိုယ်ကတော့ ငယ်ချစ်ဦးမို့ အနှစ်တစ်ရာ မမေ့မိသား။

ရေစက်ချ တရားနာအပြီး သူမကို ရည်စူး၍ အမျှဝေပေးလိုက် ...သည်။

"ခင်ကြော့ဝေရေ့ မင်းအတွက်ရည်မှန်းပြီး အစ်ကို သီလဝန္တ ...ကို ဆွမ်း၊ သင်္ကန်းနဲ့ သိမ်ကျောင်းအတွက် ကုသိုလ်တောင်းမှုများ ...တယ် ညီမရယ်။ မင်း နှစ်မြိုက်စွာ သာဓုခေါ်လိုက်ပါတော့။

အမျှ၊ အမျှ၊ အမျှ ခင်ကြော့ဝေ"

သားသမီးများကလည်း မိခင်ကို ရည်မှန်း၍ အမျှဝေလိုက်ကြ ...သည်။ ကျွန်တော်တို့၏ အိမ်ကျဉ်းကျဉ်းလေးသည် အမျှဝေပြီးနောက် ...စိတ်ဆိတ်ငြိမ်သက်၍ သွားခဲ့သည်။

✽ ✽ ✽

www.burmeseclassic.com

www.burmeseclassic.com

❑

သီပေါမင်းရဲ့ မိဖုရားခေါင်ကြီး စုဖုရားကြီးကဲ့သို့ ကြင်နာ... ...ည် နှင့် ကွင်းရှောင်ခဲ့ရသည့်ဘဝ ကျွန်တော် မဖြစ်လို။

သီပေါမင်းကြီးနှင့် စုဖုရားကြီးရဲ့လက်ထပ်ပွဲမှာ သီပေါရဲ့... စုဖုရားလတ်က ရဲရဲတင်းတင်းနေရာဝင်ယူပြီး သီပေါမင်းရဲ့အချ... ထာဝစဉ် သိမ်းပိုက်လိုက်သည်။

စုဖုရားကြီး မျက်ရည်ကျခဲ့ရ၏။ အရှက်ရခဲ့၏။ ကြေကွဲခဲ့...

မောင်တော်သီပေါမင်း ခန်းတော်ကြွလှမ်းလာမည့်ညကို ... ကိုးစောင့်စားခဲ့ပါသော်လည်း. . .

တစ်ပါးမယ်ရဲ့အလှမ်းကို သူ ဥပက္ခာပြုရက်ခဲ့သည်။

အခုတော့ မောင်ဘုရားက ညီမတော် စုဖုရားလတ်ရဲ့ ... ရိပ်ဩဇာအောက်မှာ ပြားပြားဝပ်ဝပ် ရှိသေခဲ့ပြီး စိမ်းလန်းနုပျို့နေခဲ့ပြီ...

ရင်ထဲမှာ နာကျင်လွန်း၍ စာတစ်ပုဒ်ကို ဖွဲ့သီ ရည်ညွှန်းခဲ့... သည်။





ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာလ
စာရေးလို့ ' ထားချင်တယ်။
ကပ္ပဋ္ဌိ ငါးသွယ်မှာ
တစ်ပါးမယ် ဆူလိုက်လို့
ပူခိုက်ကို သူသုန်မှုန်၊
အေးမရှိပ်လှုံ၊
ဘဝတိုင်း သည်ပုံကို
နောင်ကြုံမယ်
ကြောက်လွန်းလို့လေး. . . တဲ့။

ဒီကဗျာ ရင်ဖွင့်သံသည် စုဖုရားကြီးရဲ့ ရင်နှလုံးသားကို ကိုယ်စား...ည့် ကဗျာလေးပဲ ကေန်အမှန် ဖြစ်ပါစေတော့။

ရင်ထဲမှ နှလုံးသားကွဲအက် ဒဏ်ရာကို နေမင်း(ဒေါင်းယာ... ...ယှည်းရထားဘုံဘီးမှာ အများမြင်အောင် စာရေးခွဲထားချင်သတဲ့...

ကျွန်တော်လည်း ချစ်ရပါသော မခင်ကြော့ဝေအတွက် ဒေါင်း...ဉ်ပျံဘုံနံဘေးမှာ စာရေး၍ထားခဲ့ပါပြီ။

ဘဝဆက်တိုင်း
ချစ်ရသူနှင့် ကွေကွင်းရသော ဒုက္ခဆင်းရဲ၊
မချစ်မနှစ်သက်သူနှင့် ပေါင်းဖော်ရခြင်း ဒုက္ခဆင်းရဲ
မခင်ကြော့ဝေ ကြုံခဲ့ရသည့် အချစ်တု အချစ်ယောင် ဘဝမျိုး...င့် နောင်ဖြစ်လေရာဘဝတိုင်း မကြုံလို။

ကြုံရမှာ ကြောက်လွန်းလှသည်။ သံသရာလည်မှာကို ကြောက်...

ဘုရား၊ ရဟန္တာ မဖြစ်ခင်စပ်ကြား သံသရာမှာ မွန်...ဘွာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆုံခဲ့ကြလျှင်၊ အလွမ်းမဲ့ရင်ခွင်၊အမုန်းမဲ့ရင်ခွင်နှင့် ရင်ခွင်ချင်း
စပ်ချင်ပါသည်။

တစ်ခုတော့ ကျွန်တော်တို့မိသားစု ဝမ်းသာခဲ့ရသည်။

ခင်ကြော့ဝေအတွက် ကောင်းမှုကုသိုလ်များပြုပြီး ရက်
အတွင်း၌ ခင်ကြော့ဝေ ကျွန်တော့်ကိုလည်းကောင်း၊ သူ့သမီးများ
လည်းကောင်း အံ့ဩဖွယ် အိပ်မက်လာပေးခဲ့၏။

အိပ်မက်ထဲမှာ ခင်ကြော့ဝေက ရောင်စုံပန်းများပန်လို့။ အ
အစားများကလည်း တောက်တောက်ပြောင်ပြောင် လှလှပပ။ ကိုယ်
ကိုယ်ပေါက်ကလည်း ကြော့ကြော့ရှင်းရှင်း၊ လှလှပပ၊ သန့်သန့်
ဖြစ်လို့။

ကျွန်တော် ဝမ်းသာရဆုံးကား–

ဟိုအရင်ကလို ခင်ကြော့ဝေ မျက်ဝန်းအိမ်မှာ မျက်ရည်
တွဲခိုမနေ၊ ရှိုက်သံမရှိ။

သူမရဲ့မျက်နှာပေါ်မှာ တိမ်စင်လအပြုံး၊ လပြည့်ဝန်း
တောက် ပသောအပြုံးများဖြင့် ပြည့်ရွှန်းဝန်းစိုလို့။ လှလို
ခင်ကြော့ဝေ။

ပြီးတော့. . .

သူမက အသံလွင်လွင်နှင့်ရယ်၍ ကျွန်တော်တို့ မိသား
လက်ပြပျော်ရွှင်နေသည်။

အိုး. . . ဝမ်းသာလိုက်ရတာ။

အဲဒီလို သူမ ပျော်ရွှင်ကြည်နူး ချမ်းမြေ့နေသည့်အိပ်
မကြာခဏ မြင်မက်ရသောအခါ ကျွန်တော့်နှလုံးအိမ်သည် ဖရဏ
ဂွမ်းဆီအိလို့။

---

**စိတ်ကူးသစ်စာပေ**



ခင်ကြော့ဝေရေ. . .။ အစ်ကို အဲဒီ ပိတိရသ သိင်္ဂါရစ္စလုံးအလင်း
အကြောင်း ကမ္ဘာတည်အောင် အားလုံးသိစေဖို့ ဒေါင်းယာဉ်ပျံဘုံနံဘေးမှာ
စာရေးလို့ထားခဲ့မယ် အချစ်ရယ်။

◆ မောင်ညိုမှိုင်း (သန်လျင်)

(ကွယ်လွန်သူ ဇနီးသည် မခင်စန်းမြင့်သို့ လည်းကောင်း၊ အချစ်ကြီး
ချစ်ကြသည့် ကျွန်တော့်လို လူစားများအတွက်သို့လည်းကောင်း ရည်ညွှန်းပါသည်)

www.burmeseclassic.com

www.burmeseclassic.com




# သေရွာပြန်နိမိတ်ဟောဆရာ

(၁)

ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်ဝတ္ထုဇာတ်လမ်းများ ရေးသားနေသည့် သည် တစ်ကြိမ်မှာ အလွန်ထူးဆန်းဖွယ်ကောင်းသော ဖြစ်ရပ်တစ်ခု မမျှော်လင့်ဘဲ တိုက်ဆိုင်ဆန်းကြယ်စွာ ကြုံတွေ့ခဲ့ရလေသည်။

တစ်နေ့. . .

ကိုကျွဲကြီးဆိုသူ ခေါ်သွား၍ ၎င်းလူထူးဆန်းနှင့် မျက်နှာချင်း တွေ့ခဲ့ရ၏။ ထိုလူထူးဆန်း၏အမည်ကား ကိုဒိုးကလေးဟု ခေါ်၏။

အချို့က သူ့ကို သေရွာပြန် ဒိုးကလေးဟု ခေါ်ကြသကဲ့သို့. . .။

အချို့က ရှင်သေမင်း ကိုဒိုးကလေးဟု ခေါ်ကြ၏။

သို့နှင့် မိတ်ဆွေ ကိုကျွဲကြီးအား မေးခဲ့၏။

---

မိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့... သူ့ကို သေရွာပြန် ဒိုးကလေး ခေါ်ရတာ
ကိုကျွဲကြီးရ..."

"မြေမြှုပ်ကာနီးမှ ခေါင်းထဲက ပြန်ရှင်လာလို့ဗျာ..."

"ဒါဖြင့်... ဘာကြောင့် ရှင်သေမင်း ဒိုးကလေးလို့ ခေါ်
တာလဲဗျာ"

"သူ့ပါးစပ်က ထွက်တဲ့ ပြောတဲ့စကား အများစုက နိမိတ်
ကန်းကိုဖြစ်လို့ဗျ... အများအားဖြင့် သူ့နှုတ်ဝစီကြောင့် ရ
ာ သေဆုံးသွားခဲ့သူချည်း သုံးယောက် ရှိခဲ့ဖူးလို့ ကြာ
သမင်း'လို့ အမည်သစ် တပ်ပေးလိုက်ကြရောဗျ"

ူပြောတာရော... တကယ်မှန်လို့လား ကိုကျွဲကြီးရာ"

ာင်းတာလည်း မှန်တာပဲ၊ ဆိုးတာလည်း မှန်
အဆိုးများ ပြောပြီဆိုရင် သူပြောသည့်အတိုင်း ရောင်
တာပဲဗျ... အဲ... မယုံလို့ ဖွတ်တိုးရင် တစ်ခုခုတော့ ဖြ
ကြတာပဲ... ကိုညို့ကို အူနဲ့ တစ်နေ့ တွေ့ပေးပါ့မယ်"

"ကျုပ်ကိုရော... သူက တွေ့ရင် ဟောမှာ ပြောမှာ
ဟင်"

"ဒါတော့ မပြောတတ်ဘူး... တကယ်လို့ ဟောခဲ့ ပြော
လည်း ယုံချင်ယုံ မယုံချင်နေ၊ ဒါက ခင်ဗျား သဘောပဲ"

♛ ♛ ♛

(၂)

သူ့အကြောင်းကို ကိုကျွဲကြီးထံမှာရော ကိုကျွဲကြီး အသိမိတ်
များနှင့် လူအချို့ထံမှ ကျွန်ုပ် ကြိုတင်သိရှိထားရ၏။

သူလည်း မူလက အရက်သမားတစ်ဦး ဖြစ်၏။

မိန်းမရှိ၏။

သို့သော်... ကလေးတစ်ယောက်မှ မရှိ။

ဝင်ငွေကောင်း၍ အရက်ကို အလျှံအပယ်ကို သောက်၏။ နေ့
သောက်၏။ တစ်နေ့ အကျီချွတ်နှင့် အရက်သောက်ပြီး သစ်ပင်
ကာ်မှာ မူးလဲ အိပ်ပျော်သွားရာမှ နေဝင်တော့ လူက တောင့်နေ၏။

လှုပ်လို့မရ။ ခေါ်၍မထူး။

အရပ်က သေပြီဟု ဆုံးဖြတ်ကြ၏။

သို့နှင့် ခေါင်းသွင်း သုံးရက်ထားပြီး သင်္ဂြိုဟ်သည့် သချိုင်းမှာ
ခေါင်းဖွင့်တော့ အရပ်က ဝိုင်းကြည့်ကြ၏။ မိန်းမလုပ်သူ မဆင်က
သားလုပ်သူ အလောင်းကို ကြည့်ပြီး သူမပါ လိုက်ခဲ့ပြီးနေတော့



www.burmeseclassic.com

www.burmeseclassic.com



ရင်ထုငို၍ မနည်းကို ဆွဲထားကြရသည်ဟု သိရ၏။

အရက်သည် ဆေးဖြစ်နေ၍လားတော့ မသိ။

ကိုဒိုးကလေး ရုပ်အလောင်းသည် ပုပ်မန်းမပျက်။ နဂိုအ ရှိ၏။ (ကာလသားဘဝက ဇလွန်မှာ ကျော်ဦးဆိုသူနှင့် ဒိုးတီးသ သိရ၏။ ဒိုးတီးကောင်း၍ ဒိုးကလေးဟု နာမည်ကျော်သည်ဟု (ဒိုးသမားလောကမှာ ဇလွန်ဒိုးကလေးနှင့် ဇလွန်ကျော်ဦး ဆိုလျှင် မရှိဟု သိရ၏။ ယခုအခါ ဇလွန်ကျော်ဦး၏ ငယ်ရည်းစား နိုးပြေးခဲ့ပြီး အောက်အရပ်(----)မြို့မှာ အခြေချနေထိုင်ခဲ့ခြင်း သည်တဲ့။ ဇလွန်ကျော်ဦး လာလာခြောင်း၍ ခါးကြားမှာ မောင်း ဆောင်ပြီး သွားလာနေသည်ဟု ကိုကျွဲကြီးက ပြောပြ၏။)

ယခု. . . ဒိုးကလေး သေပြီ။

သုဘရာဇာကြီးက မျက်နှာသစ်ရန် အုန်းသီးကို ခွဲလိုက် အုန်းရေများက သေသူ ဒိုးကလေးမျက်နှာပေါ်သို့ စီးကျပြီး ပေ ပက် မျက်လုံးပေါ်မှာ တင်နေစဉ်. . .

ဒီမှာပဲ. . .

အလောင်းကြီးက ပါးစပ်. . .မှ ညည်းတော့၏။ သုဘ လန့်သွားသကဲ့သို့ ဝိုင်းကြည့်နေသူများ မျက်လုံး ပြူးကုန်ကြ

ဒီမှာပဲ မျက်လုံးနှစ်လုံး ပွင့်လာပြီး. . .။

"မဆင့်. . . မ. . . ဆင့်"

"ဟင်း. . . ဟင်း. . . မ. . . ဆင့်"

သူ့မိန်းမနာမည်ကို အော်ခေါ်ပြီး လူးလွန့်လာကာ လက်နှစ်ဖက် မြှောက်ကြွလာတော့သည်။

အစ်ကိုနဲ့ လိုက်ခဲ့ပါရစေဟု အော်ဟစ်ငိုကြွေးခဲ့သော





ထဲမှ ထ,လာသည့် သူ့လင်ဒိုးကလေးကို မြင်လိုက်ရသော ငယ်သံ ခင် အော်ပြီး သချိုင်းမှ ပြေးတော့၏။

အသုဘပို့လာကြသူများလည်း 'မသာကြီး ဖုတ်ဝင်၍ ထလာ တာ' ဟု ဆိုကာ ထီးကျိုး ဖိနပ်ကျွတ် ပြေးကြတော့၏။

ငယ်ရည်းစားနှင့် ပြန်ပေါင်းရန်ဟူသော အကြံအစည်နှင့် ကြား ချင်း အချိန်မီ အသုဘချလာခဲ့သော မဆင့် ငယ်ရည်းစား ဇလွန် ကျော်ဦးလည်း ပုဆိုးမျှ မနိုင်ပဲ ပြေးတော့၏။

တိုတိုဆိုရလျှင်. . .။

ကိုဒိုးကလေး သေရွာမှ ပြန်ရှင်လာခဲ့၏။

မြောနေမှန်း အားလုံး သဘောမပေါက်သွားကြသော်လည်း ပြန် ကိုဒိုးကလေးကို သူ့မိန်းမ မဆင့်က လုံးဝ အိမ်ခြံထဲ အဝင် ဘူး။ 'လူ'ဟု ထင်မှတ်လက်ခံခြင်း မရှိပဲ 'ဖုတ်ဝင်နေတာ' တ်ထိုး ယုံကြည်ကာ ဘယ်လိုမှ ဖြောင်းဖျ၍ မရပဲ လင်သား မှ လုံးဝကို ရုပ်စဲလိုက်တော့၏။

သို့နှင့်. . .။

ကိုဒိုးကလေး ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ ကပ်၍နေရ မိတ်ဆွေများကလည်း လမ်းမှာသာ စကားပြောကြသည်။ အိမ် အဝင်မခံကြတော့။ လူမသန့်ဟု ဆိုပြီး ရှောင်ကြ၏။

ဇလွန်ကျော်ဦးကား ဂုတ်ချိုးသတ်မှာ ကြောက်၍ (---- လုံးဝ ခြေဦးမလှည့်ပဲ ဒလသူ ဒေါ်မုန့်ပျားသလက်နှင့် ဆင်ကျ သွားခဲ့သည်ဟု သိရ၏။ ကိုဒိုးကလေး အချစ်ကံ ဘဝကံ လောက် ကိုကျော်ဦး အချစ်ကံ ကောင်းသွား၏။

အကယ်၍သာ မဆင့်နှင့် ပြန်ညားလျှင် ဒိုးကလေး ဂုတ်ချိုး



www.burmeseclassic.com

www.burmeseclassic.com



သတ်မှာ ကောနိဖြစ်၏။ ကြိမ်းလည်း ကြိမ်းဝါးထား၏။

ဒလသူ ဒေါ်မုန့်ပျားသလက်နှင့် အိမ်ထောင်ကျပြီး (၁၀)
ဆု ပေါက်ရကား ကျော်ဦးက ဒိုးကလေးကို ကျေးဇူးတင်နေသ
ဆို၏။

မဆင့်ကား နောက်လင် လိုချင်သော်လည်း မယူရဲ
သူမကို ကြိုက်နေသူတစ်ဦး ရှိ၏။

ပိုက်ဆံ အတန်ငယ် ရှိ၏။ သူ့အမည်ကား ကိုကြည်
ဟု ခေါ်၏။ နှစ်ဦးစလုံး ကိုဒိုးကလေးကို ကြောက်၍ အိမ်ထောင်
ရှာကြ။

❋ ❋ ❋

(၃)

ဒီမှာ ထူးဆန်းသော ဖြစ်ရပ်ဆန်းများကို အရပ်က ဆင့်
ကဲ ကြုံကြရတော့သည်။ ကိုဒိုးကလေးသည် သေရွာမှ ပြန်ရှင်
နောက် ထူးဆန်းသော မနောအာရုံများ ရရှိလာခဲ့၏။

လူတစ်ယောက်ကို ရုတ်ချည်း အာရုံကျသွားလျှင် ထူးဆန်
နိမိတ်စကားများကို ပြောတော့၏။

တစ်ကြိမ် ရုံးအုပ်ကြီး ဦးဝင်းသိန်း ဘုန်းကြီးကျော





ရောက်လာ၏။ ဒီမှာ ကိုဒိုးကလေးကို နှုတ်ဆက်၏။

"နေကောင်းလား မောင်ဒိုးကလေး"

ဒိုးကလေးက နှုတ်ဆက်သူ ရုံးအုပ်ကြီး ဦးဝင်းသိန်းရဲ့ နှာ
ခေါင်းကြားကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။

"ဟေ့ကောင် ဒိုးကလေး... ဘာဖြစ်နေတာလဲ"

"ဦးဝင်းသိန်း..."

"ဘာလဲကွ..."

"ခင်ဗျား နက်ဖြန် ရေလမ်းခရီးနဲ့ ခရီးသွားမှာ မဟုတ်လား"

"အေးကွ...(——)ကို သွားမလို့ မင်း ဘယ်လိုကြားလို့လဲ"

"နက်ဖြန်မသွားနဲ့"

"ဟ...ဘာလို့ မသွားရမှာလည်းကွ၊ အလုပ်ကိစ္စသွား ဆ
ိုင်လို့လဲ"

"မသွားနဲ့... အန္တရာယ်ရှိတယ်"

"ဖွီ... ခွေးမသား... ကျက်သရေမရှိ မင်္ဂလာမရှိ နိမိတ်မရှိ
ာမရှိ စကားပြောလို့... သွား... သွား... သွား... သွား"

ဦးဝင်းသိန်းက စိတ်ဆိုးမာန်ဆိုးနှင့် ပြန်ဟောက်၍ အော်ထုတ်
လိုက်တော့ ဒိုးကလေး ခေါင်းငိုက်စိုက်နှင့် ဘုရားပျက်များရှိရာသို့ ထွက်
သွားခဲ့၏။

တိုက်ဆိုင်သည်ပဲလား မသိ။

ရုံးအုပ်ကြီး ဦးဝင်းသိန်း (——)မြို့သို့ ပဲတောင်နှင့်အသွား
ောင်မှောက်ပြီး ရေနစ်ခဲ့ရာ ဆေးရုံမှာ သုံးရက်တက်၍ မသေကောင်း
ပျောက်ကောင်း ကုခဲ့ရ၏။ အဲဒီကစ၍ ဒိုးကလေးကို 'နိမိတ်မရှိကောင်'
ဟု သမုတ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်က. . .

ဒေါ်နီလာမြင့်ဆိုသည့် မုဆိုးမကြီး ဖြစ်၏။

သေရွာပြန် ဒိုးကလေးကို မြင်ဖူးချင်၍ လာကြည့်သတဲ့။ ဒိုး

ဒိုးကလေးက ဒေါ်နီလာမြင့်ရဲ့ နာရောင်ကြားကို စိုက်ကြည့်ပြီး ထူး

သော စကားတစ်ခွန်းကို လွှတ်ခနဲ ပြောခဲ့လိုက်သည်။

"အစ်မကြီး. . ."

"ဘာလဲကွယ်"

"ဗုဒ္ဓဟူးနေ့ကျရင်. . . ငွေငါးသိန်း ရလိမ့်မယ်"

"တကယ်. . ."

မုဆိုးမကြီး ငွေငါးသိန်း ရမည်ဆို၍ မျက်လုံးနှစ်လုံး ပွ

ပြူးသွား၏။

"တကယ်ပေါ့ဗျာ"

"ဘယ်လိုရမှာလဲဟင်. . . ဟင်. . . ဟင်လို့"

"အဲဒါကို မသိဘူး. . . ရကို ရလိမ့်မယ်"

မုဆိုးမကြီးက ဝမ်းသာစကားဟု မှတ်ယူပြီး ငွေတစ်ရာ ချီးမြှင့်

ခဲ့လိုက်၏။

တိုက်ဆိုင်ပုံများနွယ်. . .။

ဆုံးပြီဟု ယူဆထားသည့် ချေးငွေငါးသိန်းကို ချေးယူသွားသူ

များက ဗုဒ္ဓဟူးနေ့ နံနက်မှာ ဒေါ်နီလာမြင့်အိမ်သို့ ကိုယ်တိုင် လာဆပ်ခဲ့

၏။ ဒေါ်နီလာမြင့် ဝမ်းသာလွန်း၍ ထ,က,ခဲ့သည်တဲ့။

ညနေရောက်တော့. . .

ကြို့တင်နိမိတ်ဟောသမားကြီး ဒိုးကလေး ရှိရာသို့ အပြေး

ရောက်လာကာ ပုဆိုးအင်္ကျီသာမက ငွေတစ်ထောင်ပါ ချီးမြှင့်လိုက်သေ





သည်။

ဒီလိုနှင့် ဒိုးကလေး နာမည်ကြီးလာ၏။

ကြို့တင်နိမိတ်ဟောဆရာအဖြစ် လူယုံကြည်မှု များလာ၏။

သို့သော်. . . လာမေးတိုင်း မဖြေ။ ကျောင်းထဲမှာ လာရောက်

မေးမြန်းသူများ များလာသည်။

ကျွဲပျောက်၊ နွားပျောက်၊ ဥစ္စာပျောက်။ ကျန်းမာရေး၊ လူမှုရေး၊

ပွားရေး လာမေးမြန်းကြ၏။ စိတ်လိုလျှင် ပြောချလိုက်၏။

ပြောသည့်အတိုင်း အဖြစ်များ၏။

တစ်နေ့ မိန်းမချောတစ်ယောက် ကိုယ်ပိုင်ကားကြီးနှင့် ရောက်

လာ၏။

"ဆရာကို မေးချင်လို့ပါ"

"မမေးနဲ့. . . တစ်ခါတည်း ပြောလိုက်မယ်"

"ရှင်. . ."

"ညည်း. . . ယောကျ်ားကိစ္စ မဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ် ဆရာ၊ သူ မိုးကုတ်ကို အရောင်း

ဝယ်ကိစ္စနဲ့ ခရီးသွားနေတာ (၁၀)ရက် ရှိပါပြီ၊ ဘာသံမှ မကြားလို့ပါ"

"ညည်း နာမည်"

"မကျော့ကျော့ရှိန်ပါ ဆရာ"

"မကျော့ကျော့ရှိန်. . ."

"ရှင် ဆရာ"

"ညည်းယောကျ်ား. . . သေပြီ"

"ရှင်. . . ဟုတ်. . . ဟုတ်ရဲ့လား. . . ဆ. . . ဆ. . . ရာ"

သို့ကလို ပြန်မေးတော့ ဒိုးကလေးက ထိုင်ရာမှ ထသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပျက်များကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

မကျော့ကျော့ရှိန် မိုးကုတ်သို့ လိုက်၍ စုံစမ်းမေးမြန်းသောအခါ သူမယောကျ်ားသည် ငွေများ အလုံခံပြီး တေးနှင့်တိုးသတ်ခံရကာ ချောက်ထဲမှာ ပုတ်ပွနေသည်ကို သိရှိခဲ့ရသောအခါ. . .။

♛ ♛ ♛

(၄)

တစ်ခါလည်း နာမည်ပိုကြီးသွားသေး၏။

ပိုက်ဆံရှိ မိန်းမပျိုတစ်ယောက် မိခင်သားချင်းများနှင့်ရောက်လာ၏။

"အိမ်ထောင်ရေးကိစ္စမေးချင်လို့ပါ ဆရာ"

"ယောကျ်ားယူမလို့မဟုတ်လား"

"ရှင်. . . ဟုတ်. . . ဟုတ်ပါတယ် ဆရာ"

"မင်း ဘာနေ့သမီးလည်း"

"စနေသမီးပါ ဆရာ"

"ညည်း. . . အမျိုးသားကရော"

"ကြာသာပတေးသားပါ ဆရာ"





"စေ့စပ်ပြီးပလား"

"ဟုတ်ကဲ့. . . နေ့ကောင်းရက်သာလေး"

"မင်းတို့ ဒီတစ်သက်လုံးဝမညားဘူး"

"ရှင်. . . ဘာ. . . ဘာကြောင့်ပါလဲ ဆရာ. . . ဟင်း. . . ဟင်း ဘယ်လိုယတြာများလုပ်ရင် ရနိုင်မလဲဆရာရယ်. . . သူက သဘော်သား မို့ပါဆရာ. . . ကူညီပါ ဆရာရယ်. . . ကူညီခဲ. . ."

"ဘာယတြာမှ မလုပ်ပါနဲ့. . . ပြန်တော့"

"မဟုတ်သေးဘူးလေ ဆရာ. . . တစ်ခုခု"

"ဒိုးကလေး ထိုင်ရာမှထသွားခဲ့သည်။ သူမတို့ ပါးစပ်ဟောင်းလောင်းနှင့်ကျန်ရစ်ခဲ့သည်။

"အဲဒီ မင်္ဂလာပွဲရော. . . အောင်မြင်ခဲ့ရဲ့လား ကိုကျွဲကြီးရဲ့"

ကျွန်ုပ်က ဇာတ်ကြောင်းပြောသူ ကိုကျွဲကြီးကို မေးကြည့်လိုက်၏။

"မအောင်မြင်ပါဘူး ကိုညို"

"ဘာဖြစ်လို့လဲ"

"ကောင်မလေးနဲ့ စေ့စပ်ထားတဲ့သဘော်သား (-----)နိုင်ငံမှာ အရက်မူးလွန်ပြီး ရေထဲပြုတ်ကျလို့ ကွယ်လွန်သွားတယ်လေ. . ."

"အို. . . ဖြစ်ရလေဗျာ"

"အဲဒီလို အဖြစ်အပျက်မျိုးကစပြီး. . . ကိုဒိုးကလေးကို 'ရှင်သေ မင်း'လို့ အရပ်က ခေါ်လိုက်ပါရောလား ကိုညို. . ."

ကျွန်ုပ် ကြားသိလေ့လာရသလောက် သေရွာပြန် ကိုဒိုးကလေးသည် အကောင်းကိုလည်း ဟော၏။ အဆိုးကိုလည်း ပြော၏။

အဆိုးနိမိတ်ကို ဟောလျှင် ကွက်တိဖြစ်သည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ. . . သေကိန်း မျက်ကိန်းကို ဟောလျှင် ပြောလျှင် မှန် နေ၏။ သို့ဖြစ်၍ သူနှင့် မည်သူမျှ မျက်နှာချင်း မဆိုင်ရဲကြ။ မမေးလျှင် လည်း စေတနာစကားလိုလို၊ မေတ္တာစကားလိုလိုနှင့် ခေါ်၍ ဝင်၍ ပြော လေ့ရှိရကား သူ့ကို လူတိုင်းက ကြောက်ရွံ့ကြသည်။

သူ့ကြောင့် အကျိုးပေးသူများကား သူ့ကို လွန်စွာ ကျေးဇူးတင် ကြ၏။ သူ သတိပေးချက်ကြောင့် အသက်အန္တရာယ်ကင်းကြသူများ ရှိဖူးရကာ ဒိုးကလေးကို ယုံကြည်ခလေးစားသူများလည်း ရှိကြလေ၏။

တစ်ခါမျာ. . . ရပ်ထဲက ပွဲစားကြီး ဦးကြွယ်ဝ နှလုံးရောဂါဖြစ် ၍ အထူးကုဆေးရုံမှာ ငွေကုန်ကြေးကျခံပြီး ကုလိုက်ရာ ရောဂါသက်သာ ၍ ပြန်ဆင်းလာ၏။

သမ်းလျှောက်၏၊ လက်ဖက်ရည်ဆိုင် ထိုင်၏။ ဟောင်ဖွာမောင် ဖွာ လုပ်၏။

တစ်နေ့ ကိုဒိုးကလေးနှင့် လက်ဖက်ရည်ဆိုင်မှာ ဆုံကြ၏။

လူကြီးကလည်း လူရွှတ်ကြီး ဖြစ်၏။

"ဟော့. . . ဒိုးကလေး"

"ဗျာ. . ."

"မင်းက သူများသာ ဘယ်နေ့သေမယ်. . . ဘယ်နေ့ ဘာဖြစ်မယ် ပြောနေတယ်. . . မင်းရော ဘယ်နေ့ သေမှာလည်းကွ. . . ဟေ"

"သေချင်တဲ့နေ့ သေမှာပေါ့. . . ဦးလေးရ"

"အမ်မာ. . . မင်း. . . က. . . ကိုယ့်အလှည့်ကျတော့ ရှောင် တယ်ပေါ့၊ ကဲ. . . ဒါဆို ငါ မေးမယ်ကွာ. . . ငါ ဘယ်နေ့ သေမှာလဲ ပြောစမ်း. . ."

လူရွှတ်ပွဲစားကြီးရဲ့ စကားကြောင့် အနီးရှိ လက်ဖက်ရည်ဆိုင်မှ





လူများပါ မျက်လုံးများ ကျယ်ပြီး လှမ်းအာရုံစိုက်လိုက်ကြ၏။

"မပြောပါရစေနဲ့ ဦးလေးရာ"

"ပြောစမ်းပါ. . . ရဲရဲပြောပါ၊ ဟုတ်မဟုတ် သိချင်လို့ပါ"

"သိလို့. . . သေခဲ့ရင်ရော ဦးလေး ဘာလုပ်လို့ ရမှာမို့လဲဗျာ"

"မင်းဟောချက်မှန်ရင်. . . 'ချက်' တစ်စောင် ကြိုရေးပေးခဲ့ပြီး ဂုဏ်ပြုချင်လို့ပါ၊ နိမိတ်ဟော ဆရာကြီးရ. . . အဟတ်. . . အဟတ်"

လူကြီးက ကိုဒိုးကလေးကို ကြည့်၍ လှောင်သလိုလို ပြောလိုက် ၏။

"ကဲ. . . ပြောကွာ. . . ဟောကွာ"

"မလုပ်ပါနဲ့ဗျာ. . ."

"မင်း. . . ညာလို့ငါးဖြီးစားနေတာပါ ဒိုးကလေးရာ"

ဒီလိုအပြောခံလိုက်ရတော့ ကိုဒိုးကလေး မျက်နှာပျက်ပြီး နီရဲ သွား၏။

"ဦးလေး"

"ဘာတုံး. . . မောင်ဖြီးနီး"

"ဦးလေး ဒံပေါက်မစားနဲ့"

"အရမ်းကြိုက်တဲ့ပေါ့ မောင်ရာ. . . စားရင် ဘာဖြစ်မှာလဲ ဖြီးပါဦး"

"စားတဲ့နေ့. . . သေပြီဗျ"

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား၊ ဟော့ လက်ဖက် ရည်ဆိုင်က လူတွေ ကြားတယ်နော်၊ ငါကို ဒံပေါက်စားရင် သေပြီတဲ့၊ ဟား. . . ဟား. . . ဟား. . . ဟား"

ပြောရလျှင် အရပ်ကလူများ၊ လက်ဖက်ရည်ဆိုင်ရှိလူများသည် ပွဲစားကြီး ဦးကြွယ်ဝ၏ လှိုက်လှိုက်လှဲလှဲ ဟက်ဟက်ပက်ပက် ရယ်သံကို



www.burmeseclassic.com

www.burmeseclassic.com



ဒါနောက်ဆုံး ကြားရခြင်းပဲ ဖြစ်၏။

အကြောင်းကား. . .

တနင်္ဂနွေနေ့ နံနက် (၉)နာရီထိ၊ ပွဲစားကြီး ဦးကြွယ်ဝ ဦးနှောက်သွေးကြောပြတ်၍ သေဆုံးသွားသောကြောင့် ဖြစ်၏။

သေသည့်နေရာကား အလှူ့အိမ်ထမင်းဝိုင်းမှာ ဖြစ်၏။

ထိုနေ့က အလှူ့အိမ်မှာ ဒံပေါက် ကျွေး၏။ ပွဲစားကြီး ဒံပေါက်နှစ်ပွဲ စား၏။ စားပြီး ရေခဲမုန့်ကို ဆက်စားနေစဉ် မူးတယ် မူးတယ်ဆိုပြီး အရုပ်ကြိုးပြတ် လဲကျကာ နေရာတင် ပွဲချင်းပြီး သေဆုံးသွားခြင်း ဖြစ်သည်တဲ့. . .။

♛ ♛ ♛

(၃)

ကျွန်ုပ်နှင့် ကြိုတင်နိမိတ်ဟောဆရာ သေရွာပြန် ဒိုးကလေးတို့ ကိုကွဲပြီး ကောင်းမှုနှင့် ပက်ပင်းဆုံကြ၏။

ကိုဒိုးကလေးသည် အသက်(၅၀)ခန့် ရှိ၏။ ပိန်ပိန်ပါးပါး ဖြစ်၏။ ဆံပင်ထက်ခြမ်းခွဲနှင့် သပ်သပ်ရပ်ရပ် နေ၏။ အရက်မသောက်တော့ဟု သိရ၏။

"ကိုဒိုး. . . ဒါ စာရေးဆရာ ကိုညိုကွန့်တဲ့၊ ကိုဒိုးအကြောင်း





စိတ်ဝင်စားလို့ ခေါ်လာတွေ့တာဗျ"

"တွေ့ရတာ ဝမ်းသာပါတယ် ဆရာ၊ . . ဆရာ ဘာများ သိချင်လို့ပါလဲ ခင်ဗျာ"

"ကိုဒိုးက. . . သေရွာပြန်လို့ သိရကြားရပါတယ်"

"အမှန်ပါပဲ ဆရာ. . ."

"ခင်ဗျားရဲ့ ကြိုတင်နိမိတ် အကြားအမြင်များကလည်း အတိတ်ထိကို မှန်တယ်လို့ ကြားရပါတယ်. . . ဒါ အမှန်ပဲလား ဟင်"

"မှန်တော့မှန်နေကြတာပဲ ဆရာ"

"မသိလို့ မေးပါရစေ ကိုဒိုးကလေးရာ၊ ဘယ်လို ကျင့်စဉ်များကြောင့် ဒီလို အကြားအမြင်များ ရပြီး ဟောပြောနိုင်ရတာလဲ ခင်ဗျာ"

ထိုအချိန်တွင် ကျွန်ုပ်တို့ စကားဝိုင်းရှိရာသို့ ရသေ့လို ယောဂီဝတ်တစ်ဦး၊ ကလေးငယ်တစ်ဦးနှင့် ဆံပင်ဂုတ်ထောက် တိုက်ပုံရင်ကွဲအင်းစမခံ ရပ်ဘာတ်ပုံဆိုးအကွဲ. . . ညစ်ပေပေ လူကြီးတစ်ဦး ပေါင်းသုံးဦးဝင်ရောက်လာကြ၏။

ညွှဲ့သည့်များဖြစ်၍ ကိုဒိုးကလေးက ထိုင်ရန်နေရာ ပြလိုက်၏။

"ညွှဲ့သည့်များလား ခင်ဗျ"

ဒီမှာ ရသေ့လို ယောဂီကြီးက. . .

"ဟုတ်ပါရဲ့ မောင်ရင်လေးရယ်"

"အချိန်ရရဲ့လား. . . ဦးရသေ့"

"ရပါတယ်. . . မောင်ရင်လေးရယ်"

"ရရင် ခဏလေး စောင့်ပါနော်၊ ဒီက စာရေးဆရာကြီးနဲ့ စကားနည်းနည်း ပြောချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ. . . ပြောပါကွယ်"

ဒီမှာ တိုက်ပုံရင်ကွဲ မုတ်ဆိတ်ဖွားဖွား ဆံပင်ရှည်ရှည် အင်း ကွက်များနှင့် အသက် (၇၀)ခန့် လူကြီးက လွယ်အိတ်ညှိထဲမှ ကွမ်း ကြီးကို ဖြည်ပြီး ကွမ်းယာ၍ ဝါးကာ ကျွန်ုပ်တို့ စကားဝိုင်းကို နား ၍နေ၏။

"စောစောက စာရေးဆရာကြီး မေးတာကို ပြောရရင် ထူး အလွန် ထူးဆန်းပါတယ် စာရေးဆရာ၊ ကျွန်တော် အရက်မူးလွန် နှံ့သုံးရက် မေ့မြောနေတယ်၊ မိန်းမနဲ့ အရပ်က သေပြီဆိုပြီး ခေါင်းချ လိုက်ကြပါပြီ. . . ဒီအချိန်မှာ ကျွန်တော့်ရဲ့ စိတ်ဝိညာဉ်ဟာ ခန္ဓာကိုယ် ကနေခွာပြီး မှောင်မည်းနေတဲ့ နေရာကို ရောက်သွားတယ်၊ ကျင်း ကြီးလိုပဲ. . . အဲဒီအောက်က စူးရှနာကျင်ပြီး ကြောက်လန့်ဟကြား အော် သံများကို ကြားနေရတယ်. . .

ကျုပ်. . . ကြောက်လွန်းလို့ 'ဘုရား'ကို တ,လိုက်ချိန်မှာပဲ ဂု ကိုဆွဲပြီး မ,တင် ဆွဲတင်လိုက်သလို ခံစားရလို့ မြေကြီးပေါ်ကို ရော သွားရော သျှောင်တစောင်းနဲ့ အဘိုးအိုတစ်ဦးကို တွေ့ရတာပဲ၊ ဝတ် စင်ကြယ်ဝတ်နဲ့. . ."

"ဟေ့ကောင် လူမိုက်. . ."

"ခင်. . . ခင်. . . ဗျာ. . . အ. . . ဘိုး"

"မင်း. . . သိပ်. . . ကြောက်. . . နေပြီလား"

"ကြောက်. . . ကြောက်. . . တယ်. . . အဘိုးရေ၊ 'ကျွန်တော် ကို ဂရုစိုက်ပါ ခင်ဗျာ"

"မင်းကို ငါကယ်မှာထက်. . . မင်းကိုယ်မင်း ကယ်ရမှာကွ"

"ဘုရား. . . ဘုရား"





"အေး. . . အဲဒီ ဘုရားတ,သံကြောင့်. . . ဒီကျင်းနက် ငရဲတွင်း ကို မရောက်သေးတာပဲ၊ မင်း အခု ပြန်ဆင်းမလား. . ."

"မ. . . မ. . . ဆင်း. . . ပါ. . . ရ. . . စေနဲ့. . . အဘရယ် ဟီး"

"အေး. . . မဆင်းချင်ရင် ဒီနေ့ကစ အရက်မသောက်နဲ့ ကြား လား"

"ဟုတ်. . . ဟုတ်. . . ကဲ့. . . ခင်ဗျ"

"မင်းနေရာ မင်း ပြန်တော့. . . ကောင်းသောစကားကို ပြော၊ မကောင်းသောစကားကို မပြောနဲ့၊ ကုသိုလ်ကောင်းမှုလုပ်၊ သွားတော့"

သို့ကလို ပြောပြီး လက်ထဲက တောင်ဝှေးလို အရာနဲ့ ဦးခေါင်း ကို တို့လိုက်တာ မျက်လုံးထဲ ဝင်းခနဲ ဖြစ်ပြီး ပြန်သတိရလာရော မျက်နှာပေါ် အုန်းရေပက်လို့ မြေမြှုပ်ကာနီး ဖြစ်နေတာပဲဗျာ။

အဲဒီလို သေရွာက ပြန်လာပြီး နောက်ပိုင်း အရက်မသောက် တော့ဘူး။ မိန်းမရော အသိတွေရော ကြောက်လို့ အဝင်မခံတာနဲ့ ဘုန်း ကြီးကျောင်း ကပ်နေပြီး ပုတီးစိပ်နေတာပဲ။ ဒီမှာပဲ ထူးဆန်းတဲ့အာရုံများ ရုတ်ချည်းရလာပြီး ဟောချင်ပြောချင်တာနဲ့ ပြောလိုက်ဟောလိုက်တာ နောက်ဆုံး အကြားအမြင်ဆရာလိုလို ဖြစ်ပြီး အံ့သြကြ၊ ရှုံ့ရာကြ ကြောက်လန့်ကြနဲ့ သတင်းကြီးခံရတာပါပဲဗျာ"

"ဒါဆို. . . မေးခွန်းတစ်ခု မေးပါရစေ ကိုဒိုးကလေးရယ်"

"မေးပါ စာရေးဆရာ. . . မေးပါ"

"သူတစ်ပါးရဲ့ အကောင်းအဆိုးအဖြစ် အနာဂါတ်ကို လည်း ကောင်း၊ ယုတ်စွအဆုံး သေဆုံးနိုင်မည့် အခြေအနေထိ ပြောနိုင်တယ် နော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောချင်စိတ်က မထိန်းနိုင်အောင် ဖြစ်လို့ ပြောရတာ

"ကောင်းပြီ. . . ဒါဆို ကိုဒိုးကလေးရဲ့ အနာဂါတ်၊ ဒါမှ

ကိုဒိုးကလေး ဘယ်နေ့ သေနိုင်မယ်ဆိုတာကိုရော မဟောနိုင်

ဘူးလား"

"အေးဗျာ. . . ဘာကြောင့် သူများတွေရဲ့ အနာဂါတ်ကို

နီးပါး နိမိတ်စကားကို ပြောနိုင်မှန်း ကျွန်တော့်ကိုယ် ကျွန်တော် စဉ်း

မရဘူး။ ပြောချင်တိုင်းလည်း ပြောလို့မရဘူး. . . ပြောချင်စိတ်

လာရင်လည်း နေလို့ထိုင်လို့ မရဘူး. . . နောက်ဆုံး ထူးခြားချ

ကျွန်တော် ဘယ်နေ့ဘာဖြစ်မယ်ဆိုတဲ့ ကျွန်တော့်ရဲ့ အနာဂါ

ကျွန်တော် လုံးဝ မသိမမြင် မပြောနိုင်တာပါပဲဗျာ. . ."

ဒီလို ကျွန်တော်တို့ စကားကောင်းနေတုန်းမှာ ထိုင်နား

နေသည့် လူသုံးယောက် အုပ်စုမှ တိုက်ပုံရင်ကွဲ အင်းစမကွက်

ဆံပင်ရှည်ရှည် အဘိုးကြီးက ဝင်၍ ပြောလိုက်၏။

"ကျုပ်. . . နည်းနည်းလောက် ဝင်ဆွေးနွေးအကြံပြုလို့ ရ

ခင်ဗျာ"

"ပြောပါ ဆွေးနွေးပါ ခင်ဗျာ. . ."

"မောင်ရင်ဟာ သေရွာပြန်ဘဝကနေ ထူးဆန်းတဲ့ အာရုံ

မျိုးကို ကံထူးစွာ ရခဲ့တာပဲ၊ ကံကောင်းစွာ မဟုတ်ဘူးနော်၊ သူ

အကြောင်းကို သိပြီး ကိုယ့်အကြောင်း ပြန်မဟောပြောနိုင်ရင်

ပြောနိုင်တဲ့သူကို မေးသင့်တယ်"

"မေးသင့်တယ်. . ."

"သိပ်မေးသင့်တာပေါ့. . . အနီးစွအမြဲမရှိတဲ့။ ဘယ်နေ့ ကျွ

ဘယ်လိုသေရမယ်ဆိုတာ အလွန်ကို အာရုံထူးဆန်းတဲ့ ပုဂ္ဂိုလ်နဲ့ လက





ခင်ပညာရှင်များသာ ရာနှုန်းပြည့်နီးပါး ပြောနိုင်တာကို၊ အဲဒါကို ကြိုသိ

ရင် နောင်ဘဝကူးကောင်းဖို့ ကြိုပြင်ဆင်သင့်တာပေါ့ မောင်ရင်

ကလေးရဲ့"

"ဆရာကြီးက ဘယ်သူလဲ ဟင်"

ကျွန်ုပ်အပါအဝင် ကိုဒိုးကလေးက လေးနက်သော စကားကို

လာသည့် လူစိမ်းအဘိုးအိုကို ကြည့်လိုက်ကြ၏။

"ငါဟာ. . . ငါမဟုတ်ဘူး"

"ဗျာ. . . ကျွန်တော် နားမလည်ဘူး ဆရာကြီး"

"ငါဟာ ငါ မဟုတ်ဘူးဆိုတာ. . . လောကမှာ ငါမရှိဘူးလို့

နေလို့ပဲ၊ 'ငါ'လည်း မမြဲဘူး၊ 'သူ'လည်း မမြဲဘူး။ မမြဲတဲ့ဘဝမှာ

သယောင်အသိနဲ့ ရှုန်းကန်နေကြတာ. . . ငါတို့အားလုံး သေလူချည်းပဲ

ပ်းကွာ. . . နာမည်ကျော် နိမိတ်ဟောဆရာ မောင်ဒိုးကလေး၊ မင်း

လက်ဝါး"

"ဒီမှာပဲ ကိုဒိုးကလေးဟာ အမိန့်ပေးခံလိုက်ရသည့်ပမာ သူ့

လက်ဝါးကို ဆံရှည်ဦးတိုက်ပုံကြီး ရှေ့သို့ ဖြန့်ခင်းပြလိုက်၏။

အဘိုးကြီးက လက်ဝါးပြင်ကို သေသေချာချာ ကြည့်၏၊ ပြီး

သက်ကို မေးပြီး နေ့ကို မေး၏၊ လက်ဝါးကို သူ့လက်ညှိုးနှင့် ထောက်

အာရုံပြု၏။

"အင်း. . . အာယုလည်းပြတ်၊ စန်းလည်းပြတ်၊ ကြွင်းလည်း

တ်၊ နဝင်းလည်း ပြတ်နေပြီကို. . . မောင်ဒိုးကလေး"

"ခင်ဗျာ. . ."

"ဒီနေ့ ဘာနေ့လဲ"

"ဒီနေ့ တနင်္ဂနွေနေ့ပါ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ. . . ဒီနေ့ တနင်္ဂနွေနေ့ည (၇)နာရီခွဲ. . . 'သော

အခါ' အချိန်ကစ၍ ဘုရားရှင်ကို နေ့စဉ် ရေသပ္ပာယ်ပြီး. . . ပုတီး

ဂုဏ်တော်များကို ပွားများပါ။ ဘာဝနာပွားပါ။ ရဟန်းသံဃာ၊ ဆ

နွမ်းပါးသူများကို ကုသိုလ်ကောင်းမှုပြု ပေးလှူပါ"

"ဘယ်နေ့အထိပါလဲ ခင်ဗျာ"

"မင်းရဲ့မွေးနေ့. . . စနေအထိ"

"ဘာဖြစ်လို့ပါလဲ ဆရာကြီး"

"မင်းရဲ့ အနာဂါတ်အတွက်ပါ. . . တို့သွားမယ်"

"နေ. . . နေ. . . ပါဦး ခင်ဗျာ၊ ဆရာကြီးတို့ ဦးရသေ့ကြီး

ဘယ်ကပါလဲ ခင်ဗျာ. . . အမည်ရော ဘယ်လိုခေါ်ကြပါသလဲ"

"ဒါတွေ မမေးပါနဲ့ကွာ. . . မင်း ငါတို့သုံးယောက်ရဲ့ အနာ

ကို သေသေချာချာ ဟောနိုင်မလား. . . ကြည့်စမ်း"

ကိုဒိုးကလေးက ရသေ့ကြီး၊ ဦးတိုက်ပုံဆံရှည်နှင့် သျှောင်

ကလေးငယ်ရဲ့ မျက်လုံးများကို စိုက်ကြည့်၍ အာရုံခံလိုက်၏။

"ရမလား. . ."

"ဟင့်အင်း ခင်ဗျ. . ."

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား. . . ဒီမှာ

ဒိုးကလေး လူသတ္တဝါတိုင်း အနိစ္စ အမြဲမရှိဘူးကွ၊ အားလုံး သ

သားကောင်ချည်းပဲ၊ ငါပြောတဲ့အတိုင်းသာလုပ်. . . မင်း ဘဝကူးကော

ပြီဟေ့. . ."

သို့ကလို ပြောပြီး ကလေးငယ်ကို လက်ဆွဲ၍ ရော

သုံးယောက်သား ထွက်သွားကြလေသည်။

ကျွန်ုပ်တို့လည်း ထူးဆန်းသော လူသုံးဦး အကြောင်း ပို





သွားနေ့ ပြောဆိုပြီးနောက် လမ်းခွဲလိုက်ကြ၏။

ကျွန်ုပ်လည်း မဂ္ဂဇင်းအလုပ်ကိစ္စများ များပြားနေ၍ ကိုကျွဲကြီး

ထံသို့ မရောက်ခဲ့တာ တစ်ပတ်ခန့် ရှိသွား၏။

ဒါပေသည့် ကိုကျွဲကြီး ရောက်လာခဲ့သည်။ သူရောက်သည့်နေ့

က တနင်္ဂနွေနေ့။

"ဆရာညို. . . ဆရာညို"

"ဟော. . . ကိုကျွဲကြီးပါလား. . . လာဗျာ. . . လက်ဖက်ရည်

သောက်ဦး"

"မသောက်တော့ဘူး. . . အရေးကြီးစကား ပြောစရာရှိလို့ လာ

တာ"

"ဘာများလဲ ကိုကျွဲကြီးရ. . ."

"ကိုဒိုးကလေး. . . ဆုံးသွားပြီဗျာ"

"ဟေ. . . ကိုဒိုးကလေး ဆုံးသွားပြီ၊ ဘယ်နေ့ကလဲဗျာ"

"စနေနေ့ည သန်းခေါင်ကျော်မှာတဲ့. . . ပက်လက်လှန်ပုတီးစိပ်

ရင်း ကွယ်လွန်သွားတာတဲ့ဗျာ. . ."

"ဟင်. . . ဖြစ်ရလေဗျာ၊ ဟိုအပတ်ကပဲ အကောင်းကြီးဥစ္စာ"

"အင်း. . . အနိစ္စ အမြဲမရှိပဲကိုး ဆရာရယ်"

ဟုတ်လိုက်လေ. . . ဟိုအဘိုးကြီးများပြောသလို အနိစ္စ အမြဲ

မရှိပါကလား၊ လူသတ္တဝါတိုင်း သေခြင်းတရားချည်းပါကလား။

ဘယ်လိုအသိပညာနှင့်ပင် ဟောဟောပြောပြော သေချိန်တန်၍

သေနေ့စေ့လျှင် မုချမသွေ သေကြရမည်သာ။

သို့သော် သေခြင်းတရားကိုကို ကြို၍ နိမိတ်ပေးကြသူများ ပညာရှင်

များကား အံ့ဖွယ် ဆဋ္ဌမအာရုံပိုင်ရှင်များပေပဲလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် . . .

စိတ်ပညာရပ်၏ ဆန်းကြယ်ထူးဆန်းသော အာရုံထူးများ

ဒါဆို ဟိုတိုက်ပုံရင်ကွဲနှင့် အဘိုးကြီးကရော . . .။

မည်သို့ရှိကြစေ . . .

ထိုအဘိုးကြီး၏ ကြုံတင်သတိပေး ဆုံးမစကားကြောင့်

အနာဂတ်ကို ကိုယ် ကြိုတင်မသိသော နိမိတ်ပြောဆရာ ကိုဒိုး

တစ်ယောက် ကုသိုလ်ကောင်းမှုများဖြင့် ဘဝကူးကောင်းသွားနိုင်

တွေးတောရင်း ကိုကွဲကြီးနောက်မှ လိုက်ပါလာချေမိတော့လေသ

◆ မောင်ညိုမှိုင်း (သန့်

သည်းထိတ်ရင်ဖို၊ ၂၀၀၇ခုနှစ်၊ နိုဝင်ဘာ

ဘာတိုက်ပုံဦးရာကျော်နှင့်
မကောင်းသူပဲ သင်ကောင်းသူကယ်



www.burmeseclassic.com

www.burmeseclassic.com

## ဘတိုက်ပုံဦးရာကျော် မကောင်းသူ့ပယ် ကောင်းသူ့ကယ်

နယ်တစ်နယ်မှာပဲဖြစ်စေ၊ မြို့တစ်မြို့မှာပဲဖြစ်စေ၊ ရွာတစ်ရွာမှာပဲဖြစ်စေ လူတိုင်း အော့နှလုံးနာ ကြောက်ရွံ့ထိတ်လန့်ရတဲ့ လူဆိုး၊ လူသွမ်း၊ လူရမ်းကား၊ လူမိုက်ဟာ အနည်းငယ်တော့ ရှိကြစမြဲဖြစ်သည်။

မြို့ဂိတ်၊ ရဲစခန်း၊ အုပ်ချုပ်ရေး နီးကပ်သည့် နေရာမှာ ဒီလို လူစားမျိုး နေဝင်ချိန်မြန်သော်လည်း အုပ်ချုပ်ရေး အလှမ်းဝေးသည့် ဒေသများမှာမူ သူတို့လို လူစားများသည် မင်းမူရမ်းကားချင်တိုင်း ရမ်းကား၍ အနိုင်အထက် ပြုနေကြစမြဲ ဖြစ်၏။

ခုလည်း တံငါရွာလေးမှာ လူမိုက်တစ်ဦး သောင်းကျန်းဆိုးသွမ်းနေသည်။

သူ့နာမည်က ငှက်ကြီးတောင် အုန်းပေါက်။





အုန်းပေါက်သည် သူ၏ မူလနာမည်ရင်း ဖြစ်၏။ သူကား သုံးထောင်ပြန်လူမိုက် ဖြစ်၏။ ရုပ်ပုံက အသားမည်းမည်း အရပ်မြင့်မြင့်၊ ရင်အုပ်ကျယ်ကျယ်၊ ပါးမြိုင်းမွေး ရင်ပတ်မွေးမည်းမည်းနှင့် ခြေခံကြီး လက်ခံကြီး ရှုတွားကြီး။

အုန်းသီးအစိုပဲဖြစ်ဖြစ်၊ အုန်းသီးအခြောက်ကိုပဲဖြစ်ဖြစ် မြေကြီးမှာချပြီး လက်သီးနှင့် ထိုးလိုက်လျှင် အုန်းသီး ထက်ခြမ်းကွဲသည်။ အုတ်ခဲတော့ မပြောနှင့်တော့။ စိတ်မထင်လျှင် အစာစားနေသည့် နွားသိုးကို လည့်လိမ်ချိုးသတ်ပစ်၏။

ကျောက်ကြီးကုန်း၊ လက်ပံနှစ်ပင်၊ ခရေကုန်း၊ သာဂရ မင်းရွာစသည့် ကျေးရွာမှာ လူတိုင်းကြောက်ရသည့် လူမိုက်ဖြစ်သည်။ အသက်က (၄၀)ခန့် ရှိပြီ။

နွားခိုးမှု၊ လက်ရောက်မှု၊ ဓားခုတ်မှုနှင့် ထောင်အကြိမ်ကြိမ် ကျခဲ့၏။ ထောင်က ထွက်လာလျှင် ငှက်ကြီးတောင်ဓားတစ်ချောင်း ပြန်ရှာကိုင်ပြီး တံငါလုပ်သူများ၊ ငါးရွဲဒိုင်များ၊ အရက်ရောင်းသူများ၊ ထန်းရည်ဆိုင်များ၊ ဖဲဝိုင်းများမှာ ဆက်ကြေးလိုလို မိုက်ကြေးလိုလို တောင်း၏။

အရက်ဆိုင်များသည် သူတောင်းသည့် ပိုက်ဆံကို ပေးချင်သည်။ အရက်ကို မတိုက်နှင့်။ သို့သော် သူက အရက်ပါသောက်သည်။ တစ်ခါသောက်လျှင် သုံးပုလင်း။ ချက်အရက် သုံးပုလင်းမှ ငါးပုလင်းအထိ ထိုင်ရာမထ နေကုန်သောက်၏။ သောက်ပြီး ပိုက်ဆံမပေး။ အမြည်းတောင်း၍ မရလျှင် ဆိုင်ပေါ်ရှိသမျှပစ္စည်း အကုန်ရိုက်ခွဲ၍ ဆိုင်ရှင်ကို ပါးနားရိုက်သေးသည်။

သူကြီးကို မတိုင်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြီးပင် သူ့ကို လန့်နေရ၏။ ဘာကြောင့်မှ ဓားကြိမ်း ဓေ တိုင်း ကြိမ်းနေ၍ ဖြစ်၏။ မြို့ဂတ်မှ တာဝန်ရှိသူများ ရွာရောက်လာလျှင် ငှက်ကြီးတောင် အုန်းပေါက်တို့က လျှင်သည်။ ချက်ချင်း ကိုယ်ယောင် ဖျောက်၍ လစ်သွား၏။

ရဲအမှုထမ်းများ ပြန်သွားလျှင် သူ ချက်ချင်း ရောက်လာသည်။ သူ့အကြောင်း ဘယ်သူ သံတော်ဦးတင် ချွန်းတွန်းလုပ်သလဲ စုံစမ်းသည်။ သိလျှင် ရွာလယ်ခေါင် လမ်းလယ်ခေါင်မှာ ကန်ကျောက်ရိုက်နှက်၏။

အုန်းပေါက် နှိပ်စက်၍ လက်ကျိုး၊ ခြေကျိုး၊ ထိပ်ပေါက် ခေါင်း ကွဲ၊ ပစ္စည်းရှုံး၊ ကျွဲနွား သေရသည့် အကြိမ်ပေါင်းသည် ရွာတိုင်းလိုလို မှာ ရှိ၏။

သူ့လို လူမိုက် ထောင်ထွက်နှင့် ဘယ်သူမှ ယှဉ်မမိုက်ရဲတာ ကြာပြီ။

တစ်ခါလည်း ရွာအလှူမှာ ဆိုင်းပွဲသွင်းရာ အဆိုတော်မင်း သမီးနှင့် တွဲကမည်၊ မကာ ရလျှင် ဆိုင်းဆရာခေါင်းကို ဓားနှင့် လေးစိတ် ခွဲပစ်မည်ဆို၍ နောက်ဆုံး က,ခွင့်ပေးရကာ အသက်ငယ်ငယ်ချောချော မင်းသမီးခမျာ ကြောက်လွန်း၍ မျက်ရည်ပေါက်ပေါက် ကျခဲ့ရ၏။ ဆိုင်း ဆရာက နောင်များ ပိုက်ဆံဘယ်လောက်ပေးပေး ဒီအရပ်က အလှူနဲ့ မသာဆို လုံးဝ မလိုက်ဘူးဟု ပြောသွားခဲ့၏။

သူကြီးက ချောနေရ၏။ ရာအိမ်မှူးက လန့်နေ၏။

ဆယ်အိမ်ခေါင်းကား ပြောစရာမလိုတော့။ မူးလာလျှင် ပုဆိုး ကွင်းသိုင်း၍. . .

"ဟေ့. . . မင်းတို့တစ်ရွာလုံး သတ္တိရှိတဲ့ကောင် ထွက်၊ ဓားချင်း ယှဉ်ခုတ်မယ်. . . ငှက်ကြီးတောင် အုန်းပေါက်ကွ၊ ထွက်စမ်း"





ဘယ်သူမှ မထွက်ရဲ။ အသားလွတ်ဆဲသည်။ တွေ့ရာမြင်ရာ အိမ်ခြံတံခါးများကို ဓားနှင့်လိုက်ခုတ်သည်။

အုန်းပေါက် မူးလာတာမြင်လျှင် လူမဆိုထားဘိ ခွေးပါ ထွက် ပြေး၏။

တစ်ခါတော့. . .

ရွာဦးကျောင်းဆရာတော်က မနေနိုင်၍ အုန်းပေါက်ကို ဆုံးမ သည်။

"ဒကာကြီး အသက်လည်း ရနေပြီ၊ ဒုက္ခအစုံလည်း ကြုံခဲ့ရပြီး ပြီ၊ ကိုယ့်ဘဝကိုယ် ပြင်ပါတော့ ဒကာကြီး"

"ပြင်တော့ရော ဘာထူးမှာမို့လဲ. . . ဘုန်းကြီး ဘုန်းကြီးနေရာ မှာနေ၊ နေရာတကာ ဝင်မပါနဲ့၊ ကျုပ်က လူရော ဘုန်းကြီးရော ဂရုစိုက် တာ မဟုတ်ဘူး"

ထိုအချိန်မှစ၍ ရွာဦးကျောင်းဆရာတော် ဘာမှ မပြောတော့ ပါ။ မေတ္တာသာ ပို့ပေးလိုက်တော့သည်။

တလောကလည်း လင်သေပြီး မုဆိုးမလေး မကောင်းယဉ် အိမ်ပေါ် ညဘက်တက်၍ မကောင်းယဉ် လန့်အော်ပြီး ပြေးရသည်။

ကောင်းယဉ်အမျိုးများက တောက်တခေါက်ခေါက်။

သူကြီးဦးထွန်းမြက ချော့မော့ခေါ်ပေးတော့ အိမ်မှားတက်တာပါ ဟု ခပ်တည်တည် လုပ်လိုက်သေး၏။ ဘယ့်နှယ့်လုပ်မလဲ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

□

ကံကောင်းချင်တော့ တစ်နေ့ သူလို လူမိုက်တစ်ဦး ရွာသို့ ရောက်လာခဲ့၏ သူကလည်း ဝရမ်းပြေးဟု နောက်ပိုင်း သိရသည်။ နာမည်က ကြိုးပြုန်ငချိန်တဲ့။ ကြိုးဒဏ်မှ လွတ်သွားပြီး ရဲဘက်စခန်းမှ ထွက်ပြေးလာခဲ့သူဟု နောင်မှ သိရ၏။

သူတို့နှစ်ဦး ရွာတောင်ဖျားက ဝက်သိုးတို့ ထန်းရည်ဆိုင်မှာ ကြုံကြ၏။

ကြိုးပြုန်ငချိန်က ထန်းရည်သောက်နေသည်။ ဒီမှာ ငှက်ကြီးတောင် အုန်းပေါက် ဝင်လာပြီး ထန်းရည်ဆိုင်ပိုင်ရှင် ထွန်းဝကို လှမ်းအော်ခေါ်လိုက်၏။

"ထွန်းဝ"

ထွန်းဝကား ထန်းရည်ခြင်ရောင်းနေ၍ အုန်းပေါက်ခေါ်သည်ကို မကြားခဲ့။

"ဝုန်း"

"ဖြောင်း"





"ခွမ်း"

"ဂလွမ်း . . ဝွမ်"

မြူအိုးများ၊ ပုလင်းများ ကျည်တောက်များကို ဓားရှည်နှင့် မွှေးယမ်းပစ်လိုက်ရာ အားလုံး အပိုင်းအစ အကွဲအစိပ်များ ဖြစ်ကုန်တော့၏။

"ထွန်းဝ. . ."

"ဗျာ. . . ဆ. . . ရာ. . . အုန်းပေါက်"

ထွန်းဝ ဓားရှည်ကိုင်ပြီး မိုက်ကြည့်နေသည့် အုန်းပေါက်ကို ကြောက်ဒူးတုန်လျက် လက်အုပ်ချီပြီး မော့ကြည့်လိုက်သည်။

"မင်းက ငါ ခေါ်တာကို ဂရုမစိုက်တဲ့ အာခံသလို လုပ်တာပေါ့ ဟုတ်လား"

"မ. . . မဟုတ်"

"ဖြန်း. . ."

"အား. . . အ. . . အ"

"အင့်. . . အွတ်"

သည့်နောက် ခွေကျသွားသည့် ထွန်းဝရဲ့ အင်္ကျီရင်ဘတ်ကို ကိုင်ဆွဲမ,ပြီး. . .

"မင်းက ဘာတွေအရေးကြီးနေလို့ ငါခေါ်တာ မကြားရတာလဲ ပြော. . ."

"ဟို. . . ဟို. . . ညည်းသည် ထန်းရည်ထပ်မှာလို့ . . အဲ. . . အဲဒါ"

"ဘယ်ကောင်လဲ. . ."

"ဟို. . . ဟို. . . လူပါ"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဝ လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်ကာ သူ့လိုဗလမှိုင်းရှိ လူတစ်ယောက် မျက်နှာမှာ တဲခုတ်ရာ ကန့်လန့်အမာရွတ်နှင့်။ ထန်းရည် သောက်မပျက်။ ခပ်လှမ်းလှမ်းမှ ထန်းရည်သောက်နေသူများကား ခေါင်း ငုံ့ဖော်ရှိကြ။

"အဲဒီကောင်ကို သောက်ရရစ်ဂဲစေရာလားကွ၊ မင်း ငှက်ကြီး တောင် အုန်းပေါက်လာရင် ဘယ်လိုရရစ်ဂဲရမယ်ဆိုတာ နားလည်သားနဲ့ သောက်ရေးမပါတဲ့ ကောင်ကိုမှ ဦးစားပေးချင်တော့ ကိုင်းကွာ. . .ပေဦး"

"ဟောင်း. . ."

"အမလေးဗျ. . ."

ထန်းသီးလုံးခန့်ရှိသော လက်သီးမည်းမည်းကြီးက ထန်းရည် ဆိုင်ပိုင်ရှင် ထွန်းဝ မျက်နှာတည့်တည့်သို့ ကျရောက်ပြီး ထွန်းဝ စိမ်ရေ အိုးနံဘေးမှ ခွေလဲကျသွားတော့သည်။

သည့်နောက် အုန်းပေါက်က တစ်ခါမှ မမြင်ဖူးသော ထန်းရည် သောက်နေသည့် လူစိမ်းရှိရာသို့ သွား၍ ခါးထောက်ရပ်လိုက်ပြီး–

"ဟေ့ကောင် မင်းနာမည် ဘယ်သူလဲ"

"ချေနီ"

ထိုလူကလည်း သိပ်အရေးမစိုက်သလိုဂိုက်နှင့် ပြန်ပြောလိုက် တော့ အုန်းပေါက် အံ့သြသွား၏။

"မင်း ဘယ်နယ်သားလဲ ချေနီ"

"မင်းအလုပ် ဘာပါလို့လဲ ကိုယ့်လူ"

"ဟေ. . .ဒီလိုလား၊ ဟား. . .ဟား. . .ဟား၊ ဟေ့ကောင် ချေနီ ဒီနယ်တစ်ရိုးမှာ သုံးထောင်ပြန် ငှက်ကြီးတောင် အုန်းပေါက်ဆို တာ မင်းကြားဖူးလား၊ မြင်ဖူးလား"





"အဲဒါ ဘယ်ကောင်လဲကွ"

ချေနီကလည်း တစ်ခွန်းမခံ။ ထန်းရည်သောက်မပျက်မှ ပမာ မခန့် ပြန်မေးလိုက်သည်။ အနီးအဝေးရှိ အသောက်သမားများ အားလုံး လူမိုက်လူကြမ်း နှစ်ယောက်တော့ ဆုံကြပြီ၊ ဘာဖြစ်မလဲ မသိဘူးဟု ရင်တထိတ်ထိတ် ရှိနေစဉ်မှာပင်–

"အဲဒါ ငါကွ. . .ကိုင်းကွာ. . ."

အုန်းပေါက်ဟာ သို့ကလို ပြောရင်းကနေ လက်ထဲက ငှက်ကြီး တောင်ဓားနှင့် ချေနီဆိုသူရဲ့ ဦးခေါင်းကို ခုတ်အချ၊ ချေနီကလည်း သောက်လက်စထန်းရည်နှင့် အုန်းပေါက်ရဲ့ မျက်နှာကို လှမ်းပက်ပြီး ဟန်ချက်အပျက်မှာ ဓားကိုင်လက်ကို ခြေနှင့်ခတ်လိုက်ရာ ဓား လွင့်သွား သည်။

သည့်နောက် 'ချေနီကွ' 'အုန်းပေါက်'ကွနှင့် အောက်ပြီး နှစ် ယောက်သား ချလိုက်ရာ ထန်းရည်ဆိုင်မှ အသောက်သမားများ လန့် ၍ပြေးကြတော့၏။ လုံးတူ ဒေါက်တူမို့ လက်ရေးက တူနေသည်။

ရှိသမျှစားပွဲများ၊ ခုံများလည်း လွင့်စင်ကျိုးပဲ့ကုန်ပြီ၊ ဆိုင်ထဲ မှနေ၍ ဆိုင်ပြင် မြေပြင်မှာ လုံးကြသတ်ကြပြန်သည်။ ချေနီပုံစံက မြန်မာလက်ဝှေ့သမားပုံစံမို့ အုန်းပေါက်မျက်နှာမှာ အဖုအသီးများ ထ လာသည်။

အုန်းပေါက်ကလည်း ဓားရှည်ကို အရကောက်သည်။ ဓားရှည် ကို လှမ်းအကောက်မှာ ချေနီဆိုသူရဲ့ ဝိုက်ခြေဖမိုးက အုန်းပေါက်ရဲ့ နံနကို ထိပြီး 'အင့်'ခနဲ မြည်ကာ အုန်းပေါက် ခွေကျသွားတော့သည်။ အုန်းပေါက် နာကျင်လွန်း၍ လူးလွန့်နေ၏။

ဒီမှာ ချေနီဆိုသူက ငှက်ကြီးတောင် ဓားကို ကောက်ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



အုန်းရပေါက်ရဲ့ ဘယ်ဘက်ပါးနှင့် ညာဘက်ပါးကို တားသွားနှင့် နှစ်ချ မှန်းလိုက်ရာ သွေးများ ဖျာခနဲ ရဲခနဲ ကျလာပြီး အုန်းပေါက် သတိမေ့ မြောသွားတော့သည်။

မြင်ရသူ (၇)ရက်သားသမီးတို့ကား ဝမ်းသာလို့ မဆုံးကြ။

♛ ♛ ♛

❑

ငှက်ကြီးတောင်အုန်းပေါက်လည်း ရက်အတန်ကြာ ရွာမှ ပျောက်သွားသည်။ အချို့က တစ်နေရာမှာ ဓားရာကို ဆေးသွားကု သည်ဟု ထင်ကြေးပေးကြ၏။ အချို့က သူ့နိုင်လူပေါ်၍ ရွာမှ အပြီးအပိုင် ထွက်သွားသည်ဟု ဝေဖန်သုံးသပ်ကြ၏။

မည်သို့ဆိုစေ. . . ရွာသူရွာသား (၇)ရက် သားသမီးများကို ကောင်းကျိုးမပေးသည့် လူဆိုး လူမိုက်တစ်ယောက် ရွာမှ ပျောက်သွား သည့်အတွက် ပျော်လို့မဆုံးကြ။

ဘုန်းကြီးကျောင်းမှာ ဒီအကြောင်း၊ အသုဘမှာ ဒီအကြောင်း။





တော့ 'ငချိန်'ဆိုသူ သူ့ထက်သူ လူစွမ်းကောင်းအကြောင်း အားရပါးရ ပြောကြသည်မှာ ပုဂံရာဇဝင်ထဲက လူစွမ်းကောင်းများအကြောင်း။ ပျူစော ထီး မင်းသားအကြောင်း။ သူရဲကောင်း မောင်သန်လျင် အကြောင်း ပြောရဘိသကဲ့သို့ ကြုံတိုင်းဆုံတိုင်း ပြောလို့အားမရကြ။

သို့သော် နှစ်ပတ်ခန့်ကြာသောအခါ ကုလားဝဲချောင်းမှာ လူသေ အလောင်း တစ်လောင်း မျောတုံသက်တုံဖြစ်ပြီး ကိုင်းပင်ကြားလာကပ် နေ့ရ၍ သွားကြည့်ကြသောအခါ ပွနေသော လူသေအလောင်းတစ် လောင်းကို မမျှော်လင့်ဘဲ တွေ့ကြတော့၏။

သူကြီးအပါအဝင် ရွာသားများ လူသေအလောင်းတင်ရာမှ ဆွဲဖွေးလှုပ် ဝိုင်းကြည့်ကြ၏။ ထန်းရည်သမား အရက်သမား ကြက် သမား၊ ဖဲသမားများလည်း ပါကြ၏။ အားလုံးက လူမိုက်ငှက်ကြီးတောင် အုန်းပေါက် ဖြစ်ပါစေဟု ဆုတောင်းကြ၏။

သေသေချာချာ ကြည့်လိုက်တော့ သေသူ့ရဲ့ မျက်နှာပေါ်မှာ အနံ့လန့်ဖြတ် ဓားခုတ်ရာ အမာရွတ်ဟောင်းကြီးနှင့်၊ ဒဏ်ရာအသစ် အား သူ့ရင်ဝမှာ ဓားထိုးရာလို အပေါက်ပွကြီး တစ်ချက်။ ထွန်းဝတို့ သိုစ မှတ်မိသည်။ ဒါ အုန်းပေါက်အလောင်း မဟုတ်။ အုန်းပေါက်ပါးကို ဓားနှင့်မှန်းသွားသည့် 'ငချိန်'ဆိုသူရဲ့ အလောင်း။

များမကြာမီ မြို့ဂတ်မှ ရဲအမှုထမ်းများ ရောက်လာစစ်ဆေး လိုက်သောအခါ သေသူ ငချိန်အကြောင်း သိရတော့သည်။

'ငချိန်'ကား သာမန်ငချိန် မဟုတ်။ ကြိုးပြန်၊ ဝရမ်းပြေးငချိန် ဖြစ်သတည်း။ ဒါနှင့်အတူ ကြိုးပြန်ငချိန်ကို ဘယ်သူသတ်သလဲ၊ ဘယ်သူ မှ မသိ၊ မြင်လည်းမမြင်၊ ကြားလည်း မကြား။

နောက်တစ်လကြာသောအခါ ရွာသို့ လူတစ်ယောက် ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။ ထိုသူကား တစ်ရွာလုံး၊ တစ်နယ်လုံး ပို့သသော မေတ္တာ[...] ခံယူရင်း သက်ဆိုးရှည်လှသော လူမိုက် ငှက်ကြီးတောင် အုန်းပေါက်တည်[...]

သူ့ပါးပေါ်မှာမူ စံပင်တင်မဲ့နှင့် လုံးလုံးမတူသော မှားမှန်[...] အမာရွတ်နှစ်ခုက သေရာပါရှိတော့သတည်း။

♛ ♛ ♛

❑

ငှက်ကြီးတောင် အုန်းပေါက် ရွာသို့ပြန်ရောက်သောအ[...] အားလုံး ဖိမ့်ဖိမ့်တုန်ကြ၏။ သူသည် ယခင်ထက် ပိုဆိုး၏။ သောင်းကျ[...] ၏။ အနိုင်ကျင့်နှိပ်စက်၏။

မူးရစ်လာလျှင် "ငါ့အကြောင်း သိကြပြီလား" ဟု ကြုံးဝါး[...]

အချို့က ကြုံးပြန်ဝရမ်းပြေး ချိန်ကို သူပဲသတ်မှာဟု ဝေဖ[...] ပြောဆိုကြ၏။ ရဲရဲတော့ မပြောရဲ။ တိုးတိုးရယ်သာ။

စိတ်ကူးသစ်စာပေ



ကြားရင် ခေါင်းပြတ်မည်။

ခုလည်း ငှက်ကြီးတောင်မားကို လက်ကမချ။ မားကိုလည်း 'မြဲ'နေ 'မြည့်'နေအောင် သွေး၍ သွားလေရာတကိုင်ကိုင်။

တစ်နေ့ ရွာထိပ်ထန်းရည်ဆိုင်မှာ. လူတစ်ဦး ထန်းရည်မူး၍ က,နေ၏။

"သောက်တော်ဘူးရယ်နဲ့ အိုမကွာ. . . အိုမကွာ"

"မင်းကျော်စွာမို့ မကျော်လား ဝေးရာကရှား"

"ညနေ. . . ညနေ. . . စည်တယ်လေ. . . စည်တယ်လေ"

"ကူနီကြော့နတ်ကွန်း"

"ကိုကြီးကျော် ပလီလွန်းတယ်၊ မောင်မောင်ကျော် ပလီလွန်းတယ်၊ ဆေးစိုက်တဲ့ကျွန်း။ ဆေးစိုက်တဲ့ကျွန်း. . . ကျွန်း. . . ကျွန်း. . . ကျွန်း. . . ကျွန်း"

အဘိုးကြီးတစ်ဦးရယ် အသက် (၆၀)ကျော် (၇၀)ဆယ်ခန့်ရှိမည်။ ဆံပင်ရှည်ဖားလျားချနှင့် တိုက်ပုံအဖြူ ညစ်ထေးထေး ရင်ကွဲနှင့် ငှင်းရင်ဘတ်မှာ အင်းစမကွက်များ ပါသေး၏။ နှုတ်ခမ်းမွေးဖြူဖြူကုပ်ကုပ်မှာ ထန်းရည် အမြှုပ်များ ပေကျံလို့ ပုဆိုးဖင်ပေါက် အောက်နားကွဲကို လက်နှင့်မ,၍ မြူအိုးကို မြောက်ပြီး သီချင်းကို ဟန်ပါပါ မာန်ပါပါ ဆိုရင်း က,နေရကား. . .

သောက်နေသူ အသောက်သမားတို့ လွန်စွာ ပျော်ကြတော့၏။

"အဘ၊ ရော့. . . တစ်ငုံသောက်လိုက်ပါဦးဗျ"

"ရတယ်. . . ရတယ် သောက်မယ်"

အဘိုးကြီးက သောက်လိုက်သည်။ ပြီးနောက် သီချင်းကို ဟစ် ပြန်သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဘ၊ တစ်ဖလားလောက် မော့လိုက်ပါဦး ခင်ဗျ။ ဟဲ... ဟဲ... ဟဲ၊ အဆိုကောင်း၊ အကကောင်းပဲ၊ အရင် ဘယ်ဇာတ်ကလဲဟင်... ဟင်"

အောင်မောင်းတို့၊ သေိုင်းတို့၊ ရွှေဝင်းတို့က 'ချွန်'ကောင်တွေ

"အရင်က စိန်အောင်မင်းဇာတ်မှာ..."

"အလို... စိန်အောင်မင်းဇာတ်မှာ၊ ဘာလဲ မင်းသားလုပ်တာလား"

"မဟုတ်ဘူး၊ ကားချွဲပါ"

"ဝါးဟား... ဟား... ဟား... ကြိုက်တယ်ဗျာ၊ ချလိုက်ပါဦး အဘရ"

"ရတယ်... ရတယ် သောက်မယ်"

အဘိုးကြီးက အောင်မောင်း ကမ်းပေးလာတဲ့ခွက်ကို အကုန်မော့ချလိုက်သည်။ လုံးဝ မငြင်း။

"ညနေ... ညနေ၊ စည်တယ်လေ... စည်တယ်လေ"

"ဒီအချိန်မှ အလုပ်အားကြသကိုး အဘရဲ့၊ အဟဲ.. ဟဲ .. ဟဲ"

"ကူနီကြော့နတ်ကွန်း"

"ဘာတဲ့တုံး မင်းသားကြီးရဲ့၊ ဆက်ပါဦးကွယ်"

"ကိုကြီးကျော် ပလီလွန်းတယ်"

"ပလီလွန်းတယ်"

ဝိုင်းဆိုကြသည်။ လက်ခုပ်တီးကြသည်။

"မောင်မောင်ကျော် ပလီလွန်းတယ်။ ဟောဒီ ကိုကိုကျော် ပလီလွန်းတယ်"

"ချောလွန်းလို့ ကောင်မလေးတွေက ကိုကိုကျော် ခေါ်သကိုး





အဘရဲ့၊ အဟဲ... ဟဲ... ဟဲ"

"ဆေးစိုက်တဲ့ကျွန်း၊ ဆေးစိုက်တဲ့ကျွန်း... ကျွန်း... ကျွန်း ကျွန်း... ကျွန်း"

သီချင်းဆုံးတော့ ပါးစပ်က နတ်ဆိုင်းတီးပြီး ကိုယ်ကို ဘယ်ညာ ယိမ်းထိုးလို့ က,လေရဲ့။ ထန်းရည်ဆိုင် ထန်းတောဝန်းကျင်သည် လက်ခုပ်သံ၊ သီချင်းသံ၊ ဖကပါဟန်နှင့် စည်နေ၏။

ထိုစဉ် ထန်းရည်ဆိုင် ရှိရာသို့ လူတစ်ယောက် လာနေ၏။ ၎င်းလူကို မြင်ကြသောအခါ စောစောက ဝိုင်းဆိုလက်ခုပ်တီးနေသူများသည် သောက်လက်စကို သိမ်း၍ အဘိုးကြီးနံဘေးမှ သုတ်ခြေတင် ပြေးကြလေသည်။

အဘိုးကြီးကား မြူအိုးကို ကိုင်၍ မြှောက်၍ က,ကောင်းနေတုန်း။

"အဘ... အဘ"

"ဗျို့... အဘ"

ထန်းရည်ရောင်းသူ ထွန်းဝက အဘိုးကြီးကို အော်ခေါ်သည်။ မကြား။ ဝိုင်းပတ်၍ က,နေဆဲ။ သည့်နောက် အနီးသို့ လှမ်းလာလိုက်ပြီး...

"အဘ..."

"ဟေ..."

"အဘ အမြန်ပြန်တော့"

"ဟ... ဘာဖြစ်လို့လဲ၊ က,ကောင်းနေတုန်း ဥစ္စာ"

"ဟိုမှာ ဟိုကောင်လာနေပြီ၊ ပြန်ပါ အဘရဲ့"

"ဘယ်သူမို့တုံးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ငှက်ကြီးတောင် အုန်းပေါက်"

"ငှက်ကြီးတောင် အုန်းပေါက်၊ ဒီကောင်က ဘာကောင်လဲ"

"နာမည်ကြီး ဘောက်ပြန်လူမိုက်လူဆိုး၊ အော့ကြောလန့်အာဘရဲ့ အသက်ကြီးတာ ငယ်တာရော၊ ဘုန်းကြီးရဟန်း ကိုရင်ရော သိမ်အလေးထားတာ မဟုတ်ဘူး။ မျက်စိနောက်ရင် ဒုက္ခပေးရောဆူ အဘ ပြန်တော့"

"မပြန်ဘူးကွာ၊ ငါ့ပိုက်ဆံနဲ့ ငါသောက်ပြီး က,တာကွ၊ ဘယ်သူ့မှ ဆဲနေရန်လုပ်နေတာ မဟုတ်ဘူး။ အေး. . . သောက်တော်ဘူးရယ်မို့ အိုမကွာ အိုမကွာ၊ မင်းကျော်စွာမို့ မကျော်လား ဝေးရောကရှား"

ထွန်းဝလည်း ဘယ်လိုမှ ပြောမရသည့်အဆုံး အဘိုးကြီးကို ပစ်ထားပြီး လူမိုက်ငှက်ကြီးတောင် အုန်းပေါက်ကို ရိုရိုသေသေ လေးလေးစားစား ခရီးဦးကြိုပြု၍ နေရာချပေးသည်။ ပြီးနောက် ချက်အရက် ပုလင်းနှစ်လုံး၊ ထန်းရည်ငှက်ခါးတောင် အမြှုပ်စီတစ်အိုးနှင့် အမဲခြောက်၊ ဆတ်သားခြောက်ကြော်များကို အသင့်ချပေးလိုက်၏။

"ထွန်းဝ"

"ခင်ဗျာ၊ ဆရာအုန်း"

"ဟိုအဘိုးကြီးက ဘယ်ကလဲ"

"မ. . . မသိပါဘူး ဆရာအုန်း။ သောက်ပြီး ကနေတာ ကြာပြီ ခင်ဗျ"

"နားငြီးပြီး မျက်စိနောက်လိုက်တာကွာ"

ထိုစကားကြောင့် ထွန်းဝ အဘိုးကြီးအတွက် လွန်စွာ စိုးရိမ်သွားခဲ့ပြီး ရင်ထိတ်သွား၏။

"မင်းကျော်စွာရယ်မို့ မကျော်လားဝေးရောကရှားဟား. . ဟား"





"အဘိုးကြီး"

ငှက်ကြီးတောင်အုန်းပေါက်က မျက်စိနောက်၍ အသံနက်ကြီးနှင့် လှမ်းအော်လိုက်သည်။

"ညနေ. . . ညနေ. . . စည်တယ်လေ. . . ဟေ. . . ဟေ"

"ဗုန်း"

"အဘိုးကြီး"

အုန်းပေါက်က ခုံကို လက်ဝါးနှင့်ရိုက်ပြီး ကျိုးအော်လိုက်ပြန်သော်လည်း အဘိုးကြီးက ဂရုမစိုက်၊ မြူအိုးကို မော့၍သောက်လိုက်၊ သီချင်းဆို၍ ကလိုက်။

သည်တွင် အုန်းပေါက် နေရာမှ ဝုန်းခနဲ ထလိုက်ပြီး ပြေးလာကာ၍ အဘိုးကြီးကို ဆွဲမွှေ့ယမ်းကာ လွှင့်ပစ်လိုက်သည်။ သနားစရာကောင်းလိုက်ပါဘိ။ သူ့ဘာသာသူ ထန်းရည်သောက်ပြီး ပျော်ပျော်ပါးပါး ကနေသည့် အဘိုးကြီးသည် အုန်းပေါက်ရဲ့ မွှေ့အားကြောင့် အဝေးသို့ လွင့်ကျကာ လူတစ်ခြား မြူအိုးတခြား ဖြစ်သွားပြီး စုတ်သပ်၍ ထလိုက်၏။

"ဟေ့. . . သူငယ်၊ မင်း. . . မင်း. . . ဘာ. . . ဘာလုပ်လိုက်တာလဲဟင်"

"လူကို လွှင့်ပစ်လိုက်တာလေ၊ နားကို ငြီးနေတာပဲ၊ သွား ခုထွက်သွား"

"နေပါဦး. . . ငါ့ပိုက်ဆံနဲ့ ပါသောက်ပြီး ကနေတာ မင်းပိုက်ဆံနဲ့ သောက်ပြီး မင်းကို ဆဲနေလို့လား"

"အံမာ. . . ခင်ဗျားကြီးက ကျုပ်ကိုများ ပြန်ပြောလို့၊ ခင်ဗျား ကျုပ်အကြောင်း မကြားဖူးဘူးနဲ့တူတယ်၊ သွားဆို သွားနော်"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာအဘိုးကြီးက ထလာပြီး သူ့လွယ်အိတ်ကိုကောက်၍ ရှာ
လိုက်ရင်း အုန်းပေါက်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"အုန်းပေါက်ဆိုတာ မင်းလား"

"ဟုတ်တယ်။ သိတယ် မဟုတ်လား"

"အုန်းပေါက်၊ ဟား. . . ဟား. . . ဟား. . . ဟား။ အုန်း
ဆိုတာ ကုန်းကောက်စရာမရှိလို့ ပုံးပျောက်နေတဲ့ကောင်ပါကွာ။ တို့
သံကြားရင် ထွက်ပြေးတဲ့ ခွေးလှေးကြမ်းပိုးပါကွ ဟား. . . ဟား. . .
ဟား. . . ဟား"

မြတ်စွာဘုရား။ အဘိုးကြီးတော့် သေတော့မှာပဲ။ ငှက်ကြီး
အုန်းပေါက်လို လူမိုက်ကို သရော်တော်တော် စကားတွေပြောလို့ အ

ဒီမှာပဲ အုန်းပေါက်သည် ဒေါသများ ဝုန်းခနဲ ပေါက်ကွဲ
အဘိုးကြီးမျက်နှာကို ညာလက်ဝါးနှင့် ရိုက်ချလိုက်သည်။ သည်
အဘိုးကြီးကလည်း သူ့ညာလက်ဝါးနှင့် ဖျတ်ခနဲလှမ်းကာ
အုန်းပေါက်လက်ကို လိမ်၍ နောက်ကနေ ဆောင့်ကန်လိုက်ရာ အုန်းပေါ
သောက်မည့် အရက်ပုလင်းများပေါ် မှောက်လျက်လဲကျပြီး အရက်ပု
များရော၊ ထန်းရည်၊ အမြည်းများပါ မှောက်ကုန်တော့သည်။

"ကျား"

"ဝံ"

"ဝက်"

အုန်းပေါက် ချက်ချင်း ဓားရှည်ကိုကောက်၍ လက်ပြန်ပိုင်း
လိုက်သည်။ အဘိုးကြီးက ကျားသစ်တစ်ကောင်လို ခုန်၍ နောက်ကျ
ထွက်လိုက်၏။ သည့်နောက် အုန်းပေါက်က ဓားချက်အမျိုးမျိုးနှင့် သို
ခုတ်သည်။ မိုးခုတ်သည်။ စိုက်ခုတ်သည်။ စင်းခုတ်သည်။ ဘယ်ညာ





ခုတ်သည်။

ရန်ဖြစ်သံကြား၍ ထန်းပင်တက်သူများ၊ ခရီးသွားများ၊ တောင်
ယာပြန်များ၊ ငါးရှာပြန်သူများ တွေ့သွားပြီး ပုန်းလျှိုးကွယ်လျှိုးချောင်း၍
အခြေအနေကို ကြည့်နေကြ၏။

ဓားချက်ပေါင်းများစွာနှင့် ခုတ်နေသည့်တိုင် အရှုးလို၊ အမူးလို
အဘိုးကြီးကို ဓားချက်တစ်ချက်မှမထိ။

အဘိုးကြီးက ကြောင်လို၊ ကျားလို၊ ကျားသူစ်လို၊ မျောက်တစ်
ကောင်လို အရှောင်အတိမ်းများဖြင့် ရှောင်ပေးနေရာ၊ ဒေါသတကြီး
လိုက်ခုတ်လေ မောလေနှင့် ကြာတော့ အုန်းပေါက် ချွေးသီးချွေးပေါက်များ
ကျပြီး မောဟိုက်၍ လျှာထွက်လာ၏။

"ဟေ့ကောင် အုန်းပေါက်၊ ဒီနေ့ နေဝင်အောင်ခုတ်လည်း
ငါ့ကို မင်းဓားချက်ထိမှာ မဟုတ်ဘူး။ မင်းနဲ့ငါနဲ့ လောင်းကြေးစားကြေး
ပြိုင်မယ်။ မင်းရှုံးရင် မင်း ဒီဝန်းကျင်က ထွက်သွား။ ငါရှုံးရင် ငါ ဒီက
ထွက်သွားမယ်။ ဘယ့်နှယ်"

အုန်းပေါက် မျက်လုံးထဲဝင်လာသည့် ချွေးသီးများကို လက်ခုံနှင့်
သုတ်လိုက်ပြီး အဘိုးကြီးကို အံကြိတ်၍ ကြည့်နေလိုက်သည်။ သူ့ဓားချက်
အချက်ထစ်ရာကျော် နှစ်ရာနီးပါးကို ပွတ်၍ ယိမ်း၍ တိမ်း၍ ခုန်၍
ကျွမ်းပစ်၍ ရှောင်ပြီး သူ့ကို သရော်တော်တော်လုပ်နေသည့် လူထူးဆန်း
သက်ကြားအိုအဘိုးကြီးကို ကြည့်ပြီး အံ့သြချင်သလို ရှိလာသည်။

"ခင်ဗျား ဘယ်လိုပြိုင်ချင်လို့လဲ"

"ပထမအကြိမ် အရက်သောက်ပြိုင်မယ်"

"ပြီးတော့ကော"

"ဟောဟိုက ကွင်းပြပ်ထဲမှာ ဟိုချောင်းကြည့်နေတဲ့ ရိုက်သတ်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှောက်မှာ နပန်းသတ်မယ်။ ရှုံးတဲ့လူ ဒီရွာက ထွက်သွားကြေး"

"စိန်လိုက်ဗျာ. . . လုပ်"

အရက်ပြိုင်သောက်လို့ကတော့ အုန်းပေါက်က ဘယ်သူ့ကိုမှ ဂရုမစိုက်၊ ဒီအဘိုးကြီးမှုးမှ သူ့ကို လည်ပင်းညှစ်သတ်ပြီး ထန်းပင်မှာ ရှားသားနှင့် တံစို့ ထိုး၍ ကားစင်တင်မည်။

"ဟော့. . . မောင်ထွန်းဝ"

"ဗျာ. . . အ. . . အဘ"

"မင်းဆိုင်မှာရှိသမျှ အရက်ပုလင်း အကုန်တန်းစီလိုက်"

"ခင်ဗျာ"

"ကုန်ကျစရိတ် ငါ ရှင်းမယ်၊ ဒီမှာကြည့်"

အဘိုးကြီးက သို့ကာလိုပြောရင်း သူ့လွယ်အိတ်ကြီးကို သွန်ချပြလိုက်ရာ ငွေစက္ကူများ ဖွေးခနဲ မြေပြင်သို့ ကျလာရကား ထွန်းဝသာမက အုန်းပေါက်ပါ အံ့ဩသွား၏။

အုန်းပေါက်ကား ဝမ်းသာလို့မဆုံး။ အရက်လည်း အဝ အလကား အခမဲ့သောက်ရမည်။ ဒီအဘိုးကြီး သောက်နိုင်ရင် နှစ်ပုလင်းသုံးပုလင်းပေါ့။ မူးရင် သူ့ကိုသတ်ပြီး ငွေများယူ၍ အဝေးသို့ ရှောင်သွားလို့ရမည်။

မသတ်ဘဲ အနိုင်ရသည့်တန်ဖိုးအဖြစ် အားလုံးကို သိမ်းဆည်းရမည်။ ထွန်းဝက အရက်ပုလင်းများကို တန်းစီ၍ ချပေးလိုက်သည်။

ဟိုဘက်ငါးလုံး ဒီဘက်ငါးလုံး။

"ခွက်နဲ့သောက်မလား၊ ပုလင်းလိုက် မော့မှာလား"

"ဟင်. . ."

ကြည့်စမ်း။ သူ့လိုလူကို ခွက်နဲ့သောက်မှာလား။ ပုလင်းလိုက်





မော့မှာလားတဲ့။ မေးပုံရယ်။

"ပုလင်းလိုက်"

"ကြိုက်ပြီ. . . ဝ"

ဦးစွာ အုန်းပေါက်က ချက်အရက်ပုလင်းတစ်လုံး ကောက်ကိုင်ပြီး မော့ချလိုက်သည်။ ပုလင်းတစ်ဝက်ကုန်တော့ ပါးစပ်မှ 'ဟူး'လို့ အော်ပြီး နားလိုက်တယ်။ အဘိုးကြီးက အရက်ပုလင်းတစ်လုံးကို အင်းရုပ်ထိုးထားသည့် ညာလက်ဝါးနှင့် အုပ်ကိုင်ပြီးနောက် ပုလင်းကို မြှောက်ပြီး တဂွပ်ဂွပ် မော့ချလိုက်ရာ တစ်ပုလင်းလုံး ပြောင်သွားသည်။

အကျိုးနည်း၊ အာဂ အဘိုးကြီးပါလား။

ထွန်းဝ အံ့ဩသွား၏။

သည်မှာ အုန်းပေါက်ကလည်း အားကျမခံ ပုလင်းလိုက် မော့ချလိုက်ရာ အဘိုးကြီး ကြည့်ရယ်ပြုံးနေ၏။

"သောက်လေ. . . ခင်ဗျား အလှည့်"

"ရတယ်. . . ရတယ် သောက်မယ်၊ ရေသောက်တာများကွာ"

"ဘာဗျ"

"အဟား. . . ဟား. . . ဟား ရေလို့ပြောတာပါ"

ဒီမှာ အုန်းပေါက်က အဘိုးကြီးရှေ့က အရက်ပုလင်းငါးလုံးကို နမ်း၍ တို့၍ စစ်ဆေးလိုက်၏။ အရက်မှ ချက်အရက်စစ်စစ်။ ဒါများ ရေတဲ့။ ထွီး. . . လူကြောင်ကြီး။

"သောက်ပါဗျ. . . ကြာတယ်"

"အဟင်း. . . ဟင်း. . . ဟင်း. . . ရေများ ကြည့်"

သည်မှာ အဘိုးကြီးက အရက်ပုလင်းနှစ်လုံးကို ကိုင်ပြီး ပါးစပ်မှာမော့လို့ တဂွပ်ဂွပ်နဲ့ သောက်ချလိုက်တာ တစ်ဝက်မကျန်ဘဲ။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ရော ဘယ်လိုလူကြီးပါလိမ့်။ အရက်ချိုးကြီးနဲ့တူရဲ့။

အုန်းပေါက် ဖြုံသွားပြီ။

သူ နောက်အရက်တစ်လုံးကို မနည်းကုန်အောင် မော့ရသည်။ မကြာခင် အဘိုးကြီးက လက်ကျန်နှစ်လုံးကို ကိုင်၍ ငါးပုလင်းမြောက် အဖြစ် မော့ချလိုက်သည်။

"ဖွီး...ရေကလည်း စပ်သဟ၊ အဟတ်...မင်းအလှည့်"

"ကျုပ်...အရှုံးပေးပြီ အဘိုးကြီး"

အုန်းပေါက်က လူပါး။ အရက်ကို ဆက်မသောက်တော့။ အဘိုးကြီး ငါးပုလင်းဆို အူတွေပြုတ်ထားသလို ရှိလောက်ပြီ။ မူးလောက်ပြီ။ ဒါမှ အပိုင်လုပ်လုပ်ရမည်။

"အရှုံးပေးပြီလား"

"အရက်သောက်ရမှာ အရှုံးပေးတာ၊ နပန်းလုံးရမယ်"

"ဟား...ဟား...ဟား...ဟား...ငါက မဝသေးဘူး။ ပေးစမ်း မင်းရေပုလင်း"

သို့ကလိုပြောပြီး အုန်းပေါက်ရှေ့က အရက်နှစ်လုံးကို ဆွဲယူလို့ တစ်ရှိန်ထိုး မော့ချပြန်ပါရော။ ထွန်းဝ အံ့ဩလို့မဆုံး။ ဒီလို အသောက်ကြမ်းသူ၊ ပက်စက်သူမျိုး သူ အရက်ရောင်းသမျှမှာ တစ်ခါမှ မမြင်ဘူး။ အုန်းပေါက်ကား အကြံသမားပီပီ ပြုံးပြုံး ပြုံးပြုံး။

"ထွက်...နပန်းချကြစို့"

ပြောရင်း အဘိုးကြီးက ဒယီးဒယိုင်နှင့် ထလိုက်သည်။ အုန်းပေါက်ကား အရက်နည်းနည်း ကြိုသောက်ထားသမို့ ယိုင်တောင်မယိုင်။

ဆိုင်ရှေ့တလင်းပြင်သို့ ရောက်သောအခါ အဘိုးကြီးက ခါးတောင်းကျိုက်လိုက်သည်။ ထိုးကွင်းမင်းကြောင်များက ဖြောင်နှစ်ဖက်က





ဒူးဖုံးအပြည့်။

သည့်နောက် သူတို့နှစ်ဦး 'ကျင်'ကိုင်သကဲ့သို့ ပခုံးချင်းကိုင်မြီးသောအခါ

"စ,တိုက်"

"ဝိုး"

အုန်းပေါက်က အဘိုးကြီးကို ဆွဲယူပြီး ပင့်၍ ကိုင်ပေါက်လိုက်သည်။

"ဗုန်း..."

"ရှမ်း..."

မြေကြီးကို အကျမှာ လက်ထောက်၍ ကျွမ်းပစ်လိုက်သည်။ သူ့ကို ကိုင်ပေါက်သည့်အားသည် မသေး။ နွားမတာမ်းပင် ပွဲချင်းပြီး သေနိုင်သည်။ အဘိုးကြီးက အာဂပါလား။ ကြည့်ရတာ နပန်းရော၊ လက်ဝှေ့ရော၊ သိုင်းရော၊ 'ကျင်' (ရခိုင်ကျင်) ကျွမ်းကျင်ပုံရသည်။ နာရီဝက်ခန့်အကြာမှာ အုန်းပေါက် ကိုင်ကိုင် အပေါက်ခံရကာ မြေပြင်မှာ တဗုန်းဗုန်း တအင့်အင့် ဖြစ်နေသည်။

အဘိုးကြီးလည်ပင်းကို ညှစ်သတ်ရန်ကြံတိုင်း ငါးရှဉ့်ဖမ်းရသလို ဖြစ်ပြီး သူပဲ ချွေးတစ်ကောင် လွှင့်ပစ်ခံရသလို ရှိနေသည်။

သူ့တစ်ကိုယ်လုံး သွေးသံရဲရဲ ပွန်းပဲ့ရာများဖြင့် နာကျင်နေပြီ။ ဒီအဘိုးကြီး သာမန်ပုဂ္ဂိုလ်တော့ မဖြစ်တန်ရာ။ သူလည်း မောလွန်း၍ လျှာထွက်နေပြီ၊ ဝိုင်းကြည့်သည့်လူအုပ်ကလည်း ပို၍ များလာသည်။

ဟိုဘက်ဒီဘက်အော်၍ အားပေးကြသည်မဟုတ်။ အသံတိတ် မျက်လုံးပြူး ပါးစပ်ဟ အံ့ဩအားပေးနေခြင်းသာ။

နောက်ဆုံး အခြေအနေ မဟန်မှန်း သိလိုက်သောအခါ အုန်းပေါက် ဆိုင်ထဲသို့ ပြေးဝင်ပြီး သူ့ဖွားဘက်တော် ငှက်ကြီးတောင်ဓားကို



www.burmeseclassic.com

www.burmeseclassic.com



ပြေးဝင်ယှက်၍ အပြင် ပြန်ထွက်လိုက်၏။

"မင်းက. . . ဓားကိုင်မှာလား"

"ဒီမှာအဲဒ်ဘိုးကြီး ကျုပ်အရှက်ကိုခွဲပြီး ကျုပ်ဒေါသကို လာဆွ ကျုပ်ကိုမောင်းထုတ်ဖို့ ကြိုးစားသူနှစ်ယောက်မှာ ခင်ဗျားက ဒုတိယလူပဲ ပထမလူတော့ ကုလားဝဲချောင်းမှာ ပေါ်လောပေါ်သွားခဲ့ပြီး ခင်ဗျားလည်း သူ့နောက်ကို တစ်ခါတည်း လိုက်ပေရော့. . , ကျား. . ."

"ဝီး. . ."

"ဝီး. . ."

"ဝိုး. . ."

"ရှမ်း. . ."

"ရှမ်း. . ."

"ဝှစ်. . ."

"ဝှစ်. . ."

စကြာလည်ဓားချက်များသည် ရေပက်မဝင်အောင် ဝင်နေ၏။ ကြည့်နေသူများ အဘိုးကြီးအတွက် ဘုရားတ,နေကြသည်။ ဓားချက်မြန် လွန်း၍ ရင်တမမ။ ဒီမှာပဲ အဘိုးကြီးက ရှောင်တိမ်းခုန်လွှားနေရာမှ ခြေဖျားနှင့် သဲကိုကော်ပြီး အုန်းပေါက်မျက်နှာသို့ ပက်လိုက်ရာ. . .

"ဖူး. . . ဖူး. . . အဟက်. . . အဟွတ်. . . ဖူး"

"အား. . . အား"

မျက်စိထဲ သဲများဝင်၍ ဓားနှင့်လေကို ရမ်းသမ်းလိုက်ခုတ်နေစဉ် အဘိုးကြီးက နောက်ကျောမှ လွှားခနဲ ခုန်ဝင်ပြီး လက်မောင်းရင်းကြောနှင့် လည်ပင်းမေ့ကြောကို ကိုင်လိုက်ရာ အုန်းပေါက် ဖြုတ်ခနဲ ပြုတ်ကျ၍ မြေကြီးပေါ်မှာ မေ့လဲကျသွားတော့သည်။





"ထွန်းဝ"

"ဗျာ. . . အဘ. . . အဘ"

"သူကြီးကို သွားခေါ်လိုက်"

"ဟုတ်. . . ဟုတ်ကဲ့"

ထွန်းဝ သူကြီးကို ပြေးခေါ်လိုက်ရာ မကြာခင် သူကြီးရော ရာအိမ်မှူး၊ ဆယ်အိမ်ခေါင်းများပါ ရောက်ချလာပြီး မြေပြင်မှာ မေ့မြော နေသည့် ရာဇဝင်လူမိုက်ကြီး ငှက်ကြီးတောင်အုန်းပေါက်ရဲ့အဖြစ်ကို ကြည့်ကာ အကြီးအကျယ် အံ့ဩသွားခဲ့ကြတော့၏။

"သူကြီး"

"ခင်ဗျ ဘကြီး"

"ဒီကောင့်ကို မြို့ဂါတ်ကို ပို့လိုက်"

"ဘာဖြစ်လို့ပါလဲ ဘကြီး ခင်ဗျာ"

"ဒီကောင် ကြိုးပြန်ချိန်ကို သတ်ခဲ့တယ်လို့ စောစောကပဲ ဟောဒီ ပရိသတ်ရှေ့မှာ ထုတ်ဖော်ပြောဆိုပြီးပြီ၊ ဒါ သက်သေတွေပဲ။ ဒီကောင် ဆိုးလွန်းတာ နှာမည်ကြီးလို့ လာတွေ့တာ။ ရဟန်းသံဃာမှန်း မသိ၊ လူကြီးသူကြီးမှန်း မသိ၊ မိန်းမသား အားနွဲ့သူမှန်း မသိ၊ ဥပဒေ ဥပဒေမှန်းမသိတဲ့ လူစားကို ဆုံးမခွင့်ရလိုက်တာ ကျေနပ်တယ်ဗျာ"

"အဘ"

"ဘာတုံး"

"ဒီကောင်နိုးလာရင် ဆိုးမှာ အဘရဲ့၊ အဲဒါ. . . အဲဒါ"

"ခေါ်ထမ်းသွား၊ ကြိုးတုပ်စရာ မလိုဘူး၊ ဒီကောင် တစ်နေကုန် မေ့နေလိမ့်မယ်။ ဒီမှာ သူကြီး ရဲစခန်းရောက်ရင် အကြောဖွင့်ဆရာ တစ်ယောက် ရှာပြီး မေ့ကြောနှစ်နေရာ ဖွင့်ပေးလိုက်ပါလို့ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသဘောကြောင့်ပါလဲ အဘ ခင်ဗျာ"

"မေ့ကြောပြန်မဖွင့်ပေးချင်း ဒီကောင် တစ်နေ့လုံး လူသေလို စန့်စန့်ကြီး ဖြစ်နေမှာ၊ မကြောက်နဲ့"

ဒီလိုပြောလိုက်ကော့မှ ရာအိမ်မှူးများက ဝမ်းသာသွားကြကာ လိုရမည်ရ ကြိုးနဲ့တုပ်ပြီး မ,ခေါ်သွားကြတော့သည်။ လူအုပ်ကြီးကား ဝမ်းသာလို့မဆုံး။ ပျော်လို့မဆုံး။ အဘိုးကြီးအနီးသို့ တိုးကပ်လာပြီး အုန်း ပေါက် ဆိုးသွမ်းသည့် အကြောင်းများကို ဝိုင်းပြောပြကြသည်။ သူကြီး ကလည်း ထောက်ခံသည်။

"ဘကြီး ခင်ဗျာ"

"ဘကြီးနာမည် ဘယ်လိုခေါ်ပါသလဲ ခင်ဗျာ"

"မသိချင်ပါနဲ့ဗျာ"

"နေရပ်ကရော ခင်ဗျာ"

"မသိချင်ပါနဲ့ဗျာ"

"အခုနေတော့ရော အဘရဲ့"

"မသိချင်ပါနဲ့ဗျာ၊ ကျုပ်က နေရာအတည့်တကျ မရှိဘူး။ လျှောက်သွားနေတာ သူကြီး"

"ခင်ဗျာ ဘကြီး"

"ခင်ဗျားတို့အရပ်မှာ စေတီရှိသလား"

"ဟိုဘက်ရွာမှာပဲ ရှိပါတယ် ခင်ဗျ၊ ဒီရွာမှာ မရှိပါဘူး ဘကြီး"

"ကျုပ် ကိုးတောင်ပြည့်စေတီ တည်ချင်တယ်"

"လုပ်ပါ. ဘကြီး၊ လုပ်ပါ. . . ဘယ်တော့လုပ်ချင်ပါသလဲ"

"ကျုပ် ပိုက်ဆံစုံရင် ပြန်လာခဲ့မယ်"

"ကျွန်တော်တို့စိုက်ပြီး အကုန်ခံပါ့မယ် ဘကြီးရယ်"

---

စိတ်ကူးသစ်စာပေ



"ဝမ်းသာပါတယ်ဗျာ၊ ယက်သဲကြား ငါးတင်၊ တင်တဲ့ငါး ကြောင်အား ကျန်တဲ့ငါးမှ ဘုရားမ,တဲ့ဗျာ၊ အကုသိုလ်ဒုစရိုက်တွေနဲ့ ဘဝကို အဆုံးမသတ်ကြပါနဲ့၊ ရတနာသုံးပါး မြဲကြပါ။ ဖြူစင်ရိုးသားစွာ သီလ ထားကြပါ။ စည်းစည်းလုံးလုံး၊ ရဲရဲဝံ့ဝံ့ ရှိကြပါ။ ဗုဒ္ဓသာသနာ ရောင်ဝါ နေလို လင်းတော့မယ်ဗျ။ ခေတ်က မကောင်းသူပယ် ကောင်းသူကယ် ခေတ်။ အားလုံး ပြန်ကြတော့"

"အဘ. . . ကျွန်တော့်အိမ်ကို ဝင်ခဲ့ပါဦး အဘရယ်နော်"

"ကြည့်သေးတာပေါ့ကွာ၊ သွားကြ. . . သွားကြ"

အားလုံး လူထူးဆန်းအဘိုးကြီးကို ကျေးဇူးတင်မျက်လုံးများ ဖြင့် စိုက်ကြည့်၍ အရိုအသေ ပေးကြသည်။ ကန်တော့ကြသည်။ အဘိုး ကြီးက ဆုပေးစကားများ ပြောကြားလိုက်၏။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

အားလုံးပြန်သွားတော့ ထန်းရည်ဆိုင်မှာ အဘိုးကြီးနှင့် ထွန်းဝ ပဲ ကျန်ရစ်ခဲ့တော့သည်။

"အဘ"

"ဘာတုံး မောင်ထွန်းဝ"

"အဘကို ကျွန်တော် အံ့ဩလို့ မဆုံးဘူး ခင်ဗျ"

"ဘာများ အံ့ဩလို့တုံး မောင်ထွန်းဝရဲ့"

"အဘ အရက်ခြောက်လုံးကျော်သောက်တာ ဘာလို့မမူးတာလဲ"

"ဟာ. . . ဟား. . . ဟား. . . ဟား. . . ဒါလား ဒီပစ္စည်း ကြောင့်ပါကွာ"

အဘိုးကြီးကပြောရင်း ပါးစောင်းကြားမှ လက်တစ်ဆစ်ခန့်ရှိသော ပစ္စည်းတစ်ခုကို နှိုက်ထုတ်၍ ပြလိုက်၏။

"ဒါ. . . ဘာလဲ အဘ"

"အရက်အမူးပြေဆေးမြစ်"





"ဟင်. . . ဘာဆေးမြစ်လဲ အဘရယ်၊ သိချင်လို့ပါ ခင်ဗျာ"

"အဲဒါ အနှစ်ငါးဆယ်ကရောဇ်မြစ်ကွ၊ အရက်သောက်လို့ အဲဒါငုံထားရင် မမူးတော့ဘူး"

"ဒါလောက်နဲ့ မဖြစ်နိုင်သေးပါဘူး အဘရာ၊ အဘက အရက်ကို ရေရေနဲ့ ပြောပြီး သောက်နေတာ ဥစ္စာ"

"ဟား. . . ဟား. . . ဟား. . . ဟား. . . မင်းက နပ်တဲ့ကောင်ပဲ၊ ဒါက ငါ့ရဲ့ စေတလုံး အမိန့်ကြောင့်ပါကွာ၊ ကျင့်စဉ်ပေါ့ ကျင့်စဉ်ပေါ့"

"ဖြစ်ရမယ်၊ ဖြစ်ကိုဖြစ်ရမယ်၊ ဒါကြောင့်ထင်နေတာ ဥစ္စာ"

"ထွန်းဝ"

"ဗျာ. . . အဘ"

"ငါ့သားက လူတော်တစ်ယောက်ပါ၊ မင်းလည်း မကောင်းမှုလုပ်ငန်းက ကျွတ်ချိန်တန်ပါပြီ၊ လူလေး အရက်၊ ထန်းရည် မရှောင်းနဲ့တော့"

"ခင်ဗျာ. . . ဒီအလုပ်မလုပ်ရင် ကျွန်တော် ဘယ်ဟာနဲ့ ထမင်းစားရမှာလဲ အဘရဲ့. . . ဟင်း"

"ဈေးရောင်းစား၊ ဆန်ဆီ ရောင်းစား။ ရော့. . . ဒီဆယ်ပြားစေ့ကို ဆောင်ထား. . . ဈေးရောင်းစား မောင်ထွန်းဝ၊ မင်းတစ်သက် ထမင်းမငတ်စေရဘူး။ အဘိကက ရတနာသုံးပါး မမေ့နဲ့ ကုသိုလ်ကောင်းမှု အမြဲပြု၊ အဘ သွားမယ်"

"အဘ"

"ဘာတုံး"

"ကျွန်တော် ဘယ်သူ့မှ မပြောပါဘူး အဘရာ. . . အဘစကားလည်း နားထောင်ပါ့မယ်၊ ကျွန်တော် ကတိပြုပါတယ်၊ အဘနာမည်လေး



www.burmeseclassic.com

www.burmeseclassic.com



တော့ ပြောခဲ့ပါနော် အဘ''

''မှတ်ထား''

''ဟုတ်ကဲ့''

''ငါ့နာမည် ရာကျော်၊ ဘတိုက်ပုံ ဦးရာကျော်''

''ဟင်''

(မှတ်ချက်။ ။ နောင်အခါ ဦးထွန်းဝသည် အရက်ဆိုင် လုပ်ငန်းကို စွန့်၍ အဘဦးရာကျော် ပြောသည့်အတိုင်း အရောင်းအဝယ် လုပ်ငန်းကို လုပ်ကိုင်ခဲ့ရာ များမကြာမီ စီးပွားဖြစ်ထွန်း၍ လာခဲ့၏။ အသက် (၉၀)ကျော်အရွယ် သူနှင့် ကျွန်တော် ဆုံသောအခါ သူ့လည်ပင်း မှာ အဘဦးရာကျော် ပေးသွားသည့် ဆယ်ပြားစေ့လေးကို မဲကြိုးနှင့်ချည်၍ ဆွဲထားဆောင်ထားဆဲ ဖြစ်ပါသည်။)

◆ မောင်ညိုမှိုင်း(သန်လျင်)

ကမ္ဘာ့ရေးလောက၊ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ



www.burmeseclassic.com

# အရက်ကြောင့်ကြောင်တာပဲဖြစ်ပါစေတော့

တစ်ညကျွန်တော်တို့ စကားဝိုင်းမှာ ပရိညာဉ်လောကသားများအကြောင်း စကားဝိုင်းဖွဲ့မိကြသည်။ ကျွန်တော်တို့အုပ်စုထဲမှာ စာရေးကြီး ဦးမိုးညွန့်၊ ကဗျာဆရာကိုယန္တရား၊ သီချင်းရေးဆရာ ဂီတစာဆို သောင်းညွှန့်ဦးနှင့် ရုပ်ဝါဒစာပေများကို ဘုရားတစ်ဆူ ပူတစ်လုံးသဖွယ် လေ့လာဖတ်ရှု ကိုးကွယ်လျက်ရှိသော ဒဿန အတွေးအခေါ် ဆရာကြီး ဦးပွေးဆင့်ဝိုင်းတို့ ပါဝင်ကြသည်။

ဆရာကြီး ဦးပွေးဆင့်ဝိုင်း၏ အမည်ရင်းကား 'ကုလားဒိန် ဖော်ဗီ' ဖြစ်၏။ လူကား မြန်မာဖြစ်၏။ ဒါပေသည့် အရပ်ပုပု နီကုလားနှာခေါင်း၊ ခေါ်တောကုလား မျက်ဝန်းနှင့် အသားညိုရကား ကျွန်တော် မြန်မာပါဟု ဘုရားစူးမိုးကြိုး အကြိမ်တစ်ရာပစ် ကျိန်ပြောသည့်တိုင်





ညီသူမျှ မယုံကြ။ အရက်သောက်ကြမ်းလွန်း၊ ပေလွန်း တေလွန်း၍ လည်းကောင်း တစ်ပတ်မှာတစ်ခါ မနည်းတိုက်တွန်းမှ ရေချိုးသည့်အတွက် လည်းကောင်း၊ ပွေးဝဲများ၊ ဒက်များ သူ့ကိုယ်မှာ မှီခိုဝိုင်းဆင့်နေ၍ 'ဖော်ဗီ'အမည်ပျောက်ပြီး 'ဦးပွေးဆင့်ဝိုင်း' အမည်ပေးခဲ့ကြရလေသည်။

ယခုလည်း ကျွန်တော်တို့ စကားဝိုင်းသည် ယမကာဝိုင်းလေးနှင့် အုံ့မိုနေကြ၏။ နှုတ်စအာစရှင်နေကြ၏။

"ပရိညာဉ်လောကသားဆိုတာ တကယ်ရှိသလား"

ကိုပွေးဆင့်ဝိုင်းက စချီဖွင့်လိုက်၏။

"မရှိဘူး . . . အေ့ . . . အေ့"

ဒါက ကဗျာဆရာ ကိုယန္တရားရဲ့ ဖြေချက်။

"ရှိတယ်ကွ . . . အေ့"

ဒါက စာရေးကြီး ဦးမိုးညွန့်ရဲ့ ပြန်ပြောချက်။

"မြင်ဖူးလို့လား စာရေးကြီးရ"

ဒါက ဂီတစာဆို ကိုသောင်းညွှန့်ဦးရဲ့ ထောက်ချက်။

"မမြင်ဖူးပေမဲ့ ဘုရားဟော တရားသဘော သီလအဟော ရှိတယ် ဥစ္စာ"

"အဲဒီလိုပြောတိုင်း စာရေးကြီးက ဇွတ်မှိတ်ယုံတယ်ပေါ့"

ကိုပွေးဆင့်ဝိုင်းကား ရုပ်ဝါဒ စာပေများကို အလေးဂရုပြုဖတ်ရှုလေ့လာသူပီပီ သူ့က သိပ္ပံနည်းကျ ပြောချင်သူ၊ ပြမှယုံသူဖြစ်ရကား ရိ၏။ ထေ့၏။ ငေါ့၏။

'ဟ ပွေးဆင့်ရ။ တို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးက (၃၁)ဘုံလို့ ဟောထားသမို့လားဟ'



www.burmeseclassic.com

"မရှိုးပါနဲ့ဗျာ။ အဲဒီ (၃၁)ဘုံ ခင်ဗျားရွတ်ပြပါဦး စာရေးကြီး"

"ရွတ်ပြပါ့မယ် မောင်ရာ . . . ဒီလိုကွ။ ဗြဟ္မာ (၂၀) [illegible] ပြည်(၆)ထပ်၊ လူ့ဘုံ(၁)ဘုံနဲ့၊ အပါယ်က (၄)ဘုံ၊ ပေါင်း (၃၁)ဘုံ [illegible] ကွာ"

"ဒါဆို အခု ခင်ဗျား၊ ဘယ်ဘုံမှာ ရောက်နေလဲ"

"ငါရော မင်းတို့ရော အခုလောလောဆယ် လူ့ဘုံမှာ ဥစ္စာ"

"ဗြဟ္မာဘုံရောက်ဖူးလား"

"ကောင်းမှုကုသိုလ် ကံကောင်းရင် သီလ၊ သမာဓိ အကျိုးပေး[illegible] ကောင်းလို့က သေပြီးရင် အဲဒီဗြဟ္မာဘုံရောက်မှာပါ"

"ဒါဆို အခုခင်ဗျား ဘာလုပ်နေသလဲ"

"အဲ အဲ အခု ငါ အဲ"

"ဟား ဟား ဟား အရက်သောက်နေသမို့လား"

"မင်းတို့လည်းပါတာ ဥစ္စာ"

"ဟား ဟား ဟား ဟား ဟား။ သေဖော်ညှိလိုက်သေးသကွ ယန္တရားရေ။ ဒါဆို အရက်သောက်သည့်အတွက် ခင်ဗျားသေရင် ဘယ်ကို ရောက်မှာလဲဗျ စာရေးကြီးရာ"

"အဲ အဲ ငရဲတော့ ရောက်မှာပဲ"

"ဘယ်အထပ်လဲဗျ။ လုပ်ပါဦး အေ့ . . . အေ့ နောက်တစ်လုံး လုပ်ဟေ့"

ဒီမှာ စာရေးကြီး ဦးမိုးညွန့် ဘာမျှ ပြန်မပြောနိုင်သေး။

"မြေညီထပ်နေမှာပေါ့ဗျာ"

ကဗျာဆရာက ဝင်နှောက်လိုက်၏။

"မြေညီထပ်ကတော့ ရန်ကုန်ပန်းဆိုးတန်းနဲ့ ဆိပ်ကမ်းသာ





လမ်းမှာတော့ သိန်း(၅၀)အထက် အငှားဈေးရှိတယ်။ အပိုင်ဝယ်ဆို သိန်း(၁၀၀၀)အထက်ဗျ။ ငရဲပြည်မှာ အုတ်၊ဘီလပ်မြေပေါ်ရင်တော့ ဈေးကျမလား မသိဘူး"

"ဟား ဟား ဟား ဟား ဟား ဒီမှာဗျာ စာရေးကြီးရဲ့ ခင်ဗျား လူ့ဘုံကလွဲပြီး ဘယ်ဘုံကို မျက်စိနဲ့ တပ်အပ်မြင်ရသလဲ။ ကား၊ သင်္ဘော၊ လေယာဉ်ပျံ၊ ဒုံးပျံ၊ ဂြိုလ်တုနဲ့ ရောက်ဖူးသလဲ။ ခင်ဗျား ပြောတဲ့ ငရဲ ပြိတ္တာ၊ တိရစ္ဆာန်၊ အသူရကာယ်ဆိုတာရော ဘယ်မြို့ ဘယ်ရပ်ကွက် အိမ်နံပါတ် ဘယ်လောက်မှာ နေသလဲ ပြောဗျာ။ ပြော အေ့"

အချက်ကျကျ မေးလိုက်သည့် ရုပ်ဝါဒသမားကြီး ပွေးဆင့်ဝိုင်းရဲ့ မေးခွန်းများကြောင့် စာရေးကြီး ဘယ်လို ပြန်ဖြေရမှန်းမသိ။ အူကြောင်ကြောင် ဖြစ်နေ၏။

"ခုတော့ မတွေ့ရသေးဘူးပေါ့ကွာ။ သေပြီးရင် မင်းတို့ ငါတို့ ကို မကောင်းမှု ဒုစရိုက်များများ လုပ်သူတွေဆိုရင် အပါယ်လေးဘုံ တစ်ဘုံဘုံတော့ မြေကြီး လက်ခတ်မလွဲ ကျိန်းသေပဲ"

"တော်စမ်းဗျာ၊ ဘုံခန်းနဲ့မြောက်ပြီး ငရဲခန်းနဲ့ ခြောက်တဲ့ကိစ္စကို အလေးအထားစမ်းပါနဲ့။ လူဟာ သေပြီးရင် မြေကြီးပဲ။ နတ်ပြည်လည်း မရောက်ဘူး။ ငရဲပြည်လည်း မရောက်ဘူး။ တစ္ဆေသရဲလည်း မဖြစ်ဘူး။ တကယ်ဖြစ်ရမှာဘာလဲ သိလား"

"လုပ်ပါ ရုပ်ဝါဒဆရာကြီးရ"

"မြေဩဇာ ဗျ မြေဩဇာ။ သစ်ပင်စိုက်လို့ သိပ်ကောင်းတဲ့ မြေဩဇာ ဟား ဟား ဟား ဟား"

"ဟိုဆရာ ကိုရင်မောင်မှိုင်း ကိုယ့်လူကရော တစ္ဆေသရဲဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



တွေ ဖတ်ရေးပြီးရင် ပုတီးစိပ်၊ ရသမျှ မန္တန်ရွတ်နေတော့ ကိုယ့်လူရော တစ္ဆေသရဲ ပရဝိညာဉ်နဲ့ ငရဲပြည် အသူရကာယ်ရှာဆိုတာရော ယုံလို့လား။ ရောက်လို့လား။ တွေ့ဖူးလို့လား။ စာရေးကြီးရဲ့ မိတ်ဆွေ စာရေး 'အီး' ဆရာကြီးရဲ့ အဟာတ်"

အင်း ငရဲသားများကား ကျွန်တော့်ဘက်ကိုပါ မြားဦးလှည့်လာချေပြီ။

"လုပ်ပါဗျာ၊ ဂန္ထိရဆရာကြီးလား၊ဆရာလေးလား၊ရ၊ ပြောပါအော့ . . . အော့"

"ဒီမှာ ကိုပွေးဆင့်ဝိုင်း"

"ဖော်ဗီလို့ပဲ ခေါ်စမ်းပါကွာ ချီးမှာပဲ။ ငါ့ရည်စားမှုမှ ကြားရင် ရှုံးပြီး ချိန်းတွေ့လို့ မရပဲ၊ နေပါမယ်။ အော့ . . . အော့ . . . အော့ . . . ဖွီ"

"ဒီမှာ ကိုပွေးရဲ့၊ ကိုယ်တွေကြုံရင် ယုံမလား"

"အမ်မယ်၊ ကိုလူ့ရဲ့ ဘော်ဒါ တစ္ဆေသရဲများက ငါ့ကို ကိုယ်ထင်ပြမှာတဲ့လားကွ ဟော့ ဟော့"

"ကိုထင်ပြမပြတော့ မပြောနိုင်ဘူးပေါ့ဗျာ။ ဒါပေမဲ့ ခင်ဗျား လက်ခံချင်အောင်တော့ သဘောပေါက်သွားရပါစေမယ်"

"လုပ်လိုက်လေ ကြားသလားလို့၊ ကြားမယ် ထင်ရင် ဖွန်းတောင် မကိုင်ဘူးကွ။ က . . . လား . . . ဒိန် . . . ဖော် . . . ဗီ အဲ အဲ . . . ဇာတ်မင်းသား၊ . . . လေး . . . ဖော်ဗီတဲ့။ ခုပဲ ကြုံလိုက်ချင်စမ်းပါ့ကွာ အော့။ သရဲထီးနဲ့ တွေ့ရင်ဗြိုင်သောက်မယ်။ သရဲမ တစ္ဆေမနဲ့တွေ့ရင် လှမ်းကြွပါစို့ ပြည်တော်ဘုံကို သီချင်းနဲ့ ဖြစ်ဖြစ်၊ လျှပ်ပန်းလေးခွေနဲ့ဖြစ်ဖြစ် နှစ်ပါးသွားကပစ်မယ်။ ကဗျာဆရာ ရော ဂီ . . . တ . . . ဆရာ . . . ရော . . . ကျုပ် . . . ကျုပ် . . . အဆို





မြူချက်ကို . . . လက်ခံ . . . သလား"

ဒီမှာ ကျွန်နှစ်ယောက်က မူးယစ်ယစ်နဲ့ အော်လိုက်ကြသည်။

"လက် . . . ခံ . . . တယ်"

"လက် . . . ခံ . . . ခံ . . . တယ် . . . အယ်"

"အေး . . . လက်မခံရင် . . . အဲ . . . အဲ . . . ဘာတဲ့။ ခြေ . . . ခံ"

"ဝါး . . . ဟား . . . ဟား . . . ဟား . . .၊

"အဟီး . . . ဟီး . . . ဟီး"

"ဒါနဲ့ လုပ်ပါဦး မောင်ရင်ရဲ့၊ ပရဝိညာဉ်သား အ အ စလေးများ . . . ပြောပါ . . ပြော . . ပါ . . အော့

နက်ဖြန်ကို ကျွန်တော်တို့ရွာ (    )သို့ သူတို့လိုက်ခဲ့ဖြစ်၏။ ကျွန်တော်တို့ရွာသည် ရှေးဟောင်းသမိုင်းဝင်စေတီရှိသော ရွာကြီးဖြစ်၏။ ရွာခြေသို့အရောက် ကားစီးသွားရ၏။ ရွာခြေရောက်သည်နှင့် ကုန်းကြောင်းလျှောက်လျှင်တစ်နာရီခန့်လျှောက်ရ၏။ လှည်းနှင့်သွားလည်းရ၏။ (နောက်ပိုင်းဆိုင်ကယ် ကယ်ရီများပင် ဆွဲနေပြီးဖြစ်၏။) ရွာမှာ ထန်းရည်ကောင်းကောင်းရ၏။

ညဘက်ရွာဝါးရုံများမှာ ချိုးငှက်ပစ်ရန် လေသေနတ်များလည်း ပါမည်ဖြစ်၏။ ချိုးကြော်နှင့် ထန်းရည်ကောင်းကောင်းသောက်ပြီး ရွာသူများရဲ့အချောအလှကို ရှုစားရန် အစီအစဉ်လည်းပါလေ၏၊ စာဖွဲ့ကြမည် လည်းဖြစ်၏။

"ပြောပြမယ် နားထောင်ကြဗျာ။ လျှောင်တော့ မလျှောင်နဲ့ဦးနော်"

"ယုံလောက်အောင်ပြောရင် မလျှောင်ပါဘူး။ ရယ်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



အောင်ပြောရင်တော့ ပုဆိုးကွဲအောင် မေရွှဲအောင် ရယ်မှာပဲ ကိုယ့်လူ"

သို့နှင့် ကျွန်တော်က အောက်ပါအတိုင်း ကျွန်တော့်သူငယ်ချင်း ကိုချက်ကောင်း အကြောင်းကို သူတို့အား အကျဉ်းချုံး၍ ပြောပြရတော့သည်။

❦ ❦ ❦

❑

ကျွန်တော့်မှာ သောက်ဖော်သောက်ဖက် သူငယ်ချင်းနှစ်ဦးရှိတယ်ဗျ။ တစ်ယောက်ရဲ့အမည်က ကိုရိုးတဲ့။ နောက်တစ်ယောက်က ကိုချက်ကောင်းတဲ့။

နှစ်ယောက်စလုံး လယ်သမားပဲ။ သောက်သလားလည်း မမေးနဲ့။ ရွာလည်သောက်၊ ရွာကုန်သောက်ပဲ။ သောက်စရာမရှိရင် ကိုချက်ကောင်းက ထန်းလျက်တစ်ပိုဝယ်ပေးပြီး အကြိုက်မီးတောက်ကို အော်ဒါမှာချက်ပြီး သောက်တာ။

ဘယ်လောက် အရက်သောက်ကြမ်းလည်းဆို အရက်သမားကြီး ဘဝလုံးလုံးရောက်ပြီး လယ်အလုပ်ကို လုံးဝ မလုပ်နိုင်တော့ဘူး။ ဘယ်လိုမှ တရားချလို့မရဘူး။ ကျုပ်တို့ ငယ်ဆရာ ကျောင်းအုပ်ကြီး ဦးဘရှိန်ကလည်း ဆုံးမတာပဲ။ ရွာဦးကျောင်း ဆရာတော် ဦးဇင်းကျောက်အိုးကလည်း ဆုံးမတာပဲ။ ဆုံးမလို့မရတဲ့အပြင် သူကတောင် အရက်တရားပြန်ပြနေလို့ သူတော်ကောင်းများ မနည်းရှောင်ပြေးရတယ်။

သူက မယုံရင် နည်းနည်းမြည်းကြည့်က စတာကိုး။

အချို့သူ ပြောသည့်အတိုင်း မြည်းကြည့်ရာက အရက်သောက်တတ် ကြိုက်တတ်သွားလို့ ကိုချက်ကောင်းနဲ့ စကားပြောဝိုင်းဖွဲ့တာကို လူငယ်လူရွယ်မိဘများ မကြိုက်ကြဘူးဗျ။

အဲဒါ ကိုချက်ကောင်းရည်းစား မထားသွဲ့က အရက်ကို ဖြတ်ဖို့ ပြောတယ်။ ချက်ကောင်းက ဘာပြောမှတ်လို့လဲ။

"ထားသွဲ့၊ မနေ့က အရက်ထက် နင့်ကို ငါပိုချစ်ခဲ့တယ်။ ဒီနေ့ နင့်ထက်အရက်ကို ငါ ပိုချစ်တယ်။ နင် ကြိုက်ရာ ယောကျ်ားယူတော့"

ဒီလိုပြောပြီး အရက်ကို နေ့ရောညရော သောက်နေလို့ နောက်ဆုံးမထားသွဲ့တစ်ယောက် ဘုန်းကြီးလူထွက်အောင်ဘုနဲ့ ခိုးရာ လိုက်သွားလိုက်တာ အခုကလေးတစ်ယောက် ရနေပြီ။

အဲဒီလည်းကျရော သူက လုပ်ပြန်ရော၊ မထားသွဲ့က သူ့အသည်းကိုခွဲသွားလို့တဲ့။ မစိမ်းကားကြီး ရက်စက်တယ်ဆိုပြီး အရက်ကို ပိုသောက်ပြန်ရောဗျာ။ ရမယ်ရှာပုံပြောပါတယ်။

တစ်နေ့ ရွာပြင်ဘိုးလေးအုတ်ရိုးနားက အဓိကရ ကုက္ကိုပင်ကြီးအောက်မှာ အရက်နှစ်ပုလင်းထိုင်သောက်ပြီး ကျောပြောင်ကြီးနဲ့မူးလို့အိပ်ပျော်သွားတော့ မိုးလည်းလင်းရော တောင့်ပြီးသေနေရော။







www.burmeseclassic.com

www.burmeseclassic.com



အဲဒါ လမ်းသွားလမ်းလာများမြင်ပြီး ရွာပြန်လာပြောလို့ သွားကြည့်တော့ မျက်နှာကြီးအန်းရောင်ပြီး သံချောင်းလို ခြေခဲရိုက်ထားသလို မာတောင့်နေပြီး နောက်ဆုံးသူ့အသုဘကို ကျုပ်တို့အားလုံးဝိုင်းသဂြိုဟ် လုပ်ကိုင်ပေးရတယ်။

ဒီမှာ ထူးတာက ဒီကောင်ချက်ကောင်းကြီး သေပြီးနောက် အစွဲအလမ်းကြီးလို့ မကျွတ်မလွတ်ရှာဘူး။ ညဘက်ရွာပြန်သူများနောက်ကနေ ခြေသံပေးလိုက်တယ်။ နောက်ကျောကို ခဲနဲ့ပစ်တယ်။ အရက်လိုလို ရေလိုလိုအရည်နဲ့ပက်ပြီး နောက်ပြောင်တယ်။

ဒါပေမဲ့ လူကို မမြင်ကြရဘူး။

အရက်ပုလင်းပါရင် အရက်နံ့ရရင်လိုက်ဆွဲတယ်။ ကုန်ကုန်ပြောရရင် ညည်းသံပေးလိုက် ရယ်သံပေးလိုက်နဲ့ ပုလင်းဖန်ခွက်သံပေး ခြောက်လိုက်တာ ရွာကလူတွေ မနည်းလားဗျာ။

အဲဒါသူ့အတွက် ရည်စူးပြီး အမျှပေးဝေလည်းသာဓုခေါ်နိုင်ခွင့် မကြုံသေးလို့လား မသိဘူး။ ဒီကောင် မကျွတ်ဘူး။

သူ မှီခိုနေတဲ့ သေတဲ့ တက္ကိုပင်ဝန်းကျင်မှာ အရက်သောက် ထန်းရည်သောက်ရင်း သူ့အတွက် တစ်ခွက်တစ်ဖလားစွန့်မှရတယ်။ ဒီလို သောင်းကျန်းနှောက်ယှက်ရော။ နောင်တော့ သူငယ်ချင်းလည်းဖြစ် အရက်ထန်းရည်ကြိုက်သူလည်းဖြစ်ခဲ့ဖူးတော့ အဲဒီကုက္ကိုပင်ဝန်းကျင်ပေါ့ အဲဒီနားမှာ ရိုးကလေး ရေစီးမြောင်းကျယ်ရှိလို့ ‘ချက်ကောင်းရိုးကလေး’ လို့ ခေါ်ခဲ့တဲ့နေရာမှာ အရက်ထန်းရည်သောက်တိုင်း စတိသဘောနဲ့ ချက်ကောင်း။ ဒါမင်းအတွက်လို့ အသောက်သမားများက အရက်တစ် ခွက် ထန်းရည်တစ်ခွက် မြေကြီးပေါ် လောင်းချပေးရတယ်။ စတိပေါ့ဗျာ။

အဲဒီလို မလုပ်ရင် အမျိုးမျိုးနှောင့်ယှက်ရော၊ ကြောက်လန့်





ချောက်ချားအောင်လုပ်ရော။ နောင်တော့ ကျုပ်တို့ ခေတ်သိသူများလွဲလို့ ဘယ်သူမှ အဲဒီဝန်းကျင်မှာ အရက် ထန်းရည် မသောက်ကြတော့ဘူး။

“ဒါဖြင့် ငါတို့သွားရင် ချက်ကောင်းနဲ့ ကြုံရမယ်ပေါ့”

ကိုပွေးဆင့်ဝိုင်းက မေးလိုက်သည်။

“အခန့်သင့်ရင် တွေ့ရကောင်းပါတယ်ဗျာ”

“တွေ့ချင်တယ်ကွာ. . . အပေ့”

“တွေ့ရင်တိုက်မှာလားဗျ ကိုပွေးရ”

“ဟ ဒီကောင်က ဘာကောင်မို့ တိုက်ရမှာလဲကွ။ လုံးဝ ပါပဲကွာ။ ငါသိချင်တာက သေပြီးနောက် ပရလောကအဖြစ်ရှိမရှိကို သိချင်စမ်းချင် လို့ပါကွ။ ကိုသောင်းရ ဆော့”

“အေးဗျာ. . . နက်ဖြန် ကံကောင်းရင်၊ ဒါမှမဟုတ် ကံသင့် ရင် ကြုံရကောင်းရဲ့ဗျာ။ ကိုင်း ညဉ့်နက်ပြီ။ လက်စသတ်လိုက်ပြီး အိပ်ကြပါစို့”

www.burmeseclassic.com

□

မိုးလင်းသည်နှင့် ကျွန်တော်တို့ ကျောက်တန်းမြို့သွား ကား
စီးခဲ့ကြ၏။ ရွာမှာမရှိသည့် ရမ်အရက်၊ ဝီစကီအရက်နှင့် အချော
အချိုမ်းစားဖွယ် အမြည်းများလည်း ယူသယ်ခဲ့ကြ၏။ လေသေနတ်များ
လည်း ပါကြသည်။

ဂီတဆရာက ရွာရောက်ရင် ကျေးလက်သီချင်းစပ်မည်တဲ့။

ကဗျာဆရာက "မိုးမောင်လာပြီ" လို့ ကဗျာမျိုးရေးမည်တဲ့

စာဖတ်သမားကြီး ရုပ်ဝါဒသမားကြီးကတော့ မင်းတို့ရွာ
ထန်းရည် နာမည်ကြီးတော့ သောက်ချင်စမ်းပါဘိဟု ကားပေါ်မှာ ပြော
ကြုံးဝါးလာခဲ့ကြ၏။ နာရီဝက်သာသာ တစ်နာရီခန့်ကြာသော် 'ထားမ
ကျေးရွာသို့ ရောက်ခဲ့၏။ ကားပေါ်မှ ဆင်းပြီးနောက် ပစ္စည်းများကို
လွယ်ပိုးပြီး ထန်းပင်ဆိပ်ကုလားဘုရားကျောင်းမှ ဖြတ်ကာ ရွာရှိ
ကွင်းလယ်မကြီးအတိုင်း သီချင်းတကြော်ကြော် အော်ရှုံ့ဆိုပြီး ပျော်ရွှင်
လာခဲ့ကြပြီ။

စပါးပင်များ မှည့်ဝင်းနေ၏။ ငွေချိုင်းဖြူများက လယ်ကွင်း





မြို့ခင်းပေါ်မှ အုပ်ဖွဲ့ချလျက်။ ချိုးအုပ်များကလည်း စပါးခင်းမှာကျ
လျက်။

တစ်နေရာမှ လွမ်းသွဲ့သွဲ့ ပလွေကျူသံကို ကြားရ၏။

ကဗျာဆရာနှင့် သီချင်းရေးဆရာတို့က ဒါကို နားထောင်ရင်း
သဘောကျနေ၏။ ရုပ်ဝါဒဆရာကြီးက ကွင်းထဲမှ တဲအိမ်များ ကိုယ့်အိမ်
ဖြစ်ရေးကိုဟောပြောလာ၏။ နာရီဝက်သာသာခန့်ကြာသော် ခွေးများ
စို့လာ၏။

လမ်းသွားလမ်းလာ ခွေးမျိုးများက ကွန်ုဖ်တော့ကို မြင်တိုင်း
ရှာမလှေအတိုင်း အော်ဟစ်နက်ဆက်ကြ၏။

လှည်းလမ်းကြောင်းမှာလည်း ရွာလှည်းများ သွားနေ၍ ဖုန်
ထောင်းထောင်းထလို့ လှည်းပေါ်က အသီများက အော်ဟစ်နှုတ်ဆက်
ကြပြန်၏။

"မောင်မှိုင်း"

"ဘာလဲဗျ ကိုပွေးရ"

"မင်းပြောတဲ့နေရာ မရောက်သေးဘူးလား"

"ရွာကိုပြောတာလား။ ဝှေ့ မှိုင်းပျပျက ရွာပဲဗျ။ ရောက်ခါနီး
ပါပြီ"

"မဟုတ်ဘူးလေ။ ချက်ကောင်းရိုးကို ပြောတာကွ"

"ဘာလုပ်မလို့လဲ ကိုပွေးရ"

"ဟ ဟုတ်မဟုတ် လက်တွေ့စမ်းရမှာပေါ့ကွ"

"ဟာ မလုပ်ပါနဲ့ဗျာ။ ရွာကိုသာ အေးအေးဆေးဆေး လိုက်ခဲ့
ပေါ့ဗျာ။ တော်ကြာ မဟုတ်တာယုတ် ဖြစ်နေမှ"

"ခေါက်ထားစမ်းပါ။ မင်း ပြောတာ ဟုတ်မဟုတ် သိချင်လို့

www.burmeseclassic.com

ပါကွ"

"ခက်တာပဲဗျ"

"ငါတို့က လူအုပ်နဲ့ပါကွ။ မင်းကလဲ"

"ဟုတ်"

*ဒီလိုနှင့် ကိုချက်ကောင်းတို့လေးယောက်သည် ရောက်လာ၏*

ဆိုင်းဆိုင်းအရွက်များ မြေထိနမ်းနေသည့် ကုက္ကိုပင်ကြီးကို တွေ့

"ဒါလားကွ။ မောင်မှိုင်းရ၊ ခဏနားကြရအောင်ကွာ

နေပြီ"

"ဒီရိုးကျော်မှ နားပေါ့ဗျာ။ လာပါ"

"ဟင့်အင်း ကွာ"

ကုက္ကိုပင်ကြီးအောက်သို့ ဝမ်းသာအားရ ပြေးဝင်သွားကြ

ကုက္ကိုပင်ကြီးနံဘေးမှ ကန်ငယ်တစ်ခုရှိ၏။ ရေခမ်းနေပြီ။ ဒီနေရာ

ကိုချက်ကောင်းအရက်မူးသေသည့် နေရာဖြစ်၏။

သူတို့ကို ပြောလို့မဖြစ်။ သို့ဖြစ်၍ တားတော့ တားမြ

သို့သော်မရ။

ကုက္ကိုရိပ်အောက်မှာ လှဲသူလှဲကြ၏။ သီချင်းဆိုသူဆိုကြ

သေနတ်များ ထောင်ထားလျက်။

"မင်းတို့ရွာ ဟိုရွာလား"

"ဟုတ်တယ်၊ ရွာရောက်မှ"

"စကားမများနဲ့ကွာ မောင်မှိုင်းရာ၊ ယန္တရားကြီးတို့"

"ဗျာ"

"တစ်လုံးဖွင့်ကွာ"

"အိုကေ"

စိတ်ကူးသစ်စာပေ



ကဗျာဆရာက ရမ်တစ်လုံးကို ဖွင့်လိုက်ပြီး မြေပဲလှော် ဥာစ်ထုပ်ကို ဖောက်လိုက်၏။ ကျန်လူများက ဝမ်းသာအားရဝိုင်းလိုက်ကြ၏။ ရေပုလင်းနှင့် အရက်ရောစွဲသောက်ရန်ပြင်ကြ၏။ ဒီမှာ ကျွန်ုပ်တော်က အရက်ပုလင်းကို လှမ်းဆွဲလိုက်၏။

"ဘာလုပ်မလို့လဲ"

"ဟို ဟို နည်းနည်းစတိ သွန်ချင်လို့ပါ"

"ဘုရားရေ ငမှိုင်း၊ ဒါ ပိုက်ဆံ အများကြီး ပေးဝယ်လာတဲ့ ရမ် နော်။ အရက် ကောင်းစား၊ ချက်အရက် မဟုတ်ဘူး။ နေပါဦး။ ဘာလို့ စတိသွန်ရမှာလဲ"

"ဟိုဗျာ ဟို ဟို ဒီနေရာက ဟိုဒင်း"

"ဒီမှာ မောင်မှိုင်း။ အူကြောင်ကြောင် လုပ်မနေနဲ့။ ရွာကို ငါတို့မြင်နေရပြီ။ မင်းသွားနှင့် ငါတို့ စားဖို့ကြက်သားကလသားချက်ကြိုချက်ထား။ ဒီလမ်းအတိုင်း ငါတို့ တစ်ပုလင်း ကုန်ရင်လာခဲ့မယ်။ သွားပါကွာ သွား သွား"

"စောင့်နေပါ့မယ့်ကွာ"

"မလိုပါဘူးကွာ။ ဒါရွာပါ။ ရန်ကုန် မန္တလေး မဟုတ်ပါဘူး။ မျက်စိလည်စရာဘာမှုမရှိဘူး။ ရွာရောက်ရင် ငါတို့ 'ဗျိုး'ဟစ်လိုက်မယ်။ သွားတော့။ ထမင်းဟင်းပဲ ချက်ထား။ ကြာလှရင် တစ်နာရီပေါ့ကွာ။ နော့ ကိုသောင်းညွှန့်"

"ဒါပေါ့ ဒါပေါ့"

"သွားလေကွာ။ ငမှိုင်းရ"

"ဖြစ်ပါ့မလားဗျာ"

"အမ်မာ ငါလေ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကျွန်တော် ရွာရှိရာသို့ ခြေဦးလှည့်လိုက်သည်။ ရွာသားအဖေတို့အိမ်မှာ သူတို့အတွက် ထမင်းဟင်းကိစ္စ ကြိုး၍ စီစဉ် ရမည်။ သည့်တင် ကုက္ကိုရိပ် အောက်မှအထွက် ကြက်သီးများ ဖြန်းခနဲထသွားခဲ့သည်။ ခေါင်းနားပန်းကြီးသွား၏။

မကြာခင် နောက်ကျောကို ခဲလုံးလေးများ၊ မြေကြီးခဲများနှင့် အပေါက်ခံလိုက်ရ၍ လှည့်ကြည့်လိုက်တော့ နဲ့သားလေးယောက်က ကျွန်တော့်ကို ကြည့်ပြီးရယ်နေကြ၏။ သင်းတို့များ ပေါက်ရောသလား နောက် ရောသလား။

မကြာခင် ခြေသံလိုလို ကြားရပြန်၏။ လှည့်ကြည့်သော် ဘာမျှမရှိ။ သို့နှင့်ပါးစပ်မှ တောင်းပန်ပြောဆို အမျှဝေပြီး ရွာဆီသို့ လှည့်ခဲ့လိုက်၏။ ရွာရောက်တော့ အဖေနှင့် နှမများကို ဝမ်းသာအားရ အော်ဟစ်ဆီးကြိုပြီး ပါလာသည့် ပစ္စည်းများကို လှမ်းယူကြသည်။ ညှော်သည်များပါလာသည့်အကြောင်း၊ နောက်မှာ နားနေကြကြောင်း သူတို့အတွက် ထမင်းဟင်း အမြန်ချက်ရန် စီစဉ်ကြရ၏။

ဒီလိုနှင့်အချိန် တစ်နာကျော်ကြာသွား၏။

ကြက်သားဟင်းကျက်ပြီး ထမင်းအိုးကြီး ကျက်ပြီ။

ချဉ်ရေမောင်း ဘဲဥကြော်နှင့် ငါးပိရည်တို့စရာများ ဖြစ်၍ ထမင်ဝိုင်းနှင့် အသင့်စောင့်နေကြ၏။

ကိုပွေးဆင့်တို့ အုပ်စု ခုချိန်ထိ ပေါ်မလာသေး။ ကြည့်ရတာ တစ်ပုလင်းမဝ၍ နောက်တစ်ပုလင်း ဖွင့်နေကြရောလား။

သို့နှင့်ရွာပြင်သို့ ကြိုဆိုခေါ်ယူရန် ထွက်လာခဲ့လိုက်သည်။

''ဗျို့ ကိုတလုတ်''

''မောင်မှိုင်းပါလား။ ဘယ်တုန်းက ရောက်သတုန်းကွ''





''ခု မနက်ပဲဗျ။ ဒါနဲ့ကိုတလုတ်၊ လမ်းမှာ ညှော်သည်လေး ယောက်များ တွေ့သေးလားဗျ''

''ညှော်သည်လေးယောက်''

''ဟုတ်တယ်ဗျ။ ကျွန်တော့် သူငယ်ချင်းတွေ၊ မြို့ကဗျ။ ဟိုနေရာမှာ ခဏနားနေကြတာ''

''မောင်မှိုင်း၊ မင်းလူတွေပဲလား ဘယ်က လူတွေလည်း မသိဘူး။ လူလေးယောက်တော့ ချက်ကောင်းရိုးနားမှာ ချာလည်လည် ပြီးနေကြရဲ့ဟ''

''ဟင် ဒုက္ခပါပဲ''

သို့နှင့် ကိုတလုတ်ကိုမျှ နှုတ်မဆက်နိုင်တော့ဘဲကိုချက်ကောင်း ရိုးကလေးရှိရာသို့ ပြေးလာလိုက်သောအခါ နဲ့သားလေးကောင်ရဲ့ အဖြစ်ကို သေသေချာချာမြင်လိုက်ရတော့သည်။

လေးယောက်သားသည် ရိုးကလေးရှိရာသို့ ပြေးလာလိုက်၊ ပြန်လှည့်သွားလိုက် သီချင်းများဆို၍ ကနေကြ၏။

အဲဒါ အကြိမ်ကြိမ် အခါခါ။

သူတိုတစ်ကိုယ်လုံး ချွေးများရွှဲနစ်နေကြ၏။

ရွံ့များ ဖုန်များ ပေကျံနေကြ၏။ လူရုပ်ပင် မပေါ်ကြတော့။ အရက်နံ့များကလည်း တထောင်းထောင်း။ အနီးမှာ အရက်ပုလင်း များ ကျကွဲပြီး အရက်များ မြေကြီးပေါ် စီးကျနေ၏။ သေနတ်များလည်း လဲကျလို့။

ကျွန်တော် ရောက်နေသည်ကို မမြင်ကြ၊ တစ်ယောက်လက် တစ်ယောက်ဆွဲ၍ ဝိုင်းကြီးပတ်ပတ်ကနေကြ၏။ အားလုံးမောနေကြ ပါပြီ။

''ကိုပွေး''



www.burmeseclassic.com

www.burmeseclassic.com



"ဗျို့ ကိုဖွေ၊ ကိုသောင်းညွန့်၊ ကိုယန္တရား"

ခေါ်လို့လည်း မကြား။ ဒါနှင့် ဝင်ကိုင်လှုပ်လိုက်မှ ငနဲသား လေးယောက် 'ဟာ' 'ဟင်' နှင့် ကြောင်ပြီး ရပ်သွားရာမှ ခွေလဲကျသွား ကြလေသည်။

♛ ♛ ♛

❑

ရွာသို့ရောက်သော် ငနဲသားများ ရှက်နေကြ၏။ ဖြတ်သွား ဖြတ်လာများက တွေ့သွားပြီး ဘယ်က မင်းသား ပြိုင်အကသမားများ ရောက်နေကြသလဲ။

"ပန်တျာမြဝင်း ဇာတ်ကလား၊ စိန်အောင်ကြည် ဇာတ်ကလား နှင့် ဝိုင်းမေးကြရကား ခေါင်းမှ မဖော်နိုင်ကြဘဲ ရှက်နေကြ၏။

"ဘယ်လို ဖြစ်ကုန်ကြတာလဲဗျာ"

ဘယ်သူမှ မပြောကြ၊ ရေငုံနေကြ၏။ မေးလွန်းမကာ မေး တော့မှ စာရေးကြီး ကိုမိုးညွန့်က စ၍ ပြောတော့၏။

"ဒီလိုကွ မောင်မှိုင်းရ၊ အရက်သောက်မလို့ ငွေလည်းငွေရော





လွန်ဆိုးဝါးလှတဲ့ အပုပ်နံ့ကြီး နံတော့တာပဲဟေ့။ ဒါနဲ့အရက်ကို သောက်မလို့ ခွက်လည်း ကိုင်ရော၊ ခွက်ကို တစ်စုံတစ်ဦးက ပုတ်ချလိုက် သလိုဖြစ်ပြီး အရက်တွေမှောက်လို့ အချင်းချင်း စကားများရပါရော။ ဒါ လေးယောက်လေးခွက်တိတိ မသောက်ရဘဲ လက်ထဲမှာတင် အရက်ခွက်ပုတ်ချခံရသလိုဖြစ်တာ ကြုံရတယ်။ ဒါနဲ့တစ်ခွက်စီ ဆက် သောက်နေတုန်း ကုက္ကိုပင်ပေါ်က ညည်းသံကြီး ကြားရပြန်ပါရော။ နံလိုက်တဲ့ အပုပ်နံ့လည်း ဟောင်နေတာပဲ။ ဒီမှာပဲ အရက်ပုလင်းတွေ အလိုလို တိုက်ကွဲသံကြားရပြီး ငါတို့လည်း ဘုမသိဘမသိ ထက,ကုန် ကြပါရော။ ပြောရရင် ငါတို့ မမူးသေးပါဘူးကွာ။ ဒါပေမဲ့ အရမ်းကို က,ချင်နေကြတယ်။ ကလို့ ဝတော့ လှမ်းမြင်ရတဲ့ ရွာကိုလာတာ၊ အဲဒီရှိုးကလေးကို ဆင်းလို့ ကူးလို့မရဘူး။ ဒါနဲ့ ရှိုးကလေးနားမှာ လေးယောက် လက်တွဲချိတ်ပြီး မင်းသားပြိုင်က လိုက်ကြတာ။ မင်း ရောက်လာပေလို့၊ နို့မို့ဘယ်အချိန်အထိ ကနေဦးမလဲ မသိဘူး ဟူး"

"မောင်မှိုင်း"

"ဗျာ"

"ငါတို့ မမူးသေးဘဲနဲ့ ဘာလို့ အဲဒီလို ကြောင်ကုန်ရတာလဲ ကွာ ဟင်"

"ဒါ ဒါ ဟို ဟို"

"ပြောပါကွာ ဘာဖြစ်လို့လဲ"

"မဟုတ်ပါဘူးဗျာ။ ခင်ဗျားတို့ မူးပြီးကနေတာ နေမှာပါ"

"ဘုရားစူးရစေရဲ့ကွာ။ တစ်ယောက်တစ်ခွက်ပဲ သောက်ရ ပါသေးတယ်ကွာ။ မူးမလားကွ။ ခုဟာကြီးကကွာ"

ဒီမှာလည်း ဝိုင်းမေးလွန်းမကာ မေးမှတော့ ကျွန်တော် မပြော



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘဲနှင့် ပြောပြရတော့သည်။

"ကိုမိုးညွန့်နဲ့ ကိုပွေး"

"ဘာလဲ ငမှိုင်း"

"ကျုပ် ကြိုပြောသားပဲဗျာ။ အဲဒီကုက္ကိုပင်အောက်မှာ အရ မသောက်ကြပါနဲ့။ သောက်ရင် မတိုးသွန်ပါလို့"

"ဘာဖြစ်လို့"

"အဲဒါ အရက်သမားကို ချက်ကောင်း အရက်မူးပြီးသော နေရာဗျ"

"ဟင် ဒါ ဒါ ဆို ငါတို့ကို သင်း သင်း"

"ထားလိုက်ပါဗျာ၊ ခင်ဗျားတို့က ဒါမျိုး ယုံမှာ မဟုတ်ပါဘူး။ ဖြစ်နိုင်တာကတော့ ခင်ဗျားတို့ အရက်သောက်မူးပြီး အရက်ကြောင် ကြောင်ကုန်ကြတာနေမှာ"

"အေး အဲဒီလိုပဲ ဖြစ်ပါစေတော့ကွာ။ ဒီလိုပဲဖြစ်ပါစေတော့"

ဤစကားကား ရုပ်ဝါဒသကြီး ကိုပွေးဆင့်ဝိုင်း မျက်စိပျက် မျက်နှာပျက် ရှက်ရှက်နှင့် ပြောလိုက်သော စကားဖြစ်လေသတည်း။

◆ မောင်ညိုမှိုင်း(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

# လူတစ်ယောက်နှင့်အာဒါလွှတ်များအကြောင်း

(၁)

ကျွန်တော်သည် ထိုအချိန်က အဆောင်နေ ကျောင်းသားတစ်ဦးသာဖြစ်သည်။ ဂန္ထဝင်ကလျာဏဂျွန်ကျော်နေသည် ပရိုည်ာဂိုများအကြောင်း. . . မလေ့လာမသိရှိပါ။

လောက၏ ဖြစ်ရပ်ဆန်းကြယ်များအကြောင်းလည်း ထဲထဲဝင်ဝင် ကိုယ်တွေ့မကြုံဖူးသေးပါ။

ပျိုရွယ်သော လူငယ်တစ်ဦးပီပီ. . . ကျောင်းစာကို ညည်းငွေ့လာလျှင် အချစ်ဝတ္ထုများကို ဖတ်သည်။ အချိန်အားနေ့များမှာ မြို့ထဲထွက်၍ ရုပ်ရှင်ကြည့်မည်။ မြေပဒေသာကျွန်းမှာ လည်ပတ်သည်။

ဒါမှမဟုတ်. . . သူငယ်ချင်းအပေါင်းအသင်းများဖြင့်. . .





သက်ဖက်ရည်ဆိုင်ထိုင်မည်။ ချစ်သူများအကြောင်း. . . ချစ်လိုသူအကြောင်း မိန်းမလှများအကြောင်း။ ဒါမှမဟုတ် တေးဂီတများအကြောင်း ဆွေးနွေးငြင်းခုံကြမည်။ သနို့ပြေး

အဆောင်ပိတ်ချိန်မတိုင်ခင် ပြန်ရောက်အောင်လာခဲ့ပါပဲလေ။ ဒီနေရာမှာ. . . ကျွန်တော်တို့အဆောင်မှာ နေထိုင်ကြသည့် နယ်ဝေး ကျောင်းသား သူငယ်ချင်းများအကြောင်းထက် ကျောင်းဆောင်ကြီး အကြောင်းကို ပြောပြချင်၏။

ကျောင်းဆောင်ကြီးအမည်မှာ ဦးမည်းချိုဝ် ဟုခေါ်၏။ နာရည်နှင့်လိုက်အောင် အသားအရည်က မည်းချိုဝ်လိုက်သည်မှာ သပိတ်သားရောင်။ မီးသွေးတုံးအရောင်။ ကောက်ညှင်းငချိုဝ်အရောင်ပေါက်နေ၏။

ရင်းနှီးသူများက သူကိုချစ်စနိုးအနေဖြင့် ဘကြီးကောက်ညှင်းငချိုဝ်ဟုခေါ်ကြ၏။ မည်သို့ခေါ်ခေါ် သူကပြုံးပြုံး ဖြီးဖြီး။

အသက်က (၅၀)ခန့်ရှိ၏။ ခါးနည်းနည်းကုန်း၏။ ဆံဝင်ကုပ်ဝဲ အားလျားနှင့်ဖြစ်၏။ မျက်လုံးအလွန်ပြူးသေး၏။

ရယ်လိုက်လျှင် ကွမ်းချေးတက်နေသော သွားခေါခေါများက သူ့အသားအရည်နှင့် လိုက်ဖက်ညီစွာ ဘွားခနဲပေါ်လာလေ့ရှိရကား ညဘက်များ သူ့ကို ဖြုန်းစားချည်းမြင်လိုက်ရလျှင် သရဲတစ္ဆေတစ်ကောင်ကို တွေ့ရသီအလား လန့်သွားကြ၍. . .

"အဲဒါ. . . ကောက်ညှင်းငချိုဝ်"

"ဘာလဲကွ"

"ညညကျရင် ဖြုန်းစားချည်း ကိုယ်ထင်မပြပါနဲ့ဗျာ"

"ဟ. . . ဘာဖြစ်လို့လဲ. မင်းသားတို့ရ"

"လိပ်ပြာလွင့်ချင်သလို ဖြစ်ဖြစ်သွားလို့ပါဗျာ"



www.burmeseclassic.com

"ဟား...ဟား...ဟား...ဟား...ငါက အဲဒီတော
...နေလို့လား။ ဒါတောင်ရေမချိုးရသေးဘူး ကိုယ့်လူမင်းသားတို့
ဖို့ အိုးမည်းလိမ်းလိုက်ရင် ကိုယ်ပါပျောက်သွားတာဗျ...ဟား
..ဟား...ဟား"

"ဘချိပ်"

"ဟေ...လကွာ"

"မိန်းကလေးအဆောင်များဘက်တော့ ယောင်လို့များ ညဘက်
လမ်းမသလားလိုက်နဲ့ ဘချိပ်ရာ"

"သလားရင် ဘာဖြစ်နိုင်မှာမို့လဲကွ...မောင်သောင်းယဉ်ရ"

"လန့်ပြီး ပွဲချင်းပြီးသွားနိုင်လို့ ဘချိပ်ရ"

"ဟား...ဟား...ဟား...ဟား...အေးပါကွာ၊ စိတ်
ချပါ...မသွားပါဘူး။ မင်းအမျိုးများ ညွှဲတွေလာမှ မီးသွေးကို ချေး
ချေးနဲ့ ကြော်ကျွေးပြီး ပြုံးပြုံးကြီး ညွှဲခံတွေ့ စကားပြော ဖက်လဲ
တကင်း..."

နောက်ဆုံး ဘယ်ဖလောက်ပဲစကားကြွယ်ကြွယ်...အညာသား
ကျောင်းစောင့်ကြီး ဘမည်းချိပ်ကို အရှုံးပေးလိုက်ရသည်သာဖြစ်တော့
သည်။

သို့ဖြစ်၍...

သူငယ်ချင်းကျောင်းသူ မိန်းကလေးများက အပြင်မှာ
ကျွန်တော်တို့ နှင့်တွေ့ကြလျှင်...

"ကိုဇော်တို့ အဆောင်က ညံ့ရေးညတာ ပိုစိတ်ချရတယ်နော်"

"ဘာဖြစ်လို့"

"တစ္ဆေသရဲလည်း မကြောက်ရဘူး။ သူခိုးသူဝှက်လည်း စိုးမိုး





ရောမလိုဘူး"

"ဘာဖြစ်လို့ပါလိမ့်ဗျာ"

"ဦးမည်းချိပ်ကြီးကို မြင်လိုက်ရရင် သရဲတစ္ဆေလည်း လန့်ပြေး
သူခိုးလည်း နေရာတင်တက်သေသွားနိုင်လို့"

"သဘောကျနေပြီလား...မနဲ့"

"ဘာပြောတယ်"

"ဘကြီးချိပ်ကို သဘောကျနေရင် မိတ်ဆက်ပေးချင်လို့ပါ
မနုရာ"

"အမယ်လေး...မ...မလုပ်ပါနဲ့တော်။ တော်ကြာအိပ်မက်
ထဲအထိ ဒီ...ဒီမျက်နှာကြီး မြင်နေရပြီး လန့်အော်လို့..ချေး..သေး
အမလေး...ပြောရင်းလန့်..."

"ဘုန်း"

"အမလေး...အမေရဲ့ လာ...နေ...ပြီ...သော့"

"ဟား...ဟား...ဟား...ဟား...မလန့်ပါနဲ့မနုရာ။
ဘကြီးချိပ်ရောက်လာတာမဟုတ်ပါဘူး။ အုန်းလက်ပြုတ်ကျတာပါဗျ..
ဟား...ဟား...ဟား...ဟား"

♛ ♛ ♛

www.burmeseclassic.com

## (၂)

ဘကြီးဦးမည်းချိပ်မှာ စိတ်ဝင်စားစရာတစ်ချက်ရှိ၏။ သူသည် ပန်းဥယျာဉ်စိုက်သည်ကို ဝါသနာပါ၏။ သူ့လက်နှင့် တယုတယစိုက်ပျိုးထားသော ပန်းမျိုးစုံသည် ရောင်စုံရှုမှင့်ဖွယ်ဝေဆာပြီး စိမ်းစိုနေ၏။

အလှဆုံးပန်းများကို ရွေးချူးပြီး အဆောင်က ဘုရားပန်းအိုးမှာ ထိုးပေး၏။ အပြင်ထွက်လျှင် ဘုန်းကြီးကျောင်းအတွက် ယူသွား၏။

ပန်းလှလှကြိုက်နှစ်သက်သူ မိန်းကလေးများက ကျွန်တော်တို့ထံမှတစ်ဆင့်တောင်းလျှင် ပန်းလှလှခေါင်မွှင့်များကို ကြည်ဖြူသဘောကောင်းစွာပေးလေ့ရှိ၏။

"ဘချိပ်"

"ဘာတုန်းကွ။ မြေလတ်သားရ"

"ဘချိပ်က မိန်းကလေးချောများ ပန်းအလှူခံရင် ခေါင်မွှင့်အလှဆုံးပန်းချည်း ရွေးပေးလိုက်တာပဲနော်"

"အဲဒါဘာဖြစ်တုန်း. . . မင်း ပန်းချိုးပေးရလို့လား"

"ဘယ်လို ရည်ရွယ်ချက်နဲ့များ ပေးရတာတုန်း ဘချိပ်ရဲ့





အကြောင်းရှိတာလေးလည်း မှုပေဦး"

"ဒီလိုပါ. . . မြေလတ်သား မယားတရှူးလေးရာ။ ငါ ပန်းလှလေးတွေ ပေးရ၊ စွန့်ရ လှူရတာက ငါ့အကြောင်း ငါ့ရည်ရွယ်ချက်နဲ့ပါကွ။ ငါ့ဘဝရုပ်ရည်က မင်းတို့မြင်တဲ့အတိုင်းပဲကွ။ အသားက မည်းတူး၊ သွားကခေါ၊ မျက်လုံးကပြူးကြောင်ကြောင်၊ ပြီး ခါးက ကုန်းပြီး ခြေတစ်ဖက်က တိုနိမ့်သေးသကွ။ အဲဒါဟိုးဘဝက အလှအပ ဖြစ်တဲ့ ပန်းတို့ဘာတို့ကို ရှင်လူရဟန်းများ မပေးလှူခဲ့လို့လို့ ငါကခံ ယူသကွ။ အရုပ်ဆိုးတာ တစ်ပုနာသကွ"

"ဘယ်လို နာတာလဲ. . . ဘချိပ်ရဲ့"

"ငါမိန်းမ, မရဘူးပေါ့ကွာ"

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဘချိပ်က မိန်းမလိုချင်သေးလို့လား"

"ဖျိုရွယ်တုန်းက လူယောက်ျားဥစ္စာ။ ရင်ထဲမှာ အချစ်ရှိသပေါ့ကွာ"

"လုပ်လိုက်စမ်းပါဦး. . . ဘချိပ်ရေ့ ဘာတဲ့တုန်းဗျာ"

"အင်း. . . ငါက ကြိုက်ပေချစ်ပေမယ့် ငါ့ကို ကြိုက်မယ့် ချစ်မယ့်သူလုံးဝမရှိခဲ့ဘူး။ ဒီလောက်ရုပ်ဆိုးပြီး သရဲတစ္ဆေရုပ် ပေါက်နေတဲ့ လူယောက်ျားကို ဘယ်မိန်းမကချစ်မှာ ကြိုက်မှာလည်း ငါ့လူရာ"

ဒါဆို ကိုယ်လိုပုံစံတူ လုံးတူဒေါက်တူကို ရှာပေါ့ဗျ"

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဟုတ်တယ်ဘချိပ်။ မြေလတ်ကြီးပြောတာမှန်တယ်ဗျ။ မိန်းမဖြစ်ပြီးရော ဥစ္စာဗျာ"

"ဟေ့ကောင်တွေ ယောက်ျားဆိုတာမျိုးက ကိုယ်ဘယ်လောက် အရုပ်ဆိုးဆိုး၊အကျည်းတန်တန်ကိုယ့်မိန်းမကိုတော့ ချောမှကြိုက်ပေ့



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ပေ့ဆိုတာမှ ဖြစ်စေချင်တာ ကိုယ့်လူများရဲ့"

"လုပ်လိုက်ဖော့. . .။ ဒါမှတို့ ဘချိပ်ကွ၊ ပညာရသလား။ ဆက်ပါဦးဗျ"

"ဆိုခဲ့သလိုပေါ့ကွ. . . ဘဝဟောင်းကံကျေးကြောင့် ဒီဘဝ ရှပ်ဆိုးပြီအချစ်ကိုလည်းရှာမရ၊ လူရာလည်းဟုတ်တိပတ်တိအသွင်း မခံရ၊ ဘဝနာလှသကွာ။ ဒါကြောင့် နောင်ဘဝမတော်လို့ လူ့ဘဝများ ပြန်ရခဲ့ရင် လူချောလူလှဖြစ်ရအောင် အလှကြိုက်သူများအတွက် ပန်းလှလှလေးများပေးရ ကမ်းရ လှူရသပေါ့. . . မောင်တော်းတို့ရ"

"ရည်ရွယ်ချက်က အတုယူလောက်ပါပေတယ်၊ ဘချိပ်ခင်များ သာဓု. . . သာဓု. . . သာဓု. . . ဖော်"

"ဘာလဲ. . . မြေလတ်ကြီး"

"မင်း. . . ကောင်းမလေးတွေလည်း ပန်းရပြီး ဆုတောင်းပေး လို့ပြော"

"ဘယ်လို တောင်းပေးခိုင်းရမှာလဲ"

"နောင်ဘဝများမှာ အဘချိပ် အလှတစ်ကျုပ်နဲ့ ဘဝတံခွန် ခတ်နိုင်ပါစေလို့"

"ဟား. . . ဟား. . . ဟား. . . ဟား. . . ငါ့လူများ စာတတ် သားပဲဟ။ မင်းတို့ ငါ့လောက်နီးနီးတော်လာပြီ၊ ကိုယ့်လူတို့ရေ. . . ဟား ဟား. . . ဟား"

ကျွန်တော်တို့ အဘချိပ်ကား သို့ကလို လူငယ်များနှင့် တွေ့လျှင်လည်း ပျော်အောင်ရွှင်အောင် ဖန်တီးနိုင်သူ၊ အညာသား လူရိုးကြီးဖြစ်ပေသတည်း။

♛ ♛ ♛

BURMESE CLASSIC .com

(၃)

နောက်တစ်ချက်ပို၍ ထူးခြားသည်ကား. . .။

အာဒါလွှတ်ဥပင်များ စိုက်ပျိုးခြင်းဖြစ်၏။ အဘချိပ် စိုက်ပျိုးသည့် အာဒါလွှတ်ဥပင်များသည် ပန်းပင်များထက်စိမ်းစို၏။ အာဒါလွှတ် ဥပင် များကိုလည်း အများကြီးမစိုက်(၁၅)ပေ တစ်မြောင်းပဲ စိုက်၏။

စားဥရချိန်မှာ. . . နှုတ်လိုက်လျှင် ဥကြီးများက မုန်လာဥ အကြီးစားသကဲ့သို့ ဖွေးဥနေ၏။

အဲ. . . အဲဒီ အာဒါလွှတ်ဥများကို စားချင်လို့ သွားတောင်းလျှင် တော့ လုံးဝမပေး။ ဝယ်လျှင်လည်း နည်းနည်းမရောင်း။ အကုန်လုံးဝယ်မှ ရောင်းမည်ဟု ပေကပ်ကပ်စကား ပြောလေ့ရှိ၏။

ကျွန်တော်တို့ သူငယ်ချင်းများဘယ်လိုပင် မေတ္တာရပ်ခံ



www.burmeseclassic.com

www.burmeseclassic.com



လုံးဝ မရောင်း။ ရောင်းချိန်ရောက်လျှင် သူကိုယ်တိုင် နှုတ်၍ သွားရောင်း၏။

ရောင်းလို့ရသည့်ငွေများ အားလုံးကို အဲဒီနေ့မှာပဲ . . . သီလ ကောင်းသည့် ဘုန်းကြီးကျောင်းသို့ လှူ၏။ အချို့ကို ဘုရားပုထိုးများမှာ ရွှေဆိုင်းချလှူဒါန်း၏။

တစ်ခါမှာတော့ . . . ကျွန်တော်က . . .

"စားချင်လိုက်တာ ဘချိပ်ရာ" ဟု ပြောရာ၊ သူကိုယ်တိုင်နှုတ်ပြီး နောက်နေ့ပြုတ်ကျွေး၏။

"မင်း မို့လို့ ငါကျွေးတာ ကိုယ့်လူ"

သ "အခြားလူရော . . . အဘရ"

"တစ်ခင်းလုံးဝယ်မှပေါ့ကွာ"

"ဘယ်ဝယ်နိုင်မှာလဲ ဘချိပ်ရ . . . အများကြီးဥစ္စာ"

"နည်းနည်းပဲရောင်းရင် ငွေပျက်တယ်ကွ၊ ဒီမှာ ဟော့ကောင် နောင် မင်းစားချင်ရင် တိုးတိုးတိတ်တိတ်လာနော်"

"အင်းပါ . . . ဘချိပ်ရ"

ဘချိပ်ရဲ့ အာဒါလွှတ်ဥပြုတ်ကို ဆီဆားလေးနှင့် တို့စားလျှင် တော်ရုံဟင်းပင် မစားချင်။ အရသာက ဆိမ့်လွန်းလှ၏။

သူလည်း နေ့စဉ်အချိန်များကို အာဒါလွှတ်အခင်းမှာ မြှုပ်နှံ၏။ သူ့ကို တွေ့ချင်လျှင် ဘယ်မှာမှ လိုက်မရှာနှင့်။ အာဒါလွှတ်အခင်း၏ မြေဆွပေါင်းသင်၊ နောက်ချေးကို ဩဇာကျွေး၊ ပိုးကောင်ရှာ၊ ရေလောင်း နေသည်။ အဲဒီမှာပဲရှာ။

အလကား အချိန်ပိုနေလျှင် စိမ်းဖိုဖားလျားဝေနေသည့် သူ့ အာဒါလွှတ်အခင်းကို ကမ္ဘာ့ဌာန်းစီးဖြန်းနေသကဲ့သို့ . . . စိုက်ကြည့်၏





လေ့ရှိ၏။

အချို့က သူ့ကို အာဒါလွှတ်ရူးရူးနေပြီဟု လှောင်ကြ၏။

အာဒါလွှတ်အခင်းကို သေသေချာချာ ခြံခတ်ထား၏။ ၎င်းအခင်း၊ နံဘေးသို့ မည်သူ့မျှ အကာမခံ။ မိုးလင်းသည်နှင့် ဦးစွာ ၎င်းအာဒါလွှတ် အခင်းကို စစ်ဆေးသည်။

အခင်းဝန်းကျင်မှာ လူခြေရာကိုရှာသည်။ မတော်မဆ လူခြေရာများ မြင်တွေ့ခဲ့လျှင် တောက်တခေါက်ခေါက်။ဟိုလူ မသင်္ကာသလိုကြည့်။ ဒီလူ မသင်္ကာသလိုကြည့်။ ဒါကြောင့် မြေလတ်သားတို့ လူစုက ပြော၏။ ဒီအဘိုးကြီး ဥစ္စာစောင့်ကြီးများလား မသိဘူးတဲ့။

နောင်အခါ . . .

ညဘက်ကျောင်းစောင့်ရင်းမှာပင် သူ့အာဒါလွှတ်အခင်းကို မကြာခဏ မီးထိုး၍ ကြည့်ရသည့်အကြိမ်ကား မနည်းခဲ့ဟု သိရ၏။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၄)

တစ်နေ့သောအခါ မြစ်ဝကျွန်းပေါ်ရှိ ကျွန်တော့်ဖခင်ကြီး နေမကောင်းဆို၍ ကျွန်တော်ခွင့်သုံးရက်တင်ပြီး မြစ်ဝကျွန်းပေါ်သို့ပြန်လာခဲ့၏။

အဖေ့ကို ဆေးရုံဆေးခန်းများသို့ လိုက်ပါပို့ဆောင်ပြီး နှစ်ရက်မြောက်မှာ ပြန်လည်ကျန်းမာလာသောကြောင့် သုံးရက်မြောက်ညနေပိုင်းမှာ ကျွန်တော်အဆောင်ရှိရာသို့ ပြန်ရောက်လာခဲ့၏။

အဲဒီမှာ အံ့သြကြေကွဲဖွယ်ရာ စကားတစ်ခွန်းကို မမျှော်လင့်ဘဲ ကြားလိုက်ရတော့၏

ကျောင်းစောင့်ခြံစောင့်ကြီး အဘဦးမည်းချိပ် ကွယ်လွန်သွားပြီတဲ့။

ဘုရားရေ ...လွန်ခဲ့သည့် သုံးရက်က အကောင်းချည်း။ ကျွန်တော်အဖေ နေမကောင်း၍ ခဏပြန်မည်ဆိုတော့ ...

"မိဘကို ဂရုစိုက်ပါကွာတဲ့။ ငါ လူပြန်လာရင် ဟိုအာဒါလွှတ်





ဥတွေဖော်မယ်။ ငါ့လူစိတ်ကြိုက်စားစမ်း" ဟုပင် ပြောလိုက်သေးသည်

ခုတော့ ... ဘချိပ်မရှိတော့။ ဒီနေ့ပင် ရေဝေးမှာ သင်္ဂြိုဟ်ပြီးပြီတဲ့။

"မြေလတ်ကြီး ဘယ်လိုဖြစ်ရတာလဲကွာ"

"အကောင်းချည်းပါပဲကွာ။ သေမယ့်နေ့ ညနေက သူ့အာဒါလွှတ်ပင်တွေကို ရေလောင်းပြီး ပြုံးပြုံး ပြုံးပြုံးလုပ်နေတာ ငါတို့ အားလုံးမြင်နေတာပဲ။ ငါတို့ကတောင် နောက်လိုက်သေးတယ်။ ကျွန်တော်တို့နိုးမှာပဲ နော်အဘလို့။ အဲဒါသူက ဘာပြောမှတ်လို့လဲ။ မင်းတို့ဘယ်တော့မှ ခိုးလို့ ယူလို့မရဘူးကွတဲ့။ ငါသေခဲ့ရင်တောင် အဲဒီအာဒါလွှတ်ဥတွေကို ရောက်ရာဘဝအထိ အကုန်နှုတ်ယူသွားမှာတဲ့။ အဲဒီလိုပြောပြီး မကြာဘူး မူးတယ် ... မူးတယ်ဆိုပြီး ရေလောင်းရင်းဘန်းလန်းလဲကျသွားတာ ငါတို့လည်း ပြေးထူရော အသက်မရှိတော့ဘူး"

"ဟူး ... ဖြစ်မှဖြစ်ရလေ ... ဘချိပ်ရာ။ ဘယ်နေ့ရက်လည်လည်းကွ"

"သူမွေးနေ့ တနင်္လာနေ့ရက်လည်ပဲ"

ကျွန်တော်သူ့ကို ချစ်ပါသည်။ သူသည် လူရိုးလူမွင့်လင်းကြီးဖြစ်၏။ ဆွေမရှိ၊ မျိုးမရှိ။ ရသမျှ စားဖို့ချန်ပြီးအကုန်လှူ၏။ ကျွန်တော့်ကိုလည်း သံယောဇဉ်ကြီးရှာ၏။

ကျွန်တော် နောက်နေ့ မိုးလင်းတော့ သူရုတ်ချည်းကွယ်ခဲ့သည့် သူမြတ်နိုးခင်တွယ်မှုကြီးမားရာ ... အာဒါလွှတ်အခင်းရှိရာသို့ လျှောက်လာခဲ့လိုက်၏။

"ဟင် ..."

အာဒါလွှတ်ပင်တွေ ညှိုးခြောက် ဇက်ကျိုးလဲကျနေပါကလား။



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်းစိမ်းစိုနေသည့် အခင်းသည် ပိုးကျသကဲ့သို့လည်းကောင်း နေခြောက်သကဲ့သို့လည်းကောင်း . . . အရွက်များ ခြောက်ကြွပ်နေ၏

မြေလတ်တို့ ရေမလောင်းပေးဖူးနဲ့တူပါရဲ့၊ အပင်တစ်ခင်းလုံး ပိုးကျခြောက်သွေ့နေသလို ဖြစ်နေ၏။ သို့နှင့် ကျွန်တော်တို့အုပ်စု ကျန်ခဲ့သည့်မို့ အားလုံး မိမိတို့နှင့်ပဲဆိုင်နေသည့်ဥစ္စာ၊ ဥပက္ခာပြုရက်သည့် မြေလတ်တို့အား အပြစ်ပြောရန် လာခဲ့လိုက်သည်။

"ဟေ့ကောင် . . . မြေလတ်ကြီး"

"ဘာတုန်း . . . ငဖော်"

"မင်းတို့ကွာ အဘချိပ်ရဲ့ သစ်ပင်တွေကို ရေလောင်းမပေးဘူးလားကွာ . . . ဟင်"

"ဒီမှာ ငါ့လူ . . . မောင်ရင်ပြောတာ နောက်ကျပါသေးကွာ၊ သူသေပြီးနောက်နေ့ကစပြီး ငါတစ်လှည့်၊ ကျောက်တန်းတစ်လှည့်၊ ပင်လုံကြီးတစ်လှည့် မနက်ရော ညနေရော လောင်းပေးပါ့ မောင်ရင်ရာ"

"အာဒါလွှတ်ပင်ခင်းရော မလောင်းဘူးလား"

"ပန်းခင်းရော၊ အာဒါလွှတ်ခင်းရော၊ ရေဝအောင်ကို လောင်းပေးပါ့များ။ နောက်ချေးတောင်ထည့်ပေးဖို့ စဉ်းစားပြီးပြီ။ အာဒါလွှတ်က ဥပေါ်ချိန်တောင်ကပ်နေပြီ ဥစ္စာ"

"မြေလတ်"

"ဘာလဲကွ"

"မင်းတို့ အဘချိပ်ရဲ့ အာဒါလွှတ်အခင်းကို နေ့ရော ညပါ ရေလောင်းပေးနေရင် အပင်တွေရှင်သန်နေရမှာပေါ့ကွာ"

"အခုရော မရှင်လို့လား. . . ငဖော်ရာ"

"မရှင်ဘူး အကုန်သေနေပြီ။ ခြောက်သွေ့ပြီး သေနေပြီ"





"ဘာ . . . မဖြစ်နိုင်တာ ငဖော်ရာ။ မနေ့ညနေကပဲ အရွက်တွေကို စိမ်းစိုနေတာဥစ္စာ"

"အေး . . . ငါပြောတာ မယုံရင် လိုက်ကြည့်ကွာ . . . လာ လာ"

ဒီမှာ ပင်လုံမြို့သား မောင်ရန်ပိုင်နှင့် ကျောက်တန်းသား ဘမော် အောင်ပါရောက်လာ၍ လေးယောက်သား အာဒါလွှတ်အခင်းရှိရာသို့ ရောက်ခဲ့သောအခါ . . .

"ဟာ"

"ဟင်"

"ဘယ်လိုဖြစ်ကုန်တာလဲ မြေလတ်ရ"

"အေးကွ . . . မင်းတို့ ငါတို့ မနေ့ညနေ ရေလောင်းပေးတုန်းက အရွက်တွေကို စိမ်းစိုနေတာဥစ္စာ။ အခု . . . ဘယ်လိုဖြစ်ကုန်ရတာလဲကွာ . . . ဟင်"

"တစ်ယောက်ယောက်များ အက်စစ်နဲ့ လောင်းသွားရော့လားကွာ"

"ဟေ . . . အက်စစ်နဲ့လောင်းရင် မီးလောင်နေသလို ရှိရမှာပေါ့ကွ။ အဲဒီလိုရော ဘယ်သူက လာလုပ်မှာလဲ၊ အကျိုးမရှိတဲ့ အလုပ်ကိုဥစ္စာ"

အားလုံးမြင်ရသည့် မြင်ကွင်းကို ကြည့်၍ အံ့သြနေကြ၏။

"ဥတွေက လေးငါးရက်ဆို နှုတ်ချိန်ကွ"

"ဒီလို လုပ်ကြစို့ကွာ"

"ဘယ်လို လုပ်မှာလဲငဖော်"

"အပင်တွေ ညှိုးခြောက်သေကုန်ပြီဥစ္စာ။ ဥတွေကို ဖော်ကြစို့။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြီးရင် အားလုံးသွားရောင်းပြီး အဘချိပ်ရက်လည်တဲ့နေ့မှာ လှူလိုက်ကြစို့.''

''အေး . . . အဲဒါကောင်းတယ်။ ဟော့ကောင်တွေ ပေါက်ပြားငန်းပြားတွေယူ။ ခုပဲဖော်လိုက်ကြစို့.''

သို့နှင့် ကျွန်တော်တို့ လူစုအဘချိပ်နေခဲ့သည့် အခန်းလေးရှေ့မှ ပေါက်တူးနှင့် ငန်းပြားများကိုယူလိုက်ကြပြီး အာဒါလွှတ်ဥများကို ပြိုင်တူဖော်လိုက်ကြသည်။ အချိန်အတန်ကြာသွား၏။

''ဟင်''

''ဟ . . . ဘယ်လိုလည်းဟ''

''အလို . . . ဥလည်းတစ်လုံးမှ မရှိပါလား''

''အေးဟ . . . ဘာဖြစ်လို့ပါလိမ့်''

အာဒါလွှတ်ခင်း တစ်ခင်းလုံးသာ မြေသဒါလှန်ပြီး ဖြစ်သွားသည်။ အာဒါလွှတ်ဥနှင့် တူ၍ နမူနာပြစရာတောင် တစ်ချောင်းတစ်ခုမတွေ့ကြရတော့။ ကျွန်တော်တို့အားလုံး မြေနက်နက်ကျသည့်အထိ တူးရှာကြ၏။ ဘာဆို ဘာမျှ မတွေ့ကြ။

အားလုံးအံ့သြနေကြသည်။

မြေကြီးတူးရာ ဆွရာ နှုတ်ရာ တစ်ချက်မျှမရှိဘဲ အာဒါလွှတ်ဥမှာပျောက်ဆုံးသွား၍ အားလုံးအံ့သြပြီး စဉ်းစားမရဖြစ်နေကြ၏။ ဘယ်လိုမှ စဉ်းစားအဖြေရှာလို့ မရတော့။ နှမ်းမှ ချေးဥများကို ပုဆိုးနှင့်သုတ်ပြီး အားလုံးရေချိုးကန်ရှိရာသို့ စိတ်ဓာတ်ကျစွာ လှည့်လာလိုက်ကြသည်။

ဒီမှာ ကျွန်တော် သတိရတာ တစ်ချက်ရှိခဲ့သည်။ အဘချိပ်မသေခင်က ရွှတ်ခနဲ ပြောသွားခဲ့သည့် စကားတစ်ခွန်းဆိုတာကို . . .

---

စိတ်ကူးသစ်စာပေ



''မင်းတို့ ဘယ်လိုမှခိုးလို့မရဘူးကွာ။ ငါသေခဲ့ရင်တောင် အဲဒီအာဒါလွှတ်ဥတွေကို ရောက်ရာဘဝအထိ အကုန်နှုတ်ယူသွားမှာ''တဲ့။

''ဘုရား . . . ဘုရား''

သူမသေချင် ကြုံးဝါးခဲ့သလိုများ အခြားဘဝမှလာရောက်ပြီး သူ့စွမ်းအားနှင့် အကုန်ပဲ နှုတ်ယူသွားရော့သလား။

ဒါမှမဟုတ် . . .

ဒီတစ်ခါစိုက်သည့် အာဒါလွှတ်ပင်များက အသန့်ခြောက်ဥချောင်မျိုးညံ့များ ဖြစ်၍ လုံးဝကို မဥလေရော့သလား။

ကျွန်တော်တို့ လုံးဝမစဉ်းစားတတ်တော့။

ဇာတ်လမ်းသည် ဖြစ်ရပ်မှန်ဇာတ်လမ်း ဖြစ်ပါသည်။ ယင်းဇာတ်ကြောင်းကို ပြောပြသည့် ဆရာဦးအောင်ဇော်မျိုးအား အားကျေးဇူးတင်ပါကြောင်း။

◆ မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com